The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL . 17, NO . 23
တနင်္လာနေ့တိုင်းထုတ်ဝေသည်
June 19 , 2017

# အရောင်းအဝယ် ပြည်ပပို့ကုန်တိုးမြှင့်ဖို့ "အရည်အသွေး" ထိန်းသိမ်းစို့

လူတစ်ဦးချင်းဖြစ်စေ ၊မိသားစုလိုက်ဖြစ်စေ၊ အဖွဲ့အစည်းလိုက်ဖြစ်စေ၊ နောက်ဆုံး နိုင်ငံအချင်းချင်းဖြစ်စေ ရောင်းခြင်း၊ ဝယ်ခြင်း၊ နိုင်ငံအဆင့်ဆိုရင် တင်ပို့ခြင်း၊ တင်သွင်းခြင်းဆိုတဲ့ ရောင်းမှု၊ ဝယ်မှုဓလေ့ဟာ ဘယ်ခေတ်ဘယ်စနစ်မှာမဆို ရှိနေမယ်ဆိုတာ မလွဲတဲ့ကမ္ဘာ့အရောင်းအဝယ်နိယာမတစ်ခုပါ။ ကောင်းပြီ ကိုယ့်နိုင်ငံက စိုက်ပျိုးရေးကို အခြေခံတဲ့ နိုင်ငံဖြစ်လေတော့ လယ်ယာထွက်ကုန်သီးနှံတွေကို စိုက်ပျိုးထုတ်လုပ်တယ်။ ပြည်တွင်းက စားသုံးမှုပိုလျှံတာတွေကို ပြည်ပသို့ တင်ပို့ရောင်းချမယ်။ ကိုယ့်နိုင်ငံရဲ့ အပို၊ သူ့နိုင်ငံရဲ့ လိုအပ်ချက်။ ထိုနည်းတူစွာ သူ့နိုင်ငံရဲ့ အပို၊ ကိုယ့်နိုင်ငံရဲ့အလို လိုအပ်ချက်အပြန်ပြန် အလှန်လှန် ရောင်းဝယ်ဖောက်ကားမှု ယခင်တုန်းကလည်းရှိတယ်။

စာမျက်နှာ - ၁၈



ချောင်းဦးမြို့နယ်တွင် ဖရဲ၊ သခွားမွှေးတန်ဖိုးကွင်းဆက် မြှင့်တင်ရေး စီမံကိန်းအရ GAP ဆရာဖြစ်သင်တန်း ပို့ချ

စာမျက်နှာ - ၁၂

ကယားပြည်နယ်အခြေပြု အလုံးစုံပါဝင်သော ခရီးသွားလုပ်ငန်း စီမံချက်ကြီးကြပ်မှုကော်မတီ၏ ပဉ္စမအကြိမ် အစည်းအဝေးကျင်းပ

စာမျက်နှာ - ၁၅

ညောင်တုန်းမြို့နယ်တွင် ပြည်တွင်း/ပြည်ပ ဈေးကွက်ဝင်ပို့ကုန်အမယ်သစ် လျှော်ဖြူ စတင်စိုက်ပျိုး

စာမျက်နှာ - ၂၃



# မုံရွာက ချက်ဆီ

စစ်ကိုင်းတိုင်းဒေသကြီး၏ စီးပွားရေးမြို့တော် မုံရွာမြို့သို့ ယခုလပိုင်းအတွင်း ခရီးရောက်ဖြစ်ခဲ့ပါသည်။ မုံရွာသို့ ရောက်နေစဉ် ယွန်း ထည်လုပ်ငန်းများဖြင့် နာမည်ကျော်သော ကျောက္ကာကျေးရွာကို ခရီးထဲမှ ခရီးအဖြစ် ခြေဆန့်ဖြစ်ပါသည်။

စာမျက်နှာ - ၁၇

# ဧရာပုသိမ်ဖွံ့ဖြိုးမှု အများနှင့်သက်ဆိုင်သောကုမ္ပဏီက ၂၀၁၇-၂၀၁၈ မိုးစပါးရာသီတွင် ဒေသခံတောင်သူများနှင့်ပူးပေါင်း၍ အကျိုးတူ ကန်ထရိုက်လယ်ယာစနစ်ဖြင့် စိုက်ပျိုးမည်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ် မြို့တွင် ဖွဲ့စည်းထားသော ဧရာပုသိမ် ဖွံ့ဖြိုးမှုအများနှင့် သက်ဆိုင်သော ကုမ္ပဏီသည် ယခုနှစ် မိုးစပါးရာသီတွင် ပုသိမ်မြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ငပုတောမြို့နယ်များ အတွင်းရှိ ဒေသခံတောင်သူများနှင့် ပူးပေါင်း၍ ဆင်းသွယ်လတ် ဧက ၂၀၀ ပေါ် ဆန်းရင် ဧက ၁၅၀ ကို အကျိုးတူ ကန်ထရိုက်လယ်ယာစနစ်ဖြင့် စိုက်ပျိုး သွားမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီ မှ သိရသည်။

စာမျက်နှာ - ၂၄




# THE ALL-NEW BMW 5 SERIES.

## BUSINESS ATHLETE.

The all-new BMW 5 series is a modern business sedan with the beating heart of an athlete. It unites legendary BMW engineering with standout design and intelligent business assistance system. The new, lightweight chassis with near 50:50 weight distribution improves handling significantly and gives you the confidence to harness the irresistible 4-cylinder engine, an engine that can take you from 0 - 100 km/h in just 6.2 seconds. Release the power within in take sheer driving pleasure to the next level.

Visit Prestige Automobiles or call 01 230 6133 for a test drive today.
Yangon Service Hotline : 01 230 6144. Mandalay Service Hotline : 099 6868 7070







Prestige Automobiles Co.,Ltd. The Exclusive Authorised BMW Dealer in Myanmar. Website: www.bmwmyanmar.com www.facebook.com/BMWPAC

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့တွင် ကျင်းပသည့် ၂၀၁၇ ခုနှစ် တောင်နှင့်အရှေ့တောင်အာရှ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်ဖွင့်ပွဲသို့တက်ရောက်

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကူမင်းမြို့အခြေစိုက် မြန်မာကောင်စစ် ဝန်ချုပ်ရုံး၊ ကောင်စစ်ဝန်ချုပ် ဦးစိုးပိုင် လိုက်ပါလျက် ဇွန် ၁၂ ရက် နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့၊ Dianchi International Exhibition and Convention Center ၌ ကျင်းပသည့် ၂၀၁၇ ခုနှစ် တောင်နှင့် အရှေ့တောင်အာရှ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။



ပထမဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အခြားသော တောင်နှင့်အရှေ့တောင်အာရှနိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ Dianchi International Exhibition and Convention Center အတွင်း ခင်းကျင်းပြသလျက်ရှိသော ကုန်စည်ပြခန်းများကို လျှပ်စစ်မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုလေ့လာကြသည်။ ၎င်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေး အဖွဲ့၏ဦးဆောင်မှုဖြင့် ခင်းကျင်းပြသလျက်ရှိသော မြန်မာပြခန်းများသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားကျင်းပခဲ့ရာ ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Ruan Chengfa က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ယူနန်ပြည်နယ်၊ ကွန်မြူနစ်ပါတီအတွင်းရေးမှူး Mr. Chen Hao က အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စီးပွားရေးဝန်ကြီးဌာန၊ အာဆီယံ-တရုတ်စင်တာ၊ တောင်နှင့် အရှေ့တောင်အာရှနိုင်ငံများမှ ကိုယ်စားလှယ်များက နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၇ခုနှစ် တောင်နှင့် အရှေ့တောင်အာရှ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်ကို တရုတ်၊ တောင်အာရှနှင့်အာဆီယံနိုင်ငံများမှ ဧည့်သည်တော်များနှင့်အတူ တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့ဝင်များသည် Dianchi International Exhibition and Convention Center တွင် ကျင်းပပြုလုပ်သည့် လင်ချန်း- မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်၊ ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့်အတူ လင်ချန်း-မဲခေါင် အတွင်းရေးမှူးရုံး (ယူနန်ဌာနခွဲ)၊ လင်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးသိပ္ပံ၊ လင်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးစင်တာ ဆိုင်းဘုတ်များကို ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါ ၂၀၁၇ခုနှစ် တောင်နှင့် အရှေ့တောင်အာရှ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှုပွဲတော်ကို ဇွန်လ ၁၂ ရက်မှ ၁၈ ရက်အထိ ခုနစ်ရက်ကြာ ကျင်းပမည်ဖြစ်ပြီး တရုတ်၊ တောင်အာရှနှင့်အရှေ့တောင်အာရှနိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၈၆ နိုင်ငံမှ ကုမ္ပဏီများက ပြခန်းပေါင်း ၈၀၀၀ ကျော်ဖြင့် လာရောက်ပြသလျက်ရှိကြောင်း သတင်းရရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၁၇:၃၀ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့ရှိ Haigeng Garden ဧည့်ခန်းမဆောင်တွင် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Ruan Chengfa နှင့်တွေ့ဆုံဆွေးနွေးခဲ့ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်သမ္မတတို့အကြား

စာမျက်နှာ - ၁၉ ➤

# ဒုတိယဝန်ကြီး ဦးအောင်ထူး Doing Business ညွှန်းကိန်းများနှင့် ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်



၂၀၁၇ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့တွင် နေပြည်တော် Hilton Hotel ၌ Doing Business ညွှန်းကိန်းများနှင့် ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူး တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ(၁)၏ လမ်းညွှန်ချက်အရ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ဆောင်နိုင်မှုအဆင့်များ တိုးတက်လာစေရန်အတွက် ကမ္ဘာ့ ဘဏ်မှ နှစ်စဉ်ထုတ်ပြန်သည့် Doing Business အစီရင်ခံစာအား နောင်လာမည့် သုံးနှစ်အတွင်း အဆင့် ၁၀၀ အောက်ရောက်ရှိရန်မျှော်မှန်းချက်နှင့် လုပ်ငန်းစဉ်များအား အလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်သည်များအား အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် ညွှန်းကိန်းအလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့် အထောက်အကူပြု အဖွဲ့များကိုလည်း ဖွဲ့စည်းပေးခဲ့ပြီး တာဝန်ခံဆောင်ရွက်သွားရန် လမ်းညွှန်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုဆွေးနွေးပွဲမှ ကာလတို၊ ကာလလတ်၊ ကာလရှည်ဖွံ့ဖြိုးတိုးတက်မှုများကို ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက ညွှန်းကိန်းတစ်ခုချင်းအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြောင်း သတင်းရရှိ သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်၊ မြန်မာ ကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ ကမ္ဘာ့ဘဏ်မှ Private Sector Specialist ဖြစ်သူ Ms. Sigita Muco၊ မြန်မာနိုင်ငံတာဝန်ခံ Private Sector Specialist, Mr .Jose Ricardo Silva နှင့် ညွှန်းကိန်းအလိုက် ပါဝင် အကောင်အထည်ဖော်ဆောင်ရွက်မည့် အထောက်အကူပြု အဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**MOC(IR)**


Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်အေးအေးမော်

**စာတည်းအဖွဲ့**
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊
နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သုံ့နွမ်း

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ခိုင်ဇော်မင်း
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ဆန်ဈေးငြိမ်နေပြီး ၂၅ မှတ် ဆန်အရောင်းသွက်

ယခုတစ်ပတ်ရန်ကုန်မြို့ ဆန်ဈေးကွက်မှာ ဆန်အချောရော အကြမ်းပါဈေးငြိမ်နေပြီး အရောင်းအဝယ်လည်း နည်းနည်းပါးကြောင်း၊ အိတ်စ်ပို့ ၂၅ မှတ်ဆန်သာ အရောင်းအဝယ်သွက်ကြောင်း သိရပါတယ်။ ဝါးတန်းဆန်ကုန်စည်ဒိုင်ရဲ့ ဆန်လက်ကား ဈေးနှုန်းများမှာဖျာပုံပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ် ၃၄၅၀၀၊ လတ်စတစ်အိတ်ကျပ်၃၃၀၀၀၊ပုသိမ်၊မြောင်းမြပေါ်ဆန်းဆန်ထိပ်စ တစ်အိတ်ကျပ် ၃၆၅၀၀၊ လတ်စ တစ်အိတ် ကျပ် ၃၄၀၀၀၊ နယ်စုံ ကျိုက်လတ်ပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ် ၃၂၀၀၀၊ လတ်စတစ်အိတ်ကျပ်၃၁၀၀၀၊ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ်ကျပ် ၄၂၀၀၀မှကျပ်၄၄၀၀၀နဲ့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပါတယ်။ အရောင်းအဝယ်လည်း ပါးပြီး ဆန်အဝင်လည်း ပုံမှန်ပဲရှိနေတယ်လို့သိရပါတယ်။

ဧည့်မထဆန်ထိပ်စတစ်အိတ်လျှင် ကျပ် ၁၈၅၀၀၊ လတ်စ တစ်အိတ်လျှင် ကျပ် ၁၆၈၀၀၊ နှံ့သီးထပ်ရှယ်တစ်အိတ်လျှင် ကျပ် ၁၈၀၀၀ မှ ကျပ် ၁၉၀၀၀၊ နှံ့ဆန် ရက် ၉၀ တစ်အိတ်လျှင် ကျပ် ၁၉၀၀၀မှ ၂၁၀၀၀၊ မနောသုခတစ်အိတ်လျှင် ကျပ် ၂၄၀၀၀ မှကျပ် ၂၅၀၀၀၊ အိတ်စ်ပို့ ၂၅ မှတ် တစ်အိတ်လျှင် ကျပ် ၁၆၅၀၀ မှ ကျပ် ၁၆၇၀၀နဲ့ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး ၂၅ မှတ်ဆန်ကတော့ အရောင်းအဝယ်သွက်နေတယ်လို့ ဝါးတန်းဆန်ကုန်စည်ဒိုင်မှ သိရပါတယ်။

ယခုတစ်ပတ်မူဆယ်ဆန်ဈေးကွက်မှာ ဆန်ဈေးနှုန်းအပြောင်းအလဲသိပ်မရှိဘဲ အရောင်းအဝယ်လည်း ပုံမှန်ပဲရှိနေတယ်လို့သိရပါတယ်။ မူဆယ်ဆန်ဈေးနှုန်းမှာ ဧည့်မထ ၅မှတ် မှော်ဘီတစ်အိတ် ၁၃၃ ယွမ်မှ ၁၃၅ ယွမ်၊ ဧည့်မထ ၅ မှတ် စူပါတစ်အိတ် ၁၃၂ ယွမ်မှ ၁၃၄ ယွမ်၊ ဧည့်မထ ၁၀ မှတ် မှော်ဘီနဲ့ စူပါတစ်အိတ် ယွမ် ၁၃၀ မှ ၁၃၁ ယွမ်၊ ငစိန် ၅မှတ် တစ်အိတ် ၁၂၂ ယွမ်မှ ၁၂၄ ယွမ်၊ ငစိန် ၁၅ မှတ် တစ်အိတ် ၁၁၈ယွမ်မှ ယွမ် ၁၂၀၊ ငစိန် ၂၅ မှတ်တစ်အိတ် ၁၁၃ ယွမ် မှ ၁၁၅ယွမ်၊ မနောသုခတစ်အိတ် ၁၁၉ ယွမ်မှ ၁၂၂ ယွမ်ရှိပြီး အနည်းငယ် သာဈေးပြောင်းလဲမှုရှိပါတယ်။ မြို့တွင်းနယ်စုံမှ မူဆယ်သို့ ဆန်အဝင် မှာ ဇွန် ၈ ရက်မှ ၁၄ ရက်အထိ ၁၆၂၂၅ တန်ရှိပြီး ယခင်တစ်ပတ်ထက် အဝင်လျော့ပါတယ်။ ဇွန် ၁၆ ရက်ငွေလဲနှုန်းအရ တစ်ယွမ်ကို ၁၆၉ ကျပ်ဈေးပေါက်ကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

# ယခုသီတင်းပတ် ဆန်အပို့လျော့

ဇွန် ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၉ ဒသမ ၄၆၇သန်းတန်ဖိုးရှိ ဆန်နဲ့ကောက်ညှင်းဆန် ၃၀၄၂၃ တန် တင်ပို့ခဲ့ပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၃၀၇၇ တန်၊ ဧည့်မထဆန် ၁၄၄၁၁ တန်နဲ့ ကောက်ညှင်းဆန် ၃၉၆ တန်ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၆၈တန်နဲ့ ဧည့်မထဆန် ၃၉၄ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၁၂၀၂၇တန်ကျော်တင်ပို့ခဲ့ပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် တန် ၅၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၃၆၂၇၁ တန်တင်ပို့နိုင်ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၅၈၄၈ တန်လျော့နည်းတင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ်မှာအမေရိကန်ဒေါ်လာ ၁ ဒသမ ၄၀၁ သန်းတန်ဖိုးရှိ ဆန်ကွဲ ၆၁၃၆ တန်ကို တင်ပို့ခဲ့ရာ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ၃၈၂၉တန်နဲ့ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဆန်ကွဲ ၂၃၀၇ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ ၅၂၈၈ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၈၄၈တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇွန် ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ဒသမ ၄၀၁ သန်းတန်ဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၄၄၉၆ တန်တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ဗီယက်နမ်နိုင်ငံသို့ ဧည့်မထဆန် ၃၇၅ တန်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဧည့်မထဆန်တန် ၁၀၀၊ သီရိလင်္ကာနိုင်ငံသို့ ငစိန်ဆန် တန် ၂၅၀၊ အီးယူနိုင်ငံများသို့ ဧည့်မထဆန်တန် ၃၅၀၊ ငစိန်ဆန်တန် ၂၅၀နဲ့ပေါင်းဆန် တန် ၅၀၀၊ ဘီနင်နိုင်ငံသို့ ဧည့်မထဆန်တန် ၄၀၀၊ စင်ကာပူနိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၅၀၀၊ တောင်အာဖရိကနိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၁၁၀၀၊ မက်ဒါဂါးစကားနိုင်ငံသို့ ဧည့်မထဆန် ၃၇၅ တန်၊ ရုရှားနိုင်ငံသို့ ပေါင်းဆန် တန်ချိန် ၂၅၀၊ ဟောင်ကောင်သို့ ဧည့်မထဆန် ၄၆ တန်တင်ပို့ခဲ့ရာ ကမ္ဘာ့နိုင်ငံ အတော်များများသို့ မြန်မာ့ဆန်ရောက်ရှိနေပြီဖြစ်ပါတယ်။ ယခင်တစ်ပတ်က ၃၉၁၁၅ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၄၆၁၉ တန်လျော့နည်းခဲ့ပါတယ်။

ဆန်ကွဲတင်ပို့မှုကိုကြည့်မယ်ဆိုပါက အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၂၉ သန်းတန်ဖိုးရှိ ဆန်ကွဲ ၇၈၀၃ တန်ကို တင်ပို့ခဲ့ရာ တောင်အာဖရိကနိုင်ငံသို့ ဆန်ကွဲ တန်ချိန် ၅၀၀၊ အီးယူနိုင်ငံများသို့ ၅၂၀၃ တန်၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၁၀၀၊ မက်ဒါဂါးစကားနိုင်ငံသို့ တန်ချိန် ၅၀၀ နဲ့ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၁၅၀၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ ၉၀၂၅ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၂၂၂ တန်လျော့နည်းခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

# ကယားပြည်နယ်အတွင်းသို့ ဆန်စီးဝင်မှုများပြားလာ

ကယားပြည်နယ်အတွင်းသို့ အခြားမြို့နယ်မှ ဆန်များပုံမှန်တင်သွင်းလာရာ လွန်ခဲ့သည့် ဧပြီနှင့်မေ ပထမပတ်မှ တတိယပတ်ထိ ရက်သတ္တပတ်လျှင် ဆန်စီးဝင်မှုအများဆုံးမှာ အိတ်ပေါင်း၄၃၇၀အိတ်(တန်ချိန်အားဖြင့် ၂၁၉တန်)တင်သွင်းလာခဲ့ကြောင်းသိရသည်။

မေစတုတ္ထပတ်နှင့် ဇွန်ပထမပတ်မှ ဒုတိယပတ်အထိ ကာလတွင် တစ်ပတ်လျှင် ဆန်စီးဝင်မှု အများဆုံးမှာ အိတ်ပေါင်း ၈၀၀၀ အိတ် (တန်ချိန်အားဖြင့် ၄၀၂ တန်) အထိ တင်သွင်းကြောင်း မြို့ဦးဂိတ်စာရင်းအရ သိရှိရပါတယ်။ စိုက်ပျိုးရာသီဖြစ်ပြီး ဒေသခံတောင်သူလယ်သမားများနှင့် ဆန်စက်များတွင် ဆန်စပါးလက်ကျန်နည်းပါးခြင်းနှင့် ဒေသတွင်း ဆန်စပါး လိုအပ်ချက်ရှိခြင်းတို့ကြောင့် ယခုကဲ့သို့ ဆန်စီးဝင်မှုများပြားလာခြင်းဖြစ်ကြောင်း ဒေသခံကုန်သည်များ၏ပြောကြားချက်အရ သိရှိရပါတယ်။

ကယားပြည်နယ်သို့ ဆန်တင်သွင်းရာတွင်လည်းရန်ကုန်မြို့၊မန္တလေးမြို့၊ရွှေဘိုမြို့တို့မှအဓိကတင်သွင်းလာကြပြီး ယခင်မေလအတွင်းက ရန်ကုန်မြို့မှဆန် ၃၉၂၀ အိတ်၊ မန္တလေးမြို့မှ ဆန် ၆၂၄၅ အိတ်၊ ရွှေဘိုမြို့မှ ဆန် ၃၄၅၀ အိတ် စုစုပေါင်းအိတ်၁၄၅၁၅အိတ် (တန်ချိန်အားဖြင့် ၇၂၉ တန်) ရှိရာ တစ်ရက်လျှင် ၂၄ တန် ခန့်တင်သွင်းလာကြောင်း ဆန်စီးဝင်မှုစာရင်းအရ သိရှိရပါတယ်။

ယခုတစ်ပတ်အတွင်း ကယားပြည်နယ်တွင် ပေါ်ဆန်းဆန် တစ်အိတ်လျှင်ကျပ် ၄၅၀၀၀၊ တစ်ပြည်လျှင်ကျပ် ၁၉၀၀၊ ပေါ်ကွဲဆန်တစ်အိတ်လျှင် ကျပ် ၂၆၅၀၀၊ တစ်ပြည်လျှင်ကျပ် ၁၂၅၀၊ ဧည့်မထ(ဒေသ)ဆန်တစ်အိတ်လျှင် ကျပ် ၃၂၀၀၀၊ တစ်ပြည်လျှင် ကျပ် ၁၃၅၀ ငစိန်ဆန်တစ်အိတ်လျှင် ကျပ် ၂၀၀၀၀၊ တစ်ပြည်လျှင် ကျပ် ၈၅၀ရှိပြီး စပါးတင်း ၁၀၀ ကို ကျပ် ၇၂၀၀၀၀ ဈေးပေါက်ကြောင်း ဈေးကွက်အတွင်းမှ သိရှိရပါတယ်။

**ထွန်းနိုင်လင်း (လွိုင်ကော်)**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၄-၆-၂၀၁၇ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၇၀ | ၄၇၇ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၅၅ | ၄၆၂ | △ | ၃၇၂ | ၄၀၀ | △ | ၄၀၀ | ၄၀၀ | □ | ၄၃၂ | ၄၃၄ | △ |
| ဆန်ဖြူ ၁၀% | ၄၄၆ | ၄၅၃ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၄၁ | ၄၄၇ | △ | ၃၅၈ | ၃၈၅ | △ | - | - | - | ၄၂၀ | ၄၂၂ | △ |
| ဆန်ဖြူ ၂၅% | ၄၂၉ | ၄၃၄ | △ | ၃၅၀ | ၃၇၅ | △ | ၃၆၅ | ၃၆၅ | □ | ၃၇၅ | ၃၇၅ | □ |
| ပေါင်းဆန် | ၄၇၀ | ၄၈၆ | △ | - | - | - | ၄၃၀ | ၄၃၀ | □ | ၄၂၅ | ၄၂၅ | □ |

*Source: thairiceexporters*

## ပြည်တွင်းမြို့ကြီးများ၏ (၁၆-၆-၂၀၁၇)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၄၅၀ | □ | ၁၇၀၀၀ | □ | ၆၅၃၂ | □ | ၃၂၅၀၀ | □ |
| ပုသိမ် | ၄၆၀၀ | □ | ၁၉၅၀၀ | □ | ၇၇၀၀ | △ | ၃၅၅၀၀ | △ |
| ပဲခူး | ၄၃၀၀ | △ | ၁၇၅၀၀ | △ | ၆၅၀၀ | △ | ၃၂၀၀၀ | □ |
| ရွှေဘို | ၆၂၀၀ | △ | ၂၅၀၀၀ | □ | ၁၁၅၀၀ | △ | ၃၈၅၀၀ | △ |
| စစ်တွေ | ၃၈၅၀ | □ | ၁၇၀၀၀ | □ | ၇၂၀၀ | △ | ၃၂၀၀၀ | △ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၄၈၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၂၀၀၀ | △ |
| ရန်ကုန်(ဝါးတန်း) | ၃၉၅၀ | △ | ၁၆၅၀၀ | ▽ | - | - | ၃၀၀၀၀ | ▽ |
| မန္တလေး | ၆၅၀၀ | □ | ၂၆၀၀၀ | □ | - | - | ၃၆၀၀၀ | □ |
| မကွေး | ၆၈၀၀ | □ | ၂၂၅၀၀ | △ | - | - | ၃၈၀၀၀ | ▽ |
| မော်လမြိုင် | ၄၄၀၀ | □ | ၁၈၀၀၀ | □ | ၇၀၀၀ | □ | ၂၆၀၀၀ | □ |
| လွိုင်ကော် | ၇၂၀၀ | □ | ၃၂၀၀၀ | □ | - | - | ၄၅၀၀၀ | □ |
| မြိတ် | ၃၈၀၀ | □ | ၂၂၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| ဘားအံ | ၄၂၀၀ | □ | ၁၈၅၀၀ | □ | - | - | ၃၈၅၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နှံ့(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင်မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၁၂-၆-၂၀၁၇ မှ ၁၆-၆-၂၀၁၇ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 651 | 29,920,854.057 |
| 2 | Form D | 56 | 2,230,758.710 |
| 3 | Form E | 98 | 20,197,756.184 |
| 4 | Korea GSP | 3 | 78,382.130 |
| 5 | Form AK | 60 | 2,474,693.220 |
| 6 | Form AJ | 11 | 976,949.110 |
| 7 | Form AI | 197 | 14,781,965.294 |
| 8 | Form AANZ | 9 | 176,356.560 |
| 9 | Form DFTP | - | - |
| **Grand Total** | | **1085** | **70,837,715.265** |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၆-၆-၂၀၁၇ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၉/၆ | ၁၆/၆ | ပြောင်းလဲမှု | ၉/၆ | ၁၆/၆ | ပြောင်းလဲမှု | ၉/၆ | ၁၆/၆ | ပြောင်းလဲမှု | ၉/၆ | ၁၆/၆ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၃၉၁ | ၁၄၄၂ | ▲ | ၁၄၆၇ | ၁၅၀၀ | ▲ | ၁၄၁၅ | ၁၄၇၅ | ▲ | ၁၄၄၀ | ၁၄၉၀ | ▲ |
| ပဲစင်းငုံ | ၁၀၄၅ | ၁၀၃၅ | ▼ | ၁၀၁၇ | ၉၉၂ | ▼ | ၁၀၁၀ | ၉၇၅ | ▼ | ၁၀၀၀ | ၉၇၅ | ▼ |
| ပဲတီစိမ်း | ၁၃၆၅ | ၁၄၀၀ | ▲ | ၂၃၄၇ | ၂၂၄၀ | ▼ | ၂၁၀၅ | ၂၀၅၃ | ▼ | ၁၉၅၀ | ၂၀၀၀ | ▲ |
| ကုလားပဲရိုးရိုး | ၂၆၅၀ | ၂၆၅၀ | ■ | ၂၁၄၀ | ၂၁၄၀ | ■ | - | ၂၁၃၂ | - | ၂၀၃၀ | ၂၀၃၀ | ■ |
| ပဲလွန်းဖြူ | ၁၄၀၀ | ၁၄၀၀ | ■ | ၁၅၀၀ | ၁၅၀၀ | ■ | - | - | - | ၁၅၀၀ | ၁၅၀၀ | ■ |
| ထောပတ်ပဲ | ၁၅၆၅ | ၁၅၆၅ | ■ | - | ၁၇၀၇ | - | - | - | - | ၁၄၂၀ | ၁၄၂၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၆-၆-၂၀၁၇ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ မွမ်ဘိုင်း | | | အိန္ဒိယ ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|
| | ၉/၆ | ၁၆/၆ | ပြောင်းလဲမှု | ၉/၆ | ၁၆/၆ | ပြောင်းလဲမှု | ၉/၆ | ၁၆/၆ | ပြောင်းလဲမှု |
| မတ်ပဲ | ၆၆၀ | ၆၇၀ | ▲ | ၇၂၃ | ၇၅၉ | ▲ | ၇၄၇ | ၇၄၃ | ▼ |
| ပဲစင်းငုံ | ၄၉၀ | ၄၈၀ | ▼ | ၅၅၆ | ၅၆၁ | ▲ | ၆၀၇ | ၆၀၇ | ■ |
| ပဲတီစိမ်း | ၇၀၀ | ၇၀၀ | ■ | ၆၃၈ | ၇၇၄ | ▲ | ၆၈၅ | ၇၁၂ | ▲ |
| ကုလားပဲဖြူလုံးကြီး | ၁၀၀၀ | ၁၀၀၀ | ■ | ၈၄၈ | ၈၄၄ | ▼ | ၈၂၅ | ၈၃၆ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၃.၆.၁၇)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၁၀.၆.၁၇)ထိ | ပြည်ပတင်ပို့မှု (၁.၁.၁၇) မှ (၁၀.၆.၁၇) ထိ |
|---|---|---|---|
| မတ်ပဲ | ၂၁၆၂၇၁ | ၁၆၀၃၀ | ၂၃၂၃၀၁ |
| ပဲတီစိမ်း | ၈၄၈၈၅ | ၁၀၇၂ | ၈၅၉၅၇ |
| ပဲစင်းငုံ | ၁၂၂၂၇ | ၁၃၈၅၀ | ၁၃၆၀၇၇ |
| ကုလားပဲ | ၂၈၁၈၂ | ၆၇၈ | ၂၈၈၆၀ |
| ပဲလွန်းဖြူ | ၁၁၀၃၉ | ၃၂၄ | ၁၁၃၆၃ |
| မြေထောက်ပဲ | ၇၄၈၄ | ၇၉ | ၇၅၆၃ |

## ပြည်ပဲလွန်းဖြူ ဈေးငြိမ်ပြီး လက်လီသာ အရောင်းအဝယ်ဖြစ်

ဇွန်လလယ်ပြည်ပဲမျိုးစုံ ဈေးကွက်အတွင်း မတ်ပဲ၊ ကုလားပဲ၊ ပဲကြီးသီးနှံများ ဝင်ရောက်မှုရှိနေသော်လည်း ပဲလွန်းဖြူသီးနှံမှာ ဝင်ရောက်ခြင်းမရှိဘဲ လက်ကျန် ပဲအချို့ဖြင့် လက်လီရောင်းဝယ်မှုများရှိခဲ့တာကို တွေ့ရပါတယ်။ ပဲလွန်းဖြူသီးနှံမှာသီးနှံပေါ်ချိန်ကာလများတွင်သာ ဈေးကွက်အတွင်း နေ့စဉ်ဝင်ရောက်မှုရှိပြီးကျန်ကာလများတွင် လှောင်ပဲလက်ကျန်များဖြင့်သာအရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးနှုန်းမှာ တစ်တင်းကျပ် ၂၈၅၀၀ ဖြင့် ယခင်လလယ်မှစ၍ ယခုအချိန်ထိ ဈေးငြိမ်လျက်ရှိကာ အခြားလက်လီရောင်းဝယ်မှုဖြစ်ခဲ့တဲ့ ဘိုကိတ်၊ ပဲပုပ်သီးနှံများထက် ဈေးပိုရလျက်ရှိကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်လက်လီ ပဲဈေးကွက်မှာ အခြားပဲများထက် ပဲနီပြားဈေးလျော့နေ

ပြည်ဈေးကွက်အတွင်း ဒေသတွင်းလက်လီသမားများဖြင့် နေ့စဉ်အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲနီပြားသီးနှံဟာတစ်ရက်အိတ် ၃၀ကျော် ရောင်းချလျက်ရှိတာကို တွေ့ရပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ် ၂၅၀၀၀ ဖြင့် ယခုလဆန်းရက်မှစ၍ ဈေးငြိမ်ခဲ့ပါတယ်။ ယခင်နှစ်က ယခုလို မိုးဦးကျကာလတွင် တစ်တင်း ကျပ် ၂၅၀၀၀ဖြင့် ဇွန်လတစ်လလုံး ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့သလို ယခုနှစ်မှာလည်း ဈေးအပြောင်းအလဲမဖြစ်ဘဲ ယင်းဈေးအတိုင်း တစ်တင်းကျပ် ၂၅၀၀၀ဖြင့်ရောင်းဝယ်လျက်ရှိခဲ့ပါတယ်။ ဒါကြောင့် လက်လီပဲဈေးကွက်အတွင်းမှာ ပဲလွန်းဖြူပဲပုပ်၊ထောပတ်ပဲသီးနှံများထက် ဈေးလျော့နည်းနေခဲ့တာကိုလည်းတွေ့ရပါတယ်။ **ခင်ဆွေဝင်း**

# ဇွန်လဒုတိယပတ်မှာ မုံရွာကုန်စည်ဒိုင်ရှိ ပဲမျိုးစုံဈေးကွက်တွင် မတ်ပဲ၊ ပဲစင်းငုံ ဈေးအေးပြီး အရောင်းအဝယ်ပုံမှန်ဖြစ်

ဇွန်လဆန်းမှာ မုံရွာကုန်စည်ဒိုင်ရှိ ပဲမျိုးစုံဈေးကွက်မှာ ပြည်ပဝယ်လက်ပဲများဖြစ်တဲ့မတ်ပဲနဲ့ ပဲစင်းငုံတို့ဈေးအေးပြီး အရောင်းအဝယ်ပုံမှန်ရှိကာ ပဲတီစိမ်းကတော့ ဈေးအမြင့်နဲ့ အရောင်းအဝယ်သွက်လျက်ရှိကြောင်းသိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်တင်းလျှင် ကျပ် ၂၈၃၀၀နှုန်းနဲ့အရောင်းအဝယ်ဖြစ်ပြီး ယခုတစ်ပတ်မှာ တစ်တင်း ကျပ် ၃၀၀၀၀ အထိ ဈေးပြန်လည်မြင့်တက်လာခဲ့ကာ နေ့စဉ်အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ယခင်တစ်ပတ်က ပဲစင်းငုံတစ်တင်းကိုကျပ် ၂၀၂၀၀ နှုန်းပေါက်ကာ ယခုတစ်ပတ်မှာ ကျပ် ၁၉၈၀၀ နှုန်း ပေါက်လျက် ဈေးနှုန်းအနည်းငယ်ကျဆင်းပြီး နေ့စဉ်အိတ် ၁၀၀၀ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်နှစ်ကာလတူအချိန်က ပဲစင်းငုံတစ်တင်းလျှင် ကျပ် ၄၉၀၀၀နှုန်းရှိလို့ ယခုနှစ်ကာလတူပေါက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ထက်ဝက်ကျော် လျော့နည်းနေတာတွေ့ရပါတယ်။ ပဲတီစိမ်းကို အဝင်ရှိသလောက် မန္တလေးဝယ်လက်ကဝယ်ယူနေလို့ အရောင်းအဝယ်သွက်လျက်ရှိကာ ယခုတစ်ပတ်ပေါက်ဈေးမှာ တစ်တင်းကျပ် ၃၉၀၀၀ နှုန်းပေါက်ပြီး ယခင်နှစ်ကာလတူက တစ်တင်းကျပ် ၃၁၀၀၀နှုန်းပေါက်တဲ့အတွက် ယခုနှစ်မှာ ဈေးမြင့်နေကြောင်း တွေ့ရပါတယ်။ ပြည်တွင်းဝယ်လက်ပဲများဖြစ်တဲ့ ကုလားပဲ၊ ပဲကြီး၊ စွန်တာနီ၊ ပဲနီလုံးကြား၊ ထောပတ်ပဲ၊ မြေထောက်ပဲ၊ ဂျုံ၊ စီပီပြောင်းစသည့်သီးနှံများလည်းနေ့စဉ် ပုံမှန်အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ် ကုလားပဲမျိုးစုံ တစ်တင်း ပေါက်ဈေးနှုန်းမှာ ကုလားပဲဖြူလုံးကြီး V2 ကျပ် ၄၁၀၀၀၊ ထိုင်ဝမ် ကျပ် ၃၇၅၀၀၊ 929 ကျပ် ၃၈၆၀၀ နှုန်းပေါက်ပြီး နေ့စဉ်သုံးမျိုးပေါင်းအိတ် ၁၅၀၀ခန့် အရောင်းအဝယ်ဖြစ်လျက်ပါတယ်။ ကုလားပဲဖြူလုံးကြီးကို ရန်ကုန်ဝယ်လက်က အဝယ်များပြီး 929 နှင့် ထိုင်ဝမ်ကို မုံရွာမြို့နယ် ကြာဆန်စက်၊ ပဲခွဲစက်များနှင့်မန္တလေးဝယ်လက်တို့ကဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။ ယခုတစ်ပတ် ပဲကြီး တစ်တင်းပေါက်ဈေးနှုန်းမှာ (ကြီး)ကျပ်၄၇၀၀၀၊(သေး)ကျပ်၄၄၀၀၀ နဲ့ပဲကြော်ဖိုသမားများက နေ့စဉ်ဝယ်ယူလျက်ရှိလို့ အိတ် ၂၀၀ခန့်၊ စွန်တာနီပဲတစ်တင်းလျှင်ကျပ်၂၄၅၀၀နဲ့ အိတ်၁၀၀ခန့်၊ ပဲနီလုံး ကြားတစ်တင်းလျှင် ကျပ် ၂၅၀၀၀နဲ့ အိတ် ၁၀၀ခန့်၊ ထောပတ်ပဲတစ်တင်းလျှင်ကျပ် ၃၀၀၀၀နဲ့ အိတ် ၁၀၀ ခန့်၊ မြေထောက်ပဲတစ်တင်းလျှင် ကျပ် ၃၀၀၀၀နဲ့အိတ် ၁၀၀ခန့်၊ ဂျုံတစ်တင်းလျှင် ကျပ် ၂၀၀၀၀ နဲ့ အိတ် ၈၀၀ခန့်၊ စီပီပြောင်းတစ်တင်း လျှင် ကျပ် ၇၈၀၀နဲ့အိတ် ၅၀၀ခန့် အသီးသီးအရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။

ဆီထွက်သီးနှံဈေးကွက်မှာ မြေပဲဆန်ဈေးနှုန်း ကျဆင်းနေကြောင်းသိရပါတယ်။ မြေပဲလုံးဆန်ဖြူကိုရန်ကုန်ဝယ်လက်က ဝယ်ယူလျက် လုံးဆန်နီကို မန္တလေးဝယ်လက်ကဝယ်ယူပြီး ဆီဆန်ကိုမုံရွာမြို့တွင်းဆီစက်သမားများနှင့်ဘုတလင်၊ခင်မွန် ဆီစက်သမားများက ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။

ယခုတစ်ပတ် မြေပဲလုံးဆန် တစ်ပိဿာပေါက်ဈေးနှုန်းမှာ ကျပ် ၂၂၀၀နဲ့ အိတ်၈၀၀ခန့်၊ လုံးဆန်နီ တစ်ပိဿာပေါက်ဈေးနှုန်းမှာ ၂၁၂၅ ကျပ်နဲ့ အိတ် ၃၀၀ ခန့်၊ ဆီဆန် ကျပ် ၁၉၀၀ နဲ့ အိတ်၂၀၀ ခန့် အသီးသီးအရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း မုံရွာကုန်စည်ဒိုင်မှ သိရပါတယ်။

**ကြည်ကြည်နွယ် ( မုံရွာ )**

## ဇွန် ဒုတိယပတ်အတွင်း ပခုက္ကူကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ပေါ်ခဲ့သော ဈေးကွက်နှင့် ဈေးနှုန်း

ပခုက္ကူကုန်စည်ဒိုင်၌ ယခုတစ်ပတ်အတွင်း ပဲစင်းငုံ တစ်တင်းလျှင် ကျပ် ၂၀၀၀၀ ဈေးနှုန်းသာရှိခဲ့ပြီး လက်ကျန်နည်း၍ တက်ဈေးကို မျှော်သော်လည်း မျှော်သလိုဖြစ်မလာတာကိုတွေ့ရပါတယ်။ ကုလားပဲဖြူ V2 မှာ တစ်တင်းလျှင် ကျပ်၄၀၀၀၀၊ ကုလားပဲဝါ H1မှာ တစ်တင်းလျှင် ကျပ်၃၆၅၀၀ ဈေးနှင့်ကုလားပဲဖြူလုံးကြီး 929 မှာ တစ်တင်းလျှင် ကျပ်၃၇၅၀၀ ဈေးများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပဲတီစိမ်း တစ်တင်းလျှင် ကျပ် ၄၁၀၀၀ ဈေးဖြင့် ဈေးအနည်းငယ်မြင့်တက်လာကာ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ပြောင်းဖူးစေ့ (CP) တစ်တင်းလျှင် ကျပ် ၇၆၀၀ ဖြင့် အရောင်း အဝယ်ဖြစ်လျက်ရှိပြီး ဒေသတွင်း ပြည်တွင်းဈေးကွက် တိရစ္ဆာန်အစားအစာအတွက် ပုံမှန်ဝယ်ယူခြင်း၊ တရုတ်မှအဆွဲရှိခြင်းတို့ကြောင့် ပုံမှန်အရောင်းအဝယ် ဖြစ်လျက်ရှိသော်လည်း အတက်အကျ အနည်းငယ်ရှိတာကို တွေ့ရပါတယ်။ အခြားပဲများဖြစ်တဲ့ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၂၃၈၀၀၊ စွန်တာနီပြာ တစ်တင်းလျှင် ကျပ် ၂၄၀၀၀၊ ပဲလွန်းပြာတစ်တင်း လျှင် ၂၁၄၀၀ ကျပ်၊ ပဲနီပြားတစ်တင်းလျှင်ကျပ် ၁၀၀၀၀ ဈေးများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ကြက်သွန်နီတစ်ပိဿာလျှင် ထိပ်စ ကျပ် ၁၂၀၀၊လတ်စ ကျပ် ၁၀၀၀၊ အနိမ့်ကျပ် ၆၀၀ ဈေးဖြင့် တစ်နေ့ပိဿာချိန် ၃၀၀၀၀ မှ ၅၀၀၀၀ ကြား အရောင်းအဝယ် ဖြစ်လျက်ရှိကြောင်း သိရှိရပါတယ်။ **သူဇာကျော်(ပခုက္ကူ)**

## နှစ်စဉ်ဈေးကောင်းရနေတဲ့ ပြည်ကုလားပဲခွဲစက်သမားပုံမှန်အဝယ်ရှိ

ပြည်ပဲမျိုးစုံ ဈေးကွက်အတွင်း ယခင်နှစ်ကစပြီး ကုလားပဲသီးနှံက ဈေးကောင်းရခဲ့တဲ့ သီးနှံဖြစ်တာကို တွေ့ရပါတယ်။ ယခုနှစ်မှာလည်း တစ်တင်းကျပ်၄၀၀၀၀ ဖြင့် မတ်ပဲသီးနှံထက်ပင် ဈေးပိုရနေပါတယ်။ ဒါပေမယ့် ပြည်တွင်း ဝယ်လက်ပဲထဲမှာရော ပြည်ပဝယ်လက်ပဲထဲမှာပါ ဈေးအမြင့်ဆုံးရနေတဲ့ ပဲကြီးသီးနှံထက်တော့ ဈေးလျော့နည်းခဲ့ပါတယ်။ယခုကာလတွင် ပဲဝင်ရောက်မှုမများတော့ဘဲ တစ်ခါတစ်ရံမှသာ အိတ် ၂၀ကျော်ဝင်ရောက်ပေမယ့် လက်ကျန်ပဲများလည်း ရှိခဲ့လို့ ပဲခွဲစက်သမားများ ဝယ်လိုအားရှိမှုအပေါ် နေ့စဉ်အိတ် ၃၀ကျော်ရောင်းဝယ်ခဲ့ရပြီး ပဲဈေးမှာဈေးအမြင့်နဲ့အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ဘိုကိတ်ယခင်နှစ်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်

ပြည်ပဲဈေးကွက်အတွင်း မေလလယ်မှာ လက်လီရောင်းဝယ်နေတဲ့ ပဲတစ်မျိုးကတော့ ဘိုကိတ်ပဲသီးနှံဖြစ်ခဲ့ပါတယ်။ ပဲဝင်ရောက်မှုမရှိခဲ့ဘဲ လက်ကျန်လှောင်ပဲအချို့ရှိမှုအပေါ် နေ့စဉ်လက်လီဝယ်ယူသူများနဲ့အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ပဲဈေးမှာ တစ်တင်းကျပ် ၂၁၀၀၀ ဖြင့်လဆန်းရက်မှ ယခုအချိန်ထိဈေးငြိမ်နေခဲ့ပြီး ယခင်နှစ် ဇွန်လအတွင်းကလည်း တစ်တင်းကျပ် ၂၁၀၀၀ မှ ကျပ် ၂၁၅၀၀ အတွင်း အရောင်းအဝယ်ဖြစ်ခဲ့လို့ ဘိုကိတ်ပဲသီးနှံဈေးဟာ အခြားပဲများကဲ့သို့ ယခင်နှစ်နှင့်ယခုနှစ်ဈေး မကွာခြားဘဲ ရောင်းဝယ်ခဲ့ကြတယ်လို့သိရပါတယ်။ **ခင်ဆွေဝင်း**

## မြန်မာ့ဆိပ်ကမ်းတွင် ၁၅ . ၆ . ၂၀၁၇ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ကြည့်မြင်တိုင်ဆိပ်ကမ်း | - TUG:HTOO NO(1) | အလုပ်မလုပ် |
| ထီတန်းဆီသင်္ဘောဆိပ်ကမ်း | - MT.MESON | P.Oil(In Bulk) ၄၃၀၀ ကုန်ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၂) | - KUO HSIUNG | ကုန်သေတ္တာ ၅၉၆ကုန်တင်ဆဲ |
| အလုံစက်မှုဆိပ်ကမ်း (၁) | - TRANG AN - 05 | သကြားတန် ၁၁၅၀၀ကုန်ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၃) | - SINAR BANDA | ကုန်သေတ္တာ ၄၁၃ကုန်ချဆဲ |
| စက်မှုဆိပ်ကမ်း (၃) | - ANAN BHUM | ကုန်သေတ္တာ ၄၇၉ ကုန်ချဆဲ |
| စက်မှုဆိပ်ကမ်း (၄) | - PACIFIC STAR | ကုန်သေတ္တာ ၆၇၀ကုန်တင်ရန်ရှိ အလုပ်မလုပ် |
| ဆူးလေဆိပ်ကမ်း (၁) | - VTC GLOBE | ဆန် ၁၇၅၀၀ တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၃) | - SEA MERAY | ဆန် ၁၈၀၀၀ တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၅) | - MARILIA | ဆန် ၂၁၀၀၀ တန် ကုန်တင်ဆဲ |
| ဆူးလေဆိပ်ကမ်း (၇) | - TETON | ဆန် ၃၀၀၀၀တန် ကုန်တင်ဆဲ |
| ဗိုလ်တထောင်ဆိပ်ကမ်း(၃) | - DAWEI | ကုန်သေတ္တာ ၁၄၇ ကုန်တင်ရန်ရှိ အလုပ်မလုပ် |
| မြန်မာ့သီလဝါဆိပ်ကမ်း (၂) | - NAVIOS HORIZON | Steel& City Bus ၂၉၆၁၄ တန် ကုန်ချရန် |
| မြန်မာ့သီလဝါဆိပ်ကမ်း (၃) | - SIGAP | Cement (In Balk) ၈၀၀၀ တန်ကုန်ချဆဲ |
| မြန်မာ့သီလဝါဆိပ်ကမ်း (၄) | - EVER PROGRESS | Steel & G/C ၂၅၇၅၄ တန်ကုန်ချဆဲ |
| မြန်မာ့သီလဝါဆိပ်ကမ်း (၅) | - RONG HAI | Fertilizer&Steel ၃၁၄၈၇ တန်ကုန်ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| LORD VISHNU | Units Vehicle(RO/RO) | ၅၇၉ တန် ကုန်ချရန် | ၁၅.၆.၂၀၁၇ |
| HAN THAR | Fertilizer ၆၇၀၀ တန် ကုန်ချရန် | BANGKOK | ၁၆.၆.၂၀၁၇ |
| BARGE NO 101 TAISU | | SITTWE-KOREA | ၁၅.၆.၂၀၁၇ |
| LEO STAR-1 | ဆန် ၂၀၅၀၀ တန်ကုန်တင်ရန် | SINGAPORE | ၁၅.၆.၂၀၁၇ |
| DZ QINGDAO | (50)Units Truck & Steel ၃၁၆၉၈ တန်ကုန်ချရန် | CHINA | ၁၅.၆.၂၀၁၇ |
| TRUE LIGHT | Units Vehicle & 1895 STEEL ၅၁ တန် ကုန်ချရန် | JAPAN | ၁၅.၆.၂၀၁၇ |
| YU HENG XIAN PENG | Units Vehicle (RO/RO) ၁၅၀ တန် ကုန်ချရန် | CHINA | ၁၅.၆.၂၀၁၇ |
| AZURIT | Steel Product ၃၁၁၁၂ တန်ကုန်ချရန် | CHINA | ၁၅.၆.၂၀၁၇ |
| STAR GLOBE | Coal (In Bulk) ၃၀၀၀၀တန် ကုန်ချရန် | INDONESIA | ၁၆.၆.၂၀၁၇ |
| VIKING EMERALD | Units Vehicle(RO/RO) ၁၅၂၉ တန် ကုန်ချရန် | JAPAN | ၁၇.၆.၂၀၁၇ |
| LE TONG | Buses&Steel ၂၂၀၀၀ တန် ကုန်ချရန် | CHINA | ၁၈.၆.၂၀၁၇ |
| BANG PAKAEW | Fertilizer ၆၆၀၀ တန် ကုန်ချရန် | THAILAND | ၂၀.၆.၂၀၁၇ |
| ASIAN LEADER | Units Vehicle(RO/RO) ၇၂၇တန် ကုန်ချရန် | JAPAN | ၂၂.၆.၂၀၁၇ |
| CALIMERO | Steel တန် ၁၆၀၀၀ ကုန်ချရန် | CHINA | ၂၈.၆.၂၀၁၇ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| KOTA HARTA | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၁၆ ・၆ ・၂၀၁၇ |
| CAPE FLORE | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၆ ・၆ ・၂၀၁၇ |
| SOUL OF LUCK | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၆ ・၆ ・၂၀၁၇ |
| PAGAN STAR | SINGAPORE | စက်မှုဆိပ်ကမ်း၊ | ၁၆ ・၆ ・၂၀၁၇ |
| THANLWIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း၊ | ၁၆ ・၆ ・၂၀၁၇ |
| EVER ABLE | SINGAPORE | ထီးတန်းဆိပ်ကမ်း | ၁၆ ・၆ ・၂၀၁၇ |
| MERATUS GORONTALO | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၇ ・၆ ・၂၀၁၇ |
| XETHA BHUM | SINGAPORE | စက်မှုဆိပ်ကမ်း/သီလဝါဆိပ်ကမ်း | ၁၇ ・၆ ・၂၀၁၇ |
| PACITA | SINGAPORE | အလုံဆိပ်ကမ်း | ၁၇ ・၆ ・၂၀၁၇ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၈ ・၆ ・၂၀၁၇ |
| MAERSK ABERDEEN | SINGAPORE | သီလဝါဆိပ်ကမ်း/စက်မှုဆိပ်ကမ်း | ၁၈ ・၆ ・၂၀၁၇ |
| SAN GIORGO | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၈ ・၆ ・၂၀၁၇ |
| MCC HALONG | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၉ ・၆ ・၂၀၁၇ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.SK LINE -1 | P'Oil | - | ၁၅ ・၆ ・၂၀၁၇ |
| MT.GAEA | MOGAS 92 RON | SINGAPORE | ၁၆ ・၆ ・၂၀၁၇ |
| MT.BABYLON | ဒီဇယ်ဆီ | SINGAPORE | ၁၆ ・၆ ・၂၀၁၇ |
| T.GLORY STAR | ဒီဇယ်ဆီ | SINGAPORE | ၁၆ ・၆ ・၂၀၁၇ |
| MT.INTAN GLORY | ဒီဇယ်ဆီ | SINGAPORE | ၁၇ ・၆ ・၂၀၁၇ |
| MT.GSW FUTURE | MOGAS 92 RON | SINGAPORE | ၁၈ ・၆ ・၂၀၁၇ |
| MT.AULAC JUPITER | MOGAS 92 RON | SINGAPORE | ၁၉ ・၆ ・၂၀၁၇ |
| MT.GLORY OCEAN | ဒီဇယ်ဆီ | SINGAPORE | ၂၀ ・၆ ・၂၀၁၇ |
| MT.CHAO ANOMA | P'Oil | INDONESIA | ၂၁ ・၆ ・၂၀၁၇ |
| MT.OCEAN GULL | ဒီဇယ်ဆီ | SINGAPORE | ၂၁ ・၆ ・၂၀၁၇ |
| MT.GREAT PRINCESS | ဒီဇယ်ဆီ | SINGAPORE | ၂၃ ・၆ ・၂၀၁၇ |
| MT.AIM | P'Oil | MALAYSIA | ၂၄ ・၆ ・၂၀၁၇ |
| MT.PRIMROSE | P'Oil | INDONESIA | ၂၄ ・၆ ・၂၀၁၇ |
| MT.GAEA | ဒီဇယ်ဆီ | SINGAPORE | ၂၆ ・၆ ・၂၀၁၇ |
| MT.VIET STAR | P'Oil | INDONESIA | ၃၀ ・၆ ・၂၀၁၇ |

## မိုးများဆက်တိုက်ရွာသွန်းသဖြင့် ပြည်နှမ်းဈေးကွက်တွင် ရံဖန်ရံခါသာအရောင်းအဝယ်ဖြစ်

ယခုတစ်ပတ် ပြည်ဈေးကွက်ရဲ့ နှမ်းနီဈေးမှာ ယခင်တစ်ပတ် အတိုင်း ဈေးငြိမ်နေပြီး၊ နှမ်းနက်ဈေးပြန်တက်၍ စမုံနက်နှမ်းဈေးမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ဈေးကျသွားတာ တွေ့ရပါတယ်။ ပြည်မြို့အနီးတစ်ဝိုက်တွင် ယခုတစ်ပတ်၌ မိုးများဆက်တိုက်ရွာသွန်းနေသဖြင့် ပြည်မြို့ရှိပွဲရုံများ၌ အရောင်းအဝယ်မဖြစ်သလောက် ရှိနေပါတယ်။

ဆီစက်သမားများကလည်း လှောင်နှမ်းများကိုသာထုတ်ပြီး ဆီကြိတ်နေသဖြင့် ရံဖန်ရံခါသာ အရောင်းအဝယ် ဖြစ်လျက် ရှိပါတယ်။ ယခုတစ်ပတ် နှမ်းဈေးမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၃၀၀၀၀ ဖြင့် ယခင်တစ်ပတ်အတိုင်း ဈေးငြိမ် နေတာတွေ့ရပြီး နှမ်းနက်တစ်တင်းလျှင် ကျပ် ၃၈၃၀၀ ဖြင့်ယခင်တစ်ပတ်ထက် ဈေးမြင့်လာကာ စမုံနက်နှမ်းတစ်တင်း လျှင် ကျပ် ၃၈၃၀၀ ဖြင့် ယခင်တစ်ပတ်ထက် ဈေးပြန်ကျလာတာ တွေ့ရပါတယ်။ အတက်အကျများ ရှိနေသော်လည်း ဈေးသာရှိပြီး အရောင်းအဝယ်မဖြစ်ဘဲ လက်ငုတ်ဈေးဖြင့်သာ ရောင်းဝယ်နေကြတယ်လို့ ကုန်သည်အသိုင်းအဝိုင်းမှ သိရပါတယ်။

**ဝေဝေမင်း**

## မိုးရွာပေမယ့် ပြည်ဈေးကွက်တွင် မြေပဲဆန်ပုံမှန်သာအရောင်းအဝယ်ဖြစ်

ယခုတစ်ပတ် ပြည်ဈေးကွက်၌ မြေပဲဆန်ဈေးမှာ ယခင်တစ်ပတ် အတိုင်းဈေးငြိမ်နေတာ တွေ့ရပါတယ်။ ပန်းတောင်းမြို့နှင့် တောင်ကုတ်ဘက်မှ ကုန်းလမ်း၊ ရေလမ်းဖြင့် နေ့စဉ်အဝင် ရှိနေသဖြင့် ဈေးကွက်တွင် တစ်နေ့လျှင် အိတ် ၂၀၀ ခန့် အရောင်းအဝယ် ဖြစ်နေပါတယ်။ မိုးများနေ့စဉ် ရွာနေသော်လည်း မြေပဲဆန်ကို ဆီစက်သမားများက အဝယ်ရှိနေသဖြင့် ယခင်တစ်ပတ်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ မိုးမြေပဲများ စိုက်ပျိုးချိန်ဖြစ်နေသော်လည်း နေ့စဉ်မြေပဲဆန်အိတ်အနည်းငယ်စီဝင်ရောက်သဖြင့် မြေပဲဆီဆန် တစ်ပိဿာလျှင် ကျပ် ၂၀၅၀၊ လုံးဆန်(အဖြူ) တစ်ပိဿာလျှင် ၂၄၇၅ ကျပ်၊ လုံးဆန်(အနီ)တစ်ပိဿာလျှင် ကျပ် ၂၃၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**ဝေဝေမင်း**

## မုံရွာကုန်စည်ဒိုင် ပဲမျိုးစုံဈေးကွက်တွင် မြေပဲဆန်ဈေးနှုန်းကျဆင်း



မုံရွာကုန်စည်ဒိုင် ပဲမျိုးစုံ ဈေးကွက်တွင် ဆီထွက်သီးနှံဖြစ်သော မြေပဲဆန် ဈေးနှုန်း ဆက်တိုက်ကျဆင်းနေကြောင်း သိရပါတယ်။ ဈေးနှုန်းကျဆင်းသော်လည်း အရောင်းအဝယ်ပုံမှန်ဖြစ်နေကြောင်း သိရပါတယ်။ မုံရွာကုန်စည်ဒိုင်သို့ ဟုမ္မလင်း၊ ဖောင်းပြင်၊ မင်းကင်းမြို့နယ်များမှ ဝင်ရောက်လျက်ရှိရာ ယခုတစ်ပတ် မြေပဲဆန် တစ်ပိဿာပေါက်ဈေးနှုန်းမှာ လုံးဆန်ဖြူ ကျပ် ၂၂၀၀ နဲ့ အိတ် ၈၀၀၊ လုံးဆန်နီ ကျပ် ၂၁၂၅နဲ့ အိတ် ၂၅၀၊ ဆီဆန် ကျပ် ၁၉၀၀ နဲ့ အိတ် ၃၀၀ ခန့် အသီးသီး အရောင်း အဝယ်ဖြစ်လျက်ရှိကြောင်း သိရပါတယ်။ မြေပဲလုံးဆန်ဖြူကို ရန်ကုန်ဝယ်လက်က ဝယ်ယူလျက်ရှိပြီး၊ လုံးဆန်နီကို မန္တလေးဝယ်လက်က ဝယ်ယူကာ ဆီဆန်ကို မုံရွာ မြို့တွင်း ဆီစက်သမားများနှင့် ဘုတလင်၊ ခင်မွန်ဆီစက်သမားများက ဝယ်ယူလျက်ရှိကြောင်း သိရပါတယ်။ ယခင်လက မြေပဲဆန်ပေါက်ဈေးနှုန်းမှာ လုံးဆန်ဖြူ တစ်ပိဿာလျှင် ကျပ် ၂၆၀၀၊ လုံးဆန်နီ တစ်ပိဿာ ကျပ် ၂၄၂၅၊ ဆီဆန်တစ်ပိဿာ ကျပ် ၂၂၀၀ နှုန်းဖြစ်ခဲ့တဲ့အတွက် ယခုတစ်ပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက တစ်ပိဿာ ၄၀၀ နီးပါး ဈေးကျဆင်းလျက်ရှိကြောင်း သိရတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

## ဇွန်တတိယပတ်အတွင်း ပြည်မြို့ မြို့မဈေးကြီးနှင့် ပွဲရုံများ၌ အရောင်းအဝယ် ဖြစ်ခဲ့သော စားဖိုဆောင် သီးနှံဈေးကွက်

ပြည်ပွဲရုံနှင့် မြို့မဈေးကြီးတွင် ဇွန်တတိယပတ်အတွင်း ကြက်သွန်နီထွက်ရှိရာ ပခုက္ကူ၊ ဆိပ်ဖြူ ကုန်စည်ဒိုင်များတွင် ကြက်သွန်ဖြူဝင်ရောက်မှုနည်းပြီး ထိုင်း၊ တရုတ်လိုင်းများမှ ဝယ်လိုအားကောင်းနေတာကြောင့် ပြည်တွင်းကြက်သွန်နီဈေးကွက်မြင့်တက်လာပါတယ်။ ပြည်ဈေးကွက်တွင် ကြက်သွန်နီတစ်ပိဿာလျှင် ကျပ် ၁၂၀၀ မှ ၁၃၀၀ အထိ ဖြစ်ပေါ်နေပါတယ်။

တရုတ်မှ ကြက်သွန်ဖြူအိတ်များအဝင်များပြီး အရည်အသွေးသန့်၊ အစိုဓာတ်နည်းပြီးဈေးနှုန်းသက်သာတာကြောင့် အရောင်းအဝယ်သွက်ကာ ကြက်သွန်ဖြူအိတ်လိုက် ဈေးတစ်ပိဿာလျှင် ကျပ် ၁၉၀၀ သာရှိခဲ့ပါတယ်။

ငရုတ်ခြောက်ဈေးကွက်တွင် မကွေးတိုင်းမှ ဝင်ရောက်တာကြောင့် ဈေးအသင့်အတင့်ရှိပါတယ်။ ပြည်ဈေးကွက်အတွင်း ငရုတ်ခြောက်တစ်ပိဿာလျှင်ဈေးအိတ်ဆွဲ ကျပ် ၃၃၀၀ မှ ၃၇၀၀ အထိအမျိုးအစားပေါ် မူတည်ပြီး ဈေးနှုန်းကွာခြားမှုရှိပါတယ်။ ငရုတ် ခြောက် (ပွ) ဈေး ကျပ် ၅၅၀၀ မှ ၆၅၀၀ အထိအခြေအနေအလိုက် ဈေးကွာခြားပါတယ်။

နနွင်းဈေးကွက်တွင် အောင်ပန်းနနွင်း ကျပ် ၃၀၀၀ ဈေးရှိကြောင်း သိရပါတယ်။ ချင်းဈေးတစ်ပိဿာလျှင်(ချော) ကျပ် ၇၀၀ ဈေးဖြင့် ဈေးကွက်အမှန်အပေါက်ဈေးဖြစ်ကြောင်းလည်း သိရပါတယ်။

အာလူးပေါ်ချိန်ဖြစ်တာကြောင့် အရည်အသွေးကောင်း၊ လုံးချော အာလူးများ ဈေးကွက်ဝင်ရောက်လာပြီး ဈေးကျတာကြောင့် အရောင်းအဝယ် သွက်ကာ (ကြီး၊ ချော) တစ်ပိဿာလျှင် ကျပ် ၈၀၀၊ (လတ်စ) ကျပ် ၆၅၀ နှင့် (အသေး) ကျပ် ၅၀၀ တို့ပေါက်ဈေးဖြစ်ပေါ် လျက်ရှိကြောင်း ဈေးကွက်မှ သိရပါတယ်။**နီနီဝင်း (ပြည်)**

## ကြက်သွန်

### ဇွန်လဒုတိယပတ်မှာ မုံရွာကြက်သွန်နီ ဈေးဆက်လက်မြင့်တက်လာပြီး အရောင်းအဝယ်သွက်

မုံရွာ(ပွဲရုံ)စားဖိုဆောင်သီးနှံရောင်းဝယ်ရေးတွင် ယခုတစ်ပတ် ကြက်သွန်နီ ဈေးကွက်မှာ ဈေးနည်းငယ်မြင့်တက်လာပြီး အရောင်းအဝယ်လည်းသွက်လာကြောင်း သိရပါတယ်။ ပွဲရုံသို့ ကြက်သွန်နီများ နေ့စဉ်ပိဿာချိန်တစ်သောင်းခန့်အဝင်ရှိပြီး မုံရွာပွဲရုံများမှ ရန်ကုန်၊ မန္တလေးမြို့များနှင့် ချင်းတွင်းမြစ်ကမ်းတစ်လျှောက်ရှိမြို့များသို့ တင်ပို့ရောင်းချလျက်ရှိရာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်သွက်လာကြောင်းသိရပါတယ်။ ယခုတစ်ပတ် ပွဲရုံများတွင် ကြက်သွန်နီတစ်ပိဿာ လက်ကားပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၁၁၀၀၊ (လတ်) ကျပ် ၁၀၀၀၊ (သေး) ကျပ် ၉၀၀ နှုန်းပေါက်လျက်ရှိပြီး လက်လီတစ်ပိဿာပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၁၃၀၀၊ (လတ်) ကျပ် ၁၂၀၀၊ (သေး) ကျပ် ၁၁၀၀နှုန်းနဲ့ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ယခင်တစ်ပတ်က လက်ကား တစ်ပိဿာပေါက်ဈေးနှုန်းမှာ(ကြီး)ကျပ် ၉၀၀၊ (လတ်)ကျပ် ၈၀၀၊(သေး) ကျပ် ၇၀၀နှုန်းပေါက်လျက်ရှိပြီး လက်လီတစ်ပိဿာပေါက်ဈေးနှုန်းမှာ (ကြီး) ကျပ် ၁၁၀၀၊ (လတ်) ကျပ် ၁၀၀၀၊ (သေး) ကျပ် ၉၀၀ နှုန်းရှိတဲ့အတွက်ပေါက်လို့ ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ဈေးနှုန်း ဆက်လက်မြင့်တက်လာကြောင်း တွေ့ရပါတယ်။

ကြက်သွန်ဖြူဈေးကွက်တွင် ပွဲရုံသို့နေ့စဉ်ကြက်သွန်ဖြူ ပိဿာ၁၀၀၀ခန့်အဝင်ရှိပြီး ယခင်တစ်ပတ်အတိုင်းဈေးငြိမ်လျက်ရှိကာ အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ် ကြက်သွန်ဖြူတစ်ပိဿာ ပွဲရုံဈေးနှုန်းမှာ (ဗမာ)ကျပ် ၄၀၀၀၊ (ရှမ်း) ကျပ် ၂၅၀၀၊ (ကြူကုတ်)ကျပ် ၂၀၀၀နှုန်းဖြစ်ပြီး လက်လီပေါက်ဈေးနှုန်းမှာ (ဗမာ) ကျပ် ၄၅၀၀၊ (ရှမ်း) ကျပ် ၃၀၀၀၊ (ကြူကုတ်)ကျပ် ၂၅၀၀ နှုန်းပေါက်လျက်ရှိပြီး အရောင်းအဝယ်လည်း ပုံမှန်ဖြစ်လျက်ရှိကြောင်း မုံရွာ ကြက်သွန်နီပွဲရုံမှ သိရပါတယ်။ **နီနီဝင်း**

### မူဆယ်နယ်စပ်ရော မြဝတီနယ်စပ်မှပါ ကြက်သွန်နီတင်ပို့

ဇွန် ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂၈၁၁၀၈ တန်ဖိုးရှိ ကြက်သွန်နီတန် ၇၅၀ ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၆၁၁တန်နဲ့နှိုင်းယှဉ်ပါက ၁၃၉တန်ပိုမိုတင်ပို့ခဲ့ပါတယ်။မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီ ကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၁၀၂၀၀ တန်ဖိုးရှိ ကြက်သွန်နီ ၂၄ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မြဝတီမှ ကြက်သွန်နီတင်ပို့မှုမရှိဘဲ တာချီလိတ်မှသာ ကြက်သွန်နီတင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာလည်း တာချီလိတ်မှ အမေရိကန်ဒေါ်လာ ၂၇၁၇၇၅ တန်ဖိုးရှိကြက်သွန်ဖြူ ၁၈၅တန် တင်ပို့ခဲ့တာ တွေ့ရပါတယ်။

ယခုနှစ်ကြက်သွန်နီဈေးကွက်စတင်ချိန် မတ်လကုန်ပိုင်းမှ ဧပြီလလယ်ပိုင်းအထိ တစ်ပိဿာကျပ် ၆၀၀ အောက်သာပေါက်ဈေးရှိခဲ့ပြီး သင်္ကြန်ကာလနောက်ပိုင်းနယ်စုံမှ ဝယ်လိုအား မြင့်တက်လာချိန်မှာ ဈေးတွေလည်း ဆက်တိုက်မြင့်တက်လာကြောင်း၊ ဇွန်ပထမပတ်တွင် ပခုက္ကူကြက်သွန်နီဈေးကွက်သို့ ပိဿာချိန် ခုနစ်သောင်းခန့် ဝင်ရောက်လာကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှသိရပါတယ်။

**မော်မော်အောင်**

### ပြည်ကြက်သွန်ဖြူ အဝင်လျှိုင်

ပြည်ကြက်သွန်ဖြူပွဲရုံများသို့ ကြက်သွန်ဖြူအိတ်တွေ အဝင်လျှိုင်နေဆဲဖြစ်ကြောင်းတွေ့ရပါတယ်။ မူဆယ်(၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရုတ်နိုင်ငံမှ ဝင်ရောက်လာသော ကြက်သွန်ဖြူအိတ်များကို တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှ ကုန်သည်ပွဲစား များက အဆွဲများပြီး ဒေသတွင်း လှောင်လက်သမားများထံ ချိတ်ဆက်ရောင်းဝယ်မှုကြောင့် ဈေးကွက်အတွင်း အဝင်လျှိုင်နေကြောင်းလည်း သိရပါတယ်။ ဝင်ရောက်လာတဲ့ ကြက်သွန်ဖြူတွေဟာ အစိုဓာတ်သိပ်မများတော့ဘဲ အရည်အသွေးသန့်တာကို တွေ့ရပါတယ်။ လှောင်လက်သမားများပါ အိတ်အဆွဲများပြီး လက်လီအရောင်းသမားများပါ ဈေးသက်သာချိန်ဖြစ်လို့ အဆွဲများကာ အရောင်းအဝယ်ဖြစ်နေကြောင်းသိရပါတယ်။ ဒီတစ်ပတ် ကြက်သွန်ဖြူဈေးနှုန်းတွေကတော့ ပြည်ပွဲရုံဈေး တစ်ပိဿာလျှင် ရှမ်းစ ကျပ် ၃၂၀၀ မှ ကျပ် ၃၈၀၀ ဈေးတို့ဖြင့် ရောင်းချလျက်ရှိပြီး ကြူကုတ်စ တစ်ပိဿာလျှင် ကျပ် ၂၂၀၀မှ ကျပ်၂၅၀၀ ဈေးဖြစ်ပါတယ်။ ဒေသတွင်း လက်လီ ဈေးများတွင် ရှမ်းစကျပ် ၃၈၀၀ မှ ကျပ် ၄၄၀၀ ဈေးနှင့် ကြူကုတ်စကိုကျပ် ၃၀၀၀ မှ ကျပ် ၃၅၀၀ ထိ လက်လီ ရောင်းချလျက်ရှိပါတယ်။ အဝင်လျှိုင်နေတာကြောင့် ဈေးထပ်ကျနိုင်ပေမယ့် အရည်အသွေးကောင်းတာကြောင့် ဈေးအနည်းငယ်မြောက်ကာ အိတ်အဆွဲများကြောင်းသိရပါတယ်။ ပွဲရုံတွင် အိတ်အဆွဲဈေးအဖြစ် တစ်ပိဿာလျှင် ကျပ် ၁၉၀၀ ရှိကြောင်းလည်း ဈေးကွက်မှသိရပါတယ်။

**နီနီဝင်း (ပြည်)**

## ချင်း

### နယ်စပ်စခန်းစုံမှ ချင်းစို၊ ချင်းခြောက်တင်ပို့

ဇွန် ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိစစ်တွေနဲ့ မောင်တောကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၅၅၆၆၅ တန်ဖိုးရှိ ချင်းစို ၁၉၆ တန်ကျော်ကို ဘင်္ဂလားဒေ့ရှ်နယ်စပ်သို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ စစ်တွေမှ ၁၉ တန်၊ မောင်တောမှ ၁၇၇ တန် ကျော်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က စစ်တွေမှ ချင်းတင်ပို့မှုမရှိဘဲ မောင်တောမှသာ ချင်းစို ၃၁ တန် တင်ပို့ခဲ့ပါတယ်။ စစ်တွေမှာ ချင်းအစို တစ်တန်ကို (ငွေလဲနှုန်းအရ) မိမိဘက်ပေါက်ဈေး ၁၀၃၇၁၀၄ ကျပ်ရှိတယ်လို့ သိရပါတယ်။

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ကတော့ အမေရိကန်ဒေါ်လာ ၁၀၅၄၀ တန်ဖိုးရှိ ချင်းခြောက် ၈ တန်ခွဲတင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၃ တန်ကျော်နဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ မူဆယ်မှ ချင်းခြောက် ၅ တန်ကျော်ပိုမိုတင်ပို့ခဲ့တာတွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ချင်းခြောက် တစ်တန်ရဲ့မိမိဘက်ပေါက်ဈေး(ငွေလဲနှုန်းအရ) ကျပ် ၁၆၇၆၄၈၀ရှိပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၇၄၈၇ တန်ဖိုးရှိ ချင်းခြောက် ၆ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မြဝတီမှ ချင်းတင်ပို့မှုမရှိဘဲ မြဝတီကုန်စည်ဒိုင်ရဲ့ ချင်းခြောက် တစ်တန်ဈေးမှာ(ငွေလဲနှုန်းအရ)ကျပ် ၁၆၆၉၇၂၀ ဝန်းကျင်ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

### ရှမ်းချင်း အရောင်းအဝယ်အေး

မိုးမှန်လာပြီဖြစ်တဲ့အတွက် အောင်ပန်းဈေးကွက်သို့ ချင်း(ဥမ)တွေ ဝင်လာတော့မယ်လို့သိရပါတယ်။ ချင်းတက်တွေကတော့ အရောင်းအဝယ် အေးနေတယ်လို့ဆိုပါတယ်။ မိုးကလည်း ဆက်တိုက်ဆိုသလို ရွာနေ တာရယ်၊ ရေကြီးပြီးလမ်းပျက်နေတာရယ်ကြောင့် ပြည်တွင်းဝယ်လက်သမားတွေဖြစ်တဲ့ စစ်တွေ/ ပြည်ဝယ်လက်တွေကလည်း အဝယ်ရပ်နေသလို၊ မူဆယ်ဝယ်လက်တွေကလည်း ဝယ်ယူမှုနားနေတာကြောင့် အရောင်းအဝယ်က ခပ်အေးအေးသာဖြစ်နေတယ်လို့ သိရပါတယ်။ အောင်ပန်းဈေးကွက်ကို နောက်လမှာ ချင်း (ဥမ)အသစ်တွေ ဝင်လာရင်တော့ ဈေးလည်းဒီထက်ကျသွားနိုင်တယ်လို့ ဒေသခံပွဲရုံတွေထံမှ သိရှိရပါတယ်။ ချင်း(ဥမ)ပေါ်လာရင် ချင်း(ဥမ)က ခါးလျှော့လို့ကောင်းတာကြောင့် ချင်းတက်တွေထက် ချင်း(ဥမ)တွေကိုသာ ပြည်တွင်းဝယ်လက်တွေက ပိုမိုပြီး ဝယ်ယူကြမှာဖြစ်တယ်လို့လည်းသိရပါတယ်။

ဟိုပုံးဈေးကွက်မှာတော့ ချင်းတက်တွေက အထွက်နှုန်းကလည်းနည်းတော့ ဒေသတွင်းစားဖို့အတွက်ရယ်၊ ပြန်စိုက်ဖို့မျိုးအဖြစ် ပြန်ဝယ်သွားတာကြောင့် ကုန်သလောက်ဖြစ်သွားပါပြီ။ ဟိုပုံးချင်း(စို)ကတော့ တစ်ပိဿာကို ကျပ် ၃၀၀ မှ ကျပ် ၄၀၀ နဲ့ ဈေးပိတ်သွားတယ်လို့လည်း သိရပါတယ်။ ဒီတစ်ပတ်အောင်ပန်း ဈေးကွက်မှာ ချင်း(စို)တစ်ပိဿာကို အနိမ့်ဆုံး ကျပ် ၂၀၀ မှ အမြင့်ဆုံး ကျပ် ၄၀၀ ဈေးရှိပါတယ်။ ချင်းခြောက်ကတော့ တစ်ပိဿာကျပ် ၁၀၀၀မှ ကျပ် ၁၃၅၀ဈေးရှိတယ်လို့ ချင်းပွဲရုံတွေထံမှ သိရှိရပါတယ်။ **ဇေခိုင်-တောင်ကြီး**

### ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ထိုင်းနိုင်ငံသို့ ချင်း ၅၅တန်ကျော်တင်ပို့

ဇွန်လ ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း ချင်း ၅၅ ဒသမ ၈ တန်ကို ထိုင်းနိုင်ငံသို့ ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ချင်းတန်ချိန် ၂၀၅ တန်ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ချင်းတန်ချိန် ၂၀၀နီးပါးတင်ပို့မှုလျော့ခဲ့တယ်လို့ သိရပါတယ်။ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၁၉၉၇ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။ **သီတာဝင်း**(DOT)

## နနွင်း

### မူဆယ်ရော မြဝတီနယ်စပ်မှပါ နနွင်းတက်လျော့နည်းတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှဇွန် ၃ရက် မှ ၉ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၈၉၁၂၀ တန်ဖိုးရှိ နနွင်းတက် (ရှမ်းစ) ၁၂၆ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၁၆ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက တန် ၉၀ လျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှလည်းအမေရိကန်ဒေါ်လာ ၂၄၄၀၄ တန်ဖိုးရှိ နနွင်းတက်(ကျောက်ဆည်) ၃၆ တန်ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်ကတင်ပို့ခဲ့တဲ့ ၄၅ တန်ကျော်နဲ့နှိုင်းယှဉ်ပါက၉တန်လျော့နည်းတင်ပို့ခဲ့ပါတယ်။ နနွင်းကို မိုးတွင်းကာလမှာ လယ်မြေအနီးတွင်လည်းကောင်း၊ ကျွန်းမြေနဲ့ မူးမြစ်ကမ်းဘေးတွင်လည်းကောင်း စိုက်ပျိုးပြီး နိုဝင်ဘာ၊ ဒီဇင်ဘာလများမှာတူးဖော်ကြတယ်လို့နနွင်းစိုက်တောင်သူတစ်ဦးက ပြောပါတယ်။

**မော်မော်အောင်**

### ပင်လယ်ရေကြောင်းလမ်းမှ နနွင်းတင်ပို့မှုလျော့

ဇွန်လ ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း နနွင်း၃၁ ဒသမ ၉၉၅ တန် ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံသို့ ၁၅ ဒသမ ၉၉၅ တန်နဲ့ အိန္ဒိယနိုင်ငံသို့ ၁၆ တန် တင်ပို့ခဲ့ ပါတယ်။

ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ နနွင်းတန်ချိန် ၉၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန်၆၀ နီးပါးတင်ပို့မှု လျော့နည်းခဲ့တယ်လို့သိရပါတယ်။

နနွင်းတစ်တန် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၈၃၀ ကျော် ရရှိခဲ့လို့ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၅၈၃၆ ဝင်ငွေရရှိခဲ့တယ်လို့သိရပါတယ်။

**သီတာဝင်း**(DOT)

## မန်းကျည်း

### ပြည်မန်ကျည်းမှည့် ရန်ကုန်ဝယ်လက် တင်ပို့မှုရှိ

ဇွန်တတိယပတ်အတွင်း ပြည်မန်ကျည်းမှည့်များ ကြံခင်း၊ မြန်အောင်၊ ပန်းတောင်းတို့မှ အဝင်ရှိပြီး ယခင်နှစ်ထက်ဈေးကောင်းရလျက်ရှိနေပါ တယ်။ ယခုလအတွင်း မန်ကျည်းမှည့်အသားချည်းသက်သက်အဝင်ရှိပြီး ဈေးဆက်တိုက်ကောင်းနေကြောင်းသိရပါတယ်။ ပြည်ပွဲရုံဈေးအနေဖြင့် တစ်ပိဿာလျှင် ကျပ် ၂၈၀၀ ဈေးနှင့် လက်လီတစ်ပိဿာလျှင် ကျပ် ၃၅၀၀ ဈေးတို့ဖြင့် ရောင်းဝယ်လျက်ရှိပါတယ်။ ရန်ကုန်ဝယ်လက်အဝယ်ရှိတာကြောင့် ရန်ကုန်သို့ တစ်ပတ်အတွင်း မန်ကျည်းမှည့် ပိဿာချိန် ၈၀၀ ကျော်တင်ပို့ရ ကြောင်းနှင့် ရန်ကုန်မှတစ်ဆင့် ရေလမ်းမှဘင်္ဂလားဒေ့ရှ်အထိ တင်ပို့နေကြောင်းလည်းသိရပါတယ်။

**နီနီဝင်း(ပြည်)**

# သူတို့ပြောတဲ့ အထူးစီးပွားရေးဇုန်



မောင်ရင်မောင်

အထူးစီးပွားရေးဇုန်နဲ့ ပတ်သက်လို့ ပြောကြားရရင် တရုတ်ပြည်မှာ အကောင်အထည်ဖော်ခဲ့တဲ့ အထူးစီးပွားရေး ဇုန်တွေရဲ့ အောင်မြင်မှုကို ခြွင်းချန်ထားလို့ မရတာကတော့ အမှန်ပါပဲ။ တရုတ်ပြည်မှာ ၁၉၈၀ ခုနှစ် နှစ်ဦးပိုင်းလောက်ကစပြီး SEZ တွေကို စတင်အကောင်အထည် ဖော်ခဲ့ကြပါတယ်။ စီးပွားရေးဆိုင်ရာ လွတ်လပ်စွာဆောင်ရွက်ခွင့်နှင့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ခြင်းများကို ဦးတည်ရေးဆွဲ ချမှတ်ထားတဲ့ မူဝါဒပြုပြင်ပြောင်းလဲမှုများအပေါ် စမ်းသပ်တဲ့ သရုပ်ပြကွင်းများ "demonsration areas"အနေနဲ့ စတင်ခဲ့ကြတာလည်း ဖြစ်ပါတယ်။ SEZ တွေဟာ တရုတ်ပြည်တွင်းမှာ ယှဉ်ပြိုင်မှုမြင့်မားတဲ့ စက်မှုကုန်ထုတ်ကဏ္ဍ တည်ဆောက်ရေးအတွက် အသွင်ကူးပြောင်းမှုရဲ့ အကျိုးသက်ရောက်မှုများကို ရရှိစေရုံ သာမက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုခဲ့ပါတယ်။ နိုင်ငံအတွင်း စီးပွားရေးပြုပြင်ပြောင်းလဲမှုမှာ အရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်ရုံသာမက ဒေသတွင်း စက်ရုံ၊ အလုပ်ရုံတွေရဲ့ စွမ်းဆောင်ရည်မြှင့်တင်ရာမှာ နည်းပညာရပ်များ လေ့လာသင်ကြားရာ အရင်းအမြစ်များလည်း ဖြစ်ခဲ့ကြပါတယ်။ SEZ စီမံကိန်းများကို စတင်ချိန်မှာ တရုတ်အစိုးရ အနေနဲ့ နိုင်ငံခြားစီးပွားရေးလုပ်ငန်းများနဲ့ စီးပွားဘက်အဖြစ် အတွဲညီညီ ပေါင်းစပ်ဆောင်ရွက်ဖို့ ကြိုးပမ်းခဲ့သလို ခေတ်မီ စက်မှုလုပ်ငန်းဥယျာဉ်များ (Industrial Parks) ကို တည်ဆောက်စီမံ လည်ပတ်ဖို့လည်း တွန်းအားပေးခဲ့ပါတယ်။ ဒါနဲ့ ပတ်သက်ပြီး အောင်မြင်ကျော်ကြားခဲ့တဲ့ တရုတ်-စင်ကာပူ ပူးပေါင်းဆောင်ရွက်တဲ့ စက်မှုလုပ်ငန်းဥယျာဉ် စီမံကိန်းတစ်ခုအကြောင်း ပြောပြချင်ပါတယ်။ "China-Singapore Suzhou Industrial Park" ဖြစ်ပြီး ၁၉၉၀ ခုနှစ် ပတ်ဝန်းကျင်မှာ စတင်တည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။ စတင်အကောင်အထည်ဖော်ဆောင်ရွက်စဉ်က အခက်အခဲပေါင်းများစွာကို ကျော်လွှားခဲ့ရပေမယ့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု FDI တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံအထိ ရအောင် ဆွဲဆောင်နိုင်ခဲ့ရုံသာမက လူဦးရေငါးသိန်းကျော်အတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိစေခဲ့တဲ့ စီမံကိန်းကြီးလည်း ဖြစ်ပါတယ်။

ရှေ့ပိုင်းမှာ ပြောခဲ့ဖူးသလို ကမ္ဘာတစ်ဝန်းမှာရှိတဲ့ အစိုးရများအနေနဲ့ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများမှာ SEZ တွေကို ထုတ်ကုန်မျိုးစုံ ထုတ်လုပ်တင်ပို့ရောင်းချဖို့၊ ရင်းနှီးမြှုပ်နှံမှုတွေ ဆွဲဆောင်ဖို့၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖို့နှင့် ကျွမ်းကျင်မှုနဲ့နည်းပညာတွေ လွှဲပြောင်းရယူနိုင်ဖို့ ရည်မှန်းပြီး စိတ်အားထက်သန်စွာ အကောင်အထည် ဖော်ကြပါတယ်။ ဒီလိုနဲ့ အကောင်အထည်ဖော်ကြရာမှာ SEZ တွေကို အောင်မြင်စွာလည်ပတ်ရေးအတွက် ရင်းနှီးမြှုပ်နှံနိုင်သူ၊ ကျွမ်းကျင်မှုရှိသူနှင့် အတွေ့အကြုံများသူကို စီးပွားဖက် (Partner) အဖြစ် ရွေးချယ်ပူးပေါင်းဆောင်ရွက်နိုင်ဖို့ကလည်း လွန်စွာ အရေးကြီးလှပါတယ်။ တရုတ်ပြည်ရဲ့ အတွေ့အကြုံအရ ပြောရရင် နိုင်ငံခြားနဲ့ဖက်စပ်ပြီး Joint Venture လုပ်ကိုင်ခြင်းဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပြင် နိုင်ငံတကာစံနှုန်းမီ အခြေခံအဆောက်အအုံများ သာမက ကြီးမားတဲ့အထူးစီးပွားရေးဇုန်များကို အကောင်အထည်ဖော်ရာမှာ လိုအပ်တဲ့အစီအစဉ်ရေးဆွဲမှု၊ အကောင်အထည်ဖော်မှု၊ စီမံခန့်ခွဲမှု၊ အတွေ့အကြုံကောင်းများနဲ့ ကျွမ်းကျင်မှုများကို ရရှိစေနိုင်တယ်လို့ ပြောရမှာ ဖြစ်ပါတယ်။

"China-Singapore Suzhou Industrial Park (SIP)" ရဲ့ အတွေ့အကြုံလေးတွေကို တစေ့တစောင်း သိရအောင် ဖော်ပြပါမယ်။ SIP ကို ရှန်ဟိုင်းရဲ့ ကူးသန်းရောင်းဝယ်ရေး ဗဟိုချက်မနဲ့ သင်္ဘောဆိပ်ကမ်းများကနေ ကီလိုမီတာ ၈၀ ခန့်ကွာဝေးနေတဲ့အရှေ့ Suzhou စက်မှုမြို့တော်ကြီးအတွင်း မြို့နယ်သစ်တစ်ခုအဖြစ် ၁၉၉၄ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပါတယ်။ လက်ရှိအချိန်မှာ အဓိကဧရိယာကြီး ခြောက်ခုပါဝင်ပြီးဖြစ်ပါတယ်။ ဒီဧရိယာကြီးတွေထဲမှာ ထင်ရှားတာက Jiriji Lake-Rim Central Business District, Eastern High-Teach Industrial Area နဲ့ Integrated Free Trade Zone တို့ဟာ စတုရန်းကီလိုမီတာ ၈၀ (၈၀၀၀ ဟက်တာ) ရှိ တရုတ်-စင်ကာပူ သမဝါယမဇုန်အတွင်းမှာ တည်ရှိကြပြီး (SIP) ဧရိယာအနည်းဆုံးရဲ့ လေးပုံတစ်ပုံကို လွှမ်းခြုံထားပါတယ်။ SIP Ecological Science Hub ကတော့ ပင်မဇုန်ကြီးအပြင်ဘက်မှာရှိပြီး လေးစတုရန်းကီလိုမီတာ ကျယ်ဝန်းပါတယ်။ အကောင်အထည်ဖော်မှုကို ၂၀၀၇ ခုနှစ်က စတင်ခဲ့ပြီး China-Singapore Suzhou Industrial Park Development Co., Ltd. ဆိုတဲ့ဖက်စပ်ကုမ္ပဏီက တာဝန်ယူပါတယ်။ ဒ့ါအပြင် Du Shu Lake Innovation District of Science and Technology နဲ့ Yangcheng Lake Tourism Resort တို့ဟာလည်း ၁၁ စတုရန်းကီလိုမီတာကျော် ကျယ်ဝန်းပါတယ်။

၂၀၀၈ ခုနှစ်လောက်မှာ SIP အနေနဲ့ နိုင်ငံတကာကော်ပိုရေးရှင်း ၈၂ ခုအပါအဝင် နိုင်ငံခြားကုမ္ပဏီပေါင်း ၃၃၀၀ ခန့်ကို ဆွဲဆောင်နိုင်ခဲ့ပြီးဖြစ်တဲ့အပြင် အဆင့်ဆင့်စာချုပ်ချုပ်ဆို ရင်းနှီးမြှုပ်နှံမှုတွေရရှိခဲ့ရာမှာ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှု တန်ဖိုး အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံ၊ ပြည်တွင်းကုမ္ပဏီများရဲ့ ရင်းနှီးမြှုပ်နှံမှု ယွမ် ဘီလီယံ၁၃၀ (အမေရိကန်ဒေါ်လာ ၁၉ဘီလီယံ) ရရှိခဲ့ပါတယ်။ SIP က Suzhou ဒေသရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိရေးမှာ အဓိက မောင်းနှင်အား ဖြစ်လာခဲ့ပါတယ်။ ၁၉၉၄ ခုနှစ်ကစတင်ခဲ့တဲ့ SIP ရဲ့ ၂၀၀၈ ခုနှစ်အရောက် စွမ်းဆောင်မှုတွေကို အောက်ပါဇယားမှာ မြင်တွေ့နိုင်ပါတယ်။

**SIP ၏ အောင်မြင်မှု မှတ်တိုင် အချက်အလက်များ**

| နိုင်ငံခြားကုမ္ပဏီများ ပါဝင်မှု | ကုမ္ပဏီ အရေအတွက် ၃၃၀၀ |
|---|---|
| နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (Suzhou တွင် ရရှိမည့် FDI ၏ %) | အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံ (၂၅ %) |
| ပြည်တွင်းတွင်ရရှိသည့် ပြည်တွင်းကုမ္ပဏီများ | အမေရိကန်ဒေါ်လာ ၁၉ ဘီလီယံ |
| ၂၀၀၈ ခုနစ်ကုန် အလုပ်အကိုင်ရရှိမှု | ၅၀၀၀၀၀ |
| နိုင်ငံခြားပို့ကုန် (၂၀၀၈) | အမေရိကန်ဒေါ်လာ ၃၁ ဘီလီယံ |
| Suzhou ပို့ကုန်၏ % | ၃၀ % (စုစုပေါင်း ကုန်သွယ်မှု %) |
| GDP တန်ဖိုး (၂၀၀၈) | "RMB ၁၀၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၄ ·၆ ဘီလီယံ) |
| Suzhou GDP ၏ % | ၁၅% |
| ၁၉၉၄ မှ ၂၀၀၈ ထိ နှစ်စဉ်ပျမ်းမျှတိုးတက်မှုနှုန်း | ၃၀% |
| အခွန်အကောက်ရရှိမှု (၂၀၀၈) | "RMB ၉ ·၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁ ·၄ ဘီလီယံ) |
| Suzhou တွင် ရရှိသော အခွန်အကောက်များ၏ % | ၁၅% |

SIP ရဲ့အောင်မြင်မှုကတော့ ရင်းနှီးမြှုပ်နှံ မှုအတွက် အကောင်းဆုံး SEZ တစ်ခုအဖြစ် အသိအမှတ်ပြုခံရပြီး ရင်းနှီးမြှုပ်နှံမှု ဝန်းကျင် အခြေအနေကောင်း ဖန်တီးပေးနိုင်တဲ့နေရာမှာ တရုတ်နိုင်ငံအတွင်းရှိ Business-friendly အဖြစ်ဆုံး၊ Residential-friendly အဖြစ်ဆုံးနဲ့ Enviromental-friendly အဖြစ်ဆုံး စက်မှုဇုန်တွေစာရင်းမှာ ထိပ်ဆုံးက ပါခဲ့ပါတယ်။ ဒါတင်မက တရုတ်နိုင်ငံကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ရွေးချယ်တဲ့ ရင်းနှီးမြှုပ်နှံမှုအခြေအနေကောင်း (Investment Cilmate) အမြင့်မားဆုံး ဖော်ဆောင်နိုင်တဲ့ အမျိုးသားအဆင့် စက်မှုဇုန် ၅၇ ခုအနက် ဒုတိယအဆင့်နေရာကို ယူထားခဲ့ပါတယ်။ ဒ့ါအပြင် အခြေခံအဆောက်အအုံ အပြည့်စုံဆုံး၊ လူသားအရင်းအမြစ် အကြွယ်ဝဆုံးနဲ့ လူမှုရေးရာ တာဝန်ယူမှုမှာ အမြင့်မားဆုံး SEZ အဖြစ် သတ်မှတ်ခံရပါတယ်။ နောက်ဆက်ပြီး SIP အနေနဲ့ နိုင်ငံရဲ့ ဒုတိယအဆင့်နေရာမှာ ထပ်ယူထားတဲ့ နယ်မြေတွေကတော့ စီးပွားရေးစွမ်းအားပြည့်ဝမှု၊ သဘာဝ ပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ခြင်းနဲ့ နည်းပညာ ဆန်းသစ်တီထွင်ခြင်း နယ်မြေများပဲ ဖြစ်ပါတယ်။

SIP အတွင်း တစ်ဟုန်ထိုး မှိုလိုပေါက်ဖွားလာတဲ့ စက်မှုလုပ်ငန်းအစုစုတွေက ICT နည်းပညာဆိုင်ရာ ပစ္စည်းများ၊ လေကြောင်းဆိုင်ရာ ပစ္စည်းကိရိယာများ အပါအဝင် Software များ၊ ဆေးဝါးနှင့် ဆေးပစ္စည်းများအပြင် ပြင်ပမှတစ်ဆင့်ငှားရမ်းလာတဲ့ ဝန်ဆောင်မှု (outsourcing service) တွေကိုပါ ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

### နှစ်ဖက်အစိုးရ၏ မဟာဗျူဟာကျ ဆောင်ရွက်မှုများ

အတိအကျပြောရရင် SIP ကို ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်က တရုတ်နိုင်ငံ ဒုတိယ ဝန်ကြီးချုပ် လီလန်ကျင်းနဲ့ စင်ကာပူဝန်ကြီးချုပ် လီကွမ်ယုတို့က Suzhou Industrial Park ကိုပူးပေါင်းဆောင်ရွက်မယ့် သဘောတူညီမှုစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ လက်မှတ်ရေးထိုးခဲ့တဲ့နေ့ကစပြီး Suzhou Industrial Park ကို စတင်အကောင်အထည်ဖော်ခဲ့တာ ဖြစ်ပါတယ်။

ဆက်လက်ဖော်ပြပါမည်။

## ကိုကာကိုလာ၏ရေဓာတ်ဖြည့် အချိုရည်သစ် Aquarius ကို မြန်မာနိုင်ငံတွင် စတင်မိတ်ဆက်

ကိုကာကိုလာ ကုမ္ပဏီသည် နိုင်ငံတကာတွင် ထင်ရှားကျော်ကြားလျက်ရှိသည့် ကိုကာကိုလာ၏ ရေဓာတ်ဖြည့် အချိုရည်သစ် Aquarius ကို မြန်မာနိုင်ငံတွင် စတင်မိတ်ဆက်လိုက်ပြီဖြစ်ကြောင်း ကိုကာကိုလာ၏သတင်းထုတ်ပြန်ချက်များအရ သိရသည်။

Aquarius သည် အရသာပြေပြစ်မှုရှိသည့်အပြင် သောက်သုံးရလွယ်ကူပြီး ရေငတ်ပြေစေသည့် အချိုရည် အမျိုးအစားဖြစ်သည်။ ထို့ပြင် သစ်သီးသစ်ရွက်ရှစ်မျိုး၏ အဆီအနှစ်များနှင့် အာနိသင်ပါဝင် သဖြင့် ဗီတာမင်နှင့် သတ္တုဓာတ်များ များစွာကြွယ်ဝပြီး ကိုယ်ခံအားစနစ်ကို အမြင့်မားဆုံးမြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

ထို့ကြောင့် ရာသီဥတု ပူပြင်းသည့် နေရောင်ခြည်အောက်တွင် နိစ္စဓူဝ သွားလာလှုပ်ရှားနေရသည့် မြန်မာပြည်သူများအတွက် ချွေးနှင့် အတူကုန်ဆုံးသွားသည့် ခန္ဓာကိုယ်မှ သတ္တုဓာတ်များကို ရေဓာတ်နှင့်အတူ ပြန်လည်ဖြည့်တင်းပေးပြီး ခန္ဓာကိုယ်အတွက် လိုအပ်သည့် ထိန်းညှိမှုများကို ပြုလုပ်ပေးမည့် အားဖြည့်အချိုရည် ဖြစ်သည်။

Aquarius ကို လက်ရှိဈေးကွက်အတွင်းရှိ အခြားသောရေဓာတ် ဖြည့်အချိုရည်များနှင့်နှိုင်းယှဉ်ပါက ကယ်လိုရီပါဝင်မှုပမာဏ ပိုမိုလျော့နည်းသဖြင့် Aquarius သည် နေ့စဉ်ပုံမှန်သောက် သုံးရန်သင့်တော်သည့် အားဖြည့်အချိုရည်ဖြစ်ကြောင်း သိရသည်။

ကိုကာကိုလာမြန်မာ၏ ဈေးကွက် ရှာဖွေရေးမန်နေဂျာဖြစ်သူ Mr. Akira Nopakunkajorn က "Aquarius ဟာ မကြာခဏ အားကစား လုပ်လေ့ရှိတဲ့သူတွေအတွက် သာမက အလုပ်၊ မိသားစု၊ မိတ်ဆွေအပေါင်းအသင်းတွေအကြား အမြဲပြေးလွှား လှုပ်ရှားနေရပြီး အကုန်လုံးအတွက် ချိန်ခွင်လျှာညီမျှချင်တဲ့သူတွေ အားလုံးအတွက် ရည်ရွယ်ပါတယ်။ လှုပ်ရှားမှုတိုင်းမှာ မိမိကိုယ်ကို ယုံကြည်မှုအပြည့်နဲ့ အမြဲအဆင်သင့်ဖြစ်နေစေဖို့ Aquarius က စွမ်းဆောင်ပေးမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ သည်။

ကိုကာကိုလာ ကုမ္ပဏီအနေ ဖြင့် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်းက Minute Maid Nutriboost အချို ရည်ကို စတင်မိတ်ဆက်ခဲ့ပြီးနောက် Aquarius အားဖြည့်အချိုရည်ကို ထပ်မံ ထုတ်လုပ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

မယ်သီတာ

## ခာတ်ဆီ/ဒီဇယ်

# ယခုတစ်ပတ်ဓာတ်ဆီ၊ ဒီဇယ်တန်ချိန် ၆၀၀၀၀ ကျော်တင်သွင်း

ဇွန် ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၆၉၃၈၆၁၃ တန်ဖိုးရှိ ဒီဇယ် ၁၄၁၅၈ ဒသမ ၅၂ တန်နဲ့ အမေရိကန်ဒေါ်လာ ၂၈၆၇၅၁၁၆ တန်ဖိုးရှိ ဓာတ်ဆီ ၅၁၂၉၆ ဒသမ ၈၉၉ တန်၊ စုစုပေါင်း ၆၅၄၅၅ ဒသမ ၄၁၉ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၈၂၅၀၀ ကျော် နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၆၈၀၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က ဒီဇယ်တစ်မျိုး တည်းသာ အဝင်ရှိခဲ့ပြီး ဓာတ်ဆီက ဒီတစ်ပတ်မှ ပြန်လည် တင်သွင်းခြင်းဖြစ်တယ်လို့ သိရပါတယ်။

နယ်စပ်စခန်းများဖြစ်တဲ့ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၆၁၀၇၅၅ တန်ဖိုးရှိ ဒီဇယ် ၁၂၄၄ ဒသမ ၇၄၉ တန် နဲ့ အမေရိကန်ဒေါ်လာ ၄၅၆၅၄၈ တန်ဖိုးရှိ ဓာတ်ဆီ ၇၈၈ ဒသမ ၈၄ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၁၄၇၄၁၃ တန်ဖိုးရှိ ဒီဇယ် ၂၃၈၈ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာဒီဇယ်၊ အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း (92)နဲ့ (95) မှာဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ၆၈၀ ကျပ်၊ အောက်တိန်း (92) ကျပ် ၆၈၅၊ အောက်တိန်း (95) ကျပ် ၇၃၀၊ အဆင့်မြင့်ဒီဇယ် ၇၁၀ ကျပ် နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဇွန်လ ၁၂ ရက်က ဒီဇယ် ဝယ်ဈေး ကျပ် ၁၃၅၀၀၀၊ ရောင်းဈေး ကျပ် ၁၃၈၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာဇွန်လ ၁၅ ရက်တွင် ဝယ်ဈေး၊ ရောင်းဈေး ကျပ် ၅၀၀၀ ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ဇွန် ၁၂ ရက်မှာ ဓာတ်ဆီဝယ်ဈေး ကျပ်၁၅၇၀၀၀၊ ရောင်းဈေး ကျပ် ၁၆၀၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဇွန် ၁၅ ရက်တွင် ဝယ်ဈေး ကျပ် ၁၀၀၀ ဈေးကျခဲ့သော်လည်း ရောင်းဈေး ဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် ဈေးနဲ့ နှိုင်းယှဉ်ရင် ဓာတ်ဆီဈေး နည်းနည်းငြိမ်နေသော်လည်း ဒီဇယ်ဈေး ကျခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီ တစ်ဂါလံဈေးများမှာ ဒီဇယ် ကျပ် ၂၉၀၀၊ ဓာတ်ဆီ တစ်ဂါလံကျပ် ၃၃၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း (92)၊အောက်တိန်း (95)မှာ ဈေးငြိမ်နေပြီး ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်မှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာဈေးနှုန်းများမှာ အောက်တိန်း (95) တစ်လီတာ ကျပ် ၈၃၅၊ ဒီဇယ် တစ်လီတာ ကျပ် ၇၂၀၊အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၃၅ ကျပ်၊ အောက်တိန်း (92)တစ်လီတာ ကျပ် ၇၄၀၊ ဓာတ်ဆီ တစ်လီတာ ကျပ် ၈၀၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ပီပါဈေးများမှာ ဇွန် ၁၂ ရက်က ဒီဇယ်ဝယ်ဈေးကျပ် ၁၃၂၀၀၀၊ ရောင်းဈေး ကျပ် ၁၃၅၀၀၀ နဲ့အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဇွန်လ ၁၅ ရက်တွင် ဝယ်ဈေး ကျပ်၊ ရောင်းဈေး ကျပ် ၁၀၀၀ ဈေးကျခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း (92)ဈေးမှာ ဇွန် ၁၂ ရက်တွင် ဝယ်ဈေး ကျပ် ၁၃၅၀၀၀၊ ရောင်းဈေးကျပ် ၁၃၈၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်နဲ့အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်ကပုံမှန် အရောင်းအဝယ်ဖြစ်ပြီး ဓာတ်ဆီ၊အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း (92) နဲ့ အောက်တိန်း (95)တို့ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ တစ်လီတာ ဈေးများမှာအဆင့်မြင့်ဒီဇယ် ကျပ် ၇၆၀၊ အောက်တိန်း (92) ကျပ် ၇၄၀၊ အောက်တိန်း (95) ကျပ် ၇၈၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်တစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၃၄၀၀၊ အောက်တိန်း(92) တစ်ဂါလံ ကျပ် ၃၄၀၀၊ အောက်တိန်း (95) တစ်ဂါလံ ကျပ် ၃၆၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဈေးများမှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ ဈေးများမှာ ဒီဇယ်တစ်လီတာ ကျပ် ၇၄၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၇၇၀၊ အောက်တိန်း (92)၇၅၅ ကျပ်၊ အောက်တိန်း (95) ကျပ် ၈၈၀ နဲ့ အရောင်းအဝယ် ဖြစ်နေတယ်လို့ သိရှိရ ပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်တစ်ဂါလံ ကျပ်၃၃၀၀၊ အောက်တိန်း (92) ကျပ် ၃၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

# ဗဟိုဘဏ်၏ရည်ညွှန်းငွေလဲနှုန်း မြင့်တက်လာသော်လည်း ပြည်တွင်းငွေလဲစင်တာများတွင် အမေရိကန် တစ်ဒေါ်လာလျှင် ၁၃၅၆ ကျပ်ဝန်းကျင်တွင်သာရှိနေ

ယခုတစ်ပတ်အတွင်း ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲနှုန်း မြင့်တက်လာသော်လည်း ပြည်တွင်းရှိ ပုဂ္ဂလိကငွေလဲစင်တာများတွင် အမေရိကန်တစ်ဒေါ်လာလျှင် ၁၃၅၆ ကျပ်ဝန်းကျင်တွင်သာရပ်တည်နေကြောင်း ငွေလဲစင်တာများ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဇွန် ၁၂ ရက်တွင် ၎င်း၏ရည်ညွှန်းငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင် ၁၃၅၅ ကျပ်ဟုသတ်မှတ်ခဲ့ရာမှ ဇွန် ၁၆ ရက်တွင် ၁၃၆၁ ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။ ဗဟိုဘဏ်က ၎င်း၏ရည်ညွှန်းငွေလဲနှုန်းကို တစ်ပတ်အတွင်းအမြင့်ဆုံးနှုန်းအဖြစ် ၁၃၆၁ ကျပ်ဟု သတ်မှတ်ခဲ့သော်လည်း ပြည်တွင်းငွေလဲစင်တာများတွင်မူ ရောင်းဈေး ၁၃၅၆ ကျပ်၊ ဝယ်ဈေး ၁၃၅၄ ကျပ်ဖြင့်သာ ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

"ဗဟိုဘဏ်က သူ့ရဲ့ရည်ညွှန်းငွေလဲနှုန်းကို မြင့်တင်သတ်မှတ်ခဲ့ပေမယ့် ကျွန်တော်တို့စင်တာမှာတော့ ပုံမှန်ဈေးနဲ့ပဲ အရောင်းအဝယ်လုပ်နေပါတယ်။ အရောင်းအဝယ်ကတော့ ပုံမှန်အတိုင်းပါပဲ။ မိုးရာသီဖြစ်တဲ့အတွက် ပို့ကုန်သွင်းကုန်တွေ နည်းနည်း ထိုင်းသွားတာကလွဲရင် ကျန်တာကတော့ ပုံမှန်ပါပဲ"ဟု ငွေလဲစင်တာတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ယခုတစ်ပတ်အတွင်း ငွေလဲစင်တာများတွင် အမြင့်ဆုံးဈေးအဖြစ် ဇွန် ၁၇ ရက်တွင် ရောင်းဈေး ၁၃၅၆ ကျပ်၊ ဝယ်ဈေး ၁၃၅၄ကျပ်ဖြင့် ရောင်း ဝယ်လျက်ရှိသည်။

**မယ်သီတာ**

# ပြည်တွင်းရွှေဈေး ပြန်လည်မြင့်တက်လာပြန်

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ကျဆင်းခဲ့သည့် ပြည်တွင်းရွှေဈေးများသည် ယခုတစ်ပတ်တွင် ပြန်လည်မြင့်တက်လာခဲ့ကာ ကျပ် ၉၁၂၀၀၀ သို့ ရောက်ရှိခဲ့သည်။ ပြီးခဲ့သည့်တစ်ပတ်က ကျပ် ၉၁၄၀၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းအဖြစ် ရပ်တည်ခဲ့သည်။ ကမ္ဘာ့ရွှေဈေး မြင့်တက်မလာသော်လည်း အမေရိကန်ဒေါ်လာ ရည်ညွှန်းငွေလဲနှုန်းများ မြင့်တက်လာသဖြင့် ပြည်တွင်းရွှေဈေးများ မြင့်တက်လာရခြင်းဖြစ်သည်ဟုဆိုသည်။

"ကမ္ဘာ့ရွှေဈေးက မြင့်တက်မလာပေမယ့် အမေရိကန်ဒေါ်လာရဲ့ ရည်ညွှန်းငွေလဲနှုန်းက မြင့်တက်လာတယ်။ အဲဒါကြောင့် ပြည်တွင်းရွှေဈေး မြင့်တက်လာရတာပါ။ ကမ္ဘာ့ရွှေဈေးက တက်လိုက်ကျလိုက်ဖြစ်နေတော့ ပြည်တွင်းရွှေဈေးကလည်း လိုက်ပြီးအတက်အကျဖြစ်နေတာပါ"ဟု ရွှေကုန်သည်ဦးစံမြင့်ကဆိုသည်။

ပြည်တွင်းရွှေဈေးသည် ဇွန် ၁၂ ရက်တွင် အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၉၀၈၅၀၀ ရှိခဲ့ရာမှ ဇွန် ၁၄ ရက်တွင် ကျပ် ၉၁၂၀၀၀ သို့ မြင့်တက်ခဲ့သည်။ သို့သော် ဇွန် ၁၇ ရက် တွင် ကျပ် ၉၁၁၀၀၀ သို့ အနည်းငယ် ပြန်လည်ကျဆင်းခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် ဇွန် ၁၂ ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၆၈ ရှိခဲ့ရာမှ ဇွန် ၁၅ ရက်တွင် ၁၂၆၆ ဒေါ်လာသို့ ကျဆင်းခဲ့သည်။ ဇွန် ၁၇ ရက်တွင် အမေရိကန်ဒေါ်လာ ၁၂၅၄ သို့ ဆက်လက်ကျဆင်းခဲ့သည်။ **မယ်သီတာ**

# ရန်ကုန်စတော့အိတ်ချိန်းတွင် ရောင်းဝယ်လျက်ရှိသည့်အစုရှယ်ယာများ၏ ရှယ်ယာများ အနိမ့်ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိ

ရန်ကုန် စတော့အိတ်ချိန်းတွင် ရောင်းဝယ်လျက်ရှိသည့် အစုရှယ်ယာများ၏ ရှယ်ယာများကို အနိမ့်ဈေးဖြင့်သာ ရောင်းဝယ်လျက်ရှိကြောင်းရန်ကုန်စတော့အိတ်ချိန်း၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ထို့ပြင် အဆိုပါအိတ်ချိန်းတွင် ရောင်းဝယ်လျက်ရှိသည့်အစုရှယ်ယာကုမ္ပဏီများအနက်မှ MCB နှင့် MTSH တို့သည် ၎င်းတို့၏ အမြတ်ဝေစုများကို ပေးအပ်ရန် စီစဉ်လျက်ရှိသဖြင့် အစုရှယ်ယာရောင်းဝယ်သူများ အနေဖြင့် သတိပြု၍ ရောင်းဝယ်ကြရန် လိုအပ်ကြောင်း အစုရှယ်ယာဈေးကွက်အတွင်း အချင်းချင်း သတိပေးလျက်ရှိသည်ဟု ဈေးကွက်အတွင်းမှသိရသည်။

"ဒီတစ်ပတ်ထဲမှာ အစုရှယ်ယာအရောင်းအဝယ်က တော်တော်လေးကိုနည်းတယ်။ ဈေးကလည်း ကျနေတော့ အဝယ်ရှိတာတောင် ရောင်းမယ့်သူကနည်းတယ်။ ဒါကြောင့် အရောင်းအဝယ်ပမာဏကျသွားတယ်။ ဒ့ါအပြင် MCB နဲ့ MTSH တို့က အမြတ်ဝေစုတွေ ခွဲပေးဖို့ စီစဉ်နေကြတဲ့အတွက် အရောင်းအဝယ်က အေးသွားတယ်။ ရောင်းဝယ်တဲ့သူအချင်းချင်းလည်း လက်တို့ကြတယ်။ အမြတ်ဝေစုတွေ ပေးတော့မယ်ဆိုတဲ့အတွက် ရောင်းမှား ဝယ်မှားဖြစ်ကြမှာစိုးလို့ပါ"ဟု အစုရှယ်ယာဈေးကွက်အတွင်း ဝယ်ရောင်းပြုလုပ်နေသူတစ်ဦးကပြောကြားခဲ့သည်။

ယခုသီတင်းပတ်အတွင်း အစုရှယ်ယာတစ်စုလျှင် FMI က ကျပ် ၁၄၅၀၀၊ MTSH က ကျပ် ၃၈၀၀၊ MCB က ကျပ် ၉၂၀၀၊ FPB က ကျပ် ၂၇၀၀၀ ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။ **မယ်သီတာ**

## Currency Exchange Rate

June 16, 2017

Base Currency is United States Dollar - USD

| Currency Unit | Units per USD |
|---|---|
| AUD Australia Dollars | 1.32 |
| BDT Bangladesh Taka | 80.67 |
| CAD Canada Dollars | 1.33 |
| CNY China Yuan Renminbi | 6.81 |
| EUR Euro | 0.90 |
| H KDHong Kong Dollars | 7.80 |
| I NR India Rupees | 64.64 |
| I DR Indonesia Rupiahs | 13311.50 |
| JPY Japan Yen | 111.09 |
| MYR Malaysia | 4.28 |
| PKR Pakistan Rupees | 104.86 |
| PHP Philippines Pesos | 49.94 |
| RUB Russia Rubles | 57.86 |
| SGD Singapore Dollars | 1.39 |
| KRW South Korea Won | 1136.93 |
| LKR Sri Lanka Rupe | 152.86 |
| THB Thailand Baht | 33.99 |
| GBP United Kingdom Pounds | 0.78 |
| VND VietnamDon | 22692.95 |

*Source:xe.com*

## World Gold Price

June-2017 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 12 | 1271 | 1268 | 1268 |
| 13 | 1265 | 1267 | 1266 |
| 14 | 1272 | 1270 | 1270 |
| 15 | 1266 | 1264 | 1264 |
| 16 | 1257 | 1255 | 1255 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 12-6-2017 | 908.50 | 908.40 |
| 13-6-2017 | 910.50 | 910.00 |
| 14-6-2017 | 912.50 | 912.00 |
| 15-6-2017 | 913.00 | 912.50 |
| 16-6-2017 | 908.50 | 909.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဇွန်လ ၂၀၁၇ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 12 | 6 .80 | 34.08 | 80.63 | 64.37 |
| 13 | 6. 80 | 33.99 | 80.61 | 64.45 |
| 14 | 6 .80 | 33.89 | 80.60 | 64.32 |
| 15 | 6 .79 | 33.09 | 80.58 | 64.29 |
| 16 | 6.81 | 33.99 | 80.67 | 64.64 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 12- June | 17.13 | 2533.89 | 1926.85 | 5863.20 | 942.00 |
| 13- June | 16.88 | 2467.36 | 1920.35 | 5821.09 | 944.00 |
| 14- June | 16.88 | 2498.72 | 1918.78 | 5791.52 | 927.00 |
| 15 - June | 16.96 | 2528.29 | 1906.02 | 5748.51 | 933.00 |
| 16 -June | 16.75 | 2557.18 | 1897.73 | 5724.99 | 921.00 |

Source:kitco.com

## Energy NYMEX

9-6-2017

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 44.49 | 0.03 | 0.07 |
| Brent Crude Futr (USD/bbl) | 46.97 | 0.05 | 0.11 |
| Gasoline Rbob Fut (Cent/gal) | 144.76 | 1.19 | 0.83 |
| Natural Gas Futr (USD/MMBtu) | 3.06 | 0.00 | 0.10 |
| Heating Oil Futr (Cent/gal) | 141.81 | 0.35 | 0.25 |

## ဘိလပ်မြေ



### ဘိလပ်မြေတန်ချိန် ၂၀၀ နီးပါးဝင်

ဇွန် ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၂၁၂၅ တန်ဖိုးရှိ ဘိလပ်မြေ ၁၇၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ တင်သွင်းခဲ့တဲ့နိုင်ငံမှာထိုင်းနိုင်ငံဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ၁၀၄တန်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ၇၁ တန် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

ဇွန် ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း ပြည်တွင်းသို့ ရေလမ်းမှ ဘိလပ်မြေတန်ချိန် ၁၇၀ ကျော်အဝင်ရှိခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၁၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၇၀ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန်ချိန် ၂၃၈၂၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၂၁၅၄၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၂၈၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့်ဒီတစ်ပတ်မှာ ရေကြောင်းလမ်းရော နယ်စပ်လမ်းပါ ဘိလပ်မြေ အဝင်ပိုခဲ့ပါတယ်။

**ရန်ကုန်ဘိလပ်မြေဈေးကွက်မှာ** ဒီတစ်ပတ် အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ အထိုင်ဈေးမှာ ဆင် (ထိုင်း) ကျပ် ၅၉၀၀၊ စိန်(ထိုင်း) ကျပ် ၅၉၀၀၊ မော်လမြိုင်ဆင် ကျပ် ၅၉၀၀၊ ကြံ့ခိုင်ကောင်(နီ) ကျပ် ၅၅၅၀၊ ကြံ့နှစ် ကောင်(စိမ်း) ကျပ် ၅၂၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘုရင့်နောင်ပွဲရုံတန်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်အေးပြီး ဈေးငြိမ်တယ်လို့ သိရ ပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ ဆင် (ထိုင်း) ကျပ် ၆၂၀၀၊ အပါချီ (ထိုင်း) ကျပ် ၅၁၅၀ ၊ ကြံ့ ကျပ် ၅၇၀၀၊ မြင်းခေါင်း ကျပ် ၅၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**မော်လမြိုင် ဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ကျပ် ၅၆၀၀၊ စိန်(ထိုင်း) ကျပ် ၅၆၀၀၊ ကြံ့ (မြိုင်ကလေး) ကျပ် ၄၉၅၀၊ မြန်မာဆင် ကျပ် ၅၁၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** မိုးနည်းနည်းရွာပေမယ့်လည်း အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၂၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၅၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ နဂါးကျပ် ၄၇၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

**သီတာဝင်း(DOT) စုစည်းသည်**

## ဓာတ်မြေသြဇာ

### ဒီတစ်ပတ်မြေသြဇာ အဝင်လျော့

ဇွန် ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၉၂၄၅၈၃ တန်ဖိုးရှိ မြေသြဇာ ၃၄၇၈ ဒသမ ၈၁ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှတင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ဘီလာရု(စ်)နိုင်ငံမှ ၁၀၄၅ တန်၊ ချီလီနိုင်ငံမှ ၂၇ တန်၊ တရုတ်နိုင်ငံမှ ၂၀၅ တန်၊ ဂျာမနီနိုင်ငံမှ ၇၉၉ တန်၊ ကိုရီးယားနိုင်ငံမှ ၅၀၁ ဒသမ ၃၇ တန်နဲ့ ထိုင်းနိုင်ငံမှ ၉၀၁ ဒသမ ၄၄ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့ မြေသြဇာများမှာ ပိုတက်၊ ယူရီးယား၊ တီစူပါ၄၆%၊ ကွန်ပေါင်း (၁၅း၁၅း၁၅)၊ အမိုးနီးယမ်းဆာလဖိတ်တို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေသြဇာတန်ချိန်၁၆၂၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာတန်ချိန် ၁၂၇၀၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

### မကွေးမြေသြဇာဈေးကွက် အရောင်းအေး

ဇွန် ၄ ရက်မှ ၁၀ ရက် အထိ သီတင်းတစ်ပတ်အတွင်း ပြည်တွင်း သို့ ရေလမ်းမှ မြေသြဇာ တန်ချိန် ၃၄၇၀ ကျော်အဝင်ရှိခဲ့ပြီး ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၁၆၂၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၂၇၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ် နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန်ချိန် ၂၉၀၁၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်က အဝင်မှာ တန်ချိန် ၂၈၈၂၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၉၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် မြေသြဇာတင်သွင်းမှုမှာ ရေကြောင်းလမ်းမှအဝင်လျော့ပြီး နယ်စပ်လမ်းမှ အဝင်ပိုခဲ့ပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်နဲ့တောင်ကြီးမှာ အရောင်းပုံမှန်ရှိပြီး ရန်ကုန်မှာ အရောင်းသွက်ကာ မကွေးမှာ အရောင်းအေးတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ် ဈေးငြိမ်နေပြီး အရောင်းပုံမှန်ရှိတယ်လို့ စိုက်ပျိုးရေးပစ္စည်းအရောင်းဆိုင်မှ တာဝန်ရှိသူ တစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆%(ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်-တရုတ်) ကျပ် ၂၂၀၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၃၆၅၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၁၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ် ၂၂၀၀၀၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၀၅၀၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** အရောင်းအဝယ်သွက်ပြီး ဈေးငြိမ်တယ်လို့ စိုက်ပျိုးရေးပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ် ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၄၀၀၀၊ ယူရီးယား (နေရွက်လှေ-တရုတ်) ကျပ် ၂၄၀၀၀၊ တီစူပါ (သံကွင်း-တရုတ်) ကျပ် ၂၁၀၀၀၊ ပိုတက်(အိန္ဒိယ) ကျပ် ၂၃၀၀၀၊ ကွန်ပေါင်း ၁၅ ပတ်လည် ကျပ် ၃၇၇၀၀၊ ကွန်ပေါင်း ၁၆ ပတ်လည် ကျပ် ၄၀၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** အရောင်းပုံမှန်ရှိပြီး ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၃၀၀၀ ၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၃၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၃၇၀၀၊ တီစူပါ ၂၀% (တရုတ်) ကျပ် ၁၂၂၀၀ ၊ ပိုးသတ်ဆေး ကျပ် ၁၉၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၈၀၀၀ ၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၀၀၀၊ ဓာတ်ဆား (တရုတ်) ကျပ် ၁၄၂၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၃၇၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၂၀၀၀ ၊ မြားကမ္ဘာ ကျပ် ၁၆၀၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** အရောင်းအဝယ်အေးသလို ဈေးလည်းငြိမ်နေတယ်လို့ စိုက်ပျိုးရေးအရောင်းဆိုင်မှ ဝန်ထမ်းတစ်ဦးက ပြောပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ်(၁၂း၁၃) ကျပ် ၁၆၀၀၀၊ ဆင်(၁၀း၁၀း၅) ကျပ် ၁၅၈၀၀၊ အာမို (၁၅း၁၅း၁၅) ကျပ် ၃၈၀၀၀၊ အာမို (၁၆း၁၆း၈) ကျပ် ၃၅၅၀၀၊ အာမို (၁၀း၁၀း၅) ကျပ် ၁၇၁၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၃၈၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ကျပ် ၂၂၃၀၀၊ အောင်ကမ္ဘာ(၁၀း၁၀း၅) ကျပ် ၁၈၀၀၀၊ တီစူပါ ကျပ် ၂၀၂၀၀၊ တောင်သူမ ကျပ် ၁၅၈၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီနဲ့ နို့မှုန့်အဝင်ပို

ဇွန် ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၈၈၃၁၄၈ တန်ဖိုးရှိ နို့ဆီ ၆၇၁ ဒသမ ၂၇၉ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံမှ ၂၃၃ ဒသမ ၅၂ တန်နဲ့ စင်ကာပူနိုင်ငံမှ ၄၃၇ ဒသမ ၇၅၉ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ဒွန်းနို့ဆီ၊ အိုကေ နို့ဆီနဲ့ တီးပေါ့နို့ဆီတို့ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ တန်ချိန် ၆၇၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ၁ တန်ကျော် အဝင်ပိုတယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ ဂျာမနီနိုင်ငံမှ ၄ ဒသမ ၇၈၉ တန်၊ အင်ဒိုနီးရှားနိုင်ငံမှ သုည ဒသမ ၅၇၆ တန်၊ အိုင်ယာလန်နိုင်ငံမှ တန်ချိန် ၁၀၀၊ နယ်သာလန်နိုင်ငံမှ သုည ဒသမ ၈၂၆ တန်၊ နယူးဇီလန်နိုင်ငံမှ ၁၅၁ ဒသမ ၇၂ တန်၊ စင်ကာပူနိုင်ငံမှ ၁၃ ဒသမ ၄၈၅ တန်နဲ့ ဗီယက်နမ်နိုင်ငံမှ ၁၄ ဒသမ ၇၁၅ တန်၊ စုစုပေါင်း ၂၈၆ ဒသမ ၁၁၁ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့် တန်ချိန် ၁၈၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၁၀၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီရောနို့မှုန့်ပါ အဝင်ပိုခဲ့ပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၃/၆ မှ ၉/၆ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၇/၅ မှ ၂/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၄၅၅၊၉၅ | ၂၂၅၊၀၀ | (+) | ၂၃၀၊၉၅ |
| ၂။ | လွယ်ဂျယ် | ၇၃၄၊၀၀ | ၇၈၉၊၅၀ | (-) | ၅၅၊၅၀ |
| ၃။ | ချင်းရွှေဟော် | ၆၇၊၀၀ | ၁၅၇၊၅၀ | (-) | ၉၀၊၅၀ |
| ၄။ | ကန်ပိုက်တီ | ၄၃၀၁၊၀၀ | ၅၂၅၅၊၅၀ | (-) | ၉၅၄၊၅၀ |
| ၅။ | တာချီလိတ် | ၈၅၀၀၊၀၀ | ၁၀၀၀၊၀၀ | (+) | ၇၅၀၀၊၀၀ |
| ၆။ | မြဝတီ | ၄၄၆၊၈၃ | ၃၆၄၊၇၈ | (+) | ၈၂၊၀၅ |
| ၇။ | ကော့သောင်း | ၆၁၄၄၊၀၀ | ၁၀၀၀၀၊၀၀ | (-) | ၃၈၅၆၊၀၀ |
| ၈။ | မြိတ် | ၃၁၇၅၊၀၀ | ၃၇၅၀၊၀၀ | (-) | ၅၇၅၊၀၀ |
| | စုစုပေါင်း | ၂၃၈၂၃၊၇၈ | ၂၁၅၄၂၊၂၈ | (+) | ၂၂၈၁၊၅၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၃/၆ မှ ၉/၆ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၇/၅ မှ ၂/၆ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၂၀၉၅၀၊၃၅ | ၂၀၆၉၂၊၁၀ | (+) | ၂၅၈၊၂၅ |
| ၂။ | လွယ်ဂျယ် | ၁၄၉၃၊၅၀ | ၁၁၀၄၊၀၀ | (+) | ၃၈၉၊၅၀ |
| ၃။ | ချင်းရွှေဟော် | ၃၀၈၅၊၇၅ | ၂၆၄၉၊၂၅ | (+) | ၄၃၆၊၅၀ |
| ၄။ | ကန်ပိုက်တီ | ၁၈၁၀၊၀၀ | ၂၁၄၀၊၀၀ | (-) | ၃၃၀၊၀၀ |
| ၅။ | မြဝတီ | ၁၂၇၉၊၈၅ | ၂၁၈၁၊၄၁ | (-) | ၉၀၁၊၅၆ |
| ၆။ | ကော့သောင်း | ၁၂၅၊၀၀ | ၆၀၊၀၀ | (+) | ၆၅၊၀၀ |
| ၇။ | မြိတ် | ၂၇၅၊၀၀ | - | (+) | ၂၇၅၊၀၀ |
| ၈။ | ရိုဒ် | - | - | | - |
| | စုစုပေါင်း | ၂၉၀၁၉၊၄၅ | ၂၈၈၂၆၊၇၆ | (+) | ၁၉၂၊၆၉ |

ခင်မိုးသူ

## နှမ်း

# မူဆယ်ကုန်သွယ်ရေးဇုန်ရော ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှပါ နှမ်းလျော့နည်းတင်ပို့

မြန်မာ- တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဇွန် ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၂၄၆သန်းတန်ဖိုးရှိနှမ်းနက် ၁၈၈ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၂၁ တန်ခွဲ၊ ချင်းရွှေဟော်မှ ၁၆၇ တန်ဖြစ်ပါတယ်။ယခင်သီတင်းပတ်က အဆိုပါစခန်းနှစ်ခုမှ နှမ်းရောင်စုံ ၈၆၂ တန်ကျော်တင်ပို့ခဲ့လို့ယခုတစ်ပတ်မူဆယ်နဲ့ ချင်းရွှေဟော်မှ နှမ်း ၆၇၄ တန်လျော့နည်းတင်ပို့ခဲ့တာတွေ့ရပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ မေ ၂၇ ရက်မှ ဇွန် ၂ ရက်အထိ သီတင်းပတ်အတွင်း နှမ်းဖြူတစ်တန်ကို ၁၃၃၆၁၈၂ကျပ်၊နှမ်းနက်တစ်တန် ၂၁၁၃၀၁၂ ကျပ်ဈေးရှိရာမှ ဇွန် ၃ ရက်မှ ၉ရက်အထိ သီတင်းပတ်မှာတော့ နှမ်းဖြူတစ်တန် ၁၃၃၈၅၂၁ကျပ်နဲ့ နှမ်းနက်တစ်တန် ၂၁၁၆၇၃၂ ကျပ်သို့ ဈေးမြင့်တက်လာခဲ့ပါတယ်။

တရုတ်ဘက်က ဝယ်လက်တွေက နှမ်းဖြူနှမ်းနက်မရွေးဘဲ အားလုံးဝယ်တာကြောင့် နှမ်းဈေးနှုန်းတွေ မြင့်တက်ရတာဖြစ်ကြောင်း၊ နှမ်းကို တရုတ်နိုင်ငံသို့ တင်ပို့မှုမှာ ၈၀ ရာခိုင်နှုန်းခန့်ရှိကြောင်း နှမ်းကုန်သည်များထံမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

# မုံရွာကုန်စည်ဒိုင်သို့ နှမ်းသစ်များ ဝင်ရောက်

မုံရွာကုန်စည်ဒိုင်သို့ ဆီထွက်သီးနှံများဖြစ်သော နှမ်းသစ်များ စတင်ဝင်ရောက်လာပြီဖြစ်ကြောင်း သိရပါတယ်။ နှမ်းသစ်များကို ရွှေဘို၊ စစ်ကိုင်း၊ ယင်းမာပင်ခရိုင်တို့မှအများဆုံးစိုက်ပျိုးပြီး မုံရွာကုန်စည်ဒိုင်သို့ ရေဦး၊ ဘုတလင်၊ ချောင်းဦး၊ ယင်းမာပင်၊ ကနီ၊ ပုလဲစသည့်မြို့နယ်များမှ နေ့စဉ်အိတ် ၇၀၀၊ ၈၀၀ခန့် ဝင်ရောက်လျက်ရှိကြောင်းသိရပါတယ်။ ယခုတစ်ပတ်နှမ်းသီးနှံပေါက်ဈေးမှာ နှမ်းဖြူတစ်ပိဿာ ကျပ် ၂၃၃၃ အိတ် ၂၀၀၊ နှမ်းညို တစ်ပိဿာ ကျပ်၁၈၈၇ အိတ် ၃၀၀၊ နှမ်းနက်တစ်ပိဿာ ကျပ် ၂၃၃၃နှုန်းနဲ့ အိတ် ၃၀၀ခန့်အသီးသီးအရောင်းအဝယ်ဖြစ် ကြောင်း သိရပါတယ်။ နှမ်းဖြူနဲ့နှမ်းညိုကို မန္တလေးဝယ်လက်ကဝယ်ယူပြီး နှမ်းညိုကို မြို့တွင်းဆီစက်သမားများက ဝယ်ယူလျက်ရှိကြောင်း ကုန်စည်ဒိုင်သတင်းရပ်ကွက်မှသိရပါတယ်။

**ကြည်ကြည်နွယ်(မုံရွာ)**

## စားအုန်းဆီ

# ထုတ်လုပ်မှုနှင့်ပတ်သက်၍စိုးရိမ်မှုကြောင့် စားအုန်းဆီဈေးနှုန်း ရက်သတ္တတစ်ပတ်အတွင်း အမြင့်ဆုံးသို့ရောက်ရှိ



မလေးရှားရင်းဂစ်တန်ဖိုးမြင့်တက်မှုနှင့်ပို့ကုန်ကျဆင်းမှုတို့ကြောင့် စားအုန်းဆီဈေးကွက်အခြေအနေက အတက်အကျအမျိုးမျိုးဖြစ်လာနိုင်သည့်လက္ခဏာများကို ပြသနေသော်လည်း စားအုန်းဆီထုတ်လုပ်မှုကျဆင်းမည်ကို စိုးရိမ်မှုမြင့်တက်လျက်ရှိသောကြောင့် ဇွန် ၁၅ ရက်တွင် စားအုန်းဆီဈေးနှုန်းများ ဒုတိယမြောက်နေ့အဖြစ် ဆက်တိုက်မြင့်တက်ခဲ့ကြောင်း ဘီရီကော်ဒါသတင်းတွင် ဖော်ပြသည်။

စားအုန်းဆီရောင်းဝယ်မှုတွင် အရေးပါသော ရင်းဂစ်တန်ဖိုးမြင့်တက်မှုကြောင့် တခြားငွေကြေးနှင့်ဖလှယ်၍ ဝယ်ယူရမည့်ကုန်သည်များအတွက် စားအုန်းဆီတန်ဖိုး ပိုမိုမြင့်တက်သွားပြီး ဈေးကွက်တွင် ဝယ်လိုအားကျဆင်းကာ စားအုန်းဆီဈေးနှုန်းကျဆင်းသွားတတ်သည်။ ဇွန်၁၅ရက် နံနက်စောစောပိုင်းကမူ ရင်းဂစ်တန်ဖိုးသည် ခုနစ်လအတွင်း အမြင့်ဆုံးနှုန်းသို့ရောက်ရှိခဲ့ပြီးနောက်ပိုင်းမှ သုည ဒသမ ၂ ရာခိုင်နှုန်းကျဆင်းကာ အမေရိကန်တစ်ဒေါ်လာကို ၄ ဒသမ ၂၆၅၀ရင်းဂစ်နှုန်းထိ ရောက်ရှိခဲ့သည်။

ဘာဆာမလေးရှားကုန်စည်ဒိုင်တွင် ဩဂုတ်အတွက် ကြိုတင်ချုပ်ဆိုသော စားအုန်းဆီ၏အခြေခံစံထားဈေးနှုန်းမှာ တစ်တန်ကို ၁ ဒသမ ၇ရာခိုင်နှုန်းမြင့်တက်ပြီး တစ်တန်ကို ၂၄၉၈ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၅၈၅ ဒသမ ၇၀) နှုန်းရှိခဲ့ရာ နှစ်လအတွင်း အမြင့်ဆုံးဈေးနှုန်းဖြစ်ခဲ့သည်။

ဇွန် ၁၅ ရက်နံနက်စောစောပိုင်းကမူ စားအုန်းဆီဈေးသည် တစ်ရက်အတွင်း အမြင့်ဆုံးဖြစ်သော တစ်တန်ကိုရင်းဂစ် ၂၅၀၀ နှုန်းအထိ ရောက်ရှိခဲ့ရာ ရက်သတ္တတစ်ပတ်အတွင်း အမြင့်ဆုံးနှုန်းဖြစ်ခဲ့သည်။ ထိုနေ့က စားအုန်းဆီ ရောင်းချရသော ပမာဏမှာ ၂၅ တန်ရှိအတွဲ ၆၀၆၀၈ တွဲအထိ ရောက်ရှိခဲ့သည်။

" ဒီနေ့နံနက်မှာ ရင်းဂစ်တန်ဖိုးမြင့်တက်တာနဲ့ ပို့ကုန်ကျဆင်းတာနှစ်ခုကြောင့် စားအုန်းဆီဈေးကျဆင်းမယ်လို့ ကျွန်တော်တို့ခန့်မှန်းခဲ့ပါတယ်။ ဒါပေမယ့် စားအုန်းဆီဈေးက ခိုင်နေတယ်။ ရာမာဒန်ကာလအတွင်း ရိတ်သိမ်းတဲ့လုပ်ငန်းတွေရပ်ဆိုင်းထားတဲ့အတွက် အထွက်နှုန်းကျဆင်းမှုက ပို့ကုန်ကျဆင်းတာကို အစားထိုးထေမိပါတယ်"ဟု ကွာလာလမ်ပူ အခြေစိုက်ကုန်သည်တစ်ဦးက ပြောသည်။

ရာမာဒန်ဥပုသ်လနှင့် အစ်နေ့ပိတ်ရက်များတွင် လုပ်သားများက ခွင့်ယူလေ့ရှိသဖြင့်စားအုန်းဆီရိတ်သိမ်းမည့် အလုပ်သမားရှားပါးမှုကြောင့် ဇွန်တွင် စားအုန်းဆီထုတ်လုပ်မှု ကျဆင်းသည်ကိုတွေ့ရတတ်သည်။

ရာမာဒန်ကာလကုန်ဆုံးမှုနှင့် တရုတ်နှင့်အိန္ဒိယကဲ့သို့သော ဝယ်လက်ကြီးများက ဈေးသက်သာသော ပဲပုပ်ဆီနှင့် မုန်ညင်းဆီကို ပြောင်းလဲစားသုံးမှုကြောင့် နောက်ပိုင်းတွင် စားအုန်းဆီဈေးနှုန်းကျဆင်းမည်ဟု ခန့်မှန်းကြသည်။

မေလကာလတုနှင့်နှိုင်းယှဉ်ပါက ဇွန်ပထမပတ်တွင် မလေးရှားမှ စားအုန်းဆီတင်ပို့မှုသည် ၁၇ ဒသမ ၆ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့ဖြစ်သော Intertek Testing Services က ထုတ်ပြန်သော ကိန်းဂဏန်းများအရ သိရသည်။

အခြားစစ်တမ်းကောက်ယူရေးအဖွဲ့ဖြစ်သော Societe Generale de Surveillance က ထုတ်ပြန်သော စာရင်းများအရ ဆိုပါက အဆိုပါကာလအတွင်း ပို့ကုန်တင်ပို့မှုမှာ ၁၄ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ ပဲပုပ်ဆီဈေးနှုန်းမှာမူ အမေရိကန်နိုင်ငံ ချီကာဂိုဘုတ်အဖွဲ့တွင် သုည ဒသမ ၁ ရာခိုင်နှုန်းကျဆင်းပြီး တရုတ်နိုင်ငံ ဒါလီယံဈေးကွက်တွင် စက်တင်ဘာအတွက် ချုပ်ဆိုသော ပဲပုပ်ဆီဈေးမှာ သုည ဒသမ ၂ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။

**ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၁၆-၆-၂၀၁၇)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၅၀ | ၁၉၅၀ | □ |
| ရန်ကုန် | ၄၈၀၀ | ၅၀၀၀ | △ | ၃၆၀၀ | ၄၀၀၀ | △ | ၁၇၅၀ | ၁၇၃၅ | ▽ |
| မန္တလေး | ၃၀၀၀ | ၃၀၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၁၈၆၀ | ၁၈၃၀ | ▽ |
| ပဲခူး | ၄၂၀၀ | ၄၂၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၈၀၀ | ၁၈၅၀ | ▽ |
| မကွေး | ၅၁၀၀ | ၅၁၀၀ | □ | ၄၀၀၀ | ၄၂၀၀ | △ | ၂၀၀၀ | ၂၀၀၀ | □ |
| မုံရွာ | ၄၂၀၀ | ၄၀၀၀ | ▽ | ၃၇၀၀ | ၃၅၀၀ | ▽ | ၁၉၁၀ | ၁၈၇၀ | ▽ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၆-၆-၂၀၁၇ US$/Ton

| အမျိုးအစား | ဇွန်ပထမပတ် | ဇွန်ဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၈၁.၅၀ | ၆၇၃.၅၀ | ▽ |
| RBD P.Olein | ၆၉၀.၅၀ | ၆၈၀.၀၀ | ▽ |
| RBD P.Stearin | ၆၀၈.၅၀ | ၆၀၄.၅၀ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၆-၆-၂၀၁၇ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၆၀၁.၁၈ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၄.၀၀ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၈.၀၁ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၆၈ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၇.၂၈ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၄၁.၁၈ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၆၇ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၇၅၂.၇၉၄ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၁၆-၆-၂၀၁၇နေ့ (CIF ဈေး Cloud Point 8 ˚C Max ၇၂၀ဒေါ်လာနှင့် USD ဈေး ၁၃၆၁ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၁၆-၆-၂၀၁၇နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၆၁ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# အိန္ဒိယနိုင်ငံ၏ စီးကရက်နှင့် အခြားဆေးရွက်ကြီးထွက်ကုန်ပစ္စည်းဥပဒေအရ လုပ်ထုံးလုပ်နည်းအသစ်များ

အိန္ဒိယနိုင်ငံ၏ စီးကရက်နှင့် အခြားဆေးရွက်ကြီးထွက်ကုန်ပစ္စည်းဥပဒေကို ၂၀၀၃ ခုနှစ်၊ မေလတွင် ပြဋ္ဌာန်းခဲ့ပြီး၊ ၎င်းဥပဒေပုဒ်မ ၇ ကို ဆေးရွက်ကြီးထုတ်ကုန်ထုပ်ပိုးမှုအားလုံး၏ ကျန်းမာရေး သတိပေးချက်များအဖြစ် သတ်မှတ်ပြဋ္ဌာန်းထားပါကြောင်း၊ အိန္ဒိယကျန်းမာရေးနှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်တွင် အမိန့်ကြော်ငြာစာ GSR No.727(E) ကို ထုတ်ပြန်ခဲ့ကြောင်း၊ ၎င်းနည်းဥပဒေသစ်သည် အိန္ဒိယနိုင်ငံ အတွင်းရှိ ဆေးရွက်ကြီးထွက်ကုန်ပစ္စည်းအားလုံး၏ ထုတ်လုပ်ရေး၊ ထောက်ပံ့ရေး (သို့မဟုတ်) ဖြန့်ဖြူးရေးဆိုင်ရာကိစ္စရပ်များနှင့် သက်ဆိုင်ကြောင်း၊ အဆိုပါနည်းဥပဒေသစ်အရ ဆေးရွက်ကြီး ထွက်ကုန်ပစ္စည်းဘူးခွံ၏ မျက်နှာနှစ်ဖက်စလုံးတွင် Display Area ၏ ၈၅ ရာခိုင်နှုန်းအား ကျန်းမာရေးသတိပေးချက် ဖော်ပြရမည်ဖြစ်ကြောင်း၊ ၎င်းနည်းဥပဒေ အကောင်အထည်ဖော်ကျင့်သုံးသည့် ရက်မှာ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ဖြစ်ကြောင်း၊ ထုတ်ပြန်ချက်ကို လက်ခံသော ဝန်ကြီးဌာနမှ အိန္ဒိယနိုင်ငံတွင် သက်ဆိုင်သူများ၊ ဆေးရွက်ကြီးထုတ်လုပ်သူများနှင့် မြန်မာနိုင်ငံရှိ ဆေးရွက်ကြီး တင်ပို့သူများ၊ ကုန်သွယ်ရေးအသင်းအဖွဲ့များ၊အဖွဲ့အစည်းများကိုအ သိပေးကြော်ငြာထားပြီး ထိုသတင်းအား လေကြောင်းလိုင်း၊ သင်္ဘောလိုင်း၊ လေကြောင်းနှင့် ကုန်စည်ပို့ဆောင်ရေးအတွက် ထောက်ပံ့ပို့ဆောင်သူများသို့ ဖြန့်ဝေထားကြောင်း သိရှိရပါသည်။

GSR No.727(E) အမိန့်ကြော်ငြာစာတွင် ဖော်ပြချက်များအရ ကျန်းမာရေးသတိပေးချက်သည် ဆေးရွက်ကြီးထွက်ကုန်ပစ္စည်း ထုပ်ပိုးဘူးခွံ Display Area ၏ အနည်းဆုံး ၈၅ ရာခိုင်နှုန်းရှိရမည်ဖြစ်ပြီး ၆၀ ရာခိုင်နှုန်းမှာ ရုပ်ပြပုံဖြင့် ဖော်ပြရမည်ဖြစ်ကာ ၂၅ ရာခိုင်နှုန်းမှာ တရားဝင်ထုတ်ပြန်ထားသည့် စာဖြင့် ဖော်ပြရမည်ဖြစ်ကြောင်း၊ အထုပ်အပိုး (သို့) ၎င်း၏ အမှတ်တံဆိပ်ပေါ်တွင် အသုံးပြုရမည့် ဘာသာစကားအနေဖြင့် ဖော်ပြပါက ကျန်းမာရေးသတိပေးချက်ကို အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြရန် ဖြစ်ကြောင်း၊ အင်္ဂလိပ်နှင့် အိန္ဒိယ နှစ်ဘာသာဖော်ပြပါက ကျန်းမာရေးသတိပေးချက်ကို အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြပြီး ကုန်အမှတ်တံဆိပ်အား အိန္ဒိယဘာသာဖြင့် ဖော်ပြရန်ဖြစ်ကြောင်း၊ နိုင်ငံခြား ဘာသာဖြင့် ဖော်ပြပါက ကျန်းမာရေး သတိပေးချက်အား အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြရန်၊ နိုင်ငံခြား ဘာသာနှင့် အိန္ဒိယဘာသာဖြင့် ဖော်ပြပါက ကျန်းမာရေး သတိပေးချက်ကို အင်္ဂလိပ်လိုဖော်ပြပြီး ကုန်အမှတ်တံဆိပ်အား အိန္ဒိယဘာသာဖြင့် ဖော်ပြရန်ဖြစ်ကြောင်းသိရှိရပါသည်။

စီးကရက်ဘူး(သို့မဟုတ်)ဆေးရွက်ကြီး ထွက်ကုန်ပစ္စည်းဘူးတိုင်းတွင် ကုန်ပစ္စည်း၏ အမည်၊ ထုတ်လုပ်သူ (သို့မဟုတ်) တင်သွင်းသူ (သို့မဟုတ်) ထုပ်ပိုးသူ၏ အမည်နှင့် လိပ်စာ၊ သွင်းကုန်အတွက် ကုန်ပစ္စည်း၏ ပင်ရင်းနိုင်ငံ၊ ကုန်ပစ္စည်းအရေအတွက်၊ ထုတ်လုပ်သည့်ရက်စွဲ၊ နိုင်ငံတကာတွင် ကျင့်သုံးမှုနှင့်အညီ ဗဟိုအစိုးရက လိုအပ်သည်ဟု ယူဆသည့်အချက်များ ဖော်ပြပေးရမည်ဖြစ်ပြီး ကျန်းမာရေး သတိပေးချက်အား ဤနည်းဥပဒေစတင်ကျင့်သုံးပြီး ၂၄ လလျှင် တစ်ကြိမ် အလှည့်ကျပြောင်းလဲပေးရမည် (သို့မဟုတ်) ဗဟိုအစိုးရမှ အမိန့်ကြော်ငြာစာထုတ်ပြန်ချက်အတိုင်း ပြောင်းလဲပေးရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးသတိပေးချက်အား ၁၂ လ တစ်ကြိမ် လဲလှယ်ပေးရမည်ဖြစ်ပြီး ပထမ ၁၂ လ ပြည့်ပါက ပထမသတိပေးချက်ပုံနေရာတွင် ဒုတိယသတိပေးချက်ပုံကို အစားထိုးရမည်ဖြစ်ကြောင်း၊ စီးကရက်၊ ဆေးရွက်ကြီးထွက်ကုန်ပစ္စည်း ဖြန့်ဖြူးသူ၊ လက်လီရောင်းချသူ၊ တင်သွင်းသူတို့သည် ၁၂ လထက် ကျော်လွန်သဖြင့် နောက်ထပ် နှစ်လ ထပ်မံတိုးပေးသည့် ကျန်းမာရေးသတိပေးချက်ကို ဖြန့်ဖြူးခြင်း ၊ ရောင်းချခြင်း မပြုလုပ်ရကြောင်း သတင်းရရှိပါ သည်။

**Source-မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး**
**ဒေါက်တာမျိုးထွန်း(DOT)**

# ချောင်းဦးမြို့နယ်တွင် ဖရဲ၊ သခွားမွှေးတန်ဖိုးကွင်းဆက်မြှင့်တင်ရေး စီမံကိန်းအရ GAP ဆရာဖြစ် သင်တန်းပို့ချ

မြန်မာနိုင်ငံ အပူပိုင်းဒေသ ဖရဲ၊ သခွားမွှေးတန်ဖိုးကွင်းဆက် မြှင့်တင်ရေးစီမံကိန်းအရ စစ်ကိုင်းတိုင်းဒေသကြီး ဖရဲ၊ သခွားမွှေး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အစုအဖွဲ့၏ (Good Agricultural Practice -GAP) ဆရာဖြစ်သင်တန်း (Training of Trainers) ကို ချောင်းဦးမြို့တွင် ဇွန်လ ၁၁ ရက်မှ ၁၃ ရက်အထိ သင်ကြားပို့ချခဲ့ရာ ဦးဆောင်တောင်သူ ၁၀ ဦး တက်ရောက်ခဲ့ကြောင်း သိရပါသည်။

အဆိုပါ ဆရာဖြစ်သင်တန်းကို မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ကြီးမှူး၍ INGO အဖွဲ့အစည်းများဖြစ်ကြသည့် USAID နှင့် WINROCK တို့က ကူညီပံ့ပိုးပေးခဲ့ပြီး မြန်မာနိုင်ငံ သစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းမှ ပညာရှင်များက ပို့ချခဲ့ခြင်း ဖြစ်ပါသည်။

ပြည်ပသို့တင်ပို့ရောင်းချလျက်ရှိသော ဖရဲ၊ သခွားမွှေး သစ်သီးဝလံများကို ဈေးကွက်တွင် ဈေးနှုန်းပိုမိုရရှိရေး၊တည်ငြိမ်ခိုင်မာသောဈေးကွက် ရရှိရေးအတွက် အရည်အသွေးကို ဦးစားပေးထုတ်လုပ်ရန် လိုအပ်လာကြောင်းကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

စိုက်ပျိုးထုတ်လုပ်နေကြသော တောင်သူများအနေဖြင့် သဘာဝဘေးကြောင့် ပျက်စီးဆုံးရှုံးမှုကို မဖြစ်မနေ ရင်ဆိုင်နိုင်သော်လည်း နည်းပညာအခက်အခဲနှင့် ဈေးကွက်မတည်ငြိမ်ခြင်းကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ်ဆုံးရှုံးသည့် အခက်အခဲများကို ကျော်လွှားလိုကြပါသည်။ ယင်းကဲ့သို့ ကျော်လွှားနိုင်ရန် စုပေါင်းအားဖြင့် ရင်ဆိုင်မှသာလျှင် အောင်မြင်နိုင်မည်ဖြစ်သဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် လုပ်ငန်းတူ၊ အုပ်စုတူအစုအဖွဲ့၊ အသင်းအဖွဲ့များကို ဖွဲ့စည်းပေးခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲများ၊ နည်းပညာပေး သင်တန်းများ၊ ဈေးကွက်ချိတ်ဆက်နိုင်ရန် ပြပွဲများ၊ ချေးငွေရရှိရေးအကူအညီများ ပံ့ပိုးချိတ်ဆက် ဆောင်ရွက်ပေးခဲ့ပါသည်။

ယခုအစုအဖွဲ့၏ လှုပ်ရှားဆောင်ရွက်မှုသည် အဆိုပါ အသင်းအဖွဲ့၏ အသီးအပွင့်အဖြစ် အောင်မြင်လာခြင်း ဖြစ်ပါသည်။ အဆိုပါစီမံကိန်းသည် ၂၀၁၅ ခုနှစ်မှစပြီး တိုင်းဒေသကြီးအတွင်း ဖရဲ၊ သခွားမွှေးတောင်သူများကို စိုက်ပျိုးထုတ်လုပ်မှုနည်းလမ်းကောင်းများ (Good Agricultural Practice-GAP) အဖြစ် နည်းပညာပေးလျက်ရှိရာ ယခုသင်တန်းသည် တောင်သူငယ်များကို ပြန်လည်နည်းလမ်းပြသကြီးကြပ်ပေးနိုင်မည့်ဆရာဖြစ် ဦးဆောင် တောင်သူ သင်တန်းဖြစ်သဖြင့် ထိရောက်သည့် သင်တန်းတစ်ခုဖြစ်ကြောင်း သိရပါသည်။

**ရီလင်းထွဋ် (မုံရွာ)**

# ရှမ်းနွေပဲပုပ်များဈေးကွက်ဝင်

ရှမ်းပြည်နယ်ရဲ့ ဈေးကွက်ဝင်သီးနှံတစ်ခုဖြစ်တဲ့ ပဲပုပ်လည်းဈေးကွက်ကိုပြန်ပြီးဝင်လာပါပြီ။ တောင်ကြီးခရိုင်မှာရှိတဲ့ ဆီဆိုင်၊ ရပ်စောက်နဲ့ လင်းခေးခရိုင်မှာရှိတဲ့ မိုးနဲမြို့နယ်မှ ပဲပုပ်တွေ ဈေးကွက်ကို ဝင်လာတာဖြစ်ပါတယ်။ အခုထွက်ရှိတဲ့ ပဲပုပ်ကနွေပဲပုပ်တွေဖြစ်ပြီး၊ ဇူလိုင်၊ ဩဂုတ်မှာတော့ မိုးပဲပုပ်တွေ ထွက်ရှိလာမှာလို့ သိရပါတယ်။

ရှမ်းပဲပုပ်ကို ဆီအဖြစ်ကြိတ်၍လည်းကောင်း၊ ပဲပြား၊ ပဲနို့ရည်အဖြစ် လည်းကောင်း၊ ဒေသထွက်ကုန် ပစ္စည်းတစ်မျိုးအဖြစ် နာမည်ရနေတဲ့ ပဲပုပ်စေ့လှော်အဖြစ်နဲ့လည်းကောင်း အရောင်းအဝယ် ပြုလုပ်ကြပါတယ်။ ပဲပုပ်စေ့ကိုတော့ တောင်ကြီး ခရိုင်အတွင်း ယခုလက်ရှိထွက်နေတဲ့ နွေပဲပုပ်တွေကိုလှော်ပြီး ရှမ်းပြည်နယ်လက်ဆောင်အဖြစ် ဈေးကွက်မှာ ဖြန့်ဖြူးရောင်းချကြတယ်လို့လည်း သိရပါတယ်။ ဒေသအတွင်းမှာတော့ ပဲပြား/ ပဲနို့ရည်အဖြစ်နဲ့ အသုံးပြုကြလို့ ဈေးကွက်မှာ ပဲပုပ်အရောင်းအဝယ် ကောင်းနေပါတယ်။ ဒီတစ်ပတ် တောင်ကြီး ဈေးကွက်မှာ ပဲပုပ်တစ်ပိဿာကို ကျပ်၁၁၅၀ ဈေးရှိပါတယ်။

**ဇေခိုင်-တောင်ကြီး**

# ကုန်သည်ပွဲစား၊ သိုလှောင်ရုံများနှင့် အဝယ်တော်များအတွက် အရည်အသွေးနှင့် အစားအစာဘေးကင်းရေး Collector လက်စွဲစာအုပ် မူကြမ်းပြုစုရေး စားပွဲဝိုင်းဆွေးနွေးပွဲ ကျင်းပ

အမျိုးသားပို့ကုန်မဟာဗျူဟာနှင့်အညီ ဆောင်ရွက်သော ဆီထွက်သီးနှံပို့ကုန်ဝင်ငွေ တိုးမြှင့်ရေးစီမံကိန်း အကောင် အထည် ဖော်ဆောင်ရွက်ခြင်း၏ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် ကုန်သည်ပွဲစား၊ သိုလှောင်ရုံများနှင့် အဝယ်တော်များအတွက် အရည်အသွေးနှင့် အစားအစာဘေးကင်း လုံခြုံစိတ်ချရရေး Collector လက်စွဲစာအုပ်မူကြမ်းပြုစုရေးစားပွဲဝိုင်း ဆွေးနွေးပွဲကို ဇွန်လ ၁၂ ရက်က နေပြည်တော်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက အမှာစကားပြောကြားခဲ့ပါသည်။

အဝယ်တော်များ၏ သိုလှောင်ရုံများတွင် အရည်အသွေးနှင့် အစားအစာဘေးကင်းလုံခြုံစိတ်ချရေး၏သက်ရောက်မှုနှင့် ယင်းတို့၏အခန်းကဏ္ဍများကို သိရှိပြီး အားကိုး အားထားပြုသင့်သည့် လက်စွဲစာအုပ် ထွက်ပေါ်လာစေရေးနှင့် လက်စွဲစာအုပ်ကို ထိရောက်စွာ သုံးစွဲနိုင်စေရေးတို့ ရည်ရွယ်၍ စားပွဲဝိုင်းဆွေးနွေးပွဲကို ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ ဆွေးနွေးပွဲတွင် သက်ဆိုင်ရာဌာနများ၊ သိုလှောင်ရုံများနှင့် အဝယ်တော်များက အရည်အသွေးနှင့် အစားအစာ ဘေးကင်းလုံခြုံစိတ်ချရေး Collector လက်စွဲစာအုပ်မူကြမ်းပြုစုရာတွင် အဓိကဦးစားပေး လိုက်နာသင့်သည့် အချက်များ ထည့်သွင်းခြင်းနှင့် သိုလှောင်ရုံများတွင် ဆောင်ထားသင့်သည့် အမြန်စမ်းသပ်ကိရိယာများ ပံ့ပိုးပေးနိုင်ရေးတို့ကို အကြံပြုဆွေးနွေးခဲ့ကြပါသည်။

ဆွေးနွေးပွဲကို ဇွန်လ ၁၂ ရက်မှ ၁၃ ရက်အထိ နှစ်ရက်ကြာ ကျင်းပခဲ့ပြီး သက်ဆိုင်ရာ ဌာနများ၊ မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဆီထွက်သီးနှံကုမ္ပဏီများ၊ ပွဲရုံများ၊ သိုလှောင်ရုံများနှင့် ကုန်သည်စက်မှုအသင်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၃၀ ဦးခန့် တက်ရောက်ခဲ့ကြပြီး လက်စွဲစာအုပ်မူကြမ်းအပေါ် ဆက်လက်ဆွေးနွေးဆောင်ရွက်နိုင်မည့် အစီအမံများချမှတ်ခြင်းနှင့် သက်ဆိုင်ရာဌာန၊ အသင်းအဖွဲ့များ၏ ဝေဖန်အကြံပြုလမ်းညွှန်ချက်များ ရယူနိုင်ရေးတို့ကို အပြီးသတ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။

**မြတ်မြတ်စိုးမိုး (Myantrade)**

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# အိမ်နီးချင်းနိုင်ငံများနှင့် စွမ်းအင်ဆိုင်ရာ သံတမန်ဆက်ဆံမှုကို အိန္ဒိယနိုင်ငံက တွန်းအားပေးဆောင်ရွက်

တရုတ်နိုင်ငံ၏ တစ်ခုတည်းသော ရပ်ဝန်းနှင့်တစ်ခုတည်းသော လမ်းမကြီး (OBOR) စီမံကိန်းသို့ ပါဝင်ဆောင်ရွက်ခြင်း မရှိသည့် အိန္ဒိယနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် လျှပ်စစ်/ဓာတ်ငွေ့ကွန်ရက် ချိတ်ဆက်မှုကို သိမ်မွေ့စွာ ဆောင်ရွက်နေပြီး၊ စွမ်းအင်ကဏ္ဍအား ပူးပေါင်းဆောင်ရွက်ရာ၌ ရုပ်ပိုင်းချိတ်ဆက်မှုကို ကျော်လွန်၍ နိုင်ငံများနှင့် သံတမန်ဆက်ဆံရေး ပိုမိုကောင်းမွန်ရန်အတွက် ချိတ်ဆက်ဆောင်ရွက်မှု "စွမ်းအင်ဆိုင်ရာ သံတမန်ဆက်ဆံမှု (Energy diplomacy) အနေအထားအထိ တိုးတက်မျှော်မှန်း ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

အိန္ဒိယသည် အင်ဒိုနီးရှားနိုင်ငံမှသည် မောရေးသျှနိုင်ငံအထိ စွမ်းအင်ချိတ်ဆက် ပူးပေါင်းဆောင်ရွက်မှုကွန်ရက်ကိုဆောင်ရွက်နေပြီး နိုင်ငံ၏အနေအထားအား ရေနံထွက်ကုန်ပစ္စည်းပေါ ကြွယ်ဝပြီး၊ အရှိန်အဝါရှိသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ဖြစ်ပေါ်လာစေရန်နှင့် နိုင်ငံများအကြား နည်းပညာမျှဝေခြင်းနှင့် အပြန်အလှန် မှီခိုအားပြုနေရသည့် အနေအထားတို့ကို ဖန်တီးတည်ဆောက်လျက်ရှိကြောင်း၊ စွမ်းအင်စီမံကိန်းများကို ဆောင်ရွက်ရာ၌ ပြည်ပနိုင်ငံများမှ ဟိုက်ဒရိုကာဗွန်အရင်းအမြစ်ရရှိရေးအတွက်သာမက သံတမန်ဆက်ဆံရေး ရှုထောင့်အရလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် ကြိုးစားနေကြောင်း အိန္ဒိယစွမ်းအင်ဝန်ကြီး Dharmendra Pradhan က ပြောကြားခဲ့ပါသည်။

အခြေခံ အဆောက်အအုံများ စတင်တည်ဆောက်နေသည့် အိန္ဒိယနိုင်ငံအတွက် အိန္ဒိယသမုဒ္ဒရာအတွင်း တည်ရှိနေသည့် အရင်းနှီးဆုံး မိတ်ဖက်နိုင်ငံဖြစ်သည့် မောရေးသျှသည် ၎င်း၏ ရေနံ သိုလှောင်ရာ အဓိကအချက်အချာနေရာတစ်နေရာ ဖြစ်လာနိုင်ကြောင်း၊ ထို့ပြင် အိန္ဒိယသည် မန်ဂလိုမြို့ရှိ ရေနံသန့်စင်စက်ရုံမှ မောရေးသျှနိုင်ငံသို့ ရေနံထွက်ကုန်ပစ္စည်းများ ပေးပို့ထောက်ပံ့လျက်ရှိသကဲ့သို့ မောရေးသျှနိုင်ငံအတွင်း လက်လီအရောင်းအဝယ်ပြုလုပ်မှုများကိုလည်း အိန္ဒိယလုပ်ငန်းများက ဆောင်ရွက်လျက်ရှိကြောင်း၊ မောရေးသျှနိုင်ငံအနေဖြင့် စွမ်းအင်လိုလောက်လာသည့် အချိန်တွင်လည်း အိန္ဒိယအနေဖြင့် အဆိုပါအခြေခံအဆောက်အအုံများအား အာဖရိကသို့ စွမ်းအင်တင်ပို့ရန်အတွက် ကြားခံနေရာအဖြစ် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ထို့ပြင် အိန္ဒိယနိုင်ငံသည် အိန္ဒိယသမုဒ္ဒရာ၏ အခြားတစ်ဖက်တွင်လည်း အင်ဒိုနီးရှားနိုင်ငံနှင့် စွမ်းအင်ပူးပေါင်းဆောင်ရွက်မှုတစ်ခုကို စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် ဟိုက်ဒရိုကာဗွန်အရင်းအမြစ် ပေါကြွယ်ဝသည့်နိုင်ငံများအနက် တစ်နိုင်ငံဖြစ်ရာ နိုင်ငံအတွင်းရှိ ထောင်ပေါင်းများစွာသော ကျွန်းများသို့ စွမ်းအင်ထောက်ပံ့ပေးဝေနိုင်ရန်အတွက် ရေပေါ်စွမ်းအင်သိုလှောင်ကန်နှင့် ဓာတ်ငွေ့ထုတ်လုပ်သည့် စက်ရုံများ တည်ဆောက်မည့် စီမံကိန်းသစ်ကို အိန္ဒိယနိုင်ငံက ဆောင်ရွက်လျက်ရှိကြောင်း၊ အပြန်အလှန်အနေဖြင့် အိန္ဒိယနိုင်ငံ၏ သယ်ယူပို့ဆောင်ရေးယာဉ်များအတွက် အင်ဒိုနီးရှားနိုင်ငံမှ LNG ဓာတ်ငွေ့အိုးများကို ထောက်ပံ့ပေးရန် တောင်းဆိုထားကြောင်း သိရှိရပါသည်။ ထို့မှသာမက အင်ဒိုနီးရှားနိုင်ငံရှိ ရေနံချက်စက်ရုံများ အဆင့်မြှင့်တင်ရေး၊ အိန္ဒိယနိုင်ငံမှ ဓာတ်ငွေ့စက်ရုံများအား အင်ဒိုနီးရှားနိုင်ငံသို့ ရွှေ့ပြောင်းရန်၊ အိန္ဒိယနိုင်ငံ၏ ပြည့်ဖြိုးမြဲစွမ်းအင်နှင့် LEDs မီးလုံးအသုံးပြုမှု အတွေ့အကြုံများအား အင်ဒိုနီးရှားနိုင်ငံသို့ မျှဝေပေးရန်၊ လောင်စာဆီမှာ ဓာတ်ငွေ့ပြုလုပ်သည့် နည်းပညာ၊ ရေနံ၊ သဘာဝ ဓာတ်ငွေ့နှင့် ကျောက်မီးသွေးရှာဖွေရေးတို့တွင် အင်ဒိုနီးရှားနိုင်ငံ၏ အတွေ့အကြုံပညာရပ်များအား မျှဝေရန်စသည့် စွမ်းအင်ဆိုင်ရာ နယ်ပယ်များစွာ၌ ပူးပေါင်းဆောင်ရွက်ရန် နှစ်နိုင်ငံသဘောတူညီပြီးဖြစ်ကြောင်း သိရှိရပါသည်။

အိန္ဒိယနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် စွမ်းအင်အရင်းအမြစ် ရရှိနိုင်မှုမှာ လုံလောက်နိုင်ကြောင်း၊ သို့ရာတွင် မြန်မာနိုင်ငံမှထွက်ရှိသည့် ဓာတ်ငွေ့၏ ၈၀ ရာခိုင်နှုန်းနီးပါးအား တရုတ်နိုင်ငံမှ ရယူထားကြောင်း၊ မြန်မာနိုင်ငံ သည် ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်သည့်အတွက် အိန္ဒိယနိုင်ငံသည် အာသံပြည်နယ်အတွင်းရှိ Numaligarh ရေနံချက်စက်ရုံမှ မြန်မာနိုင်ငံသို့ ဒီဇယ်များ ထောက်ပံ့ရောင်းချလျက်ရှိကြောင်း၊ သို့ရာတွင် အိန္ဒိယသည် မြန်မာနိုင်ငံ၊ စစ်တွေမြို့၌ LNG Terminal တစ်ခုတည်ဆောက်ရန် ကြိုးစားနေကြောင်း၊ အဆိုပါ Terminal အား မြန်မာနိုင်ငံအတွင်းသို့ ရေနံထွက်ကုန်ပစ္စည်းများ ပေးပို့ရန်အတွက်သာမက ကုလားတန် ဘက်စုံသယ်ယူပို့ဆောင်ရေး စီမံကိန်းပြီးစီးသည်နှင့် တစ်ပြိုင်နက် မီဇိုရမ်ပြည်နယ်၊ Aizawl သို့လည်း LNG ဓာတ်ငွေ့များ ပေးပို့ထောက်ပံ့ရန်အတွက်ပါ အသုံးပြုလာနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ထို့မှသာမက အိန္ဒိယက အောင်မြင်ခဲ့သည့်တင်ဒါတစ်ခုအား တပ်မတော်အစိုးရက ခွင့်ပြုခဲ့ပြီး လက်ရှိအစိုးရလက်ထက်တွင် ဖျက်သိမ်းခဲ့သော်လည်း မြန်မာနိုင်ငံတွင် LPG ဓာတ်ငွေ့ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများကို ရရှိရန် ဆက်လက်ကြိုးစားနေဆဲဖြစ်ကြောင်း ဖော်ပြထားပါသည်။

ထို့မှသာမက လတ်တလော သီတင်းပတ်များ အတွင်း၌လည်း အိန္ဒိယနိုင်ငံသည် သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်များကို အလုံးအရင်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ သီရိလင်္ကာနိုင်ငံရှိ ထရင်ကိုမာလီဆိပ်ကမ်းရှိ စွမ်းအင်သိုလှောင်ကန်ကိုလည်း အိန္ဒိယနိုင်ငံအနေဖြင့် အပြည့်အဝ အသုံးချလာနိုင်ခဲ့ပြီး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အနေဖြင့်လည်း အိန္ဒိယနိုင်ငံမှ ၁၀၀၀ မီဂါဝပ်လျှပ်စစ်ဓာတ်အားကို ရယူအသုံးပြုနေပြီဖြစ်ကြောင်း၊ နီပေါနိုင်ငံနှင့် စွမ်းအင်ပူးပေါင်းဆောင်ရွက်ခဲ့သည်မှာလည်း အချိန်အတော်ကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊ ယခုအခါ နီပေါနိုင်ငံနှင့် လျှပ်စစ်စွမ်းအင်သာမက ရေနံပိုက်လိုင်းစီမံကိန်းများကိုလည်း ဆောင်ရွက်ရန် သဘောတူညီထားပြီးဖြစ်ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့**

# အိန္ဒိယ IT ကုမ္ပဏီများက ဂျပန်၊ တရုတ်နှင့် ဂျာမနီနိုင်ငံတို့၌ ဈေးကွက်သစ်များ ရှာဖွေလျက်ရှိ

အိန္ဒိယ သတင်းအချက်အလက်နှင့် နည်းပညာဝန်ဆောင်မှု အိုင်တီ (IT) ကုမ္ပဏီများသည် ၎င်းတို့၏ မူလဈေးကွက်တည်ရှိရာဖြစ် သည့် အမေရိကန်ဈေးကွက်အပြင် ဂျာမနီ၊ ဂျပန်နှင့်တရုတ်နိုင်ငံတို့၌ လုပ်ငန်းများတိုးချဲ့ရန် လေ့လာစူးစမ်းမှုများ ပြုလုပ်လျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံအတွက် အိုင်တီကဏ္ဍမှ တစ်နှစ်လျှင် ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၅၀ ဘီလီယံခန့် ရရှိလျက်ရှိရာ၊ ၎င်းပမာဏအနက် ၆၀ ရာခိုင်နှုန်းခန့်မှာ အမေရိကန်ဈေးကွက်မှ ရရှိခြင်းဖြစ်ကြောင်း၊ ယခုအခါ ဂျာမနီ၊ ဂျပန်နှင့် တရုတ်နိုင်ငံတို့ကိုလည်း မဟာဗျူဟာမြောက် အရေးကြီးသည့် ဈေးကွက်များအဖြစ် တိုးချဲ့ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိရာ အဆိုပါကဏ္ဍမှ အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀၀ ခန့် ရရှိနိုင်မည့် အခွင့်အလမ်းရှိသည်ဟု အိန္ဒိယနိုင်ငံ၏ National Association of Software and Services Companies (Nasscom) က ပြောကြားခဲ့ပါသည်။

Nasscom က ပြောကြားရာ၌ အမေရိကန်နိုင်ငံ၏ အိုင်တီဈေးကွက်အရွယ်အစားမှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၄၀၀ ခန့်ရှိကြောင်း၊ အိန္ဒိယနည်းပညာကုမ္ပဏီများအနေဖြင့် အမေရိကန် အိုင်တီဈေးကွက်အပေါ် သိသိသာသာ လွှမ်းမိုးမှုရှိကြောင်း၊ သို့ရာတွင် အမေရိကန်သမ္မတသစ် ဒေါ်နယ်ထရမ့်လက်ထက်၌ ပြည်တွင်း မှ အိုင်တီပညာရှင်များအား ငှားရမ်းအသုံးပြုရန် တွန်းအားပေးမှုများ ပြုလုပ်ခဲ့ပြီး အမေရိကန်၌ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် အိန္ဒိယကုမ္ပဏီများက အင်ဂျင်နီယာများ စေလွှတ်ရာ၌ လျှောက်ထားရယူ အသုံးပြုလေ့ရှိသည့် H1B ဗီဇာအမျိုးအစား ထုတ်ပေးမှုအပေါ် ပိုမိုကန့်သတ်သည့် အစီအမံများပြုလုပ်လာခဲ့သည့်အတွက် အမေရိကန်နိုင်ငံရှိ အိန္ဒိယအိုင်တီကုမ္ပဏီများ၏ အနာဂတ်မျှော်မှန်း ချက်မှာ မှေးမှိန်လာခဲ့ကြောင်း၊ ယင်းအကြောင်းအရာများကြောင့် အိန္ဒိယအိုင်တီကုမ္ပဏီများသည် ၎င်းတို့၏ ဝင်ငွေအလားအလာပြန် လည်ကောင်းမွန်လာ စေရန်အတွက် စက်ကိရိယာများကို အသုံးပြု၍ အလိုအလျောက်စနစ်များဖြင့် ပြောင်းလဲဆောင်ရွက်ခြင်းနှင့် အခြားဈေးကွက်သစ်များ ရှာဖွေခြင်းတို့ကို ပြုလုပ်လျက်ရှိကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ နယူးဒေလီမြို့**

# အိန္ဒိယနိုင်ငံ၊ အနောက်ဘင်္ဂေါ ပြည်နယ်တစ်ဝန်းတွင် အော်ဂဲနစ်လယ်ယာထွက်ကုန် စိုက်ပျိုးရေးလုပ်ငန်းများ စတင်ဆောင်ရွက်

အနောက်ဘင်္ဂေါ ပြည်နယ်အစိုးရသည် အော်ဂဲနစ်စိုက်ပျိုးရေးမူဝါဒတစ်ခု ရေးဆွဲ အကောင်အထည်ဖော်ကာ အော်ဂဲနစ် စိုက်ပျိုးရေးလုပ်ငန်းများကို ပြည်နယ်တစ်ဝန်းလုံး၌ စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့် မြို့ပြဒေသများ၌ အော်ဂဲနစ်ဟင်းသီးဟင်းရွက် ဝယ်လိုအား တိုးတက်လာခြင်းသည် ပြည်နယ်အစိုးရအား အော်ဂဲနစ်စိုက်ပျိုးရေး မူဝါဒရေးဆွဲရန် စတင်စေသည့် အဓိကအချက်ဖြစ်ကြောင်း၊ စားသောက် ကုန်ထုတ်လုပ်ရေးနှင့် သစ်သီးဝလံ ပန်းမန်ဥယျာဉ် ခြံစိုက်ပျိုးရေးဌာနကလည်း အော်ဂဲနစ်စိုက်ပျိုးရေး လုပ်ငန်းများ စတင်လုပ်ကိုင်ရန် ကျေးလက်စိုက်ပျိုးရေးလုပ်ငန်းရှင်များအား တိုက်တွန်းခဲ့ပြီး ၎င်းတို့အနေဖြင့် လယ်သမားများအား နည်းပညာအကူအညီ၊ ဈေးကွက်ရှာဖွေရေးနှင့် ဈေးကွက်မြှင့်တင်ရေးကိစ္စတို့တွင် အကူအညီများပေးမည်ဟု အခိုင်အမာပြောကြားခဲ့ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့်လည်း ဖန်လုံအိမ် (Greenhouses) များ၊ ထုပ်ပိုးပစ္စည်းများ၊ အော်ဂဲနစ်ဓာတ်မြေဩဇာ များကို ထောက်ပံ့ပေးမည်ဖြစ်ကာ အော်ဂဲနစ်ထွက်ကုန်များ ဈေးကွက်သို့ ပို့ဆောင်ရေးအတွက် ကုန်တင်ကားများကိုလည်း စီစဉ်ပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

ထို့မှသာမက အိန္ဒိယစိုက်ပျိုးရေးဦးစီးဌာန သည် ပြည်နယ်တစ်ဝန်းရှိ ကျေးရွာပေါင်း ၃၂ ရွာ အား အော်ဂဲနစ်စိုက်ပျိုးသည့် ကျေးရွာများအဖြစ် အကောင်အထည်ဖော်ရန် ရည်မှန်းထားပြီး၊ အဆိုပါကျေးရွာများ၌ အော်ဂဲနစ်စိုက်ပျိုးမြေအစု အဖွဲ့တစ်ခုလျှင် ဧက ၅၀ ဖြင့် အစုအဖွဲ့ပေါင်း ၁၂၀ ခန့်ကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း၊ ဦးစီးဌာနကိုယ်တိုင်လည်း အော်ဂဲနစ်ဖန်လုံအိမ် ၁၉၄ ခုခန့်အား အကောင်အထည်ဖော် စိုက်ပျိုးလျက်ရှိကာ အော်ဂဲနစ်စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နေသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး၊**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၉–၆–၂၀၁၇)

ဇော်ဝင်း

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲဈေးပြန်လည် တက်ရိပ်ပြသော်လည်း ပဲစင်းငုံနီဈေးပြန်လည်ကျ

ဘုရင့်နောင်ဈေးကွက်မှာ ယခင်တစ်ပတ်အထိ ဈေးဆက်တိုက်ကျဆင်းခဲ့တဲ့ မတ်ပဲဈေးက ယခုတစ်ပတ်မှာ ပြန်လည် တက်ရိပ်ပြခဲ့ပေမယ့် ပဲစင်းငုံနီဈေး ပြန်လည်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ မတ်ပဲ FAQ (RC) က ယခင်တစ်ပတ်အထိ တစ်တန် ကျပ် ၈၆၂၀၀၀ နဲ့ ဈေးဆက်တိုက်ကျဆင်းခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၉၀၇၀၀၀ ထိပြန်လည်ဈေးတက်ခဲ့တာကြောင့် တစ်တန်ကို ကျပ် ၄၅၀၀၀ ဈေးမြင့်ခဲ့ပါတယ်။ အလားတူမတ်ပဲ SQ (RC) ကလည်း ယခင်တစ်ပတ်အထိ တစ်တန် ကျပ် ၁၀၉၂၀၀၀ ထိ ဈေးဆက်လက်ကျဆင်းခဲ့ရာမှ ယခုတစ်ပတ်မှာတစ်တန်ကို ကျပ် ၁၁၃၅၀၀၀ ထိ ပြန်လည်ဈေးတက်ခဲ့တာကြောင့် တစ်တန်ကို ကျပ် ၄၃၀၀၀ ထိဈေးမြင့် လာခဲ့ပါတယ်။ မတ်ပဲဈေးပြန်လည်တက်ရိပ်ပြခဲ့ပေမယ့် ယခင်တစ်ပတ်က တစ်တန် ကျပ် ၆၄၆၀၀၀ ထိ ဈေးတက်ခဲ့တဲ့ ပဲစင်းငုံနီက ယခုတစ်ပတ်မှာ တစ်တန်ကျပ် ၆၄၀၀၀၀ ထိ ဈေးကျခဲ့တာကြောင့် ယခင်တစ်ပတ်ထက် တစ်တန် ကျပ် ၆၀၀၀ ဈေးကျဆင်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းဈေးငြိမ်သော်လည်း အရောင်းအဝယ်အေး

ယခုတစ်ပတ် လားရှိုးဈေးကွက်မှာ ပြောင်းဈေးဆက်လက်ငြိမ်နေခဲ့ကြောင်း သိရပါတယ်။ ပြောင်းဈေးအနေနဲ့ ရက်သတ္တ ခြောက်ပတ်ဆက်တိုက် တစ်ပိဿာ ကျပ် ၄၂၀ (တစ်တန် ကျပ် ၂၅၇၂၀၀) နဲ့ ဆက်လက်ဈေးငြိမ်နေခဲ့ပါတယ်။ ယခင်တစ်ပတ်က ၃၄၄၆၂၅ ပိဿာနဲ့ အရောင်းအဝယ်ဖြစ်မှု ပမာဏကျဆင်းခဲ့သလို ယခုတစ်ပတ်မှာလည်း ၃၂၃၁၂၀၀ ပိဿာသာရှိခဲ့တာကြောင့် အရောင်းအဝယ်အေးနေခဲ့ပါတယ်။ သယ်ယူပို့ဆောင်ခအနေနဲ့ လားရှိုးမှ မူဆယ်အထိ ပြောင်း တစ်ပိဿာ ၂၉ ကျပ်ရှိကြောင်း လည်း သိရပါတယ်။

××××××××××××××××

## မုံရွာဈေးကွက်မှာ မတ်ပဲဈေးငြိမ်သော်လည်း ပဲစင်းငုံနီ ဈေးပြန်ကျ

ယခုတစ်ပတ် မုံရွာဈေးကွက်မှာ မတ်ပဲဈေးငြိမ်နေခဲ့ပေမယ့် ယခင်တစ်ပတ်က ဈေးတက်ခဲ့တဲ့ ပဲစင်းငုံနီဈေး ပြန်လည် ကျဆင်းခဲ့ပါတယ်။ မတ်ပဲဈေးက ယခင်တစ်ပတ်ဈေးအတိုင်း တစ်ပိဿာကျပ် ၁၄၅၀ (တစ်တန်ကျပ် ၈၈၇၉၆၀) နဲ့ ဆက်လက် ဈေးငြိမ်နေခဲ့ကြောင်း သိရပါတယ်။ မတ်ပဲကို မြို့ခံပဲခွဲစက်များက ပုံမှန်ဝယ်လိုအားရှိပြီး တစ်နေ့အိတ် ၃၀၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က တစ်ပိဿာ ကျပ် ၁၀၁၀ ထိဈေးမြင့်ခဲ့တဲ့ ပဲစင်းငုံနီက ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၉၉၀ (တစ်တန် ကျပ် ၆၀၆၂၆၀) နဲ့ ဈေးပြန်လည်ကျဆင်း ခဲ့ပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်နဲ့ လှော်လက်များက ဝယ်ယူခဲ့တာကြောင့် အိတ် ၇၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ ကြောင်းသိရပါတယ်။ အလားတူ ပဲတီစိမ်းလုံးကြီးကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၂၁၀၅ ကျပ်ထိ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၀၈၉ ကျပ် (တစ်တန် ကျပ် ၁၂၇၉၂၈၀)နဲ့ ဈေးဆက်လက်ကျဆင်းခဲ့ပါတယ်။ ပဲတီစိမ်းလုံးကြီးကို မန္တလေး တင်ပို့မည့်သူများက အရည်အသွေးပေါ်မူတည်၍ ဝယ်ယူခဲ့တာ ကြောင့် တစ်နေ့အိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါ တယ်။ ယခင်တစ်ပတ်က ကုလားပဲဖြူလုံးကြီး တစ်ပိဿာ ၂၁၀၆ ကျပ်နဲ့ ဈေးကျခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၁၃၂ ကျပ် (တစ်တန် ကျပ် ၁၃၀၅၆၁၀) နဲ့ ပြန်လည်ဈေးမြင့် တက်ခဲ့ပြီး မန္တလေး တင်ပို့မည့်သူများက ဝယ်ယူခဲ့ကြပါတယ်။ အလားတူ ကုလားပဲ(ထိုင်ဝမ်)ကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၁၉၄၇ ကျပ်နဲ့ ဈေးကျခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၉၇၄ ကျပ် (တစ်တန် ကျပ် ၁၂၀၈၈၅၀) နဲ့ ပြန်လည်ဈေးမြင့်ခဲ့ပြီး မြို့ခံပဲ ခွဲစက်များက ဝယ်ယူခဲ့ကြောင်း သိရပါတယ်။ အစေ့ထုတ်ပြောင်း ကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၄၂၉ ကျပ်သာရှိခဲ့ရာက ယခုတစ်ပတ်မှာတော့ တစ်ပိဿာ ၄၅၉ ကျပ် (တစ်တန်ကျပ် ၂၈၁၀၈၀) နဲ့ ဈေးမြင့်လာခဲ့ပြီး တစ်နေ့အိတ် ၂၀၀ ခန့် အရောင်း အဝယ်ဖြစ်ခဲ့ကြောင်းသိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ ပဲစင်းငုံနီဈေးကျပြီး မတ်ပဲ ဈေးငြိမ်

မန္တလေးဈေးကွက်မှာ ယခင်တစ်ပတ်က ဈေးတက်ခဲ့တဲ့ ပဲစင်းငုံနီဈေးကျခဲ့ပြီး မတ်ပဲဈေးဆက်လက်ငြိမ်နေ ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ၁၀၁၇ ကျပ်ထိ ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၉၉၂ ကျပ် (တစ်တန် ကျပ် ၆၀၇၄၉၀) နဲ့ ဈေးပြန်လည်ကျဆင်းခဲ့ ပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက်နဲ့ လှော်လက်များက ပုံမှန်ဝယ်ယူတာကြောင့် တစ်နေ့ အိတ် ၄၀၀ မှ ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ မတ်ပဲတစ်ပိဿာ ၁၄၆၇ ကျပ် (တစ်တန် ကျပ် ၈၉၈၃၇၀) နဲ့ ရက်သတ္တသုံးပတ်ဆက်တိုက်ဈေး ငြိမ်နေခဲ့ပြီး မြို့ခံပဲခွဲစက်များက တစ်နေ့အိတ် ၄၀၀ မှ ၄၅၀ ထိ ဝယ်ယူမှုရှိကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က ပဲတီစိမ်း (အညာ) ရွှေဝါ တစ်ပိဿာ ၂၂၀၄ ကျပ်နဲ့ ဈေးကျခဲ့သလို ယခု တစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၂၀၈၀ (တစ်တန်ကျပ် ၁၂၇၃၇၇၀) နဲ့ ဆက်လက်ဈေးကျဆင်းခဲ့ပါတယ်။ ပဲတီစိမ်း (အညာ) ရွှေဝါကို တရုတ်ဝယ်လက်က အဝယ်များတာကြောင့် တစ်နေ့အိတ် ၂၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရ ပါတယ်။ ဆီထွက်သီးနှံ နှမ်းမျိုးစုံအနက် ယခင်တစ်ပတ်က နှမ်း ဖြူထိပ်စတစ်ပိဿာ ၂၃၁၁ ကျပ်သာရှိခဲ့ ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၃၃၃ ကျပ် (တစ်တန်ကျပ် ၁၄၂၈၇၀၀)နဲ့ ဈေးမြင့် လာခဲ့ပါတယ်။ နှမ်းနက်ရိုးရိုးက ယခင်တစ်ပတ်ဈေး တစ်ပိဿာ ၂၁၁၁ ကျပ် (တစ်တန်ကျပ် ၁၂၉၂၇၅၀) အတိုင်း ဆက်လက် ဈေးငြိမ်နေခဲ့ပါတယ်။ နှမ်းနက်စမုံကလည်း ယခင်တစ်ပတ်က တစ်ပိဿာကျပ် ၂၈၀၀ ထိဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၅၃၃ ကျပ် (တစ်တန်ကျပ် ၁၅၅၁၁၈၀) နဲ့ ဈေးကျခဲ့ ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံအနေနဲ့ တစ်နေ့ကို အိတ် ၆၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲတီစိမ်းဈေးငြိမ်နေပြီး ပဲစင်းငုံနီဈေးကျ

ယခုတစ်ပတ် အောင်လံဈေးကွက်မှာ ပဲတီစိမ်းဆက်လက် ဈေးငြိမ်နေပြီး ပဲစင်းငုံနီက ဈေးပြန်လည်ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းဈေးက ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ၁၅၇၅ ကျပ် (တစ်တန်ကျပ် ၉၆၄၅၁၀) နဲ့ ရက်သတ္တသုံးပတ် ဆက်တိုက်ဈေးငြိမ်နေခဲ့ပါတယ်။ ယခင်တစ်ပတ်က ပဲစင်းငုံနီ တစ်ပိဿာ ကျပ် ၁၀၀၀ နဲ့ ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၉၈၅ ကျပ် (တစ်တန်ကျပ် ၆၀၃၂၀၀) နဲ့ ဈေးပြန်လည် ကျဆင်းခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ(ဟော်လန်) ကလည်း ယခင်တစ်ပတ်ဈေးအတိုင်း တစ်ပိဿာကျပ် ၁၉၅၀ (တစ်တန် ကျပ် ၁၁၉၄၁၆၀) နဲ့ ဆက်လက်ဈေးငြိမ်နေခဲ့ပါတယ်။ အလားတူ နှမ်းနီတစ်ပိဿာကျပ် ၂၀၀၀ (တစ်တန်ကျပ် ၁၂၂၄၇၈၀)၊ နှမ်းနက်ရိုးရိုးတစ်ပိဿာကျပ် ၂၁၁၀ (တစ်တန်ကျပ် ၁၂၉၂၁၄၀) နဲ့ ယခင်တစ်ပတ်ဈေးအတိုင်းဆက်လက်ဈေးငြိမ် နေခဲ့ပါတယ်။ ယခင်တစ်ပတ်က သိပ္ပံနှမ်းတစ်ပိဿာကျပ် ၂၅၈၀ ရှိခဲ့ရာက ယခုတစ်ပတ်မှာ တစ်ပိဿာ ၂၅၃၅ ကျပ် (တစ်တန် ကျပ် ၁၅၅၂၄၀၀) နဲ့ ဈေးကျဆင်းခဲ့ပါတယ်။ နှမ်းမျိုးစုံအနေနဲ့ တစ်နေ့အိတ် ၃၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းဈေးတက်ပြီး အရောင်းအဝယ်သွက်

ယခုတစ်ပတ်မူဆယ်ဈေးကွက်မှာ ပြောင်းဈေးတက်ခဲ့ ကြောင်း သိရပါတယ်။ ရက်သတ္တသုံးပတ်ဆက်တိုက်ပြောင်း ဈေး ၅၀ ကီလိုတစ်အိတ်ကို ယွမ် ၇၀ မှ ယွမ် ၈၀ သာရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ ၇၂ ယွမ်မှ ၈၂ ယွမ် (တစ်တန် ယွမ် ၁၄၄၀ မှ ယွမ် ၁၆၄၀) ထိ ဈေးမြင့်ခဲ့ပါတယ်။ တစ်ဖက်နိုင်ငံ သို့ တင်ပို့နိုင်မှုမှာလည်း ယခင်တစ်ပတ်က တန်ချိန် ၁၄၉၀၀ တင်ပို့ နိုင်ခဲ့သလို ယခုတစ်ပတ်မှာ တန်ချိန် ၁၅၀၀၀ ကျော် တင်ပို့နိုင် ခဲ့တာကြောင့် အရောင်းအဝယ်သွက်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီ ဈေးကျ

ယခုတစ်ပတ် မကွေးဈေးကွက်မှာ မတ်ပဲဈေးဆက်လက် ကျဆင်းခဲ့ပြီး ယခင်တစ်ပတ်ကပြန်လည်ဈေးမြင့်ခဲ့တဲ့ ပဲစင်းငုံနီ လည်း ဈေးကျခဲ့ပါတယ်။ ယခင်တစ်ပတ်က မတ်ပဲတစ်ပိဿာ ကျပ် ၁၄၄၀ ထိဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၁၄၁၀ (တစ်တန်ကျပ် ၈၆၃၄၆၀) ထိ ဈေးဆက်လက်ကျဆင်း ခဲ့ကြောင်းသိရပါတယ်။ အလားတူပဲစင်းငုံနီကလည်း ယခင် တစ်ပတ်က တစ်ပိဿာကျပ် ၁၀၀၀ နဲ့ပြန်လည်ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၉၈၅ ကျပ် (တစ်တန်ကျပ် ၆၀၃၂၀၀) နဲ့ ဈေးပြန်လည်ကျဆင်းခဲ့ပါတယ်။ ဆီထွက်သီးနှံနှမ်းမျိုးစုံအနေနဲ့ နှမ်းဖြူ(ထိပ်စ) ဈေးငြိမ်ခဲ့ပြီး ယခင်တစ်ပတ်ဈေးတစ်ပိဿာ ကျပ် ၂၃၈၀ ကျပ် (တစ်တန်ကျပ် ၁၄၅၇၄၈၀) နဲ့ အရောင်းအဝယ်ဖြစ် ခဲ့ပါတယ်။ နှမ်းနက်စမုံမှာ ယခင်တစ်ပတ်က တစ်ပိဿာ ၂၆၂၅ ကျပ်နဲ့ ဈေးကျခဲ့သလို ယခုတစ်ပတ်မှာလည်း တစ်ပိဿာ ကျပ် ၂၄၇၀ (တစ်တန်ကျပ် ၁၅၁၂၆၀၀) နဲ့ ဆက်လက်ဈေးကျခဲ့ ကြောင်းသိရပါတယ်။

××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲနဲ့ အစေ့ထုတ်ပြောင်း ဈေးတက်

ယခုတစ်ပတ် ဟသ်ာတဈေးကွက်မှာ မတ်ပဲဈေးပြန်လည် တက်ရိပ်ပြခဲ့သလို အစေ့ထုတ်ပြောင်းလည်း ဈေးတက်ခဲ့ ကြောင်း သိရပါတယ်။ ယခင်တစ်ပတ်အထိ မတ်ပဲ တစ်ပိဿာ ကျပ် ၁၄၄၀ နဲ့ ဈေးကျခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၅၄၅ ကျပ် (တစ်တန် ကျပ် ၉၄၆၁၄၀) နဲ့ ပြန်လည်ဈေးမြင့် လာခဲ့ကြောင်းသိရပါတယ်။ ရန်ကုန်မှာ မတ်ပဲဈေးမြင့်လာတာ ကြောင့် ဟသ်ာတဈေးကွက်မှာလည်း ဈေးမြင့်လာတာတွေ့ရ ပါတယ်။ ရန်ကုန်ဝယ်လက်နဲ့ ဝယ်ရောင်းကုန်သည်တွေက ဝယ်လိုအားကောင်းတာကြောင့် တစ်နေ့အိတ် ၄၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ အလားတူ အစေ့ ထုတ်ပြောင်းကလည်း ယခင်တစ်ပတ်က တစ်ပိဿာ ၄၀၅ ကျပ် ထိဈေးကျခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာကျပ် ၄၅၀ (တစ်တန်ကျပ် ၂၇၅၅၇၀) နဲ့ ဈေးမြင့်လာခဲ့ပြီး တစ်နေ့အိတ် ၃၀၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ စီပီပြောင်းဈေးတက်

ယခုတစ်ပတ် တောင်ကြီးဈေးကွက်မှာ စီပီပြောင်းဈေး မြင့်တက်ခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်ကစီပီပြောင်း တစ်ပိဿာကျပ် ၃၆၀ သာရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာ တစ်ပိဿာ ကျပ် ၄၂၀ (တစ်တန်ကျပ် ၂၅၇၂၀၀) နဲ့ ဈေးမြင့် လာခဲ့ကြောင်း သိရပါတယ်။

# ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့အောင် ကူညီဆောင်ရွက်ပေးခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ဘားအံမြို့တွင်ကျင်းပ

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် DANA Facility တို့ပူးပေါင်းပြီး ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့အောင် ကူညီဆောင်ရွက်ပေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကရင်ပြည်နယ် ဘားအံမြို့ရှိ သီရိဘားအံဟိုတယ်၌ ဇွန် ၁၄ ရက်ကကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ကြိုဆိုနှုတ်ခွန်းဆက်အမှာစကား ပြောကြားခဲ့ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက အဖွင့်အမှာစကားပြော ကြားခဲ့ပါသည်။ ယင်းနောက် DEID ကိုယ်စားလှယ်နှင့် UNESCAP အဖွဲ့ Trade Investment and Innovation Division၏ Business and Development ၏အကြီးအကဲ Mr. Marc Proksch တို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) မှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု အခြေအနေအား ရှင်းလင်းပြောကြားခဲ့ပါသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ ပထမနေ့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) မှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ရင်းနှီးမြှုပ်နှံမှုအား ဆွဲဆောင်ရန်အတွက် မကြာသေးမီကချမှတ်ဆောင်ရွက်နေသည့် အထွေထွေမူဝါဒနှင့် ဥပဒေမူဘောင်များ၊ ဦးတည်နေသည့် လမ်းကြောင်းတို့နှင့် စပ်လျဉ်းပြီး အောက်မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရာ၌ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် အခက်အခဲများကို ဖြေရှင်းပေးရန် လိုအပ်သည့်အားလျော်စွာ ၎င်းကိစ္စရပ်များအားအစိုးရ၏ ရှုထောင့်အမြင်ဖြင့် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။




World Bank Group မှ ဦးသစ္စာကရင်းနှီးမြှုပ်နှံမှုဥပဒေ၏ နယ်ပယ်အတိုင်းအတာနှင့်ပတ်သက်သော အကြောင်းအရာများကို ဆွေးနွေးခဲ့ပါသည်။ ထို့နောက် DANA Facility မှ Peter Brimble က ကမ္ဘာ့ဈေးကွက်အတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) အမျိုးအစားများ၏ အခြေခံသဘောတရားများနှင့် မြန်မာနိုင်ငံအတွက် FDI အလားအလာများအကြောင်း၊ ESCAP မှ Mr.Marc Proksch က မြန်မာနိုင်ငံအောက်ပိုင်းရှိတိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွက် ရေးဆွဲရန် (သို့မဟုတ်) ပိုမို ကောင်းမွန်စေရန် လိုအပ်သည့် မူဝါဒများနှင့် ဥပဒေအကြောင်း၊ အလုံးစုံသော မူဝါဒမူဘောင် ညှိနှိုင်းပေါင်းစပ်ခြင်း၊ တိုင်ပင်ဆွေးနွေးမှုစနစ်များ အကြောင်း၊ ဒေသတွင်း ယှဉ်ပြိုင်နိုင်စွမ်းနှင့် သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဖန်တီးမှုစွမ်းရည်များကို မြင့်မားလာစေရေးအတွက် သီးခြားမူဝါဒများချမှတ်ခြင်း၊ နိုင်ငံခြားနှင့် ပြည်တွင်းလုပ်ငန်းများအကြား ချိတ်ဆက်မှုများကို အားကောင်းစေမည့် မူဝါဒများအကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် FDI အား ဆွဲဆောင်နိုင်သည့် မူဝါဒများအကြောင်းတို့ကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မိမိတိုင်းဒေသကြီး/ပြည်နယ်အချင်းချင်း အဖွဲ့ခွဲ၍ အဖွဲ့အသီးသီးတွင် စဉ်းစားအဖြေရှာရမည့် အခြေအနေ၊ မိမိတို့ဒေသနှင့် ကိုက်ညီသင့်လျော်မည့် ရင်းနှီးမြှုပ်နှံသူများရောက်ရှိလာအောင် ဆွဲဆောင်နိုင်ရန်အတွက် ဖြေရှင်းဆောင်ရွက်ရမည့် အဓိကကိစ္စရပ်များအား အဖွဲ့လိုက်ဆွေးနွေးခဲ့ရာ ESCAP မှ Marc Proksch နှင့် DANA Facility မှ Peter Brimble တို့က ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၏ ရင်းနှီးမြှုပ်နှံမှုကော်မတီများမှ ကိုယ်စားလှယ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) မှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၏ မြန်မာနိုင်ငံအောက်ပိုင်းမှ Trade Center တာဝန်ခံများ၊ ပုဂ္ဂလိက ကဏ္ဍမှ ကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲအား ဇွန် ၁၄ ရက်မှ ၁၆ ရက်ထိကျင်းပခဲ့ကြောင်း သတင်းရရှိပါသည်။ **ခင်မောင်မောင်အုန်း**

# ကယားပြည်နယ်အခြေပြု အလုံးစုံပါဝင်သော ခရီးသွားလုပ်ငန်းစီမံချက်ကြီးကြပ်မှုကော်မတီ၏ ပဉ္စမအကြိမ်အစည်းအဝေးကျင်းပ

မြန်မာနိုင်ငံ အမျိုးသားပို့ကုန်မဟာဗျူဟာ၏ ဦးစားပေးကဏ္ဍများအနက် ဝန်ဆောင်မှုကဏ္ဍတစ်ခုဖြစ်သည့် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ကယားပြည်နယ် အခြေပြု အလုံးစုံပါဝင်သော ခရီးသွားလုပ်ငန်းစီမံကိန်းကို နယ်သာလန်နိုင်ငံ၊ ဖွံ့ဖြိုးဆဲနိုင်ငံများမှ သွင်းကုန်မြှင့်တင်ရေးဗဟိုဌာန (CBI) မှ Netherlands Trust Fund(III) ၏ ရန်ပုံငွေထောက်ပံ့မှု၊ နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (ITC) ၏ နည်းပညာအကူအညီဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာမှစတင်၍ ကယားပြည်နယ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၁၇ခုနှစ် ဇူလိုင်တွင် စီမံကိန်း နောက်ဆုံးအဆင့်အပြီးသတ်ကာလသို့ ရောက်ရှိလာပြီဖြစ်ပါသည်။

စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ခြုံငုံသုံးသပ်ဦးဆောင် လမ်းညွှန်မှုပြုနိုင်ရန်နှင့် ထိရောက်စွာ ကြီးကြပ်ကွပ်ကဲနိုင်ရန်အတွက် ကယားပြည်နယ်အခြေပြု အားလုံးပါဝင်သော ခရီးသွားလုပ်ငန်း စီမံချက်ကြီးကြပ်မှုကော်မတီ (Project Steering Committee)ကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး အစည်းအဝေးကို ခြောက်လတစ်ကြိမ် ကျင်းပပြုလုပ်ခဲ့ရာ ယခုအခါ ပဉ္စမအကြိမ်သို့ ရောက်ရှိလာပြီဖြစ်ပါသည်။

ပဉ္စမအကြိမ် ခရီးသွားလုပ်ငန်းစီမံချက် ကြီးကြပ်မှုကော်မတီ အစည်းအဝေးကို ဇွန် ၁၆ ရက်တွင် ရန်ကုန်မြို့ရှိစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၌ ကျင်းပခဲ့ရာ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး တက်ရောက်အမှာစကားပြောကြားခဲ့ပြီး သက်ဆိုင်ရာဌာနများ၊ ခရီးသွားလုပ်ငန်း အသင်းအဖွဲ့များ၊ CBI နှင့် ITC တို့မှ ကော်မတီအဖွဲ့ဝင် ကိုယ်စားလှယ်များအပါအဝင် စုစုပေါင်း ၂၅ ဦးခန့်တက်ရောက်ခဲ့ကြပါသည်။

ကယားပြည်နယ် အခြေပြုအလုံးစုံ ပါဝင် သော ခရီးသွားလုပ်ငန်းစီမံကိန်းကို ကယားပြည်နယ်အတွင်းရှိ ခရီးသွားလုပ်ငန်းရှင်များ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သောကုန်စည်များနှင့် ဝန်ဆောင်မှုပံ့ပိုးသူများ၏ ပို့ကုန်အရည်အသွေး မြှင့်တင်နိုင်စေရန်၊ ခရီးသွားလုပ်ငန်းအသင်းအဖွဲ့များနှင့် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်လုပ်ငန်းများကို ၎င်းတို့၏ ဖောက်သည်များသို့ အထောက်အကူပြုဝန်ဆောင်မှုပေးခြင်းဆိုင်ရာ လုပ်ငန်းကဏ္ဍဖွံ့ဖြိုးရေး စွမ်းဆောင်ရည်မြှင့်တင်နိုင်စေရန်နှင့် စီးပွားရေးလုပ်ငန်းချိတ်ဆက်မှုများနှင့် ပူးပေါင်းဖန်တီးဆောင်ရွက်မှုတိုးမြှင့်နိုင်စေရန်ဟူသည့် ရည်ရွယ်ချက်သုံးရပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ထိုက်သင့်သောအောင်မြင်မှုများရရှိပြီး နိုင်ငံတကာနှင့် အာဆီယံဆိုင်ရာ ဆုတံဆိပ်များရရှိခဲ့ကြောင်းသိရှိရပါသည်။

ထိုသို့ ရလဒ်ကောင်းများကြောင့် CBI မှ ခရီးသွားလုပ်ငန်း စီမံကိန်းအသစ်တစ်ခု ထပ်မံအကောင်အထည်ဖော်နိုင်ရန် ကျွမ်းကျင်သူများက ဖြစ်နိုင်ခြေလေ့လာဆန်းစစ်မှုများ (Feasibility Study) ပြုလုပ်ထားသည့် ကယားပြည်နယ်အပါအဝင် ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့အတွက် အသေးစိတ်ထပ်မံဆွေးနွေး၍ ရွေးချယ်ကာ ပေးအပ်သွားရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိ ပါသည်။

**မြတ်မြတ်စိုးမိုး(Myantrade)**

# မော်လမြိုင်မြို့ ရာမညကုန်သွယ်မှုဗဟိုဌာနတွင် ဒေသထွက်သီးနှံနှင့် ကုန်စည်ပြပွဲ ကျင်းပ

မော်လမြိုင်မြို့၊ ရာမညကုန်သွယ်မှုဗဟိုဌာနတွင် ဒေသထွက်သီးနှံနှင့် ကုန်စည်ပြပွဲကို ဇွန် ၉ ရက်က ကျင်းပခဲ့ရာ မွန်ပြည်နယ်၊ လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ မွန်ပြည်နယ်တရားသူကြီးချုပ် ဦးခင်မောင်ကြီး၊ ဥပဒေချုပ် ဒေါ်အေးအေးမိုး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူး ဦးမျိုးသူ၊ မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MFVP) ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်၊ အသင်းအဖွဲ့အသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ စီးပွားရေးလုပ်ငန်းရှင်များ အပါအဝင် စုစုပေါင်း ၁၂၀ ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

အဆိုပါကုန်စည်ပြပွဲတွင် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ရာ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူး ဦးမျိုးသူက ပို့ကုန်မြှင့်တင်ရေးနှင့်ပတ်သက်သော အချက်အလက်များအား လည်းကောင်း၊ မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း (MFVP) ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က Good Agriculture Practice-GAP နှင့် ပတ်သက်သည့် အကြောင်းအရာများအားလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဒေသထွက်သီးနှံနှင့်ကုန်စည်ပြပွဲကို ဇွန်လ ၉ ရက်နေ့ ၁၁ ရက်နေ့အထိ ကျင်းပခဲ့ပြီး ကုမ္ပဏီ ၂၀ မှ ပြခန်းပေါင်း ၅၀ ဝင်ရောက်ပြသခဲ့ပါသည်။ ပြပွဲတွင် ရော်ဘာနှင့်ပြုလုပ်သည့် ပရိဘောဂများ၊ ဆန်၊ ဓာတ်မြေဩဇာ၊ ဒေသထွက်သီးနှံ၊ စားသောက်ကုန်ပစ္စည်းများ၊ လက်မှုပစ္စည်းများနှင့် ပျိုးပင်၊ ပန်းမန်၊ ပန်းအလှပင်များလည်း ပါဝင်ပြသခဲ့ကြောင်း သတင်းရရှိပါသည်။ **MTC-YGN**

# မူဆယ်ကုန်သွယ်ရေးဇုန်မှ မေလကုန်သွယ်မှု လျာထားချက်အပေါ် ရာခိုင်နှုန်းကျော်လွန်ဆောင်ရွက်

မြန်မာ-တရုတ် နယ်စပ်ရှိမူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ၂၀၁၇ မေလအတွင်း ပို့ကုန်အမေရိကန်ဒေါ်လာ ၂၈၅ ဒသမ ၃၃၂ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၁၅၈ ဒသမ ၅၀၉ သန်း ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄၄၃ ဒသမ ၈၄၁ သန်း ဆောင်ရွက်ခဲ့ပြီး လျာထားချက်မှာ အမေရိကန်ဒေါ်လာသန်း ၄၂၀ ဖြစ်သဖြင့် လျာထားချက်အပေါ် ၁၀၆ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

ယခင်နှစ်ကာလတူဖြစ်သော ၂၀၁၆ မေလနှင့် နှိုင်းယှဉ်ပါက ပို့ကုန်တွင် အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၂၂၈ သန်း လျော့ နည်းပြီး သွင်းကုန်တွင် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၇၆၁ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့သဖြင့် ကုန်သွယ်မှုပမာဏတွင် အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၄၆၇ သန်းလျော့နည်းခဲ့ကြောင်း တွေ့ရပါသည်။ ပို့ကုန်တင်ပို့မှု အနေဖြင့် လယ်ယာထွက်ကုန်၊ ရေထွက်၊ သတ္တု၊ တွင်းထွက်နှင့် အခြားပစ္စည်းအုပ်စု တင်ပို့မှုမှာ ယခင်နှစ် မေလထက် ပိုမိုခဲ့သော်လည်း စက်မှုကုန်ချောပစ္စည်း တင်ပို့မှုတွင် တစ်ဖက်တရုတ်နိုင်ငံမှ သကြားကားများကို ဖမ်းဆီးအရေးယူမှုများကြောင့် ယခင်နှစ်ထက် ပို့ကုန်တင်ပို့မှုပိုင်းတွင် လျော့နည်းရခြင်း ဖြစ်ပါသည်။

သွင်းကုန် တင်သွင်းမှုအနေဖြင့် ရင်းနှီးမြှုပ်နှံမှုပစ္စည်း၊ လုပ်ငန်းသုံး ကုန်ကြမ်းနှင့် လူသုံးကုန်ပစ္စည်း တင်သွင်းမှုအားလုံး ယခင်နှစ် မေလထက် ပိုမိုခဲ့သဖြင့် သွင်းကုန်ပိုင်းတွင် ပိုမို ရခြင်းဖြစ်ပါသည်။

အနီးစပ်ဆုံးကာလဖြစ်သည့် ဧပြီလနှင့် နှိုင်းယှဉ်ပါက ပို့ကုန်တွင် အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၃၉၀ သန်း၊ သွင်းကုန်တွင် အမေရိကန်ဒေါ်လာ ၃၄ ဒသမ ၁၈၀ သန်း၊ ကုန်သွယ်မှုပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ ၇၃ ဒသမ ၅၇၀ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။

ပို့ကုန်တင်ပို့မှုတွင် သတ္တုတွင်းထွက်ပစ္စည်းနှင့် တိရစ္ဆာန်ထွက်ပစ္စည်း အုပ်စုတင်ပို့မှုလျော့နည်းခဲ့သော်လည်း လယ်ယာထွက်၊ ရေထွက်၊ သစ်တောထွက်၊ စက်မှုကုန်ချောနှင့် အခြားပစ္စည်းအုပ်စုများ တင်ပို့မှုတွင် ပိုမိုခဲ့သဖြင့် ပို့ကုန်ပိုင်းတွင် ဧပြီလထက် ပိုမိုရခြင်းဖြစ်ပါသည်။

သွင်းကုန်တင်သွင်းမှုတွင်လည်း ရင်းနှီးမြှုပ်နှံမှု ပစ္စည်းအုပ်စုတွင် ယာဉ်နှင့် ယာဉ်အပိုပစ္စည်းများ၊ ဝါယာကြိုးများ တင်သွင်းမှု လျော့နည်းခဲ့သော်လည်း စက်နှင့် စက်ပစ္စည်းများ၊ ဆိုင်ကယ် အပိုပစ္စည်းများ ပိုမိုတင်သွင်းနိုင်ခဲ့သလို လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းနှင့် လူသုံးကုန်ပစ္စည်း တင်သွင်းမှုများ ပိုမိုခဲ့သဖြင့် သွင်းကုန်ပိုင်းတွင် ဧပြီလထက် ပိုမိုရခြင်းဖြစ်ပါသည်။

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ကုန်သွယ်မှုပမာဏ လျာထားချက်အပေါ် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်နိုင်ရန် ပို့ကုန်၊ သွင်းကုန် လုပ်ငန်းစဉ်များ ပိုမိုလွယ်ကူလျင်မြန်ချောမွေ့စေရန်၊ ပို့ကုန်တင်ပို့မှုများတွင်လည်း အမယ်သစ်များ တိုးချဲ့တင်ပို့နိုင်ရေးအတွက် လစဉ် ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေး များတွင် လုပ်ငန်းရှင်ကုန်သည်များအား ဆွေးနွေးပြောကြားခြင်း၊ တရားမဝင် တင်သွင်းမှု မရှိစေရန် သတင်းယူပြီး တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ OSS အဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲများဖြင့် စနစ်တကျ ပေါင်းစပ်ညှိနှိုင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားပါသည်။

**မော်မော်အောင်**

# မန္တလေး၊ မုံရွာ ဈေးကွက်သို့ ကသာခရိုင်ဒေသထွက် ဝါးမျှစ်များ အများအပြားတင်ပို့

မန္တလေးနဲ့ မုံရွာဈေးကွက်သို့ ကသာခရိုင်ဒေသထွက် ဝါးမျှစ်များအား အများအပြား တင်ပို့လျက်ရှိကြောင်း ဈေးကွက်မှ သိရပါတယ်။

ကသာခရိုင်မှာ နှစ်စဉ် မုတ်သုံမိုးနဲ့အတူ ဝါးမျှစ်များ ပေါ်လာပြီဖြစ်လို့ ဒေသခံတောင်သူများဟာ တောထဲသို့ ဝင်ရောက်ပြီး တစ်ပိုင်တစ်နိုင် မျှစ်ချိုးရောင်းနေတာ တွေ့ရပါတယ်။ မျှစ်ကုန်သည်များဟာ ကားလမ်းဘေးမှာ အဝယ်ဒိုင်ဖွင့်ပြီး ဝယ်ယူလျက်ရှိကာ မန္တလေး၊ ရွှေဘိုနဲ့မုံရွာ ဈေးကွက်များသို့ နေ့စဉ် တင်ပို့လျက်ရှိပါတယ်။

ကသာခရိုင်ထွက်ဝါးမျှစ်များဟာ ပျော့ပြောင်းပြီး နူးညံ့တဲ့အတွက် လူကြိုက်များကြောင်း သိရပါတယ်။ ဇွန်လ မျှစ်ပေါ်စမှာ မျှစ်ပြုတ် တစ်ပိဿာကို ကျပ်ရှစ်ရာ ပေးဝယ်ပါတယ်။ နဘားတောကို အခြေခံပြီး ကမ်းနီရွာ ကားလမ်းဘေးမှာရှိတဲ့ အိမ်တစ်အိမ်မှာ အဝယ် ဒိုင်ဖွင့်ထားကာ ဝယ်ယူလျက်ရှိပါတယ်။

“ပေါ်စမှာ မျှစ်အဝင်နည်းတယ်။ တစ်နေ့ ပိဿာ ငါးရာပဲ ဝင်တယ်။ မန္တလေး၊ ရွှေဘိုနဲ့မုံရွာ ဈေးကွက်ကို မျှပို့တယ်။ မန္တလေး၊ မုံရွာဈေးကွက်မှာ တစ်ပိဿာကို ကျပ် ၁၅၀၀ ရပါတယ်။ ကားသယ်ခနုတ်ပြီး သုံးရာကျပ် အမြတ်ကျန်ပါတယ်။ မျှစ်ချိုးတောင်သူတစ်ယောက်ဟာ တစ်ရက်ကို ကျပ် ငါးထောင်နီးပါး ဝင်ငွေရှိတယ်။ မနှစ်က ဒီရွာမှာ မျှစ်ပိဿာ နှစ်သောင်းကျော် ထွက်တယ်။ ဒီလုပ်ငန်းတစ်ခုတည်းကပဲ ကျပ်သိန်းနှစ်ဆယ်ကျော် ဝင်ငွေရကြပါတယ်”လို့ မျှစ်ကုန်သည် ဒေါ်နွဲ့က ပြောပါတယ်။

ယခင်နှစ်က ကသာခရိုင် အင်းတော်မြို့နယ်မှာ မျှစ်ပိဿာ လေးသောင်းကျော် ဝယ်ယူရရှိခဲ့ကြောင်း၊ တခြားမြို့နယ်တွေ မှာလည်း မျှစ်ပိဿာချီန် သောင်းဂဏန်းခန့် ဝယ်ယူရရှိကြောင်း၊ ကသာခရိုင်မှာ မိုးတွင်းကာလ မျှစ်ရောင်းရတဲ့အတွက် ဒေသခံတောင်သူများအနေနဲ့ အပိုဝင်ငွေများ ရရှိခဲ့ကြကြောင်း မျှစ်ကုန်သည်များထံမှ သိရပါတယ် ။

**ကြည်နိုင်ဦး(အင်းတော်)**

# ထိုင်းနယ်စပ်မှ ရေထွက်ကုန်များ ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇွန်လ ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၅၀ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၃၁၇၄ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၂၀၇၄ တန်သာ တင်ပို့ ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန်ချိန် ၁၁၀၀ ခန့် ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ မြိတ်ကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်များ လျော့နည်းတင်ပို့ခဲ့သော်လည်း မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်များပိုမို တင်ပို့ခဲ့တဲ့အတွက်ကြောင့်ဖြစ်တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက မြဝတီ ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၀၆ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ကဏန်း၊ ပုစွန်တို့ကို ၇၄ တန်၊ ကော့သောင်းကုန်သွယ်ရေး စခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၉၃ သန်း တန်ဖိုးရှိ ငါးမျိုးစုံ၊ ပုစွန်၊ ကင်းမွန်၊ ကဏန်း၊ ရေဘဝဲနဲ့ အခြားရေထွက်ကုန်တို့ကို ၁၅၅၁ တန်၊ မြိတ် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၅၁ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ငါးမှုန့်၊ ကင်းမွန်၊ ပုစွန်၊ ပြည်ကြီးငါး၊ သဲကဏန်း တို့ကို ၁၅၄၈ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# မူဆယ်မှသကြားပိုမိုတင်ပို့ပြီး ချင်းရွှေဟော်မှ လျော့နည်းတင်ပို့

မြန်မာ- တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဇွန် ၃ ရက်မှ ၉ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၆၃၃ သန်း တန်ဖိုးရှိ Re-export သကြား၁၆၄၃၄ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၈၀၉၈ တန်နဲ့ နှိုင်းယှဉ်ပါက ၈၃၃၆ တန် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ သကြားတစ်တန်ကို ကျပ် ၇၈၇၈၀၀ ရှိပြီး တစ်ဖက်နိုင်ငံဝယ်ဈေးမှာ ၄၀၄၀ ယွမ်ရှိကြောင်း၊ တရုတ်နိုင်ငံတွင် ကြံစိုက်တောင်သူတွေက တန်ဖိုးကြီးတဲ့အခြားသီးနှံတွေကို ပြောင်းလဲစိုက်ပျိုးလာကြသဖြင့် သကြားအထွက်နှုန်း လျော့ကျခြင်း၊ မြန်မာနိုင်ငံမှ နယ်စပ်ကုန်သွယ်ရေးနဲ့ တင်သွင်းလျှင် အခွန်နှုန်းထားသက်သာခြင်းတို့ကြောင့် တရုတ်ကုန်သည်များဟာ မြန်မာနိုင်ငံမှ သကြားကို နေ့စဉ် တန်ချိန် သုံးထောင်ခန့် ဝယ်ယူနေကြကြောင်း မူဆယ်ကုန်စည်ဒိုင် မှ သိရပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၀၉ သန်းတန်ဖိုးရှိ Re-export သကြား ၅၆၅၂ တန်ကျော်ကို ထိုင်းနိုင်ငံမှ တင်သွင်းလာခဲ့ရာ ယခင်တစ်ပတ်က တင်သွင်းခဲ့တဲ့ ၂၃၇၀ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၃၂၈၁ တန်ကျော် ပိုမိုတင်သွင်းလာခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# အိန္ဒိယနယ်စပ်မှ ကွမ်းသီးတင်ပို့မှုလျော့ကျ

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇွန် ၃ ရက်မှ ၉ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၅၂၉ သန်း တန်ဖိုးရှိကွမ်းသီး ၆၅၃ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန်ချိန် ၁၃၁၀ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၆၅၇ တန် လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးပိုမိုတင်ပို့ခဲ့သော်လည်း ရိဒ်ကုန်သွယ်ရေးစခန်းမှ တင်ပို့မှုကျဆင်းခဲ့တဲ့အတွက် ဖြစ်တယ်လို့ သိရပါတယ်။

တမူးကုန်သွယ်ရေးစခန်းမှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၃၃၂ သန်းတန်ဖိုးရှိ စီးကရက်၊ အုန်းသီး၊ ပန်းသီး၊ သရက်သီးနဲ့ နန့်ဖာလုံ အမယ်စုံတို့ကို ၃၁၁ တန်၊ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၂ သန်းတန်ဖိုးရှိ စီးကရက် ခုနစ်တန်ခွဲကို တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# ပြည်တွင်းသို့ ဆိုင်ကယ်များပိုမိုတင်သွင်း

တရုတ်၊ ထိုင်းနဲ့အိန္ဒိယနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဇွန် ၃ ရက်မှ ၉ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၇၂၀ သန်းတန်ဖိုးရှိ ဆိုင်ကယ်မျိုးစုံ ၁၁၅၈၀ စီးကို တင်သွင်းခဲ့ပါတယ်။ ယခင်တစ်ပတ်က ၈၁၀၉ စီးသာ တင်သွင်းခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၃၄၇၁ စီး ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါ တယ်။

တင်သွင်းမှုကိုကြည့်ပါက မူဆယ်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၄၆ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၉၈၅၇ စီး၊ မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၂၀ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၅၀၄ စီး၊ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၅၅ သန်းတန်ဖိုးရှိ ဆိုင်ကယ်အစီး ၂၀၀၊ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၆ သန်းတန်ဖိုးရှိ ဆိုင်ကယ် ၁၉ စီးကို တင်သွင်းခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

# မူဆယ်မှ ရေထွက်ကုန်တန်ချိန်ရော တန်ဖိုးပါ လျော့နည်းတင်ပို့

မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဇွန် ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၇၃ သန်းတန်ဖိုးရှိ ရေထွက်ကုန်တန်ချိန် ၁၀၀၇ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင် တစ်ပတ်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၆၂ သန်း တန်ဖိုးရှိ ရေထွက်ကုန်တန် ၁၁၇၀ ကျော်တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ တန်ချိန်အားဖြင့် တန် ၁၆၀ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ သုညဒသမ ၄၈၉ သန်း လျော့နည်းခဲ့ပါတယ်။

ယခုတစ်ပတ်တွင် ယခင်တစ်ပတ်က တင်ပို့မှုမရှိခဲ့တဲ့ ပုစွန်၊ငါးခြောက်၊ ငါးပူတင်းအရေခွံခြောက်တို့ တင်ပို့ခဲ့ပေမယ့် အခြားရေထွက်ပစ္စည်းများ တင်ပို့မှု လျော့နည်းခြင်းကြောင့် တန်ချိန်ရော တန်ဖိုးပါ လျော့နည်းရခြင်းဖြစ်ကြောင်း၊ တစ်ဖက်နိုင်ငံ ဝယ်ဈေးမှာ ငါးရှဥ့်ရော ကဏန်းဈေးပါ ပြောင်းလဲမှုမရှိကြောင်းသိရပါတယ်။

**မော်မော်အောင်**



# မုံရွာက ချက်ဆီ

|လင်းသူ|

စစ်ကိုင်းတိုင်းဒေသကြီး၏ စီးပွားရေးမြို့တော် မုံရွာမြို့သို့ ယခုလပိုင်းအတွင်း ခရီးရောက်ဖြစ်ခဲ့ပါသည်။ မုံရွာသို့ရောက်နေစဉ် ယွန်းထည်လုပ်ငန်းများဖြင့် နာမည်ကျော်သော ကျောက္ကာကျေးရွာကို ခရီးထဲမှ ခရီးအဖြစ် ခြေဆန့်ဖြစ်ပါသည်။ ကျောက္ကာကျေးရွာမှာ တောင်ရွာနှင့်မြောက်ရွာဟူ၍ နှစ်ပိုင်းခွဲထားသည်။ ရွှေဂူနီ ဘုရားကြီး၏ တောင်ဘက်မှရွာကို ကျောက္ကာတောင်ရွာဟုခေါ်ပြီး မြောက်ဘက်မှရွာကို ကျောက္ကာမြောက်ရွာဟု အမည်ပေးထားသည်။ မြန်မာသံအဆိုရှင်သန်းထွန်းလေးသည် ကျောက္ကာတောင်ရွာသားဖြစ်သည်။ တောင်ရွာ နှင့် မြောက်ရွာ နှစ်ရွာပေါင်းပြီး ယွန်းထည်လုပ်ငန်းကို လုပ်ကိုင်ကြသည်။ တောင်ရွာဘက်ခြမ်းမှ ယွန်းထည် အကြမ်းကို လုပ်ကိုင်ပြီး ယင်းယွန်းထည်ကို မြောက်ရွာမှ အချောထည်အဖြစ်သို့ပြုလုပ်ခြင်းဖြစ်သည်။ ကျောက္ကာကျေးရွာတွင် ယွန်းထည်လုပ်ငန်းအပြင် တွင်းထွက်ရေနံစိမ်းကို ဓာတ်ဆီ၊ ဒီဇယ်အဖြစ်သို့ ချက်လုပ်သည့်လုပ်ငန်း တစ်ခု လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ ခေတ်မီသည့် နည်းစနစ်များဖြင့် မဟုတ်ဘဲ ရိုးရာနည်းလမ်းများသုံးပြီး ဆောင်ရွက် နေခြင်းဖြစ်သည်။ ကျောက္ကာရွာသို့ ရောက်ခိုက် ချက်ဆီပြုလုပ်ခြင်း ရောင်းချဖြန့်ဖြူးခြင်းများကို လေ့လာဖြစ်ခဲ့ပါသည်။

**ရေနံကုန်ကြမ်း**

ဒီဇယ်၊ ဓာတ်ဆီဖြစ်စေရန် ရေနံကုန်ကြမ်းများကို အသုံးပြုထုတ်လုပ်ရခြင်းဖြစ်သည်။ ရေနံကို မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်း ရေနံမှော်များမှ ဝယ်ယူရရှိခြင်းဖြစ်သည်။ မင်းလှမြို့နယ်မှ ဒဟတ်ပင် ကျေးရွာနှင့် နီးနားရွာများတွင် ရေနံတွင်းတူးသည့်လုပ်ငန်းများစွာရှိသည်။ ယင်းလုပ်ငန်းများထံမှ ကုန်သည်များမှတစ်ဆင့် ပြန်လည်ဝယ်ယူသိုလှောင်ပြီး ရေနံစိမ်းချက်လုပ်သည့် ဒေသများသို့ ပို့ဆောင်ရောင်းချကြခြင်းဖြစ်သည်။ ရောင်းချရာတွင် အရောက်ပို့စနစ်ဖြင့် ဆီတင်ကားကြီးများကို အသုံးပြုပို့ဆောင်ကြခြင်းဖြစ်သည်။ ရေနံတူးသည့် လုပ်ငန်းများရှိရာနေရာကို မှော်ဟုခေါ်ကြသည်။ ရေနံကို အကြဲနှင့်အပျစ်ဟူ၍ နှစ်မျိုးခွဲထားသည်။ အကြဲကဈေးပိုပေးရသည်။

အကြဲကို ဆီပြန်ချက်သည့်အခါ အပျစ်ထက် ဆီထွက် ပိုရသောကြောင့် ဈေးပိုပေးရခြင်းဖြစ်သည်။ ရေနံမှော်အတွင်းဆီဈေးနှုန်းမှာ ဆီအကြဲတစ်ပီပါလျှင် ၆၃၀၀၀ ကျပ်၊ အပျစ်တစ်ပီပါလျှင် ကျပ် ၆၀၀၀၀ ဖြစ်သည်။ မုံရွာသို့ ဆီတင်ပို့ခအဖြစ် မှော်ထဲမှ မုံရွာကျောက္ကာရွာအရောက် တစ်ပီပါ တစ်သောင်းကျပ် ပေးရသည်။ ဆီကုန်ကြမ်းဖိုး၊ အလုပ်သမားခ၊ သယ်ယူပို့ဆောင်စရိတ်တို့ကို တွက်ချက်ပြီး ပြန်လည်ရောင်းချခြင်းဖြစ်သည်။ ဆီကုန်ကြမ်းများကို တင်ပို့သည့်အခါ ဆီဘောက်ဆာများဖြင့် သော် လည်းကောင်း၊ ၁၂ ဘီးတွဲကားများဖြင့်သော်လည်းကောင်း သယ်ယူပို့ဆောင်ခြင်းဖြစ်သည်။ ၁၂ ဘီးကားတစ်စီးတွင် ဆီအပျစ် ပီပါ ၉၂ လုံး တင်ဆောင်နိုင်သည်။ ဆီအပျစ်နှင့် အကျဲတွင် အလေးချိန်ကွာခြားမှုရှိသည်။ ဆီအကျဲဆိုလျှင် အလေးချိန်လျော့သည့်အတွက် ၁၂ ဘီးကားတစ်စီးတွင် ဆီပီပါ အလုံးရေ ၁၂၀ ခန့် တင်ဆောင်နိုင်သည်ဟုသိရသည်။

မကွေးမှရောက်ရှိလာသောရေနံစိမ်းများကို ဆီချောအဖြစ်သို့ မချက်လုပ်မီ လှောင်ကန်များအတွင်းသို့ ထည့်သွင်းထားကြရသည်။ လှောင်ကန်တွင် မြေပြင်လှောင်ကန်နှင့် အပိုလှောင်ကန်ဟူ၍ နှစ်မျိုးခွဲထားသည်။ မြေပြင်လှောင်ကန်မှာ အဓိကရေနံစိမ်းလှောင်ကန်ဖြစ်ပြီး ဆီပီပါအလုံး ၂၀၀ ကျော် ထည့်သွင်းထားနိုင်သည်။ ထိုလှောင်ကန်တွင် ပြည့်ပြီဆိုလျှင် အရံကန်များသို့ ထည့်ထားကြ ရသည်။ အရံကန်များကို နေရာအနေအထားနှင့် လုပ်ငန်းအနေအထားပေါ် မူတည်ပြီး သုံးလုံးမှ ငါးလုံးအထိထားရှိကြသည်။ အကျယ်အားဖြင့် လှောင်ကန်တစ်ကန်လျှင် ဆီပီပါအလုံး ၅၀ ခန့် ဆံ့သည်ဟုသိရသည်။

**ရေနံချက်လုပ်ပုံအဆင့်ဆင့်**

ရေနံစိမ်းလှောင်ထားသော လှောင်ကန်အတွင်းမှ ချက်လုပ်ရန်ပြုလုပ်ထားသည် ပေါင်းဖိုအတွင်းသို့ ပိုက်လိုင်းဖြင့် ပို့ဆောင်ရသည်။ ယခင်က ပုံးဖြင့်ခပ်ယူပြီး ဖိုအတွင်းသို့ လောင်းထည့်သည့် အလေ့အကျင့်ရှိခဲ့ရာမှာ လူပင်ပန်းကာ အချိန်ကုန်သောကြောင့် ယခုအခါတွင် ရေမောင်း သကဲ့သို့ စက်ဖြင့် ပို့ဆောင်ခြင်းဖြစ်သည်။ ပေါင်းဖိုထဲသို့ ရေနံစိမ်းထည့်ထားပြီးသည်နှင့် ထင်းမီးဖြင့်အပူပေးကာ အငွေ့ပျံစေခြင်းဖြစ်သည်။ အလုံပိတ်ထားသော ပေါင်းဖိုအတွင်းမှ ထွက်လာသည့် ဆီငွေ့များကို ပိုက်လိုင်းငယ်များဖြင့်ရယူကာ ရေကန်ငယ်အတွင်းမှ ဖြတ်သန်းသွားစေသည်။ အငွေ့ကို အပူချိန်ကျဆင်းအောင် ရေကန်ငယ်အတွင်းမှ ရေထုတ်ပေးခြင်းဖြင့် အရည်အဖြစ်သို့ ပြောင်းလဲသွားစေရန် ရေကန်အတွင်းရှိ ပိုက်လိုင်းကို ဖြတ်သန်းစေခြင်းဖြစ်သည်။

အငွေ့ပိုက်လိုင်းငယ်များသည် ရေကန်ကိုဖြတ်ပြီးသည်နှင့် အလုံပိတ်ဘွိုင်လာအိုးအတွင်းတွင် အဆုံးသတ်သွားသည်။ ဘွိုင်လာအိုးအတွင်း အရည်အဖြစ်သို့ ပြောင်းလဲသွားသောငွေ့ရည်များသည် ပိုက်လိုင်းမှ ထွက်ကျလာသည်။ ဒီဇယ်နှင့်ဓာတ်ဆီကို ခွဲခြားပြီး ချက်လုပ်ရခြင်းမဟုတ်ဘဲ ပေါင်းဖိုတစ်ခုတည်းမှသာ ထွက်ရှိလာသည့် အရည်အသွေးကိုလိုက်ပြီး ခွဲခြားရခြင်းဖြစ်သည်။ ဘွိုင်လာမှ ပထမဆုံးကျလာသည့် ဆီမှာဓာတ်ဆီဖြစ်သည်။ ထို့နောက်မှ ဆက်ပြီးကျလာသည်မှာ ဒီဇယ်ဖြစ်သည်။ ရေနံစိမ်းအရည်အသွေးညံ့လျှင် ဒီဇယ်အရနည်းသည်။ ရေနံစိမ်းအရည်အသွေးကောင်းလျှင် ဒီဇယ်အရများသည်ဟုသိရသည်။ ညံ့သော ရေနံစိမ်းဖြင့် ပီပါ ၁၀၀ ကိုချက်လျှင် ဒီဇယ် ပီပါ ၅၀ နှင့် ဓာတ်ဆီ ၃၀ ပီပါ ထွက်လေ့ရှိပြီး၊ အရည်အသွေးကောင်းသော ရေနံစိမ်း ပီပါ ၁၀၀ ကို ချက်လျှင် ဒီဇယ်ပီပါ ၇၀ နှင့် ဓာတ်ဆီ ၂၈ ပီပါ အထိထွက်တတ်သည်။ ထိုသို့ထွက်လာသည့် စက်သုံးဆီများကို ပီပါများဖြင့် ထည့်သွင်းပြီး ပြန်လည်ရောင်းချကြခြင်းဖြစ်သည်။

ပီပါအတွင်းသို့ထည့်သွင်းရသည့်အဆင့်သည် ဆီကြမ်းမှ ဆီချောအဖြစ်သို့ ရောက်ရှိအောင် ချက်လုပ် သည့် နောက်ဆုံးအဆင့်ဖြစ်သည်။ ပြန်ရောင်းချသည့်ဈေးမှာ ဆီတစ်ပီပါလျှင် မူလမှော်အတွင်းမှ လာရောက် ရောင်းချပေးသည့်ဈေးထက် ၂၀၀၀၀ ကျပ် ခန့်ပိုလေ့ရှိသည်။ ပြင်ပတွင်ရှိနေသည့် တင်သွင်းဆီ (ပန့်ဆီ) များ၏ ဈေးနှုန်းပေါ်လိုက်၍ အတက်အကျပြုလုပ်ရောင်းချရခြင်းဖြစ်သည်။ ပန့်ဆီဈေးတက်နေလျှင် ချက်ဆီဈေးနှုန်းလိုက်တက်နိုင်သလို ပန့်ဆီဈေးကျနေလျှင် ချက်ဆီမှာ အမြတ်အနည်းငယ်သာ ကျန်သည်အထိ ဈေးလျှော့ရောင်းရသည်။ ချက်ဆီနှင့်ပန့်ဆီ ဈေးကွာဟမှု ကြီးမှသာ ဝယ်သူက ချက်ဆီကို လိုလိုလားလား ဝယ်ယူမည်ဖြစ်သည်။

**ဖြန့်ဖြူးမှုလမ်းကြောင်း**

ဆီအဖြစ်သို့ရောက်ရှိသည်ဆိုသော်လည်း အရည်အသွေးမှာ နိုင်ငံတကာမှဝင်ရောက်လာသော ဆီများကဲ့သို့ ပြည့်မီခြင်းမရှိပေ။

အရည်အသွေးမည်မျှရှိသည်ကို တိုင်းထွာနိုင်သော ခေတ်မီစက်ကိရိယာမရှိခြင်းကြောင့် တိကျရေရာသော အရည်အသွေးကို ထုတ်ပြန်ပေးနိုင်ခြင်းမရှိဟု သိရသည်။ သို့သော်လည်း ဒေသအနေအထားနှင့် ဈေးကွက်အနေအထားအရ အခြားဆီများနှင့် တန်းတူအသုံးပြုနိုင်ပြီး ရောင်းချနိုင်ကြသည်။ စီးပွားရေးသမားအချို့က ချက်ဆီနှင့် တင်သွင်းဆီများကို ရောနှောရောင်းချလာကြခြင်းကြောင့် ချက်ဆီဈေးကွက်ရှိနေခြင်းဖြစ်သည်။ ချက်ဆီကို ချင်းတွင်းမြစ်ရိုး အထက်ပိုင်းတစ်လျှောက် ရွှေမှော် အများစုရှိသည့်ဒေသများ၊ ချင်းတွင်းမြစ်အတွင်း သွားလာနေသော စက်လှေများမှ အဓိကအသုံးပြုသည်ဟု သိရသည်။ နိုင်ငံခြားမှ သန့်စင်ပြီးသားဆီ ဝင်ရောက်လာခြင်းမရှိသေးသော ကာလများတွင် ချက်ဆီသည် ဈေးကွက်ခိုင်ခိုင်မာမာရယူထားနိုင်ခဲ့သည်။ မြန်မာတစ်ပြည်လုံးနီးပါး ချက်ဆီကိုသုံးခဲ့ကြရသည်။ သို့သော်လည်း ပွင့်လင်းလာသော ဈေးကွက်စီးပွားရေးနှင့်အတူ ပြည်ပမှ သန့်စင်ပြီးသား စက်သုံးဆီများ ပြည်တွင်းသို့ တရားဝင်တင်သွင်းဖြန့်ဖြူးရောင်းချခွင့်ရလာသည့်အခါ ချက်ဆီဈေးကွက် နည်းသည်ထက်နည်းလာခဲ့သည်။ ယခုအခါတွင် ချက်ဆီကို အများဆုံး အသုံးပြု နေသည့်နေရာမှာ ချင်းတွင်းမြစ်ရိုးအထက်ပိုင်း ဒေသတစ်ခုသာကျန်တော့သည်။

**ရေနံချက်လုပ်ငန်းများ၏အနာဂတ်**

လက်ရှိတွင် ပွင့်လင်းလာသည့် စီးပွားရေးဈေးကွက်နှင့်အတူ ဒီဇယ်ဈေးသည်လည်း မထင်မှတ်လောက်အောင် ကျဆင်းလျက်ရှိနေသည်။ ဒီဇယ်တစ်ပီပါလက်ကားဈေး ၁၁၀၀၀၀ ကျပ်သာရှိတော့သည်။ ချက်ဆီတစ်ပီပါ ၈၀၀၀၀ အထက်ရှိနေသည်။ ထို့အတွက် အရည်အသွေးမမီသည့် ချက်ဆီကို အသုံးပြုခဲ့ကြသူများက ပန့်ဆီကိုပြောင်းလဲအသုံးပြုလာနေကြသည်။ ချက်ဆီကို သုံးမှသာ အဆင်ပြေမည့် ချင်းတွင်းမြစ်အတွင်းမှ စက်လှေ၊ မော်တော်အချို့နှင့် ရွှေတူးဖော်ရေးမှော်များကသာ အသုံးပြုမြဲဖြစ်နေသည်။ တဖြည်းဖြည်းနှင့် ချက်ဆီလုပ်ငန်းအချို့ လုပ်အားခအရှုံးပေါ်ခြင်း၊ အရင်းထဲမှ စိုက်ထုတ်ရသည်အထိ လုပ်ငန်းဆုံးရှုံးမှုများလာခြင်းကြုံလာရသည်။ ကျောက္ကာရွာတွင် ယခင်ကလုပ်ငန်းလုပ်ကိုင်သူ ၁၀၀ ကျော်ရှိခဲ့ရာ ယခုအချိန်တွင် ၂၅ ဦးခန့်သာရှိတော့သည်။ ရေနံစိမ်းကုန်ကြမ်းထုတ်သည့် မကွေးတိုင်းအတွင်း ရေနံမှော်များတွင်လည်း ရေနံတူးသူ နည်းလာခဲ့သည်ဟု သိရသည်။ ကုန်ကြမ်းဈေးမရခြင်းကြောင့် လုပ်ငန်းပြောင်းသွားကြခြင်းဖြစ်သည်။

ရေနံစိမ်းမှဒီဇယ် ဓာတ်ဆီချက်လုပ်သည့် လုပ်ငန်းများမှာ ပြင်ပမှ ပန့်ဆီ ဈေးနှုန်းကျလာခြင်းနှင့်အတူ အခြေပျက်သည်ထက်ပျက်လာကြသည်။ ပန့်ဆီဈေးယခင်ကဲ့သို့ အမြင့်တွင်ရှိနေပါမှ အခြေအနေကောင်းမည့် အနေအထား တွင်ရှိနေကြောင်း မုံရွာမြို့ကျောက်က္ကာရွာမှ ချက်ဆီလုပ်ငန်းအခြေအနေကို ရေးသားလိုက်ရပါသည်။

## အကြံပြုစာများ ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုလုပ်ငန်းသည် အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် အပတ်တကုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှုလုပ်ငန်းများ အစဉ်ချောမွေ့စေရေးအတွက် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အခက်အခဲများကို အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို စာဖတ်သူများထံမှ အကြံပြု ချက်များအား ဖိတ်ခေါ်ပါသည်။ ပေးပို့လာသော အကြံပြုချက်များကို သက်ဆိုင်ရာများ သိရှိနိုင်စေရန်အတွက် ဂျာနယ်တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

အကြံဉာဏ်များကိုပေးပို့ရာတွင် အမည်၊ မှတ်ပုံတင်နှင့် နေရပ်လိပ်စာကို ဖော်ပြပေးရမည် ဖြစ်ပြီး အဆိုပါ ကိုယ်ရေးအချက်အလက်များကို ဖော်ပြသွားမည်မဟုတ်ပါ။

# အရောင်းအဝယ် ပြည်ပပို့ကုန် တိုးမြှင့်ဖို့
# "အရည်အသွေး ထိန်းသိမ်းကြစို့"

| မြင့်ဦး(ပခုက္ကူ) |

လူတစ်ဦးချင်းဖြစ်စေ၊မိသားစုလိုက်ဖြစ်စေ၊ အဖွဲ့အစည်းလိုက်ဖြစ်စေ၊ နောက်ဆုံးနိုင်ငံအချင်းချင်းဖြစ်စေ ရောင်းခြင်း၊ ဝယ်ခြင်း၊ နိုင်ငံအဆင့်ဆိုရင် တင်ပို့ခြင်း၊ တင်သွင်းခြင်းဆိုတဲ့ ရောင်းမှု၊ ဝယ်မှုဓလေ့ဟာ ဘယ်ခေတ်ဘယ်စနစ်မှာမဆိုရှိနေမယ်ဆိုတာ မလွဲတဲ့ကမ္ဘာ့အရောင်းအဝယ်နိယာမတစ်ခုပါ။ ကောင်းပြီ ကိုယ့်နိုင်ငံက စိုက်ပျိုးရေးကို အခြေခံတဲ့ နိုင်ငံဖြစ်လေတော့ လယ်ယာထွက်ကုန်သီးနှံတွေကို စိုက်ပျိုးထုတ်လုပ်တယ်။ ပြည်တွင်းက စားသုံးမှုပိုလျှံတာတွေကို ပြည်ပသို့ တင်ပို့ရောင်းချမယ်။ ကိုယ့်နိုင်ငံရဲ့ အပို၊ သူ့နိုင်ငံရဲ့ လိုအပ်ချက်။ ထိုနည်းတူစွာ သူ့နိုင်ငံရဲ့ အပို၊ ကိုယ့်နိုင်ငံရဲ့အလို လိုအပ်ချက်အပြန်ပြန်အလှန်လှန် ရောင်းဝယ်ဖောက်ကားမှု ယခင်တုန်းကလည်းရှိတယ်။ ယခုလည်း ရှိနေတယ်။နောက်ထပ်လည်းဆက်လက်ရှိနေမှာ မလွဲပါဘူး။ ဒီရောင်းမှု၊ ဝယ်မှု ဆက်နွယ်မှုနယ်ပယ်မှာ ဘယ်ပစ္စည်းမဆို အရည်အသွေးကောင်းဖို့ဆိုတာ လူတိုင်းလိုအပ်တဲ့အရာမဟုတ်ပါလား။ ကိုယ်ကဝယ်မယ်။ ကိုယ်ဝယ်တဲ့ပစ္စည်းကောင်းမှ၊ သန့်မှ၊ အချိန်အတွယ်ပြည့်မှ၊ အရည်အသွေးကောင်းမှ လိုချင်တယ်၊ ဝယ်ချင်တယ်။ ဒါဆိုရင် ကိုယ်ကရောင်းရင်ရောဝယ်သူဘက်ကလည်း ကိုယ့်လိုပဲ သဘောသဘာဝရှိမှာပေါ့။ အရည်အသွေးကောင်းတာကို သူလည်း ကိုယ့်လိုမက်မှာပေါ့။ ကိုယ်ချင်းစာတရား မရှိသင့်ဘူးလား။ စဉ်းစားစေချင်ပါတယ်။

စားသုံးသူရေးရာဦးစီးဌာနက ဟောပြောပွဲတွေသွားရင် နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ ကိုယ်သန်ရာကို ဦးတည်ချက်ထား ပြီး၊ ဟောကြ၊ ပြောကြတယ်။ ရုံးက တပည့်မတစ်ဦး က ပြောတယ်။ ဆရာတော်တွေရဲ့ တရားတွေထဲမှာ ကိုယ်ကြိုက်တာ ကိုယ်လုပ်ဆိုတဲ့ စကားပါတယ်။ ဒီစကားရဲ့အနှစ်ချုပ်မှာ ကိုယ်ကြိုက်တာ ဘာကိုဆိုလိုတာလဲဆိုတဲ့ အဓိပ္ပာယ်ကို ကောင်းကောင်းနားမလည်ခဲ့ဘူး။ ကြာလာမှ ကိုယ့်ကို သူတစ်ပါးလိမ်တာညာတာ ကိုယ်ကြိုက်သလား။ မကြိုက်ဘူး။ မလုပ်နဲ့။ ကိုယ့်ကို သူတစ်ပါးမဟုတ်တာလုပ်ရင် ကိုယ်မကြိုက်သလို သူတစ်ပါးလည်း ကြိုက်မှာမဟုတ်ဘူး။ ထိုနည်းတူစွာ ကိုယ့်ကို သူတစ်ပါးလိမ်တယ်၊ ညာတယ် ဆိုတာမကြိုက်ရင် သူတစ်ပါးကို မလိမ်နဲ့မညာနဲ့။ အဲဒီတော့ ကိုယ်ကြိုက်တာကိုယ်လုပ်ဆိုတဲ့အဓိပ္ပာယ်ကို သဘောပေါက်လာတယ်။ မိဘပြည်သူ၊ တောင်သူလယ်သမားတွေကို ဟောရင်း၊ ပြောရင်း ကိုယ်စိုက်ပျိုးထုတ်လုပ်တဲ့ အသီးအနှံ အစေ့အဆန်ကို သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ် ထုတ်လုပ်ဖို့ ထည့်ပြောပါတယ်။ ဒါသည်ပင်လျှင် ပြည်တွင်းကုန်သွယ်မှုအတွက် အရည်အသွေး ထိန်းသိမ်းခြင်းတစ်မျိုး မဟုတ်ပေဘူးလား။ အခု အစိုးရခေတ် တစ်နှစ်ကျော်ကာလကိုပဲ နည်းနည်းပြန်သုံးသပ်ကြည့်ရအောင်ပါ။ အနောက်နိုင်ငံတွေရဲ့ ပိတ်ဆို့မှု၊ တားမြစ်မှုတွေဖြေလျှော့ပေးတယ်။ ကုန်သွယ်မှု အထူးအခွင့်အရေး (GSP) တွေပေးတယ်။ ဘယ် လုပ်ငန်းရှင်၊ ဘယ်စီးပွားရေးသမား၊ ဘယ်ကုမ္ပဏီ ဘယ်လောက်တိုးတက်ပြီး၊ ဘယ်လောက်တင်ပို့ နိုင်ပြီလဲ။ ကုန်သွယ်မှုဝင်ငွေ ဘယ်လောက်များရနေပြီလဲ။ ထင်သလောက်၊ မှန်းသလောက် မရနိုင်ဘူးဆိုတာ သက်ဆိုင်ရာဝန်ကြီးဌာနတွေရဲ့ ထုတ်ပြန်တဲ့ စာရင်းဇယားအရ ပို့ကုန်၊ သွင်းကုန် ချိန်ခွင်လျှာ ဘယ်ဘက်က သာနေသလဲဆိုတာ ရှင်းရှင်းကြီးပေါ်နေပါတယ်။ ပို့ခွင့်ပြုတယ်။ ကုန်သွယ်မှု အခွင့်အရေး အခွန်ကင်းလွတ်ခွင့် ပေးထားတယ်။ ဒါပေမယ့် သူ့နိုင်ငံရဲ့ စံချိန်စံညွှန်း၊ အရည်အသွေး ထိန်းထားတယ်။ ဒါကို အထူးဂရုစိုက်ဖို့လိုပါလိမ့်မယ်။ ဥပမာ-နိုင်ငံရဲ့ ထွက်ကုန်တွေထဲက ဥရောပက




ပဲပင်ပေါက် (ပဲတီပင်ပေါက်) လိုချင်တယ်။ ကိုရီးယားက ဂျုံးမြစ်လိုချင်တယ်။ ကြက်ဟင်းခါးသီးအခြောက်ဝယ်ချင်တယ်။ ကိုယ့်နိုင်ငံမှာ ပိဿာချိန်ကနေ ပေါင်ယူနစ်ပြောင်းဖို့ တော်တော်ကြိုးစားနေချိန်မှာ သူတို့က တစ်ကီလိုဘယ်လောက်၊ မက်ထရစ်တန်ချိန် ဘယ်လောက် ယူနစ်ကိုသုံးနေကြပြီ။ အလေးချိန် သတ်မှတ်ချက်ကို မီအောင်၊ ညီအောင် တော်တော် ကြိုးစားကြရပါလိမ့်ဦးမယ်။

ကဲ. . . မြန်မာနိုင်ငံရဲ့ အဓိကစားကုန် ဆန်ကိုပဲ ကြည့်ရအောင်ပါ။ ကိုယ့်မိခင် တိုင်းပြည် မြန်မာပြည်ဟာ တစ်ချိန်တုန်းက အရှေ့တောင်အာရှမှာ ပြည်ပနိုင်ငံတွေကို ဆန်တန်ချိန် အများဆုံးတင်ပို့ရောင်းချခဲ့ရတဲ့ နိုင်ငံဖြစ်တယ်။ မြန်မာ့ဆန်ဟာလည်း တခြား တခြားသော နိုင်ငံတွေရဲ့ ဆန်နဲ့ယှဉ်ရင် အရည်အသွေးကောင်းမွန်မြင့်မားခဲ့တယ်။ နိုင်ငံခြားဆန်တင်ပို့မှုမှရရှိတဲ့ နိုင်ငံခြားဝင်ငွေဟာ နိုင်ငံအတွက် အဓိကဝင်ငွေဖြစ်ခဲ့တယ်ဆိုတာပြောရင် ဘာတွေလဲ၊ ပုံပြင်လား ယုံတမ်းစကားလားလို့ ထင်မြင်ကြပါလိမ့်မယ်။ တကယ်ကို အရည်အသွေးမီတဲ့ အဆင့်မီတဲ့ အနေအထားမှာ စံအဖြစ်ရပ်တည်ခဲ့တာပါ။

ယခုအနေအထားကိုကြည့်ရင် ထိုင်းနိုင်ငံက ဆန်တစ်တန်ကို အမေရိကန်ဒေါ်လာ ၅၀၀ လောက်နဲ့ ရောင်းနေရချိန်မှာ မြန်မာနိုင်ငံက ဆန်တစ် တန်ကို အမေရိကန်ဒေါ်လာ ၂၈၀ လောက်ကို အောက်ကျနောက်ကျခံပြီး လက်သိပ်ထိုး ရောင်းနေကြရပါတယ်။ တရုတ်နိုင်ငံကို ဆန်ရောင်းတယ်။ ကိုယ့်ဘက်က တရားဝင်၊ သူတို့ဘက်က တရားမဝင် စဉ်းစားကြစေလိုပါတယ်။ ဒါဟာဘာကြောင့်လဲ၊ ဘာအတွက်လဲ စောစောကပြောထားခဲ့သလို "သတ်မှတ်စံချိန်စံညွှန်း" အရည်အသွေးမပြည့်ဝလို့ပါပဲ။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ အမှုဆောင်အရာရှိချုပ် ဦးအောင်စန်းက ပြောတယ်။ နိုင်ငံခြားကို (Export)လုပ်တာ "ဧည့်မထ" ဆန်ကပဲ ဒုက္ခပေးတယ်။ ဆန်အရည်အသွေးမမီဘူးဆိုပြီး ဈေးနှိမ်ခံရတယ်။ ရောင်းလို့မရဘူး "နိုင်ငံတကာမှာ စပါးကိုအုပ်စုနဲ့ခေါ်တာမရှိဘူး။ ဧည့်မထလို့မခေါ်ဘူး" စပါးနာမည်နဲ့ခေါ်တယ်။ ဥပမာ-ထိုင်းနိုင်ငံကိုကြည့် စပယ်ဆန်မွှေး(၁)(၂)(၃)လို့ခေါ်တယ်။ ဗီယက်နမ်လည်း ဒီလိုပဲခေါ်တယ်။ (Trade Matter) စပါးနာမည်နဲ့ခေါ်တယ်။ကျွန်တော်တို့က ဧည့်မထ (ဆန်အရည်အသွေးအရသာ ကောင်းလွန်းလို့ လာတဲ့ဧည့်သည် မထနိုင်အောင်စားလို့ ဧည့်မထလို့တင်စားခေါ်ခဲ့တယ်လို့ မှတ်သားဖူးပါတယ်)။ အမှန်က ဧည့်မထဆန်ဆိုတာ မရှိဘူး။ ရွှေဝါထွန်း၊ သီးထပ်ရင်၊ ဆင်းသွယ်လတ်၊ ဆင်းသုခ၊ မနောသုခ အမျိုးပေါင်း ၁၀၀ ကျော်တယ်။ ဒါတွေကိုပေါင်းပြီး ဧည့်မထလို့ခေါ်တာ။ စဉ်းစားကြည့် ။ ပြည်တွင်းမှာ စားသုံးတာ ပြဿနာမရှိဘူး။ ဒါပေမယ့် နိုင်ငံခြားပို့တဲ့အခါကျတော့ နမူနာကို ကွန်ပျူတာနဲ့ စစ်တယ်။ အလုံးညီညာမှုမရှိသလို ဆန်သားအပျော့အမာ ပါဝင်မှုဆိုတဲ့ဓာတ် မညီညာဘူး။ ဒါကြောင့် ပြည်ပကို တင်ပို့တဲ့အခါမှာ ဈေးနှိမ်ခံရတယ်။ အရောင်းအဝယ် မဖြစ်ဘူးဆိုတဲ့ ပြဿနာတွေပေါ်လာတယ်။

ဥပမာ-ဆင်းသွယ်လတ်နဲ့ ရွှေဝါထွန်း ဧည့်မထချင်းတူတယ်လို့ ပြည်တွင်းမှာ သတ်မှတ်ပေမယ့် အလုံးညီညာမှု မတူဘူးဆိုတာရှိတော့ ဈေးနှိမ်ခံရတာ ဘာဆန်းသလဲ။ ဒီလို လိုအပ်ချက်တွေကို ပြုပြင်လို့မရနိုင်ဘူးလား။ အစိုးရရယ်၊ ရောင်းဝယ်ဖောက်ကား တင်ပို့ တင်သွင်းသူရယ်၊ စိုက်ပျိုးထုတ်လုပ်တဲ့ လယ်သမားရယ် သုံးနားညီလုပ်ရင် မအောင်မြင်စရာ ဘာမှမရှိဘူး။ ဥပမာ-ကိုယ့်အိမ်နီးချင်း ထိုင်းနိုင်ငံ တစ်နိုင်ငံလောက်ကိုပဲကြည့်ရအောင်ပါ။ စပါးစိုက်ရင် တစ်ကွင်းတည်း၊ တစ်စပ်တည်း၊ တစ်မျိုးတည်းကို စိုက်တယ်။ မြေညီရမယ် ရေသွင်းမြောင်း၊ ရေထုတ်မြောင်းတွေ ရှိရမယ်။ ကုန်ထုတ်လမ်းပါရမယ်။ ပြီးတော့ ကန်ဇင်း (ကန်သင်း) ပျောက်ရမယ်။

ဒီမှာက ကိုယ့်မြေ၊ ကိုယ့်လယ် သိသာအောင် ခြားထားတဲ့ ကန်သင်း၊ ဟိုဘက်များတယ်၊ ဒီဘက်များတယ် ငြင်းနေကြတုန်း။ ကန်သင်းမှာ စိုက်ထားတဲ့ ငှက်ပျောပင် အတက်ပွားရင်တောင် သူ့လယ်ဘက်၊ ကိုယ့်လယ်ဘက် ငြင်းနေကြတုန်း၊ ကုန်ထုတ်လမ်းဖောက်ရင် သူမြေကျ များတယ်၊ သူများမြေကျတော့နည်းတယ်။ ငြင်းခုံနေကြတုန်း။ တချို့တရားရုံးရောက်၊ ဘာရောက်ပြဿနာတွေဖြစ်နေကြတုန်း။ နောက် "မျိုး"။ တောင်သူလယ်သမားက မျိုးကို ကိုယ့်ဘာသာစုတယ်။ ရှိတဲ့လယ်မြေဆက်စပ်တဲ့နေရာ ခုနက ဧည့်မထစိုက်တယ်။ ကိုယ့်လယ်က"မနောသုခ"၊ ကပ်လျက်က "ရွှေဝါထွန်း"၊ ဟိုဘက်လယ်က "ဆင်းသုခ"စိုက်တယ်။ သစ်ပင်တို့ရဲ့ သဘာဝ ဝတ်မှုံကူးတယ်။ လေနဲ့ကူးကူး၊ ပျားနဲ့ကူးကူးဘယ်လိုနည်းနဲ့ ဝတ်မှုံကူးကူး သန့်နိုင်ပါ့မလား၊ စစ်နိုင်ပါ့မလား။

လေ့လာမိသလောက် ထိုင်းမှာလယ်သမားတွေ မျိုးမခံရဘူး၊ မျိုးမချန်ရဘူး၊ ဝမ်းစာမချန်ရဘူး။"မျိုးကိစ္စ"နိုင်ငံတော်နဲ့ဆိုင်တယ်။နိုင်ငံတော်က လုပ်ပေးတယ်။ စိုက်ချိန်ပျိုးချိန်ကျရင် ဒီနေရာတစ်ဆက်တည်းရှိတဲ့ လယ်ကွင်းအားလုံး တစ်ညီတစ်ညွတ်တည်း တစ်မျိုးတည်းစိုက်တာ"မျိုးစေ့ဘဏ်"တွေကနေ စနစ်တကျ ထုတ်ပေးတာ။ ဒီလိုအချိန်မှာ ကိုယ်ကြိုက်တဲ့စပါးမျိုး ကိုယ့်ဟာကိုယ်စိုက်ရင် အစိုးရကိုတင်ပြပြီး တရားစွဲတယ်။ ဒါတွေအထိလုပ်တယ်။ တစ်ကွင်းတည်း၊ တစ်ဆက်တည်း၊ တစ်မျိုးတည်း စိုက်တယ်။ ဒီလယ်ယာကွက်က ဘာမျိုးစပါး၊ တင်းဘယ်လောက် ထွက်တယ်။ ဒါဆိုဆန်တန်ချိန်ဘယ်လောက်ရမယ်။ ထွက်ရှိမှု၊ စားသုံးမှု၊ ပိုလျှံမှုတွက်တယ်။ ဘယ်လောက် လက်ကျန်ထားမယ်၊ နိုင်ငံခြားကို ဘယ်လောက်တင်ပို့မယ်။ တစ်ခါတည်း အဖြေထွက်တယ်။ ကမ္ဘာ့ဆန်ဈေးကျတယ် မကိုက်ဘူး။ စပါးအတိုင်း လှောင်မလား။ ဆန်ကြိတ်ပြီးမှ လှောင်မလား။ ဘယ်လောက်စနစ်ကျသလဲ။ ဒီအဆင့်ကို ရောက်ကိုရောက်ရမှာ။ ဖြစ်အောင် လုပ်ကြရမှာ။ ဒါမှလည်း ထွက်လာတဲ့စပါး၊ ဆန်ဟာ အရည်အသွေးကောင်းတဲ့ဆန်ဖြစ်မယ်။ ဘယ်လောက်အရှည်ထွက်မလဲ။ ခုနစ်မီလီမီတာ လုံးပတ်ကရော ဆန်ကို ထမင်းချက်ရင် ရှည်ထွက်လာမှု၊ ပွလာမှု ၊ ဆန်သားဆန့်ထွက်မှု နှစ်ဆဖြစ်ရမယ်။ ဆန်သား ကြည်လင်တောက်ပရမယ်။ ဗိုက်ဖြူ မြေဖြူရောင်မဖြစ်ရဘူး။ အကျိုးအကျေနည်းမယ်။ ထိပ်မပြတ်ရဘူး။ ဒီလို သတ်မှတ်တဲ့ အရည်အသွေးကောင်းနေရင် သူတစ်ပါးနိုင်ငံနဲ့လည်း ယှဉ်နိုင်ပြိုင်နိုင်တယ်။ ဈေးနှိမ်တာမခံရဘူး။ ဒီလိုအရည်အသွေးကို ထိန်းနိုင်တဲ့ အဆင့်ကိုရောက်အောင် လုပ်နိုင်ရမှာ။ ဒီတော့ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံခြားဝင်ငွေရအောင် တစ်နည်း ပြည်ပပို့ကုန် တိုးမြှင့်နိုင်အောင် အစိုးရ၊ ရောင်းသူ၊ ဝယ်သူ၊ တင်ပို့တင်သွင်းရောင်းချသူ၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမား ဘက်ပေါင်းစုံ ကြိုးပမ်း ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ဒါက ဆန်စပါး အဓိကထား စိုက်ပျိုးထုတ်လုပ်မှုတစ်ခုကိုပဲ သိသာစွာတင်ပြတာပါ။ ဒါ့အပြင် ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ သူ့နေရာ သူ့သဘာဝနဲ့ ကိုက်ညီတဲ့ သီးနှံတွေကို စနစ်တကျ စိုက်ပျိုးထုတ်လုပ်ထွက်ရှိ သိုလှောင်မှုတွေဆိုတာ အားလုံးကိုလုပ်ရ မှာဖြစ်ပါတယ်။ဒီနေရာမှာ အစိုးရဘက်က တာဝန်ယူရမယ့် အပိုင်း၊ စိုက်ပျိုးထုတ်လုပ်သူက စနစ်တကျ အရည်အသွေးကောင်းအောင် သေသေချာချာ လုပ်တတ်ကြဖို့၊ ရောင်းသူ၊ ဝယ်သူ၊ တင်ပို့သူများကလည်း သယ်ယူသိုလှောင် တင်ပို့ရာမှာ စနစ်တကျ အရည်အသွေးမကျဆင်းအောင် ထိန်းသိမ်းသိုလှောင်ဖို့ ဒီလို ဘက်စုံညီအောင် ကြိုးစားကြမယ်ဆိုရင် အရောင်းအဝယ်လုပ်ရာမှာ ဈေးနှိမ်ခံရတဲ့ အရောင်းအဝယ်မဖြစ်မှုဆိုတဲ့ "အရည်အသွေး"ပိုင်းဆိုင်ရာကို ထိန်းသိမ်းကြမယ်ဆိုရင်"သား ရွှေအိုးထမ်းလာတဲ့" ကိန်းဆိုက်ရောက်မှာဖြစ်ပါတယ်။

ဒီတော့ ကျွန်တော်တို့တတွေ ပူးပေါင်း၊ ပေါင်းစပ်ကြပြီး ဘက်ပေါင်းစုံက ကြိုးစားလုပ်ဆောင်ကြရင် အရောင်းအဝယ်ပြည်ပပို့ကုန်တိုးမြှင့်ဖို့"အရည်အသွေးကို ထိန်းသိမ်းစို့ "လို့ ကြွေးကြော်ကြရအောင်ပါ---။

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများအား ကြည့်ရှုလေ့လာ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ကူမင်းမြို့အခြေစိုက် မြန်မာကောင်စစ်ဝန်ရုံး၊ ကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်လိုက်ပါလျက် ဇွန် ၁၃ ရက်နေ့ နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ တယ်ဟုန်ပြည်နယ်ခွဲ၊ မန်စီမြို့သို့ ရောက်ရှိခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် တယ်ဟုန်ပြည်နယ်ခွဲ၊ ကွန်မြူနစ်ပါတီအတွင်းရေးမှူး Mr. Wang Jun Qiang နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ ခေါင်းဆောင်များအကြား သဘောတူထားပြီးဖြစ်သည့် တရုတ်နိုင်ငံ၏ One Belt and One Road Initiative အား ပူးပေါင်းအကောင်အထည်ဖော်ရေး၊ နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော် စီးပွားရေးဇုန် အကောင်အထည်ဖော်နိုင်ရေးအတွက် နှစ်နိုင်ငံ လုပ်ငန်းကော်မတီများ ဖွဲ့စည်းနိုင်ရေး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ကုန်သွယ်မှုအခက်အခဲများအား ပူးပေါင်းဆောင်ရွက်ရေးနှင့် ကုန်သွယ်မှုမြှင့်တင်ရေးကိစ္စများကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ နေ့လယ်ပိုင်းတွင် Hogoog Coffee စက်ရုံ၊ မက်မန်းနယ်စပ်ဂိတ်၊ BAIC Yunnan Ruili Automobile မော်တော်ယာဉ်တပ်ဆင်ရေးစက်ရုံများကို သွားရောက်လေ့လာခဲ့ပြီး မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများကို မေးမြန်းဆွေးနွေးခဲ့ပြီးနောက် ပြည်ထောင်စုဝန်ကြီးသည် နယ်စပ်ဂိတ်များတွင် ဝင်ထွက်သွားလာနေကြသော ပြည်သူများ၊ တရုတ်-မြန်မာနယ်စပ်ရှိစက်ရုံများတွင် အလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများအား တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇွန်လ ၁၅ ရက်နေ့ နံနက် ၁၁ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လင်ချန်းမြို့ရှိ ဟွာရက်ကျွမ်းယင် ယဉ်ကျေးမှုစင်တာတွင် လင်ချန်းမြို့ ပါတီအတွင်းရေးမှူး မစ္စတာယန်ဟောင်တုံး၊ လင်ချန်းမြို့တော်ဝန် ကျန်ကြည်ကျင်ခေါင်းဆောင်သော ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး မြန်မာ-တရုတ်နယ်စပ်ဒေသ ပူးပေါင်းဆောင်ရွက်ရေးဇုန် ထူထောင်ရေး၊ နယ်စပ်ကုန်သွယ်ရေး စခန်းများ အဆင့်မြှင့်တင်ရေး၊ နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းတွင် အရေးပါသည့် ကွမ်လုံတံတားသစ် တည်ဆောက်ရေး၊ နယ်စပ်ဒေသ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအတွက် သတင်းအချက်အလက် ပုံမှန်ဖလှယ်ရေး၊ ဆက်သွယ်ဆောင်ရွက်ရမည့် ပုဂ္ဂိုလ်များ အမည်သတ်မှတ်ရေး၊ အပြန်အလှန် လည်ပတ်ရေးနှင့် နယ်စပ်ဒေသအရာရှိ (Working level) အဆင့်အကြား အသေးစိတ်လုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းဆောင်ရွက်မည့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းရေးတို့ကို ဆွေးနွေးခဲ့ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၆ ရက် နေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**

စာမျက်နှာ - ၃ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန….မှအဆက်

သဘောတူထားပြီးဖြစ်သည့် တရုတ်နိုင်ငံ၏ One Belt One Road Initiative အား ပူးပေါင်းအကောင်အထည်ဖော်ရေး၊ နိုင်ငံတော်အတိုင်ပင်ခံ၏ တရုတ်ပြည်ခရီးစဉ်တွင် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီးဖြစ်သည့် နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်စီးပွားရေးဇုန် အကောင်အထည်ဖော်နိုင်ရေးအတွက် နှစ်နိုင်ငံလုပ်ငန်းကော်မတီများ ဖွဲ့စည်းနိုင်ရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးကဏ္ဍ၊ စွမ်းအင်နှင့်လျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးများကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Chen Shun နှင့် ပြည်နယ်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**MOC (IR)**






# ရော်ဘာတင်ပို့မှုလျော့ကျသလို ရော်ဘာဈေးလည်းကျ

ဇွန် ၃ ရက်မှ ၉ ရက်အထိ ကာလအတွင်း မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၆၀ သန်းတန်ဖိုးရှိ ရော်ဘာ ၁၄၉၁ တန်တင်ပို့ခဲ့ပါတယ်။ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ RSS 3 ၇၄၇ တန်၊ RSS 5 ၄၀၅ တန်၊ MSR 20 ၃၀၅ တန်တင်ပို့ပြီး၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS3 ၃၄တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၃၀၉၂ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၆၀၁ တန် တင်ပို့မှု လျော့ကျခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်ရဲ့ ရော်ဘာဈေးကတော့ RSS 3 တစ်တန်လျှင် ကျပ် ၁၉ ဒသမ ၂၂ သိန်းဖြစ်ပြီး ယခင်တစ်ပတ်က ဈေးထက်တစ်တန်ကို ၉၃၇၄၆ ကျပ်ဈေးကျပါတယ်။ RSS 5 တစ်တန်ဈေးမှာ ကျပ် ၁၈ ဒသမ ၂၆ သိန်းဖြစ်ပြီး ယခင်တစ်ပတ်ထက်တစ်တန်ကို ၂၀၂၉၉၁ ကျပ်ဈေးကျကြောင်း သိရပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဇွန် ၄ ရက်မှ ၁၀ ရက်အထိကာလအတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၇၆၅ သန်းတန်ဖိုးရှိ ရော်ဘာ ၅၁၇ တန်ကျော်ကို ကိုရီးယားနိုင်ငံသို့ TSR 20 ၁၂၃ တန်ကျော်၊ ဂျပန်နိုင်ငံသို့ MSR 20 ၂၉၄ တန်နဲ့ မလေးရှားနိုင်ငံသို့ MSR 20 တန်၁၀၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၆၅၃ တန်တင်ပို့ခဲ့ပြီး ယခုတစ်ပတ်မှာ ၅၁၇ တန်သာ တင်ပို့ခဲ့တာကြောင့် ယခုတစ်ပတ်မှာ ၁၃၆ တန်လျော့ကျခဲ့ပါတယ်။

ယခုတစ်ပတ်နိုင်ငံတကာရော်ဘာပေါက်ဈေးမှာ RSS အမျိုးအစားက အတက်အကျသိပ်မရှိဘဲ MSR အမျိုးအစားကတော့ အနည်းငယ်ဈေးကျလာကြောင်း သိရပါတယ်။ ဒါကြောင့်မြန်မာ့ရော်ဘာ FOB ဈေးကို RSS ဈေးမပြောင်းဘဲ MSR ကိုတစ်တန်လျှင် ဒေါ်လာ ၅၀ ဈေးကျကြောင်း၊ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ဈေးနှုန်းထုတ်ပြန်ထားပါတယ်။

| | | | |
|---|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ | ၁၅၀၀-၁၆၀၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ | ၁၄၅၀-၁၅၅၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ | ၁၄၀၀-၁၅၀၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀-၁၄၅၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၀၀-၁၄၀၀ |
| MSR 3L | တစ်တန်လျှင် | ဒေါ်လာ | ၁၈၅၀-၁၉၅၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ | ၁၅၀၀-၁၆၀၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ | ၁၃၅၀-၁၄၅၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ | ၁၂၅၀-၁၃၅၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ | ၁၂၅၀-၁၃၅၀ |

**ယဉ်ယဉ်အေး**

# တရုတ်နယ်စပ်ရောထိုင်းနယ်စပ်မှပါ လက်ဖက်ခြောက်လျော့နည်းတင်ပို့

မြန်မာ- တရုတ်နယ်စပ်ရှိမူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဇွန် ၃ ရက်မှ ၉ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၃၄၃၇၉ တန်ဖိုးရှိလက်ဖက်ခြောက်တန် ၁၁၀ ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၇၈ တန်ကျော်နဲ့ ချင်းရွှေဟော်မှ ၃၂ တန်ဖြစ်ပါတယ်။ ယခင်ရက်သတ္တပတ်က အဆိုပါစခန်းနှစ်ခုမှ ၁၁၁ တန်ကျော်တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ တစ်တန်ခန့် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၅၁၇၆ တန်ဖိုးရှိ လက်ဖက်ခြောက် ၁၃ တန်ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၅၄ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၄၁ တန်လျော့နည်းတင်ပို့ခဲ့ပါတယ်။

ရှမ်းပြည်နယ်ရှိ စံပြလက်ဖက်ခြောက်စက်ရုံမှာ အခြောက်ခံပြီး ထွက်ရှိလာတဲ့ လက်ဖက်ခြောက်များသည် စံချိန်စံညွှန်းမီသဖြင့် ဂျာမနီနိုင်ငံမှ ဝယ်ယူခြင်းဖြစ်ကြောင်း၊ ဂျာမနီသို့လက်ဖက်ခြောက်များ တင်ပို့ရာတွင် အော်ဂဲနစ်နည်းစနစ်ဖြင့် စိုက်ပျိုးထားတဲ့ လက်ဖက်များဖြစ်ရမည်ဖြစ်ပြီး ပင်းတယမြို့နယ်ရှိ Green Tea စံပြစက်ရုံမှ ထွက်တဲ့ လက်ဖက်ခြောက်များကို တင်ပို့သွားမည်ဖြစ်ကြောင်း ပင်းတယ လက်ဖက်လုပ်ငန်းရှင်အစုအဖွဲ့မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

# ယင်းမာပင်မြို့နယ်ရှိ ကျေးရွာအချို့မှ ဒေသခံများ မျှစ်ချိုးရောင်း၍ အပိုဝင်ငွေရ

ယင်းမာပင်မြို့နယ်ရှိ ကျေးရွာအချို့ဖြစ်သည့် မကျည်းတစ်ထောင်၊ မင်းစု၊ တဲဖူး၊ တယ်ပင်ကန်စတဲ့ ကျေးရွာများမှ ရွာသူရွာသားများဟာ ယခုကဲ့သို့ မိုးရာသီအစတွင် အင်ကြင်းတောင်သစ်တောကြိုးဝိုင်း၊ ဖိုလ်ဝင်တောင်သစ်တောကြိုးဝိုင်း စတဲ့ တောင်ပတ်လည်မှာ မျှစ်ချိုးထွက်ကြပါတယ်။ မျှစ်ချိုးထွက်သည့်ရွာသားတစ်ဦးသည် တစ်နံနက်ခင်းလျှင် နှစ်ပိဿာမှ သုံးပိဿာအထိ ရရှိကြကြောင်း၊ မျှစ်ပေါ်စတွင် ရရှိလာသည့်မျှစ်ကို ပြုတ်၍ ရောင်းချပါက တစ်ပိဿာလျှင် ကျပ် ၄၅၀၀ ရရှိပြီး အစိမ်းအတိုင်းရောင်းချပါက တစ်ပိဿာလျှင်ကျပ်၃၈၀၀ ရရှိကြောင်း သိရပါတယ်။

မိုးတွင်းကာလသို့ ရောက်ရှိချိန်တွင် မျှစ်ပိုမိုရရှိတဲ့အတွက် ရွာသားနှစ်ယောက်သုံးယောက်ခန့်စု၍ တောထဲတွင် နှစ်ညအိပ်ကာ မျှစ်ချိုး ထွက်ပါက ပိဿာချိန် ၅၀ မှ ၆၀ အထိ ရရှိတတ်ကြောင်း၊ ရရှိလာသည့်မျှစ်များကို အချဉ်သိပ်ထားကာ ဖိုလ်ဝင်တောင်ပွဲတော် ကျင်းပသည့်အချိန်တွင် ရောင်းချလေ့ရှိကြောင်း၊ ဖိုလ်ဝင်တောင်မျှစ်ချဉ်မှာ နာမည်ကြီးပြီး လူကြိုက်များကြောင်း သိရပါတယ်။

မိုးဦးကျ မျှစ်ပေါ်စအချိန်တွင် အနည်းငယ်သာ ခူးဆွတ်ရရှိခဲ့ပါက ရွာတွင်ပင် ရောင်းချလျက်ရှိပြီး များများခူးဆွတ်ရရှိပါ က ယင်းမာပင်ဈေးသို့ ကိုယ်တိုင် သွားရောက်ရောင်းချကြောင်း သိရပါတယ်။

မျှစ်အစိမ်းတစ်ပိဿာလျှင် ကျပ် ၃၈၀၀ ရရှိပြီး တစ်နေ့လျှင် နှစ်ပိဿာခန့်ရရှိသည့်အတွက် မျှစ်ချိုးရောင်းသူများအနေဖြင့် တစ်လလျှင် ကျပ်နှစ်သိန်းကျော် အပိုဝင်ငွေရရှိကြောင်း တဲစုကျေးရွာမှ ကိုမောင်ငယ်က ပြောကြားခဲ့ပါတယ်။ **မိုးမိုးမြင့်(ယင်းမာပင်)**

# တရုတ်နယ်စပ်မှ ပြောင်းပိုမိုတင်ပို့

မြန်မာ- တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ ချင်းရွှေဟော်စခန်းသုံးခုမှ ဇွန် ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၅၁ သန်း တန်ဖိုးရှိပြောင်းတန်ချိန် ၂၀၁၉၄ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုမှာ မူဆယ်မှ ၁၆၃၂၆ တန်ကျော်၊ လွယ်ဂျယ်မှ ၃၂၅၅ တန် ကျော်နဲ့ ချင်းရွှေဟော်မှ ၆၁၂ တန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်က အဆိုပါစခန်းသုံးခုမှ ပြောင်းတန်ချိန် ၂၀၀၀၄ တန်ကျော် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန် ၁၉၀ ကျော် ပိုမို တင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ မေ ၂၇ ရက်မှ ဇွန် ၂ ရက် အထိ သီတင်းပတ်အတွင်း ပြောင်းတစ်တန်ကို ၂၄၈၅၉၂ ကျပ်ရှိ ရာမှ ဇွန် ၃ ရက်မှ ၉ ရက်အထိ သီတင်းပတ်မှာ ၂၅၆၈၀၉ ကျပ်သို့ ပြန်လည်ဈေးမြင့်တက်လာခဲ့ကြောင်း၊ မူဆယ်မှာ ပြောင်းတစ်ပိဿာ သယ်ယူခမှာ ၆၀-၆၂ ကျပ် သာရှိပြီး ပြောင်းကားစီးရေ ၅၅၆ စီး ဝင်ရောက်ခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံဝယ်ဈေးမှာ ယွမ် ၁၄၄၀ ရှိကြောင်း၊ ပြောင်းဝယ်လိုအားမှာလည်း ယခုအချိန်ထိ ကောင်းမွန်နေပြီး၊ တစ်ရက်ကို ပျမ်းမျှတန်တစ်ထောင်ခန့် မန္တလေးဈေးကွက်မှတစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့နေရကြောင်း၊ ဝယ်လိုအားရော ရောင်းလိုအားပါ ယခုအချိန်မှာကောင်းနေကြောင်း မူဆယ်ကုန်စည်ဒိုင်မှ သိရပါတယ်။ **မော်မော်အောင်**

# ပင်လယ်ရေကြောင်းမှ ပြောင်းတင်ပို့မှုလျော့ကျ

ဇွန် ၄ ရက်မှ ၁၀ ရက်အထိ သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၁၄ သန်းတန်ဖိုးရှိ ပြောင်း ၁၁၉၁ တန်ကို တင်ပို့ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံသို့ ပြောင်းတန် ၁၂၀၊ စင်ကာပူ နိုင်ငံသို့ ၂၁၂ တန်၊ ဗီယက်နမ်နိုင်ငံသို့ ၆၁၉ တန်၊ တရုတ် (တိုင်ပေ) နိုင်ငံသို့ ပြောင်းတန်ချိန် ၂၄၀ တင်ပို့ ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၂၃၆၆ တန်ကျော်တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ ပြောင်းတင်ပို့မှု ၁၁၇၅ တန်လျော့ကျခဲ့ပါတယ်။ ပြောင်းတင်ပို့မှု လျော့ကျသော်လည်း ပြောင်းဈေးမြင့်တက် လာပါတယ်။ ယခုတစ်ပတ် ပြောင်းတစ်တန်ရဲ့ FOB ဈေး မှာ ဘုရင့်နောင်ကုန်စည်ဒိုင်ရဲ့ ထုတ်ပြန်ချက်အရ အမေရိကန်ဒေါ်လာ ၂၁၀-၂၄၀ ဖြစ်ပါတယ်။ ယခင်တစ်ပတ်က အမေရိကန်ဒေါ်လာ ၂၀၀ မှ ၂၃၀ ဖြစ်တဲ့ အတွက် ယခု တစ်ပတ်မှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၁၀ ခန့် ဈေး မြင့်တက်လာခဲ့ပါတယ်။ **ယဉ်ယဉ်အေး**

# ရှမ်းပြောင်းကိုပြည်ပတင်ပို့ရန် အဝယ်ရှိ

ရှမ်းပြောင်းတွေလည်း ပြန်စိုက်ပျိုးနေတာပြီးဆုံးကာနီးနေပါပြီ။ မိုးပြောင်းလို့ ခေါ်ပြီး စိုက်ဧကများတဲ့ ပြောင်းတွေကိုမေလမှ စပြီးစိုက်ကြတာ ဇွန်လအကုန်မှာ အပြီးစိုက်ပျိုးကြတယ်လို့ သိရပါတယ်။ မိုးပြောင်းတွေက အောက်တိုဘာလမှာ ထွက်မှာဖြစ်ပါတယ်။ ဈေးကွက်မှာအရောင်းအဝယ်ဖြစ်နေတဲ့ ပြောင်းကအရင်နှစ်ကထွက်တဲ့ မိုးပြောင်းတွေပဲဖြစ်ပါတယ်။ ပြောင်းလက်ကျန်က ရှမ်းပြည်နယ် (တောင်ပိုင်း) တစ်ခုလုံးမှာ တန်ချိန်သုံးသောင်းခွဲ၊ လေးသောင်းခန့် ကျန်ရှိနေသေး တယ်လို့လည်း သိရပါတယ်။ ဩဂုတ်လမှာတော့ ရေသွင်းပြောင်းတွေ ဈေးကွက်ကို ဝင်လာဦးမှာဖြစ်ပါတယ်။ ရေသွင်းပြောင်းကတော့ မိုးပြောင်းတွေ ထွက်မလာမီစပ်ကြားမှာဖြစ်လို့ ပြောင်းတွေက ဈေးကွက်မှာ တစ်နှစ်ပတ်လုံး ပြတ်သွားလေ့ မရှိပါဘူး။

တောင်ကြီးဈေးကွက်မှာရှိတဲ့ ပြောင်းတွေကို ပြည်ပတင်ပို့ဖို့အတွက် ဝယ်ယူမှုရှိနေသလို၊ တိရစ္ဆာန်အစာစပ်တွေဖြစ်တဲ့ ပြည်တွင်းကုမ္ပဏီတွေကလည်း အဝယ်ရှိနေပါတယ်။ ပြောင်းဈေးကတော့အရင်တစ်ပတ်ကထက် တစ်ပိဿာကို ကျပ် ၃၀ မှ ၄၀ ဈေးတက်လာပါတယ်။ ဒီတပတ်တောင်ကြီးဈေးကွက်မှာ ပြောင်းတစ်ပိဿာပေါက်ဈေးက ကျပ် ၄၁၀ မှ ကျပ် ၄၂၀ ဈေးရှိတယ်လို့ သိရပါတယ်။

**ဇေခိုင်-တောင်ကြီး**

# မူဆယ်မှ ပရေဆေးလျော့နည်းတင်ပို့ပေမယ့် ချင်းရွှေဟော်မှ ပိုမိုတင်ပို့

ဇွန် ၃ရက်မှ ၉ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုညဒသမ ၅၇၉ သန်းတန်ဖိုးရှိပရဆေးကုန်ကြမ်းအမယ်ဆယ်မျိုး၊ တန်ချိန်အားဖြင့် ၅၂၉ တန်ကျော်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ပရဆေး ၆၆၈ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ ၁၃၉ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ ပရဆေး အမယ်များမှာ မိကျောင်းကွမ်းဖတ်စေ့၊ နေလဲစေ့၊ ဆီးဆန်၊ ကွမ်းစားဂမုန်း၊ မာလာဥ၊ မာလာဥခေါင်း၊ နန္ဒင်းတက်၊ ချင်းခြောက်၊ တောချင်းနဲ့ ဒရင်ကောက်မြစ်တို့ဖြစ်ပါတယ်။

ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၃၆၂၄၂၅ တန်ဖိုးရှိ ကြက်ဆူစေ့ ၅၁၇ တန်ကျော် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၃၈၅ တန်နဲ့နှိုင်းယှဉ်ပါက ကြက်ဆူစေ့ ၁၃၂ တန်ကျော် ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းတွင် ကြက်ဆူစေ့ တစ်တန်ရဲ့ လိုင်စင်ဈေးမှာ အမေရိကန်ဒေါ်လာ ၇၀၀ ရှိတယ်လို့ သိရပါတယ်။

အလားတူ မြန်မာ-ထိုင်း နယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်ကလည်း အမေရိကန်ဒေါ်လာ ၂၉၁၀ တန်ဖိုးရှိ ဆီးဖြူသီးခြောက် ၅ တန်နဲ့ အမေရိကန်ဒေါ်လာ ၂၄၄၀၄ တန်ဖိုးရှိ နန္ဒင်းတက် ၃၆ တန်ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ မြန်မာ-ထိုင်း နယ်စပ်ရှိ တမူးကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၁၈၉၈ တန်ဖိုးရှိ တောင်လုံး ကျော် ၁ တန်ခွဲကို မြန်မာနိုင်ငံသို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ **မော်မော်အောင်**

# ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ နှစ်ရပ်တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၆/၂၀၁၇) ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ (၆/၂၀၁၇) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန်လ ၁၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ (၃) တွင် ကျင်းပခဲ့ရာ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့၊ စားသုံးသူတိုင်ကြားမှုလက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီ၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်း ကော်မတီတို့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ ခရိုင်ဦးစီးမှူးများ စုစုပေါင်း ၃၅ ဦး တက်ရောက်ခဲ့ပါတယ်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး ဦးမြင့်သောင်းက စားသုံးသူကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ရာ၌ ဌာနများအနေဖြင့် မိမိလုပ်ဆောင်ရမည့်လုပ်ငန်းကဏ္ဍများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ဆက်စပ်ပူးပေါင်းလုပ်ဆောင်ရမှာဖြစ်သည့်အတွက် ကဏ္ဍအလိုက်ဆွေးနွေးပေးရန် ပြောကြားခဲ့ပါတယ်။

စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးမြင့်ချိုက (၅/၂၀၁၇)အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ မေလအတွင်း စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲနှင့် ကွင်းဆင်းဆောင်ရွက်မှု၊ စားသုံးသူတိုင်ကြားမှုများကို ဖြေရှင်းဆောင်ရွက်ပေးခဲ့မှု၊ လုပ်ငန်းရှင်မှ နစ်နာခဲ့သည့်ဆုံးရှုံးမှုကို ပြန်လည်ကုစားပေးရန် တင်ပြလာမှုနှင့်ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ပါတယ်။

တက်ရောက်လာကြသည့် အဖွဲ့ဝင်များက စားသောက်ဆိုင်များတွင် Service Charges ကောက်ခံမှုနှင့် ပတ်သက်၍ စားသုံးသူများအတွက် ဆောင်ရွက်ပေးရမည့်အခြေအနေ၊ ဘေးကင်းလုံခြုံစိတ်ချရသော အစားအစာများ ရောင်းချရေးနှင့် ဝယ်ယူစားသုံးနိုင်ရေး၊ ထုတ်ကုန်များအား ဘေးကင်းလုံခြုံစိတ်ချစွာဖြင့် ဝယ်ယူသုံးစွဲနိုင်ရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနများ၏ တည်ဆဲဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရမည့်အခြေအနေ၊ အစားအသောက်၊ ဆေးဝါး၊ အလှကုန်ပစ္စည်းများ လုံခြုံစိတ်ချရမှုရှိစေရန် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ ကွင်းဆင်းဆောင်ရွက်ရာတွင် လုပ်ငန်းထိရောက် အောင်မြင်စေရန် မြို့နယ်များတွင် ဖွဲ့စည်းထားသည့် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေး ကော်မတီအဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ရမည့်အခြေအနေ၊ စားသုံးသူမှ ဘေးအန္တရာယ်ကင်းပြီး လုံခြုံစိတ်ချစွာဖြင့် ဝယ်ယူနိုင်အောင် ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီ ထုတ်လုပ်၊ တင်သွင်း၊ ဖြန့်ဖြူး သုံးစွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**ခင်သီ (စားသုံးသူ) ရန်ကုန်**

# မကွေးမြို့တွင်စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာရုံးဖွင့်လှစ်

မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ မကွေးမြို့တွင် ဇွန်လ ၁၆ ရက်က စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC)ကို ဖွင့်လှစ်ခဲ့သည်။

အဆိုပါစင်တာကို စားသုံးသူရေးရာ ဦးစီးဌာနခွဲ(ရုံးချုပ်)နေပြည်တော်မှ ညွှန်ကြားရေးမှူး ဦးဆွေတင့်ကြူးက ဖွင့်လှစ်ပေးခဲ့ပြီး မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်/မြို့နယ်ဝန်ထမ်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါ စင်တာကို စားသုံးသူများအနေဖြင့် ကုန်စည်နှင့် ဝန်ဆောင်မှုများအား ဝယ်ယူသုံးစွဲရာတွင် စားသုံးသူ၏ရုပ်ပိုင်းဆိုင်ရာ (သို့မဟုတ်) စိတ်ပိုင်းဆိုင်ရာ(သို့မဟုတ်) ငွေကြေး စသည်တို့ နစ်နာဆုံးရှုံးမှုများရှိပါက CICC သို့ တိုင်ကြားနိုင်ရန်အတွက် ဖွင့်လှစ်ရခြင်းဖြစ်သည်။

ညွှန်ကြားရေးမှူး ဦးဆွေတင့်ကြူးက CICC အဖွဲ့အစည်းသည်စားသုံးသူတို့၏ အခွင့်အရေးများကို အဓိကထား ကာကွယ်ပေးမည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ စားသုံးသူများနစ်နာဆုံးရှုံးမှုရှိပါက ယုံကြည်စိတ်ချစွာ တိုင်ကြားနိုင်သည့် သင်္ကေတတစ်ခုအဖြစ် ပြည်သူများ လက်ခံ ယုံကြည် နိုင်မည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း၊ စားသုံးသူများ နစ်နာဆုံးရှုံးမှုများရှိပါက CICC တည်ရှိရာနေရာသို့ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ၊ မကွေးတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာန၏ တရားဝင် Facebook Account မှဖြစ်စေ၊ တိုင်ကြားနိုင်ပါကြောင်း၊ CICC အဖွဲ့သည် အစိုးရအဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း၊ အခြားလူမှုရေးအဖွဲ့အစည်းများဖြင့်လည်း ပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဓိကအချက်ဖြစ်သည့် စားသုံးသူအကာအကွယ်ပေးရေးဥပဒေဖြင့် အရေးယူ ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တိုင်ကြားမှုများကို လက်ခံရရှိခဲ့ပြီး ဖြေရှင်းခဲ့သည့် အမှုပေါင်း ၄၆ မှု ရှိကြောင်း၊ စားသုံးသူများအနေဖြင့် ကုန်စည်တစ်ခုကို ဝယ်ယူပြီး မသုံးစွဲဘဲ နစ်နာဆုံးရှုံးမှုရှိသည်ဟုဆိုပြီး တိုင်ကြားလျှင် ဥပဒေအရ အရေးယူ၍ မရပါကြောင်း၊ အာမခံချက်ရှိသော ကုန်ပစ္စည်းများအား သုံးစွဲပြီး သတ်မှတ်ကာလအတွင်း ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ပါက တိုင်ကြား၍ရပါကြောင်း၊ တိုင်ကြားသူ၏အမည်၊ ဖုန်းနံပါတ်၊ မှတ်ပုံတင်၊ ဖြစ်စဉ်အကျဉ်းတို့ ပါဝင်ရမည်ဖြစ်ပါကြောင်း၊ လိုအပ်လျှင် လူကိုယ်တိုင်လာ ရောက်ရမည်ဖြစ်ပြီး နှစ်ဦးနှစ်ဖက်ညှိနှိုင်းပေးမည်ဖြစ်ပါကြောင်း၊ ဥပဒေဖြင့် အခိုင်အမာတည်ထောင်ပြီး ဖွဲ့စည်းထားသည့် အစိုးရအဖွဲ့အစည်းတစ်ခုဖြစ်ပြီး မှတ်ပုံတင်ရရှိပြီးသော အဖွဲ့အစည်းများဖြစ်သည့် မြန်မာနိုင်ငံ စားသုံးသူကြိုတင်ကာကွယ်ပေးရေးအသင်းနှင့် မြန်မာစားသုံးသူများသမဂ္ဂဟူသည့် အသင်းအဖွဲ့များလည်း ရှိပါကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့် အခွင့်အရေးများကို အကျိုးရှိစွာ အသုံးချတတ်စေလိုကြောင်း ပြောကြားခဲ့သည်။

အလားတူ ပခုက္ကူခရိုင်တွင်လည်း ဇွန်လ ၁ရက်က စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာကို ဖွင့်လှစ်ခဲ့ပြီး ကျန်ခရိုင်များတွင်လည်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ **စန္ဒာစိုးလွင် (မကွေး)**

# လယ်ယာလုပ်သားရှားပါးမှုကြောင့် မိုးစပါးစိုက်ပျိုးရာတွင် ကြဲပက်စိုက်ပျိုးခြင်းကိုသာ အသုံးပြုလာ

ယခုနှစ်မိုးစပါးရာသီ စပါးစိုက်ပျိုးရာ၌ လယ်ယာ လုပ်သားရှားပါးမှုကြောင့် လယ်ယာလုပ်ငန်းခွင်များတွင် ကြဲပက်စိုက်ပျိုးခြင်းနည်းစနစ်ကိုသာ အသုံးပြုနေကြပါတယ်။

ဟင်္သာတမြို့နယ်၊ နတ်မော်တိုက်နယ်၊ စခန်းကြီးကျေးရွာအုပ်စုမှာလည်း လယ်ယာလုပ်သားရှားပါးမှုပြဿနာကို ဖြေရှင်းတဲ့နည်းလမ်းဖြစ်တဲ့ ကြဲပက်စိုက်ပျိုးခြင်းနဲ့သာ စပါးများ စတင်စိုက်ပျိုးနေကြောင်း သိရပါတယ်။

လယ်ထွန်ရာမှာလည်း ယခင်ကကဲ့သို့ ကျွဲ၊ နွားများနဲ့ ထွန်ယက်ခြင်းမရှိတော့ဘဲ ခုနစ်သွားထွန်၊ ၁၈ သွားထွန်၊ ၂၁သွားထွန်တို့နဲ့ စတင်ထွန်ယက်ကြပါတယ်။ စခန်းကြီးကျေးရွာတွင် အချို့သော လယ်သမားများသည် မေလကတည်းက စတင်ထွန် ယက်ထားကြတဲ့အတွက် ပေါင်းမြက်များသေကုန်ကြောင်း၊ မိုးတစ်ပြိုက်နှစ်ပြိုက် စတင်ရွာသွန်းတာနဲ့ မျိုးစပါးကြဲပက်ကြကြောင်း စခန်းကြီးရွာမှ လယ်သမားကြီးတစ်ဦးက ပြောကြားခဲ့ပါတယ်။

"အခုနောက်ပိုင်းမှာ မိုးစောင့်ပြီးစိုက်တဲ့ခေတ်က ကုန်သွားပြီ။ အလုပ်သမားရှားပါးတဲ့ အခုလိုအချိန်မျိုးမှာ လယ်သမား အများစုက ပျိုးပင်ထောင်ပြီး မစိုက်ကြတော့ဘူး။ တစ်ခါတည်းကြဲပက်ပြီးတော့ပဲ စိုက်ကြတော့တယ်။ အထွက်နှုန်းကတော့ ကြဲပြီး စိုက်တာနဲ့ ထွန်ပြီး စိုက်တာ သိပ်မကွာပါဘူး။ ကြဲပြီး စိုက်တာက လုပ်သားစရိတ်သက်သာတဲ့အတွက် အထွက်နှုန်းတူတောင် စရိတ်မှာကွာသွားပါတယ်။ ပေါင်းပင်သတ်ဖို့ကြတော့လည်း အခုခေတ်က ပေါင်းသတ်ဆေးတွေ ပေါ်နေတဲ့အတွက် ပိုပြီး အဆင်ပြေပါတယ်။ မိုးဆက်ပြီး မရွာရင်တော့ ကိုယ့်ရေသွင်းစက်နဲ့ကိုယ် ရေတင်ပြီး စိုက်ရတာပေါ့။ ကြဲပက်ပြီး စိုက်တာကတော့ ကြဲတဲ့သူအပေါ်မှာ မူတည်ပါတယ်။ ကြဲတဲ့သူက လက်ဆမှန်မှန်နဲ့ ကြဲဖို့လိုပါတယ်။ ကြဲတာစိတ်လွန်းအားကြီးရင်လည်း ပင်ပွားနှုန်းမကောင်းသလို အရမ်းကျဲသွားရင်လည်း အထွက်နှုန်းက ကျသွားနိုင်ပါတယ်။ ဒါကြောင့် လက်ဆမှန်မှန်နဲ့ ကြဲပက်ဖို့လိုပါတယ်။ ကျွန်တော်တို့ရွာမှာကတော့ ကြဲပြီးတော့ပဲ စိုက်ကြပါတယ်"လို့ ၎င်းက ထပ်မံပြောကြားခဲ့ပါ တယ်။

စပါးစိုက်နည်းစနစ်တွေဖြစ်တဲ့ အခြောက်ထယ်ရေးနဲ့ အခြောက်မျိုးစေ့ချစနစ် (Dry Direct Seeded Rice Method) ဖြင့် စပါးစိုက်ပျိုးရာမှာ စပါးအထွက် ၂၄ ရာခိုင်နှုန်းမှ ၉၇ ရာခိုင်နှုန်းအထိ ဆုံးရှုံးနိုင်ပြီး အစိုတမန်းပြင်တိုက်ရိုက်စိုက်စနစ် (Wet Seeded Rice Method) ဖြင့် စိုက်ပျိုးပါက စပါးအထွက် သုံးရာခိုင်နှုန်းမှ ၆၂ ရာခိုင်နှုန်းအထိ ဆုံးရှုံးနိုင်သကဲ့သို့ ပျိုး ထောင်ကောက်စိုက်စနစ် (Transplanted Rice Method) ဖြင့် စိုက်ပျိုးပါက စပါးအထွက် ၂ ရာခိုင်နှုန်းမှ ၄၆ ရာခိုင်နှုန်းအထိ ဆုံးရှုံးနိုင်ကြောင်း သိရပါတယ်။ ဒါကြောင့် အခြောက်မျိုးစေ့ချစနစ်ဟာ စပါးအထွက်နှုန်း ဆုံးရှုံးမှုပမာဏများပြားနိုင်တဲ့ စနစ်ဖြစ်ပေမယ့်လည်း စိုက်ပျိုးစရိတ်သက်သာခြင်း၊ တစ်ဧကကြဲနှုန်းသက်သာခြင်း စတဲ့စရိတ်တွေ သက်သာတဲ့အတွက် အသုံးပြုနေကြတာဖြစ်ကြောင်း သိရပါတယ်။

"အခြောက်မျိုးစေ့ချစနစ်က အထွက်နှုန်းကျနိုင်တယ်ဆိုပေမယ့်လည်း မတ်ပဲစိုက်ပြီးကတည်းက ၂၁သွားနဲ့ ထွန်ထားတယ်။ အဲဒီလိုထွန်ထားတဲ့အတွက် ပေါင်းဆိုးတွေ သေကုန်တယ်။ မေလထဲမှာ မိုးတစ်ပြိုက်နှစ်ပြိုက်ရွာပြီးတာနဲ့ အလေ့ကျစပါး တွေ အကုန်ပေါက်တဲ့အချိန်မှာ နောက်တစ်ကြိမ်ထပ်ပြီး ထွန်လိုက်တယ်။ ပြီးတော့ မျိုးစပါးကို ကြဲလိုက်တယ်။ အခုလို အချိန်ဆို ကြဲထားတဲ့ စပါးပင်တွေ အကုန်ပေါက်ကုန်ပြီ။ ပျိုးထောင်ပြီးစိုက်မယ်ဆိုရင် တစ်ဧကစိုက်ဖို့အတွက် နှစ်တင်းပျိုး ထောင်ရတယ်။ အခုကြဲခြင်းအတွက်ကျတော့ တစ်ဧကကို တစ်တင်းပဲ ကြဲရတယ်။ မျိုးအတွက် သက်သာသလို ပျိုးနှုတ်ခ၊ ကောက်စိုက်ခ သက်သာတယ်။ သူတို့တွေ တွက်ချက်ထားသလို အထွက်နည်းခဲ့မယ်ဆိုရင်တော့ စရိတ်သက်သာတာရယ်၊ အလုပ်သမားရှားပါးတာရယ်ကို တွက်ဆလိုက်ရင် ကိုယ့်အတွက် အကျိုးအမြတ်ကတော့ရှိမှာပါပဲ။ ဒါ့အပြင် စပါးဈေးတက် သွားမယ်ဆိုရင် ကိုယ့်အတွက် ပိုပြီး အကျိုးအမြတ် ရလာနိုင်ပါတယ်"လို့ စခန်းကြီးကျေးရွာမှ လယ်သမားကြီးက ပြောကြားခဲ့ပါတယ်။

**မောင်မောင်မြတ်ခိုင်**

## အောင်ပန်းမြို့၌ ဘေးအန္တရာယ် ကင်းရှင်းသည့် စားသောက်ကုန်များ ထုတ်လုပ်/ တင်သွင်း/ ဖြန့်ဖြူး ရောင်းချရေးနှင့် ပြည်တွင်းထုတ်ကုန်များ ပြည်ပသို့တိုးမြှင့် တင်ပို့ရောင်းချနိုင်ရေး အလုပ်ရုံ ဆွေးနွေးပွဲကျင်းပ



ရှမ်းပြည်နယ်(တောင်ပိုင်း)အောင်ပန်းမြို့ သမဝါယမ ခန်းမတွင် ဘေးအန္တရာယ် ကင်းရှင်းသည့် စားသောက်ကုန်များ ထုတ်လုပ်/တင်သွင်း/ဖြန့်ဖြူး ရောင်းချရေးနှင့်ပြည်တွင်း ထုတ်ကုန်များ ပြည်ပသို့ တိုးမြှင့် တင်ပို့ရောင်းချနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဇွန်လ ၉ ရက်က ကျင်းပခဲ့ပါတယ်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးမြသန်းနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းတို့က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး၊ ပြည်နယ်ဦးစီးမှူး ဦးမြသန်းက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေး ခဲ့ပါတယ်။

ထို့နောက် စားသုံးသူရေးရာ ဦးစီးဌာန၊ ပြည်နယ် ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီ အတွင်းရေးမှူးလက်ထောက် ညွှန်ကြားရေးမှူး ဦးမင်းအောင်က စားသုံးသူ အကာအကွယ်ပေးရေးဥပဒေနှင့် ဝန်ဆောင်မှု လုပ်ငန်းများအကြောင်းကိုလည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေး ဦးစီးဌာနမှ ဒေါက်တာသန့်ဇင်ထက်က အမျိုးသား အစားအသောက် ဥပဒေအကြောင်းကိုလည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယအကောက်ခွန် ဦးစီးမှူး ဦးအောင်စိုးကျော်က အကောက်ခွန် ဦးစီးဌာနနှင့် သက်ဆိုင်သည့် လုပ်ထုံးလုပ်နည်းများ၊ကျင့်သုံးနေသည့် ဥပဒေများနှင့် ဆက်နွယ်နေသည့် အခြားတည်ဆဲ ဥပဒေများအကြောင်းကိုလည်းကောင်း၊ အောင်ပန်း စည်ပင်သာယာရေး ရုံးခွဲတာဝန်ခံ၊ ဦးစီးအရာရှိ ဒေါ်ဖြူဖြူကြည်က စည်ပင်သာ ယာရေးနှင့် ဥပဒေနှင့် စည်းကမ်းများအကြောင်းကို လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကလောမြို့နယ်ဦးစီးမှူး ဒေါ်သက်သက်အေးက မျိုးစေ့ဆိုင်ရာဥပဒေ၊ ပိုးသတ်ဆေး ဥပဒေ၊ ဓာတ်မြေဩဇာဥပဒေနှင့် သီးနှံဓာတ်ကြွင်း အန္တရာယ်များအကြောင်းကိုလည်းကောင်း၊ အသေးစား စက်မှုလက်မှု လုပ်ငန်းဌာန၊ ပြည်နယ်ဦးစီးမှူး ဦးသက်နိုင်ဦးက အသေးစား စက်မှုလက်မှုလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်နေပုံအကြောင်းကို လည်းကောင်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ လက်ထောက် ကြီးကြပ်ရေးမှူး ဦးလွင်ဦးက ပုဂ္ဂလိက စက်မှုလုပ်ငန်း ဥပဒေနှင့် ရှမ်းပြည်နယ်၏အလားအလာကောင်းသော စားသောက်ရေးဆိုင်ရာ စက်မှုလုပ်ငန်းများအကြောင်းကို လည်းကောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာMဇော်မိုင်က စည်ပင်သာ ယာရေးဈေးများတွင် ဘေးအန္တရာယ်ကင်းရှင်းသော သားငါးများ ရောင်းချစစ်ဆေး ပြုလုပ်ပေးနေပုံများနှင့် ဆေးဓာတ်ကြွင်း အန္တရာယ်များ အကြောင်းကိုလည်းကောင်း၊ အောင်ပန်းကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက သီးနှံများတွင် ဓာတုပစ္စည်းများကြောင့် အန္တရာယ်ဖြစ်ပုံ၊ ဓာတုပစ္စည်းများ စနစ်တကျသုံးစွဲရေး၊ အော်ဂဲနစ် စိုက်ပျိုးရေးထွက်ကုန်များ ဈေးကွက်ရရှိရေးအတွက် စုပေါင်းစိုက်ပျိုးကြရေး၊ သက်ဆိုင်ရာမှ ဈေးကွက်အတွင်း ဝင်ရောက်စစ်ဆေးမှုများကို ထိထိရောက်ရောက် ဆောင်ရွက်ပေးရေးတို့ကိုလည်းကောင်း၊ အောင်ပန်းဈေးမှ စားသောက်ကုန် ထုတ်လုပ်ရောင်းချသူ ဒေါ်ခင်ခင်ဦးက အသေးစား စက်မှုလက်မှုလုပ်ငန်းများ မှတ်ပုံတင်ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ မေးမြန်းခြင်း၊ ရေသန့်လုပ်ငန်းရှင် ဒေါက်တာကျော်မြင့်ဝင်း LWin သောက်ရေသန့်က ရေသန့်ထုတ်လုပ်ပုံအကြောင်းနှင့် ရှမ်းပြည်နယ်အတွင်း ရေသန့်ဓာတ်ခွဲစမ်းသပ်ခန်း လိုအပ်ပုံတို့ကို အသီးသီးဆွေးနွေးခဲ့ကြပါတယ်။ တက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်းမှုများအပေါ် သက်ဆိုင်ရာဌာန အသီးသီးမှ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဆွေးနွေးပေးခဲ့ပါတယ်။ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူ ၉၀ ကျော်အား သက်ဆိုင် ရာဌာနများမှ ဥပဒေစာအုပ်များ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**စောမောင် (တောင်ကြီး )**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | နီဆန်း/လာတီယို (၂၀၁၄) | ယာယီ | ၂၁၀ သိန်း | 1.5 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၂။ | ဟွန်ဒါဖစ် (၂၀၁၄) | ယာယီ | ၂၂၅ သိန်း | 1.3 ဓာတ်ဆီ၊ နယ်လိုင်စင် |
| ၃။ | ဗွစ် (၂၀၀၆) | ယာယီ | ၂၇၅ သိန်း | 1.8 ဓာတ်ဆီ |
| ၄။ | ကလူဂျာ (၂၀၀၁) | 3G | ၂၈၅ သိန်း | 2.4 ဓာတ်ဆီ |
| ၅။ | ရက်တစ် (၂၀၀၉) | 9F | ၁၄၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ဆိုလီယို (၂၀၁၀) | 2H | ၁၅၅ သိန်း | 1.5 ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | မတ်(ခ်)တူး (၂၀၀၁) | 5E | ၁၇၀ သိန်း | 2.4 ဓါတ်ဆီ၊ ကားကောင်း |
| ၈။ | ပန်းဂတ် (၂၀၀၇) | 9L | ၄၈၅ သိန်း | |
| ၉။ | အပ်ကား | | ၈၅ သိန်း | ကားကောင်း |

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | အဆင့်မြင့် တိုက်ခန်း | စမ်းချောင်းမြို့နယ်၊ တရုတ်ကျောင်းလမ်း | ၁၁၀၀ စ/ပေ | MB (1)၊SB(1) ဓာတ်လှေကားပါ | ၈ သိန်း (၁လအငှားနှုန်း) | အဆင့်မြင့်ပြင်၊ အသင့်နေ | ၀၉/၂၅၀၃၇၆၃၇၉ |
| ၂။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ ဟသ်ာလမ်း | (၃၀ x ၅၀)ပေ | RC (၁) ထပ် | သိန်း ၂၅၀၀ | အသင့်နေ၊ ပြင်ဆင်ပြီး | ၀၉/၅၁၂၅၀၉၁ |
| ၃။ | လုံးချင်းအိမ် | ဒဂုံမြို့သစ်(မြောက်ပိုင်း) (၄၁) ရပ်ကွက်၊ လမ်းသွယ် | (၄၀ x ၆၀)မြေ အိမ် (၂၈ x ၄၀)ပေ | RC (၂) ထပ်၊ MB (၃)ခန်း | ၉ သိန်း (၁လအငှားနှုန်း) | တိုက်သစ်၊ ရပ်ကွက်သန့်၊ စိတ်ငြိမ် | ၀၉/၅၁၁၇၂၆၂ |
| ၄။ | တိုက်ခန်း | သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း | (၁၂ x ၄၇)ပေ | (ပ)ထပ် | ၂၈၀ သိန်း | | ၀၉/ ၂၅၀၃၇၆၃၇၉ |
| ၅။ | မြေ | လှည်းကူးမြို့နယ်၊ မြို့အထွက်လမ်းမတန်း | တစ်သောင်းစ /ပေ နီးပါး | ခြံကွက်သီးသန့် | ၆၀၀၀ သိန်း | လမ်းမဂုတ်ကွက် | ၀၉/၉၇၆၂၁၁၂၃ |
| ၆။ | ကွန်ဒို | ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်းသွယ် | ၁၈၀၀ စ/ပေ | MB (1)၊BR (2) | ၂၀၀၀ သိန်း | | ၀၉/၉၇၆၂၁၁၂၃ |
| ၇။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ လမ်းသွယ် | ၇၅၀ စ/ပေ | BR (၂) ခန်း၊ (၄) လွှာ | ၄၁၀ သိန်း | | ၀၉/ ၂၅၀၃၇၆၃၇၉ |
| ၈။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလအိမ်ရာ | (၁၂.၅ x ၅၀)ပေ | (ပ)ထပ် | ၆၀၀ သိန်း | | ၀၉/ ၂၅၀၃၇၂၅၈ |
| ၉။ | မြေ | ပြင်ဦးလွင်၊ ညောင်နီရွာ | (၆၀ x ၇၀)ပေ | မြေသီးသန့်၊ ဝင်းခတ်ပြီး | ၃၀၀ သိန်း | | ၀၉/၅၁၁၇၂၆၂ |

## ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် အရောင်းအဝယ်ဈေးကွက်ပေါ်မူတည်၍ ဆန်၊ စပါး ဈေးအတက်အကျဖြစ်

ဧရာဝတီတိုင်း ဒေသကြီးအတွင်း ရှိမြို့နယ်အချို့တွင် ဆန်စပါးလက်ကျန် အခြေအနေနှင့် ဈေးကွက်ပေါ် မူတည်၍ ယခုတစ်ပတ်အတွင်း ဆန်စပါးဈေးနှုန်းများ အတက်အကျဖြစ်နေကြောင်း ဈေးကွက်သတင်းများအရ သိရသည်။

အိမ်မဲမြို့နယ်တွင် ယခင်တစ်ပတ် မိုးညှော်မထစပါး ၄၆ ပေါင် တင်း ၁၀၀ ကို ကျပ် ၄၄၂၀၀၀ မှ ယခု ကျပ် ၄၆၀၀၀၀၊ ဆန်တစ်အိတ်လျှင် ယခင် ကျပ် ၂၀၀၀၀ မှ ယခု ကျပ် ၂၀၅၀၀၊ နှွေညှော်မထဆန်တစ်အိတ်လျှင် ယခင် ကျပ် ၁၉၀၀၀ မှ ယခု ကျပ် ၁၉၅၀၀ ဖြစ်သွားပြီး မိုးစပါးတင်း ၁၀၀ လျှင် ကျပ် ၂၀၀၀၀ ဝန်းကျင်နှင့် ဆန်တစ်အိတ်လျှင် ကျပ် ၅၀၀ ဝန်းကျင်ဈေးနှုန်းမြင့်တက်၍ ဆန်စပါးလက်ကျန်အခြေအနေနှင့် ဈေးကွက်အရောင်းအဝယ်သွက်လျှင် ဈေးနှုန်းမြင့်တက်မှုရှိကြောင်း၊ မြောင်းမြမြို့၊ လပွတ္တာမြို့များတွင် စပါးဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ညှော်မထနွေ၊ မိုး ဆန် တစ်အိတ်လျှင် ကျပ် ၁၈၅၀၀ - ၂၀၀၀၀ မှ ကျပ် ၁၈၀၀၀ - ၁၉၅၀၀ ဖြစ်သွား၍ ဆန်တစ်အိတ်လျှင် ကျပ် ၅၀၀ ဝန်းကျင် ဈေးနှုန်းကျဆင်းမှုရှိကြောင်း ဆန်စပါးဈေးကွက်မှ သိရသည်။

လက်ရှိဈေးကွက်တွင် အိမ်မဲမြို့နယ်၌ စပါးဆန်ဈေး အနည်းငယ်မြင့်တက်၍ မြောင်းမြ၊ လပွတ္တာမြို့နယ်တွင် ဆန်ဈေးအနည်းငယ် ကျဆင်းပြီး မအူပင်ခရိုင်၊ မအူပင်၊ ညောင်တုန်း၊ ပန်းတနော်၊ ဓနုဖြူမြို့နယ်များတွင် ရန်ကုန်ဈေးကွက် အရောင်းအဝယ်သွက်သည့်အပေါ် စပါးတင်း ၁၀၀ လျှင် ကျပ် ၁၅၀၀၀ ဝန်းကျင်နှင့် ဆန်တစ်အိတ်ကို ကျပ် ၅၀၀ နှုန်း မြင့်တက်သွားကြောင်း သိရသည်။

**မင်းမင်းဦး(ပုသိမ်)**

## မွန်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (၂၀၁၇-၂၀၂၀)အလုပ်အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကျင်းပ

မွန်ပြည်နယ် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်ရှင်များအသင်း၏(၂၀၁၇-၂၀၂၀)အတွက် အလုပ်အမှုဆောင်အသစ်ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကို ဇွန် ၁၁ ရက်က မွန်ပြည်နယ်ကုန်သည်စက်မှုအသင်းခန်းမ၌ ကျင်းပခဲ့ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့တွင် ဦးအေးဝင်း (ကုန်သည်စက်မှုအသင်းချုပ်တွဲဖက်အထွေထွေအတွင်းရေးမှူး)ကဥက္ကဋ္ဌ၊ မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနပြည်နယ်ဦးစီးမှူး ဦးစိုးသန်းအေးက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ အဖွဲ့ဝင်များအဖြစ် (ကုန်သည်စက်မှုအသင်းချုပ် ဗဟိုအလုပ်အမှုဆောင်) ဦးကျော်ကျော်ဝင်း၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဝေယံလွင်၊ ရပ်မိရပ်ဖကိုယ်စားလှယ် ဒေါက်တာတင်စိုးတို့က ဆောင်ရွက်ခဲ့ကြပြီးရွေးကောက်ပွဲအားမဲစနစ်ဖြင့် တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိစွာ ရွေးချယ်ခဲ့ကြပါသည်။ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ကြီးကြပ်မှုဖြင့် အလုပ်အမှုဆောင်၅၁ဦး၊ ဗဟိုအလုပ် အမှုဆောင် ၂၅ဦး ရွေးချယ်နိုင်ခဲ့သည်။ ထို့နောက် မွန်ပြည်နယ်ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌအဖြစ် ဦးဝင်းထိန်အား ရွေးချယ်ခဲ့ပြီး ဒုတိယဥက္ကဋ္ဌသုံးဦးအဖြစ် ဦးတင်မြင့်ဦး၊ ဒေါက်တာခင်မောင်ဝင်း၊ ဦးမင်းဗညားစန်းတို့အားလည်းကောင်း၊ အထွေထွေအတွင်းရေးမှူးဦးနေဇော်အောင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး သုံးဦးအဖြစ် ဦးကျော်စံဝင်း၊ ဦးအောင်မျိုးဦး၊ဦးခိုင်ဦးတို့အားလည်းကောင်း၊ဘဏ္ဍာရေးမှူးဒေါ်သီသီလွင်၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးဇော်မိုးခိုင်၊ စာရင်းစစ် ဒေါ်စန္ဒာအောင်၊ တွဲဖက်စာရင်းစစ် ဦးတင်ဦးတို့အားလည်းကောင်း အသီးသီး ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

အသစ်ရွေးချယ်တင်မြှောက်ခြင်းခံရသော မွန်ပြည်နယ်ကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့၏ရှေ့လုပ်ငန်းစဉ်များညှိနှိုင်းဆွေးနွေးပွဲကို ဇွန်လ၁၂ရက်က မွန်ပြည်နယ်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး၌ ကျင်းပခဲ့ပါသည်။

ဆွေးနွေးပွဲတွင် မွန်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးဦးစိုးသန်းအေးက အဖွင့်အမှာစကားပြောကြားပါသည်။

ထို့နောက် မွန်ပြည်နယ်ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဦးဝင်းထိန်က အဖွဲ့ဝင်များသည် လုပ်ငန်းရှင်များဖြစ်ကြသဖြင့် အလုပ်ကိုယ်စီရှိကြသော်လည်း အစည်းအဝေးကိုကြိုးစား၍ တက်ရောက်ပေးကြစေလိုကြောင်း၊ သို့မှသာတစ်ဦးနှင့်တစ်ဦးပို၍ စည်းလုံးမှုရှိမည်ဖြစ်ကြောင်း၊ ရုံးလုပ်ငန်းစီမံခန့်ခွဲမှုများကိုလည်း စနစ်တကျဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကုန်စည်ဒိုင်ကိစ္စအမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဟန်ချက်ညီညီဖြင့် ရှေ့ဆက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**DOCA-Mon**

## မုံရွာခရိုင် သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းဖွဲ့စည်းရန် အကြိုလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန၊ အရာတော်မြို့နယ်တာဝန်ခံရုံး၌ ဇွန်လ ၁၄ ရက်က အရာတော်မြို့၊ သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူ များအသင်း အလုပ်အမှုဆောင် ၂၇ ဦးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်တာဝန်ခံအပါအဝင် တာဝန်ရှိသူများတွေ့ဆုံကာ အသင်းဖွံ့ဖြိုးတိုးတက်ရေးနှင့်ခရိုင်အသင်းဆက်လက် ဖွဲ့စည်းနိုင်ရေး ကြိုတင်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပါသည်။

ပြည်တွင်းကုန်သွယ်ရေးဖွံ့ဖြိုးမှုနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် သနပ်ခါးနှင့်ပတ်သက်၍ မြန်မာနိုင်ငံသနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း(ဗဟို) ဖွဲ့စည်းတည်ထောင်နိုင်ရေးအတွက် ပြည်ထောင်စုဝန်ကြီးနှင့်ဒုတိယဝန်ကြီးတို့၏ လမ်းညွှန်မှုပြုသည့်အတိုင်း မုံရွာခရိုင်အသင်းဖွဲ့စည်းရန် အရာတော်မြို့နယ်အသင်းက ပူးပေါင်း ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မုံရွာမြို့နယ်နှင့်ဘုတလင်မြို့နယ်များတွင်လည်း မြို့နယ်အသင်းဖွဲ့ရန် ကျေးရွာများ၌ အစုအဖွဲ့များဖွဲ့စည်းပြီးဖြစ်ကြောင်း အရာတော်မြို့နယ်သနပ်ခါးအသင်း ဥက္ကဋ္ဌ ဦးကျော်မိုးက ပြောကြားပါသည်။

ထို့အပြင် သနပ်ခါးအသင်းရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်အစဉ်ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ဇူလိုင်လအတွင်း ဆွစ်ဇာလန်နိုင်ငံမှပညာရှင်လာရောက် လေ့လာမည်ဖြစ်ကြောင်း၊ လာရောက်ပါက မိမိတို့အသင်းသားများအနေဖြင့် လိုအပ်သော အရင်းအနှီး၊ နည်းပညာ၊ စက်ပစ္စည်း ကိရိယာများ စသည့် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းတင်ပြနိုင်ကြောင်း၊ သင်တန်းပြီးဆုံးပါက တန်ဖိုးမြှင့်ထုတ်ကုန်များကို လက်တွေ့ထုတ်လုပ်နိုင်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဥက္ကဋ္ဌကပြောကြားပါသည်။

အသင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်အဖြစ် သနပ်ခါးအသီးမှ နှလုံးအားတိုးဆေးထုတ်လုပ်မည်ဖြစ်ကြောင်း၊ အစုရှယ်ယာတစ်စုလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ပါဝင်နိုင်ကြောင်း၊ ထည့်ဝင်လိုသူများ စာရင်းကိုဇူလိုင် ၈ရက်တွင် အပြီးကောက်ယူပြီး စုငွေကို ဇူလိုင်လကုန်တွင် အပြီးပေးသွင်းရမည်ဖြစ်ကြောင်း၊ မုံရွာခရိုင်အတွက် အလုပ်အမှုဆောင် ခုနစ်ဦးရွေးချယ်ခဲ့ကြောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ ထိုင်းလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲကို ရန်ကုန်မြို့၌ ဇွန်လ ၁၉ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ ထိုတွေ့ဆုံပွဲသို့ တက်ရောက်ရန် အသင်းသား သုံးဦးကို ရွေးချယ်ခဲ့ကြောင်းသိရှိရပါသည်။

**တင်စိုးနိုင်(အရာတော်)**

## ညောင်တုန်းမြို့နယ်တွင် ပြည်တွင်း /ပြည်ပဈေးကွက်ဝင်ပို့ကုန်အမယ်သစ်လျှော်ဖြူ စတင်စိုက်ပျိုး

ညောင်တုန်းမြို့နယ်၊ တာကွေ့ကျေးရွာရှိခြံပိုင်ရှင်ဦးဩ ပိုင်ဆိုင်သောမြေသုံးဧကတွင် ၂၀၁၅ ခုနှစ်မှစတင်၍ လျှော်ဖြူများကို စတင်စမ်းသပ်စိုက်ပျိုးခဲ့ရာ နှစ်နှစ်အတွင်းမှာပင် ရေမြေသဘာဝနှင့်ကိုက်ညီမှုရှိ၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း၊ လျှော်ဖြူမျိုးစေ့ကို ရန်ကုန်မြို့ Super Chanကုမ္ပဏီမှတစ်ဗူးကို ကျပ် ၃၀၀၀၀ နှင့်ဝယ်ယူပြီး မိမိပိုင်စိုက်ပျိုးမြေပေါ်တွင် လျှော်ဖြူအပင် ၆၀၀နှင့် အိန္ဒိယမျိုး နံ့သာနီပင် ၆၇၀ ကို ကြားညှပ်စိုက်ပျိုးထားပြီး လျှော်ဖြူပင်မှာအပင်သက်တမ်းသုံးနှစ်အတွင်းစတင်အစေးထုတ်ယူနိုင်၍ ပထမနှစ်မှာ တစ်ပင်ကို အစေးနှစ်ကျပ်သား၊ ဒုတိယနှစ်မှာ ငါးကျပ်သားနှင့် တတိယနှစ်မှာ တစ်နေ့လျှင် အစေး ၁၀ ကျပ်သားခန့်ထွက်ရှိ၍ လျှော်ဖြူပင်သည် သက်တမ်းနှစ် ၇၀ရှိပြီး ရေရှည်အကျိုးအမြတ်ရရှိသော နှစ်ရှည်ပင်အမျိုးအစားဖြစ်ကြောင်း ခြံပိုင်ရှင်ဦးဩက ပြောပါသည်။

လျှော်ဖြူဈေးနှုန်းမှာ ယခင်က ပြည်တွင်းဈေး အစေးတစ်ပိဿာကို ကျပ် ၅၀၀၀ - ၂၀၀၀၀ ရှိပြီး ယခုလက်ရှိအချိန်တွင် ဈေးနှုန်းမြင့်တက်လျက် အစေးတစ်ပိဿာလျှင် ကျပ် ၂၀၀၀၀- ၅၀၀၀၀ ခန့်အတွင်းရှိကြောင်း ဈေးကွက်ဝယ်လိုအားမှာ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အဝယ်ဒိုင်များရှိ၍အချို့ဒေသများတွင် ကျေးရွာများအထိ အဝယ်ဒိုင်မှ ဆင်းပြီးဝယ်ယူလျက်ရှိကြောင်း၊ ပြည်တွင်းဈေးကွက်တွင် စားသောက်ကုန်အဖြစ် (ဆေးကုလားမ) နှင့်မြန်မာ့တိုင်းရင်းဆေးထုတ်လုပ်ရာတွင် အသုံးပြုလျက်ရှိပြီး ပြည်ပနိုင်ငံများဖြစ်သော အိန္ဒိယ၊ထိုင်း၊တရုတ်နိုင်ငံများတွင် စားသောက်ကုန်၊ အလှကုန်၊အထည်အလိပ်လုပ်ငန်းများအပြင် ကားမှန်ပြုလုပ်ရာတွင်လည်း စက်မှုကုန်ကြမ်းသီးနှံ အဖြစ် အသုံးပြုလျက်ရှိကြောင်း ဈေးကွက်သတင်းများအရ သိရသည်။

မအူပင်မြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင် ဦးစီးမှူးဦးဇော်မင်း၊ ညောင်တုန်းမြို့နယ်တာဝန်ခံ ဦးအောင်လွင်နှင့်ဝန်ထမ်းများသည်ဇွန်လ ဒုတိယပတ်တွင် လျှော်ဖြူစိုက်ပျိုးလျက်ရှိသော ခြံရှင်ဦးဩ၏ စိုက်ခင်းသို့ သွားရောက်၍ လျှော်ဖြူစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိမှု၊ မိမိမြို့နယ်အတွင်း တိုးချဲ့စိုက်ပျိုးနိုင်ရန်နှင့် မိမိတိုင်းဒေသကြီးအတွင်း ပြည်ပပို့ကုန်အမယ်သစ်အဖြစ် တိုးမြှင့်တင်ပို့နိုင်ရေးဈေးကွက်ကျယ်ပြန့်လာစေရန်သာမက မိမိတို့ဌာနမှလည်း ပြည်ပနိုင်ငံများသို့ တိုက်ရိုက်ချိတ်ဆက်ရောင်းချနိုင်ရေးအတွက် ကူညီပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဇော်မင်း၊ အောင်လွင်(မအူပင်)**

### နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်

(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) ဖုန်း-၀၁ ၂၅၄၀၂၄ ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ အီးမေးလ်- mmeu.tradehelpdesk@gmail.com

### ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Complaint Center (CCC) များ၏ Contact Points များ

(၁) ရန်ကုန်တိုင်းဒေသကြီး — ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။
Fax:01-254023,
Ph:01-250270,254019
email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်) — ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။
Fax : 053-28220,
Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) — အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။
Ph : 052-2221844, 2221108, 2221036

(၄) ဧရာဝတီတိုင်းဒေသကြီး — ပုသိမ်မြို့။
Fax : 042-21811,
Ph: 042-24520,24522
email: yiyinaingwin@gmail.com

(၅) မန္တလေးတိုင်းဒေသကြီး — မန္တလေးမြို့။
Fax : 02-36340,
Ph: 02-36342,36339
email: mdymapt@gmail.com

(၆) ရခိုင်ပြည်နယ် — စစ်တွေမြို့။
Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး — အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။
Fax : 063-23199,
Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း) — အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။
Ph:081-2121615, Fax:081-2121627,
email:dtptaunggyi@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) — ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။
Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) — အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။
Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ် — ဘားအံမြို့။
Fax:058-21666,Ph:058-21041

(၁၂) တနင်္သာရီတိုင်းဒေသကြီး — ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။
Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ် — အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။
Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ် — (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။
Fax:083-21005,Ph:083-21005

(၁၅) မွန်ပြည်နယ် — အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။
Fax:057-24728, Ph:057-24318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး — သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။
Fax : 071-23630,
Ph:071-23630,22924

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

# (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၁၉-၆-၂၀၁၇ မှ ၂၅-၆-၂၀၁၇ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** လုပ်ငန်းခွင်တွင် စကားအခြေအတင်ပြောရကိန်းရှိတတ်သည်။ စေတနာ့ဝန်ထမ်းများ လုပ်ရတတ်သည်။ စပ်တူလုပ်ငန်းများမလုပ်ကိုင်သင့်။မအောင်မြင်ခြင်း၊ နှောင့်နှေးကြန့်ကြာမှုများ ကြုံတွေ့ရတတ်သည်။ ကြိုးစား အားထုတ်မှုများမှ ရလဒ်ကောင်းများဖြစ်ထွန်းမည်။ လူလိမ်ခံရ၍ ငွေကြေး ဆုံးရှုံးမှုဖြစ်ပွားတတ်သည်ကို သတိရှိပါ။ ပညာရေးအောင်မြင်မှုရမည်။ ကျန်းမာရေးညံ့တတ်သည်။ **ယတြာ။ ။မင်္ဂလသုတ်ပရိတ်တော်ကိုရွတ်ဖတ်ပူဇော်ပါ။**



**တနင်္လာသားသမီးများအတွက်** လုပ်ငန်းများကိုတည်တည်ငြိမ်ငြိမ်ဆောင်ရွက်လျှင် အကျိုးအမြတ်ခံစားရမည်။ စိတ်ကူးပေါက်သလို မဆင်မခြင်လုပ်ပါက ဆုံးရှုံးမှုနှင့်ကြုံတွေ့ရတတ်သည်။ စီးပွားရေးတွင် ပထမပိုင်း အခက်အခဲရှိတတ်သော်လည်း၊ နောက်ပိုင်းကာလများတွင် ဝင်ငွေတိုးတက်လာမည်။ လူကြီးလူကောင်းများ၊ ဩဇာရှိသူများနှင့် ဆက်ဆံရတတ်သည်။ ကျန်းမာရေး၊ လူမှုရေးကံကောင်းနေမည်။
**ယတြာ။ ။ရတနသုတ်ပရိတ်တော်ကိုရွတ်ဖတ်ပူဇော်ပါ။**



**အင်္ဂါသားသမီးများအတွက်** အလုပ်အကိုင် အခွင့်အလမ်းများ နှောင့်နှေးကြန့်ကြာတတ်သည်။ အကြီးအကဲစောင့်ရှောက်မှုခံရတတ်သည်။ လုပ်ငန်းနှင့်စပ်လျဉ်း၍ အတွေ့အကြုံသစ်များရမည်။ မပြတ်သားသော ဆောင်ရွက်မှုမျိုးရှိမည်။ ရန်နှင့်ယှဉ်၍ ငွေဝင်ကိန်းရှိသည်။ ပတ်ဝန်းကျင်နှင့်ဆက်ဆံရာတွင် လိမ္မာပါးနပ်ရန်လိုသည်။ ကျန်းမာရေးလိုက်စားမှုအားကောင်းနေမည်။ ပညာရေးတွင် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်မှု အားကောင်းနေမည်။ **ယတြာ။ ။ မေတ္တသုတ် ရွတ်ဖတ်ပူဇော်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** လုပ်ငန်းများနှင့်ပတ်သက်၍ အကြံအစည်ကောင်းများ ရတတ်သည်။ ကောင်းသတင်းကျော်ကြားတတ်သည်။ မိသားစုအရေး စိတ်မအေးဖြစ်တတ်သည်။ သောကရောက်ရတတ်သည်။ အကျိုးမရှိသော ခရီးများသွားရတတ်ခြင်းကြောင့် ငွေကြေးကုန်ကျများတတ်သည်။ အစုစပ်လုပ်ငန်း များ လုပ်ကိုင်ခွင့်ရတတ်သည်။ ကျန်းမာရေးကောင်းမည်။ အလှူအတန်းပြုရကိန်းရှိသည်။ ပတ်ဝန်းကျင်နှင့်ဆက်ဆံရာတွင် လိမ္မာပါးနပ်ရန်လိုလိမ့်မည်။
**ယတြာ။ ။ခန္ဓသုတ်ရွတ်ဖတ်ပူဇော်ပါ။**



**ကြာသပတေးသားသမီးများအတွက်** ရန်သူပြိုင်ဘက်၊ အတိုက်အခံများတွေ့ရတတ်သည်။ ကိုယ်တိုင်ကြိုးစားအားထုတ်မှုကြောင့် တိုးတက်မှုရလာတတ်သည်။ အခွင့်အလမ်းများ မပေါ်ပေါက်လာသေးပါ။ ရေမြေရပ်ခြား၊ ခရီးသွားရကိန်းရှိသည်။ ကံကြမ္မာအထောက်အပံ့ရမည်။ မမျှော်လင့်ဘဲ ဝင်ငွေတိုးမည်။ ဘာသာရေး၊ လူမှုရေးလုပ်ငန်းများတွင် အောင်မြင်မှုရတတ်ပါသည်။ ကြီးစွာသော အခက်အခဲများကို ဖြေရှင်းကျော်ဖြတ်နိုင်လိမ့်မည်။ **ယတြာ။ ။ မောရသုတ်ရွတ်ဖတ်ပူဇော်ပါ။**



**သောကြာသားသမီးများအတွက်** လုပ်ငန်းများနှင့်ပတ်သက်၍ မမျှော်မှန်းဘဲလုပ်ကိုင်ရသောလုပ်ငန်းတို့မှ ငွေကြေးအကျိုးခံစားရတတ်သည်။ လုပ်ငန်းများတိုးတက်အောင်မြင်မည်။ လက်အောက်ငယ်သားများကြောင့် ပူပန်သောကများ ဖြစ်ပွား၍ ခန္ဓာကိုယ် ပင်ပန်းဆင်းရဲတတ်သည်။ ကျန်းမာရေးဂရုစိုက်ရမည့် ကာလဖြစ်သည်။ အိမ်ထောင်ရေးအဆင်မပြေဖြစ်တတ်သည်။ လူမျိုးခြားနှင့် လုပ်ကိုင်မှုမှ အကျိုးအမြတ်ရမည်။ စည်းစိမ်တိုးတက်မည်။ **ယတြာ။ ။ ဝဋ္ဋသုတ် ရွတ်ဖတ်ပူဇော်ပါ။**



**စနေသားသမီးများအတွက်** စီးပွားရေးအတက်အကျမြန်ဆန်လိမ့်မည်။ အခြေအနေအရပ်ရပ်ကို ကြီးစွာသော သတိဖြင့် ဖြေရှင်းရန်လိုအပ်နေပါသည်။ မမျှော်လင့်ထားသော ငွေကြေးများရတတ်သည်။ လူမှုဆက်ဆံရေး နယ်ပယ်တွင် ထင်ပေါ်ကျော်ကြားမည်။ အလုပ်အကိုင်အခွင့်အလမ်းမှာ မှုန်ဝါးဝါးဖြစ်ဆဲရှိနေမည်။ မိသားစုနှင့် အဆင်ပြေ၍ ဆက်ဆံရေးကောင်းနေမည်။
**ယတြာ။ ။ ပုဗ္ဗဏှသုတ် ရွတ်ဖတ်ပူဇော်ပါ။**

# ဧရာပုသိမ်ဖွံ့ဖြိုးမှုအများနှင့် သက်ဆိုင်သော ကုမ္ပဏီက ၂၀၁၇-၂၀၁၈ မိုးစပါးရာသီတွင် ဒေသခံတောင်သူများနှင့် ပူးပေါင်း၍ အကျိုးတူ ကန်ထရိုက်လယ်ယာစနစ်ဖြင့် စိုက်ပျိုးမည်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် ဖွဲ့စည်းထားသော ဧရာပုသိမ်ဖွံ့ဖြိုးမှုအများနှင့် သက်ဆိုင်သောကုမ္ပဏီသည် ယခုနှစ် မိုးစပါးရာသီတွင် ပုသိမ်မြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ငပုတောမြို့နယ်များအတွင်းရှိ ဒေသခံတောင်သူများနှင့် ပူးပေါင်း၍ ဆင်းသွယ်လတ် ဧက ၂၀၀ ပေါ်ဆန်းရင် ဧက ၁၅၀ ကို အကျိုးတူ ကန်ထရိုက်လယ်ယာစနစ်ဖြင့် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှ သိရသည်။

ကန်ထရိုက်လယ်ယာစနစ်ဖြင့် စိုက်ပျိုးမည့် တောင်သူများမှာ လယ်ရှိရန်သာလိုအပ်ပြီး မျိုးစပါး၊ သွင်းအားစု၊ စိုက်ပျိုးစရိတ်များနှင့် လိုအပ်ပါက လယ်ယာသုံးစက်ပစ္စည်းများကို ရာသီပေါ်ပေးစနစ်ဖြင့် ကုမ္ပဏီက ပံ့ပိုးပေးသွားမည် ဖြစ်ကြောင်း၊ စပါးပေါ်ချိန်တွင် ဈေးနှုန်းအတက်၊ အကျဖြစ်တတ်သောကြောင့် စပါးပေါ်ချိန် ဈေးနှုန်းအပေါ် တောင်သူများ စိုးရိမ်မှုမရှိစေရန်အတွက် ဆင်းသွယ်လတ်စပါးတင်း ၁၀၀ ကို ခြောက်သိန်းဈေးနှင့် ပေါ်ဆန်းရင်စပါးဈေးကို ခုနစ်သိန်းငါးသောင်းကျပ် အာမခံဈေးပေး၍ ဝယ်ယူသွားမှာဖြစ်ကြောင်း ဈေးနှုန်းကျဆင်းမှုရှိပါက သတ်မှတ်ထားသော အခြေခံအာမခံဈေးနှုန်းအတိုင်း တောင်သူများနစ်နာမှု မရှိစေရန် ဝယ်ယူသွားမည်ဖြစ်၍ ထွက်ရှိလာသော စပါးများကို တစ်ဧကလျှင် ကုမ္ပဏီသို့ တင်း ၅၀ ရောင်းချပေးရမည်ဖြစ်သည်။ အကျိုးတူစိုက်ပျိုးသောတောင်သူများကိုလည်း ကုမ္ပဏီစိုက်ပျိုးရေးဌာနမှ စိုက်ခင်းများကို ရက်အလိုက် လအလိုက်ကြီးကြပ်လျက် စနစ်တကျစိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် နည်းပညာများပံ့ပိုးပေးမှာဖြစ်ပြီး စတင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ ပံ့ပိုးကူညီပေးသွားမှာဖြစ်ကြောင်း၊ လိုအပ်ပါက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ အကူအညီဖြင့် ဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း သိရသည်။

ဧရာပုသိမ်ဖွံ့ဖြိုးမှု အများနှင့် သက်ဆိုင်သောကုမ္ပဏီမှ ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် ဆန်စပါးအရည်အသွေး မကျဆင်းစေရန်သာမက စားသုံးသူများဘက်မှလည်း ဘေးအန္တရာယ်ကင်းစွာ စားသုံးနိုင်ရန်အတွက် ဓာတ်မြေဩဇာအသုံးပြုမှုများကို လျှော့ချ၍ ဧရာပုသိမ်မှ ထုတ်လုပ်သည့် အဏုဇီဝမြေဩဇာဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ခိုင်မာသောဈေးကွက်ရရှိစေရန် ကန်ထရိုက်လယ်ယာစနစ်ကို ကုမ္ပဏီနှင့် တောင်သူ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှာဖြစ်ကြောင်း ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**မင်းမင်းဦး(ပုသိမ်)**

# ပုသိမ်မြို့အတွင်းရှိ စည်ပင်သာယာဈေးများတွင် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ပုသိမ်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနသည် မိတ်ဖက်အဖွဲ့များနှင့် ပူးပေါင်း၍ မေ ၃၁ ရက်တွင် ပုသိမ်မြို့ အမှတ် (၇) ရပ်ကွက် ဧရာဝင်းဈေး၊ အမှတ် (၈)ရပ်ကွက် ဧရာမင်းဈေးများတွင် စားသုံးသူများ ဘေးကင်းလုံခြုံစွာ စားသောက်သုံးစွဲနိုင်ရေးအတွက်လည်းကောင်း၊ ပုဒ်မ၆ (က) အရ စားသုံးသူများ၏ အခွင့်အရေးများ ရရှိစေရေးအတွက်လည်းကောင်း၊ စားသုံးသူများ လိမ်လည်လှည့်ဖြားမှု မခံရစေရန်လည်းကောင်း ရည်ရွယ်၍ စားသုံးသူ အကာအကွယ်ပေးရေး လုပ်ငန်းများကို ကွင်းဆင်း ဆောင်ရွက်ခဲ့ပါသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် ပုသိမ်ဒုတိယခရိုင် ဦးစီးမှူး ဦးထွေးသိမ်း၊ မြို့နယ်တာဝန်ခံ ဦးအောင်ငွေတို့က ရောင်းချသော ဈေးသည်၊ ဆိုင်ရှင်များအား ရောင်းချသော ကုန်ပစ္စည်းများအား စားသုံးသူ ထင်ယောင်ထင်မှား ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် မှားယွင်းသော ဖော်ပြမှုကို မပြုလုပ်ရန်၊ မမှန်ကန်သော ကြော်ငြာ၊ သဘောရိုးဖြင့် ဆောင်ရွက်ခြင်း မဟုတ်သည့် အပြုအမူ၊ သဘာဝအရည်အသွေးကိုဖြစ်စေ၊ ထုတ်လုပ်မှုဖြစ်စဉ်ကိုဖြစ်စေ၊ ဆောင်ရွက်မှု ဖြစ်စဉ်ကိုဖြစ်စေ၊ ဝိသေသလက္ခဏာကိုဖြစ်စေ၊ သတ်မှတ်ထားသော စံချိန်စံညွှန်းကိုဖြစ်စေ၊ ရည်ရွယ်ချက်ကိုဖြစ်စေ၊ အရေအတွက်ကိုဖြစ်စေ၊ အများပြည်သူက ယုံကြည်မှုလွဲမှားစွာ လက်ခံရန် မရိုးမဖြောင့်သောသဘောဖြင့် ပြုလုပ်ရောင်းချခြင်း မပြုလုပ်ရန် အကျယ်တဝင့် အသိပညာပေး ဆွေးနွေးခဲ့ပါသည်။ ဆက်လက်၍ ဈေးအတွင်း ရောင်းချသော ပစ္စည်းများအား လိုက်လံကြည့်ရှု ခဲ့ပြီး ရောင်းချသူများကလည်း ပုဒ်မ ၇(က) (ခ)အရ မိမိတို့၏ အခွင့်အရေးနှင့် တာဝန်များကို လေးစားလိုက်နာပြီး စားသုံးသူပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းစွာ စားသောက်သုံးစွဲနိုင်ရေးအတွက် အထူးအလေးထား ဆောင်ရွက်ကြရန် အသိပညာပေး ဆွေးနွေးခဲ့သည်ကြောင်း သတင်းရရှိပါသည်။

**မောင်ပုသိမ်**

# HAGL မြန်မာနှင့် City Mart Holdings တို့ အဆင့်မြင့်ဟိုက်ပါမားကက်တစ်ခု ထူထောင်ရန် နှစ်ဦးသဘောတူစာချုပ် လက်မှတ်ရေးထိုး

ဗီယက်နမ်နိုင်ငံ အခြေစိုက်မြို့ပြတည်ဆောက်ရေးကုမ္ပဏီHAGL မြန်မာနှင့် City Mart Holdings ကုမ္ပဏီ တို့ ပူးပေါင်း၍ HAGL မြန်မာ၏ စီမံကိန်းအပိုင်း-၂ တွင် အဆင့်မြင့် ဟိုက်ပါမားကက်တစ်ခုထူထောင်ရန် နှစ်ဦးသဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ သဘောတူစာချုပ်သည် ကုမ္ပဏီနှစ်ခုအကြား Ocean Supercenter ဟု အမည်ရသည့် ဟိုက်ပါမားကတ်ကို ပူးပေါင်းအကောင် အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

HAGL မြန်မာ၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ Mr. Thinh က "ကျွန်တော်တို့အနေနဲ့ ဒီလိုနှစ်ဦး သဘောတူလက်မှတ်ရေးထိုးရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ HAGL ရဲ့ စီမံကိန်းအပိုင်း(၂)မှာ ပါဝင်လာမယ့် ဈေးဝယ်စင်တာတွေ၊ အဆောက်အအုံတွေကို လာရောက်ကြမယ့် ပြင်ပဧည့်သည်တွေအတွက်ရော၊ နေထိုင်ကြမယ့်သူတွေအတွက်ပါ အကောင်းဆုံးနဲ့ အဆင်ပြေ သက်သောင့်သက်သာရှိမှုတွေကို ယူဆောင်လာပေးဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ဆောင်ရတာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဗီယက်နမ်နိုင်ငံ အခြေစိုက်ဆောက်လုပ်ရေးကုမ္ပဏီ Hong Anh Gia Lai (ဟောင်အန်းဂျာလိုင်း)သည် ၎င်း၏ စီမံကိန်းအပိုင်း (၂)ရဲ့ တည်ဆောက်ရေးလုပ်ငန်းများအား စတင်ဆောင်ရွက်လျက်ရှိပြီး၊ စီမံကိန်း အပိုင်း (၂)တွင် ရုံးခန်းတာဝါ အဆောက်အဦးနှစ်လုံး၊ ရှော့ပင်းစင်တာအသစ်တစ်ခု၊ အခန်းပေါင်း ၃၆၀ ပါဝင်မည့် ဝန်ဆောင်မှုပါ အဆင့်မြင့်တိုက်ခန်း အဆောက်အဦး နှစ်လုံး၊ အခန်းပေါင်း ၆၇၄ ခန်းပါ The Lake Suites ဟုအမည်ရသည့်အဆင့်မြင့်အိမ်ရာ အဆောက်အဦးသုံးလုံးပါဝင်မည့် စီမံကိန်းသစ်ကြီးအား မြေဧရိယာ ၃၇၈၁၆ဒသမ ၅၅ စတုရန်းမီတာပေါ်တွင် တည်ဆောက်သွားမည်ဖြစ်သည်။

**မယ်သီတာ**

# ပထမဦးဆုံးအကြိမ် မြန်မာစွန့်ဦးတီထွင်ပွဲတော် ကျင်းပ



မြန်မာနိုင်ငံ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသည့် ပထမဦးဆုံးအကြိမ် မြန်မာစွန့်ဦးတီထွင်ပွဲတော်ကို ဇွန် ၁၆ ရက်မှ ၁၈ ရက်အထိ ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါပွဲတော်ကို စွန့်ဦးတီထွင်သူများအတွက်ဈေးကွက်ချိတ်ဆက်ပေးနိုင်ရန်၊ ငွေကြေးအရင်းအနှီးများ ချိတ်ဆက်ပေးနိုင်ရန်နှင့် ကွန်ရက်တစ်ခုဖန်တီးပေးနိုင်မည့် စီးပွားရေးပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးနိုင်ရန်၊ လုပ်ငန်းစတင်တည်ထောင်မည့်လူငယ်များအား မြေတောင်မြှောက်ပေးခြင်းအားဖြင့် နိုင်ငံတော်၏စီးပွားရေးကဏ္ဍအား တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန်၊ မြန်မာ့လူဘောင်ဝန်းကျင်တွင် လိုအပ်နေသည့် လူမှုအကျိုးစီးပွားရေးလုပ်ငန်းများ၊ နည်းပညာအခြေခံသည့် စီးပွားရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများ စတင်ပေါ်ပေါက်လာစေရန်တို့ကို ရည်ရွယ်၍ ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲတော်တွင် အသေးစားအလတ်စားလုပ်ငန်းများမှ လုပ်ငန်းရှင်များက ဆွေးနွေးပွဲများ၊ ဟောပြောပို့ချမှုများ၊ လမ်းပြဆွေးနွေးပညာပေးခြင်း အစီအစဉ်နှင့်အချိန်တိုသင်တန်းများလည်း ပါဝင်ခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက "မြန်မာနိုင်ငံဟာ မဖုံးကွယ်ဘဲပြောရရင် ခေတ်နောက်ကျနေတယ်။ မြန်မာနိုင်ငံသားတွေ အရည်အချင်းမရှိလို့ခပ်တုံးတုံးမို့ ခေတ်နောက်ကျခဲ့တာ မဟုတ်ဘူး။ လုပ်ခွင့်ကိုင်ခွင့်မရတဲ့ မှားယွင်းတဲ့စနစ်ကြောင့် နောက်ကျခဲ့တာ။ ဒီကနေ့ ကျွန်တော်တို့ရှေ့မှာ စွန့်စားစရာတွေ တီထွင်စရာတွေ၊ ဦးစားပေးစရာတွေ တသီကြီး၊ ဒါမှသာစွန့်ဦးတီထွင်ဆိုတဲ့ စကားလုံးက ကျွန်တော်တို့မြန်မာနိုင်ငံမှာ ဆက်လက်ရှင်သန်နေမှာ"ဟု ပြောကြားခဲ့သည်။

**မယ်သီတာ**




# အိမ်ခြံမြေနှင့် လူ့အသုံးအဆောင်ပစ္စည်းပြပွဲ ၂၀၁၇ ပြသမည်

အိမ်ခြံမြေနှင့်လူ့အသုံးအဆောင် ပစ္စည်းပြပွဲ ၂၀၁၇ (Housing and Lifestyle Expo 2017)ကို ဇွန် ၂၃ ရက်မှ ၂၅ ရက်အထိ ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲကို မြန်မာနိုင်ငံ၏ နံပါတ်တစ်အိမ်ခြံမြေဝက်ဘ်ဆိုက်ဖြစ်သည့် House.com.mm ၊ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် (CHDB) နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျင်းပခြင်းဖြစ်သည်။

ယင်းပြပွဲတွင် တန်ဖိုးနည်းတိုက်ခန်းများ အပါအဝင် အဆင့်မြင့်ကွန်ဒိုတိုက်ခန်းများကိုပါ ပြသရောင်းချမည်ဖြစ်ပြီး ပရိဘောဂပစ္စည်းများ၊ အိမ်ရာအသုံးအဆောင်ပစ္စည်းများကိုပါ လာရောက်ပြသရောင်းချကြမည်ဖြစ်သည်။

ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ပြည်သူများ နှစ်ရှည်အရစ်ကျချေးငွေစနစ်ဖြင့် အိမ်ရာဝယ်ယူနိုင်ကြောင်း ပိုမိုသိရှိလာစေရန် ရည်ရွယ်၍ ပြပွဲကိုပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း၊ ထို့ပြင် ပြည်သူများအနေဖြင့်အခက်အခဲဖြစ်နေသည့် အိမ်ရာလိုအပ်ချက်ကို ငွေစုဆောင်းခြင်းဖြင့် ဝယ်ယူနိုင်သည်ဆိုသည့်အသိကို ရရှိစေရန်လည်း ရည်ရွယ်ကြောင်း၊ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ အဆိုပါဝန်ဆောင်မှုများ ဆောင်ရွက်ပေးနေသည်ကို သိရှိစေရန် ရည်ရွယ်ကြောင်း အဆိုပါဘဏ်မှ လက်ထောက်မန်နေဂျာ ဦးဟိန်းဝေနောင်က ပြောကြားခဲ့သည်။

အဆိုပါပြပွဲတွင် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်က တန်ဖိုးနည်းတိုက်ခန်းများအား အရစ်ကျချေးငွေဖြင့်ဝယ်ယူနိုင်မည့် အိမ်ရာစုဆောင်း ငွေစာရင်းဖွင့်လှစ်ပေးခြင်း၊ ၎င်းတို့၏ ဝန်ဆောင်မှုများကို ရှင်းလင်းဖြေကြားပေးခြင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ၎င်းတို့ဆောက်လုပ်ပြီးစီးခဲ့သည့် အိမ်ရာများအကြောင်း၊ ဆောက်လုပ်ဆဲ အိမ်ရာများအကြောင်းနှင့် ဆောက်လုပ်မည့် အိမ်ရာများအကြောင်း ရှင်းပြခြင်းတို့ကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**




# အဆိုတော် စိုင်းစိုင်းခမ်းလှိုင် ပါဝင်သရုပ်ဆောင်ထားသော ဧဒင်ရဲ့ နတ်သမီးရုပ်ရှင်ကို IFLIX တွင် ကြည့်ရှုနိုင်ပြီ

အင်တာနက်မှတစ်ဆင့် ရုပ်ရှင်များကြည့်ရှုနိုင်သော ဝန်ဆောင်မှု iflix သည် နာမည်ကျော် အဆိုတော်၊ သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင် ပါဝင် သရုပ်ဆောင်ထားသော ပဟေဠိဆန်သည့် ဒရာမာရုပ်ရှင် "ဧဒင်ရဲ့နတ်သမီး" ရုပ်ရှင်ကို iflix တွင် ပထမဆုံး သီးသန့်ကြည့်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။

ဇွန်လ ၁၂ ရက်မှ စတင်၍ မြန်မာနိုင်ငံအပါအဝင် မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ အင်ဒိုနီးရှား၊ ဘရူနိုင်း၊ သီရိလင်္ကာ၊ မော်လ်ဒိုက်ဗ်၊ ပါကစ္စတန်နှင့် ဗီယက်နမ်နိုင်ငံတို့ရှိ iflix အသုံးပြုသူများသည် "ဧဒင်ရဲ့နတ်သမီး" ရုပ်ရှင်ကို iflix တွင် အရည်အသွေးမြင့်ရုပ်ထွက်ဖြင့် တိုက်ရိုက်ကြည့်ရှုခြင်း(သို့) ဒေါင်းလုဒ်လုပ်ပြီး ကြည့်ရှုခြင်းတို့ကို ပြုလုပ်နိုင်ပြီဖြစ်သည်။

၂၀၁၆ခုနှစ်၏အကောင်းဆုံးရုပ်ရှင် တည်းဖြတ်ဆုကို ရရှိထားသော ဧဒင်ရဲ့နတ်သမီးရုပ်ရှင်ကို မြန်မာနိုင်ငံတွင် ဦးဆောင်နေသော ထုတ်လုပ်ရေးနှစ်ခုဖြစ်သည့် Heart & Soul နှင့် Frenzo ထုတ်လုပ်ရေးတို့မှ ရိုက်ကူးဖြန့်ချိထားပါသည်။ ဧဒင်ရဲ့နတ်သမီးရုပ်ရှင်သည် မြန်မာနိုင်ငံတစ်ဝန်းရှိရုပ်ရှင်ရုံများတွင် အောင်မြင်မှုများစွာ ရရှိခဲ့သော ရုပ်ရှင်လည်းဖြစ်သည်။

"အောင်မြင်မှုတွေရထားတဲ့ ရုပ်ရှင်နဲ့ ဇာတ်လမ်းတွဲတွေရှိတဲ့ iflix ရဲ့ ကြီးမားကျယ်ပြန့်တဲ့ ရုပ်ရှင်စုစည်းမှုကြီးထဲမှာ အရမ်းအောင်မြင်ပြီး လူကြိုက်များတဲ့ နောက်ထပ် ပြည်တွင်းရုပ်ရှင်တစ်ကားကို ထည့်ပေးနိုင်တော့မှာဖြစ်တဲ့အတွက် စိတ်လှုပ်ရှားနေမိပါတယ်။ စွယ်စုံရအနုပညာရှင်တွေရဲ့ ထူးခြားတဲ့ သရုပ်ဆောင်မှုတွေနဲ့ မြန်မာနိုင်ငံရဲ့အကောင်းဆုံးသရုပ်ဆောင်တွေကို ဖော်ထုတ်ပြသဖို့၊ ကူညီပံ့ပိုးဖို့ ဒီလိုအခွင့်ထူးတစ်ရပ်ရတဲ့အတွက်ဝမ်းသာမိပါတယ်။ အာရှမှာရှိတဲ့ ကျွန်မတို့ရဲ့ iflix ပရိသတ်တွေကို ဧဒင်ရဲ့နတ်သမီးက ဖမ်းစားလိုက်လိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု iflix ၏ Country Manager ဖြစ်သူ Adeana Greenlee က ပြောကြားခဲ့သည်။

iflix ကို သုံးစွဲလိုပါက www.iflix.com သို့ သွားရောက်၍ လည်းကောင်း၊ Google Play (သို့) Apple App Store မှ အက်ပလီကေးရှင်းကို ဒေါင်းလုဒ်လုပ်၍ လည်းကောင်း အကောင့်ဖွင့်ပြီး သုံးစွဲနိုင်မည်ဖြစ်သည်။ လစဉ်ကြေးအဖြစ် ကျပ် ၃၀၀၀ သာကျသင့်မည်ဖြစ်ပြီး တစ်နှစ်စာ လစဉ်ကြေးပေးသွင်းမည်ဆိုလျှင် နှစ်လစာ လျှော့ဈေးရရှိမည်ဖြစ်ပြီး တစ်နှစ်စာကျပ် ၃၀,၀၀၀ သာ ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# မိုးရာသီကာလအတွင်း ခရီးသွားဝင်ရောက်မှုမြှင့်တင်ရန် Jovago နှင့် ဟိုတယ်များ ပူးပေါင်းလုပ်ဆောင်

ယခုနှစ်မိုးရာသီကာလအတွင်း မြန်မာနိုင်ငံရှိ အထင်ကရဒေသများသို့ ခရီးသွားဝင်ရောက်မှု မြှင့်တင်ရန်အတွက် Monsoon around Myanmar အစီအစဉ်ကို Jovago နှင့်ဟိုတယ်များပူးပေါင်းကာ လုပ်ဆောင်လျက်ရှိကြောင်း ပြင်သစ်အခြေစိုက် အွန်လိုင်းဟိုတယ်ဘွတ်ကင်ဝက်ဘ်ဆိုဒ်ဖြစ်သည့် Jovago.com.mm ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါအစီစဉ်အရ ခရီးသွားလည်ပတ်မှုများပြားသည့် ပြည်တွင်းရှိ ချောင်းသာကမ်းခြေ၊ ငွေဆောင်ကမ်းခြေ၊ ငပလီကမ်းခြေ၊ ပုဂံ၊ ဘားအံ၊ ပြင်ဦးလွင်၊ ကျိုက်ထီးရိုး၊ မော်လမြိုင်၊ လွိုင်ကော်၊ ရန်ကုန်၊ မန္တလေး၊ ညောင်ရွှေ၊ ကလော၊ မုံရွာနှင့် မကွေးဒေသများရှိ ဟိုတယ်များတွင် အနည်းဆုံး ခုနစ်ရာခိုင်နှုန်းမှစတင်ကာ အများဆုံး ၇၂ ရာခိုင်နှုန်းအထိ အခန်းဈေးနှုန်း များကို လျှော့ချပေးလျက်ရှိသည်။

"ခရီးသွားဝင်ရောက်မှုနည်းပါးတဲ့ မိုးရာသီမှာ ပြည်တွင်း၊ ပြည်ပခရီးသွားတွေကို ဆွဲဆောင်ဖို့အတွက် Jovago နဲ့ ဟိုတယ်အလုံး ၃၀ ကျော်ပူးပေါင်းပြီး Monsoon around Myanmar ပရိုးမိုးရှင်းအစီအစဉ်ကိုလုပ်ဆောင်နေပါတယ်။ ဒီအစီအစဉ်ကြောင့် နာမည်ကျော်ခရီးသွားနေရာတွေမှာ ပုံမှန်ထက်အင်မတန်သက်သာတဲ့ ဈေးနှုန်းတွေနဲ့တည်းခိုနိုင်ပြီး သက်သက်သာသာ ခရီးသွားနိုင်မှာဖြစ်ပါတယ်"ဟု Jovago မြန်မာ၏ မန်နေဂျင်းဒါရိုက်တာ Mr.Frans Maas က ပြောကြားသည်။

Jovago နှင့်ဟိုတယ်များပူးပေါင်းကာ မိုးရာသီ ပြည်တွင်းခရီးသွားမြှင့်တင်ရေးအတွက် ရည်ရွယ်လုပ်ဆောင်သည့် Monsoon around Myanmar အစီအစဉ်၏ ပရိုမိုးရှင်းများကို အသေးစိတ်သိရှိလိုပါက Jovago ဖေ့ဘွတ်(ခ်) စာမျက်နှာတွင်လည်းကောင်း၊ ဂူးဂဲလ်တွင် Monsoon around Myanmar Jovago ဟုရိုက်၍လည်းကောင်း ရှာဖွေနိုင်ပါသည်။ ယင်းအစီအစဉ်ကြောင့် ခရီးသွားများအနေဖြင့် ယခုလက်ရှိအချိန်မှစတင်ကာ ဇူလိုင် ၃၀ ရက်အထိ အထင်ကရခရီးသွားဒေသများတွင် သက်သာသော ဈေးနှုန်းများဖြင့် တည်းခိုနိုင်မည်ဖြစ်သည်။

Jovago သည် မြန်မာနိုင်ငံရှိ ဟိုတယ်ပေါင်း ၉၀၀ ကျော်နှင့် ချိတ်ဆက်ထားပြီး မြန်မာဘာသာဖြင့် အခမဲ့ဘွတ်ကင်ပြုလုပ်နိုင်သည့် အွန်လိုင်းဟိုတယ်ဘွတ်ကင်ဝက်ဘ်ဆိုဒ်တစ်ခုဖြစ်သည်။

**မယ်သီတာ**

# စားသုံးသူအကျိုးစီးပွားကာကွယ်ရေးနှင့် ထုတ်ကုန်များအရည်အသွေးမှန်ကန်မြင့်မားရေး

♦ နိုင်ဦး၊ မြင့်မြင့်ချို

လူတို့တွင် စား၊ ဝတ်၊ နေရေးဆိုသော အရေးသုံးပါးရှိသည်။ ထိုအရေးသုံးပါးကို အန္တရာယ်ကင်းရှင်းစွာရင်ဆိုင်၍ကျန်းမာစွာဖြင့် ရှင်သန်ရပ်တည်နိုင်ရန် အထူးအရေးကြီးလှပါသည်။

ယနေ့အချိန်အခါသည် ကမ္ဘာတစ်ဝန်း ခေတ်မီတိုးတက်လာသည်နှင့်အမျှ စား၊ ဝတ်၊ နေရေးတို့မှာလည်း ခေတ်နှင့်အညီ လျင်မြန်စွာ ပြောင်းလဲလျက်ရှိပါသည်။ ထိုပြောင်းလဲလာမှုနှင့် အညီ နည်းပညာအကူအညီများဖြင့် ဓာတုဆေးဝါးများအသုံးပြုကာ ဆောင်ရွက်လာကြသဖြင့် စား၊ ဝတ်၊ နေရေးတွင် အန္တရာယ်ရှိသော ဆိုးကျိုးများနှင့် ကြုံတွေ့လာရပါသည်။

စားသုံးသူပြည်သူများအနေဖြင့် အန္တရာယ်ကင်းသော အစားအသောက်များ၊ အသုံးအဆောင်များ ဝယ်ယူစားသုံး သုံးစွဲနိုင်ရန်နှင့် လုပ်ငန်းရှင်များကလည်း ဘေးထွက်ဆိုးကျိုးများကင်းရှင်းပြီး စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် ကုန်စည်၊ ဝန်ဆောင်မှုများကို ထုတ်လုပ် ဖြန့်ဖြူးနိုင်ရန် အရေးကြီးလှပါသည်။ ထို့ကြောင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများသည် ဌာနဆိုင်ရာအင်အား တစ်ခုတည်းနှင့် မအောင်မြင်နိုင်ဘဲ ဌာနဆိုင်ရာများ၊ NGOs၊ စားသုံးသူ ပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များဟူသည့် လေးဦးလေးဖလှယ် တာဝန်ကိုယ်စီ ဆောင်ရွက်မှသာ ထိရောက်အောင်မြင်နိုင်မည်ဖြစ်သဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပြည်သူ ဗဟိုပြုဆောင်ရွက်ရန် လိုအပ်လာပါသည်။ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများတွင် အစားအသောက်သာမက လူသုံး ကုန်ပစ္စည်း၊ လျှပ်စစ်နှင့် ဆောက်လုပ်ရေးသုံးပစ္စည်း၊ အလှကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများပါ ပါဝင်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းမှ ထုတ်ပြန်သည့် အစီရင်ခံစာအရ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိ ကင်ဆာအဖြစ်ဆုံး ၁၀ နိုင်ငံတွင် နံပါတ်နှစ်နေရာသို့ ရောက်ရှိနေပြီဖြစ်သည်။ ကင်ဆာ ဖြစ်စေသည့် အကြောင်းရင်းများမှာ တရားမဝင်ဓာတုပစ္စည်းများ အလွန်အကျွံ သုံးစွဲထားသော ပလတ်စတစ်ပစ္စည်းများသုံးစွဲခြင်း၊ ဓာတုဆေးဝါးများပါဝင်သောနို့မှုန့်များ၊ မုန့်အမျိုးမျိုး၊ အရက်အမျိုးမျိုး၊ အချဉ်ရည်အမျိုးမျိုး၊ ခြင်ဆေးခွေအမျိုးမျိုး၊ အချိုရည်အမျိုးမျိုး၊ အလှကုန်ပစ္စည်းအမျိုးမျိုး၊ အရည်အသွေးနိမ့် ကုန်စည်အမျိုးမျိုးစသည့်ပစ္စည်းများသုံးစွဲ၍ ဖြစ်သည်။

ထို့အပြင် အစားအစာများ၊ လူသုံးကုန်ပစ္စည်းများအား ပြင်ဆင် ထုပ်ပိုးရောင်းချရာတွင်လည်း အမြင်လှ၊ အသွင်ကြွစေရန်အတွက် တာရှည်ခံဆေးများ၊ အစားအစာများတွင် သုံးစွဲခွင့် မပြုသော ဆိုးဆေးများကို သုံးစွဲလာကြသဖြင့် လူတို့၏ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေလျက်ရှိပါသည်။ ဆိုးဆေးတွင် သဘာဝဆိုးဆေးနှင့် ဓာတုဆိုးဆေးဟူ၍ နှစ်မျိုးရှိပြီး သဘာဝဆိုးဆေးများမှာ သဘာဝ အပင်၊ အသီးအပွင့်တို့မှထုတ်လုပ်ထားသဖြင့် ဘေးထွက်အန္တရာယ် နည်းပါးပါသည်။ သို့သော် ထုတ်လုပ်ရန်ခက်ခဲခြင်း၊ ကုန်ကျစရိတ်များပြားခြင်းတို့ကြောင့် ချည်၊ သိုးမွေး၊ ပိုးထည်၊ စက္ကူ၊ သားရေ၊ ဖိနပ်တို့တွင် သုံးစွဲသည့် ဓာတုဆိုးဆေးများကိုသာ အများဆုံး သုံးစွဲလာကြပါသည်။

ပို၍ဆိုးရွားသည်မှာ နို့ဆီ၊ အသား၊ ငါးများအား တာရှည်ခံရန်အတွက် လူသေကောင်များ မပုပ်သိုးအောင် အသုံးပြုသော တာရှည်ခံဖော်မလင်ဆေးများကို အလွန်အကျွံသုံးစွဲလာကြသဖြင့် ရေရှည်တွင် ဦးနှောက်နှင့် အာရုံကြောဆိုင်ရာရောဂါများ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါများ၊ ဆီးနှင့် ကျောက်ကပ်ဆိုင်ရာရောဂါများဖြစ်ပွားနိုင်သဖြင့်လုပ်ငန်းရှင်များက အစားအသောက်များ၌ ခွင့်မပြုဓာတုဆေးများ အသုံးမပြုရေးကို အမြဲတမ်း စိစစ်ကြပ်မတ်နေရန် လိုအပ်သလိုစားသုံးသူများကလည်း သတိထားဆင်ခြင်ကာ ဝယ်ယူသုံးစွဲကြရန် လိုအပ်မည်ဖြစ်ပါသည်။

> ## စီးပွားရေး လုပ်ငန်းရှင်များ ထုတ်လုပ်သလောက် ရွေးချယ်စရာ မရှိဘဲ ဝယ်ယူသုံးစွဲနေရသည်။

လူတိုင်းကျန်းမာပျော်ရွှင်စွာဖြင့် သက်တမ်းစေ့နေနိုင်ရေးအတွက် စားသုံးသူရော ထုတ်လုပ်သူပါ တာဝန်ကိုယ်စီရှိကြပါသည်။ လူတိုင်းတာဝန်ကိုယ်စီရှိသည်ဟုဆိုရာတွင် စတင် စိုက်ပျိုး၊ မွေးမြူထုတ်လုပ်သည်မှ ဈေးကွက်ထဲရောက်သည်ထိ အဆင့်ဆင့်တိုင်းသည် ဘေးဥပဒ် အန္တရာယ်ကင်းသော၊ ကောင်းမွန်သောကျင့်စဉ် များနှင့် ထုတ်လုပ်ရန် လိုအပ်သည်။ ၎င်းကျင့်စဉ်များကို ဆောင်ရွက်နိုင်ရန်မှာ အသိတရားနှင့်ပြည့်စုံရန် လိုအပ်သည်။ အသိတရားမှာ အသိနှင့် တရားကို သေချာသိရန်လိုသည်။ အသိဟုဆိုရာတွင် မိမိ ထုတ်လုပ်မည့် လုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး ဘေးဥပဒ်အန္တရာယ် ကင်းအောင် ထုတ်လုပ်မှုနည်းပညာအသိပညာပြည့်စုံနှံ့စပ်စွာ သိဖို့လိုသည်။ တရားဆိုသည်မှာ ကိုယ်ချင်းစာတရားပင်ဖြစ်သည်။ မိမိကိုယ်တိုင်မစားသောက် မသုံးစွဲရဲသော ကုန်စည်ကို မထုတ်လုပ် ဘူးဆိုသော ကိုယ်ချင်းစာတရားလေးရှိစေချင်သည်။ ၎င်းအသိတရားများနှင့် ထုတ်လုပ်ပါက ကုန်စည်အားလုံးသည် ဘေးဥပဒ်အန္တရာယ် ကင်းမည်ဖြစ်ပါသည်။

ယနေ့ခေတ်တွင် ၎င်းအသိတရားများကို လျစ်လျူရှုခဲ့ကြရာ အန္တရာယ်ရှိသော ကုန်စည်များသာ များပြားနေသဖြင့် စားသုံးသူ များအနေဖြင့် ရွေးချယ်စရာ အခွင့်အလမ်းများ ရှားပါးလာသည်။ မစားဘဲ မသုံးဘဲနေ၍လည်း မဖြစ်နိုင်သည့်အတွက် စားသုံးရန်၊ သုံးစွဲရန်မသင့်သည့် စားသောက်ကုန်၊ ကုန်စည်များနှင့်ပတ်သက်၍ ဖော်ပြခဲ့ကြသည့်အပေါ် ဘာတွေစားရ၊ ဘာတွေသုံးရတော့မှာလဲ ဆိုသည့်ပြည်သူလူထု၏တုံ့ပြန်သံများကို ကြားသိမြင်တွေ့နေရပေသည်။ စီးပွားရေးလုပ်ငန်းရှင်များထုတ်လုပ်သလောက် ရွေးချယ်စရာမရှိဘဲ ဝယ်ယူသုံးစွဲနေရသည်။ ထို့ကြောင့် စားသုံးသူများကို အကာအကွယ်ပေးသော ဥပဒေတစ်ရပ်ပြဋ္ဌာန်းရန် လိုအပ်ချက်ရှိလာသည်နှင့်အညီ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနမှ စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကို ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် ပြည်ထောင်စု လွှတ်တော် ဥပဒေ အမှတ်(၁၀)ဖြင့် ပြဋ္ဌာန်းလာနိုင်ခဲ့သည်။ ၎င်းစားသုံးသူ အကာအကွယ်ပေးရေးဥပဒေသည် စားသုံးသူများကိုသာ အကာအကွယ်ပေးပြီး ထုတ်လုပ်သူ စီးပွားရေးလုပ်ငန်းရှင်များကို ဖိနှိပ်ထားသော ဥပဒေမဟုတ်ဘဲ စီးပွားရေးလုပ်ငန်းရှင်များကို စီးပွားရေးကျင့်စဉ်များနှင့် အညီ ထုတ်လုပ်မှုကို အလေးပေးပြီး စားသုံးသူများကို အကာအကွယ်ပေးထားသော ဥပဒေဖြစ်သည်။

စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေအရ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီကို သက်ဆိုင်ရာ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ ဖွဲ့စည်းထားပါသည်။ စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီမှ စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများအား နိုင်ငံတစ်ဝန်းလွှမ်းခြုံဆောင်ရွက်နိုင်စေရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်အဆင့်အထိ စားသုံး သူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းထားပြီး၊ ထိုအဖွဲ့အောက်တွင် စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးကော်မတီနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်း ကော်မတီနှစ်ရပ်ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ စားသုံးသူများ နစ်နာဆုံးရှုံးမှုများ ရှိပါက စာဖြင့်ဖြစ်စေ၊ ဖက်(စ်)ဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ သွားရောက်တိုင်ကြားနိုင်သည့်နေရာများကို လက်ကမ်းစာစောင်များ၌ ဖော်ပြထားပြီးဖြစ်၍ အချိန်မရွေး လာရောက်တိုင်ကြား သတင်းပေးနိုင်ပါသည်။ တိုင်ကြားမှုများကို နွေးထွေးပျူငှာစွာဖြင့် ဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ (၂၀၁၄)ကို ပြဋ္ဌာန်းပြီး သည်မှစ၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စား သုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ဌာနရှိ ဝန်ထမ်းများက ၅၁ သန်းကျော်သော ပြည်သူများကိုအမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သဘောထားကာ ဆွေးနွေးပညာပေးရေးလုပ်ငန်းများ၊ ပြည်တွင်း၊ ပြည်ပ အလုပ်ရုံဆွေးနွေးပွဲများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ စားသုံးသူများနှင့် တွေ့ဆုံဆွေးနွေး ခြင်း၊ အငြင်းပွားမှုများကိုဖြေရှင်းပေးခြင်းများအား တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်/မြို့နယ်အဆင့်အထိ အပင်ပန်းခံကာ တက်ကြွစွာဖြင့် ဆောင်ရွက်ခဲ့၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အထိုက်အလျောက် အောင်မြင်မှုရှိနေပြီဖြစ်ပါသည်။

စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ယခုဘဏ္ဍာနှစ် ပထမခြောက်လပတ်အတွင်း စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်ပြီး တက္ကသိုလ်ကောလိပ်၊ သိပ္ပံ၊ အခြေခံပညာကျောင်းများ၊ ရပ်ကွက်/ကျေးရွာ၊ စက်ရုံအလုပ်ရုံ၊ ဌာနဆိုင်ရာနှင့် ဈေးများရှိ ပြည်သူများကို အသိပညာများ မျှဝေ ပေးနိုင်ခဲ့ပါသည်။

သို့ပါ၍ မြန်မာပြည်သူများ သက်ရှည် ကျန်းမာစွာဖြင့် သက်တမ်းစေ့နေထိုင်နိုင်ရေးအတွက် ကိုယ်နားမလည်သည့် စာသားများပါသော မုန့်ပဲသရေစာ၊ အချိုရည်များ မစားမသောက်ကြရေး၊ ပြန်ကြော်ဆီနှင့် ကြော်ထားသော အာလူးကြော်နှင့် အခြားဆီကြော်မုန့်များကို မစားသောက်ရေး၊ ရောင်စုံဓာတုဆိုးဆေးဆိုးထားသော အစားအသောက်များ ဥပမာ- မျှစ်၊ တုတ်ထိုး၊ ယိုစုံ၊ ငါးချဉ်၊ ချိုချဉ်စသည်များ၊ အစေးချွတ်ဆေးဖြင့် စိမ်ထားသော ပိန္နဲကွင်းများ မစား သောက်ရေး၊ ကော်ဖီမစ်များကို အိတ်အခွံ၊ ပလတ်စတစ်၊ ကော်ဇွန်းတို့ဖြင့် မွှေပြီးမဖျော်ဘဲ စတီးဇွန်းဖြင့်သာ မွှေပြီးမှ သောက်ရေး၊ ဆေးလိပ်၊ ကွမ်းယာ၊ အရက်၊ ဘီယာတို့ကို ရှောင်ရှားရေး၊ သီးနှံများ အမြန်မှည့်စေရန်အတွက် ရော်ဘာပင်များတွင်အသုံးပြုသော အီသလဲဆေးစိမ်ထားသည့် အသီးအနှံများကိုမစားရေး၊ ခူးပြီးခရမ်းချဉ်သီးများ အရောင်အမြန်တက်စေရန် (ETN) ပိုးသတ်ဆေးဖျန်းထားသော ရဲရဲတောက်အသီးများမစားရေး၊ ကွမ်းရွက်များကိုပျော့စေရန်အတွက် ဖျူရာဒန်(3G) စိမ်ထားသော ကွမ်းရွက်များ မစားရေး၊ မှိုမတက်စေရန်အတွက် ကန့်နှင့်မှိုင်းတိုက်ထားသော ကွမ်းသီးများ မစားရေး၊ ယင်မနားဆေး သုံးထားသော ငါးပိ၊ ငါးခြောက်များ မစားရေး၊ လူသေကောင်များ အနံ့မထွက်စေရန်နှင့် မပုပ်မသိုးစေရန်အတွက် အသုံးပြုသော ဖော်မလင်ဆေးများ သုံးထားသည့် အသား၊ ငါးများ၊ ပဲပြား၊ မုန့်ဟင်းခါးဖတ်များကိုမစားရေး စသည့် အချက်များကို လိုက်နာကာ အသိတရားလက်ကိုင်ထားပြီး သတိထားစားသောက်ကြရေးအတွက် စားသုံးသူရေးရာဦးစီးဌာနမှ ကွင်းဆင်း၍ အသိပညာပေးလုပ်ငန်းများအား ပြည်တွင်း၊ ပြည်ပ အသိပညာရှင်၊ အတတ်ပညာရှင်၊ လုပ်ငန်းရှင်၊ အသင်းအဖွဲ့၊ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိသဖြင့် စားသုံးသူပြည်သူများမှလည်း ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းဖော်ပြအပ်ပါသည်။

## မြို့ကြီးများ၏ ၁၉-၆-၂၀၁၇ မှ ၂၃-၆-၂၀၁၇ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၉-၆-၂၀၁၇) | အင်္ဂါ(၂၀-၆-၂၀၁၇) | ဗုဒ္ဓဟူး(၂၁-၆-၂၀၁၇) | ကြာသပတေး(၂၂-၆-၂၀၁၇) | သောကြာ(၂၃-၆-၂၀၁၇) |
|---|---|---|---|---|---|
| နေပြည်တော် | ၉၀% ၂၇°C/၈၁°F | ၈၀% ၂၈°C/၈၂°F | ၇၀% ၂၈°C/၈၂°F | ၆၀% ၂၈°C/၈၃°F | ၆၀% ၂၈°C/၈၃°F |
| ရန်ကုန်မြို့ | ၉၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F |
| မန္တလေးမြို့ | ၅၀% ၂၉°C/၈၅°F | ၅၀% ၃၁°C/၈၇°F | ၆၀% ၃၁°C/၈၇°F | ၄၀% ၃၁°C/၈၇°F | ၄၀% ၃၂°C/၈၉°F |
| မြစ်ကြီးနား | ၉၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၀°F | ၇၀% ၂၇°C/၈၁°F | ၈၀% ၂၈°C/၈၃°F | ၆၀% ၂၈°C/၈၂°F |
| လားရှိုး | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၇°C/၈၁°F | ၈၀% ၂၈°C/၈၂°F |
| ကျိုင်းတုံ | ၄၀% ၂၉°C/၈၄°F | ၄၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၆၀% ၃၀°C/၈၆°F | ၆၀% ၂၉°C/၈၅°F |
| လွိုင်ကော် | ၉၀% ၂၁°C/၇၀°F | ၈၀% ၂၂°C/၇၁°F | ၈၀% ၂၂°C/၇၁°F | ၇၀% ၂၂°C/၇၁°F | ၆၀% ၂၂°C/၇၂°F |
| တောင်ကြီး | ၈၀% ၂၁°C/၆၉°F | ၈၀% ၂၂°C/၇၁°F | ၇၀% ၂၁°C/၇၀°F | ၆၀% ၂၂°C/၇၁°F | ၆၀% ၂၂°C/၇၂°F |
| မော်လမြိုင် | ၉၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၆၀% ၂၈°C/၈၂°F |
| ဘားအံ | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၉°C/၈၄°F | ၈၀% ၂၈°C/၈၃°F | ၆၀% ၂၈°C/၈၃°F |
| တောင်ငူ | ၉၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၃°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၇°C/၈၁°F | ၆၀% ၂၈°C/၈၂°F |
| မုံရွာ | ၈၀% ၃၂°C/၈၉°F | ၈၀% ၃၂°C/၉၀°F | ၅၀% ၃၃°C/၉၁°F | ၈၀% ၃၂°C/၉၀°F | ၅၀% ၃၁°C/၈၈°F |
| ပုသိမ် | ၉၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၂၉°C/၈၅°F |
| မြိတ် | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၂၉°C/၈၄°F | ၅၀% ၂၉°C/၈၄°F |
| စစ်တွေ | ၁၀၀% ၂၈°C/၈၂°F | ၉၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၈°C/၈၃°F |
| မကွေး | ၉၀% ၃၀°C/၈၆°F | ၈၀% ၃၀°C/၈၆°F | ၈၀% ၃၁°C/၈၇°F | ၈၀% ၂၉°C/၈၅°F | ၈၀% ၃၀°C/၈၆°F |
| ဖလမ်း | ၈၀% ၂၃°C/၇၃°F | ၈၀% ၂၂°C/၇၂°F | ၈၀% ၂၃°C/၇၃°F | ၈၀% ၂၂°C/၇၂°F | ၈၀% ၂၂°C/၇၂°F |

# တရုတ်နိုင်ငံတွင် စူပါတိုင်ဖွန်းမုန်တိုင်း မားဘောက် တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၄၀ ခန့်ရှိဟုဆို

တရုတ်နိုင်ငံတွင် ပြီးခဲ့သည့် ဇွန် ၁၂ ရက်က စူပါတိုင်ဖွန်းမုန်တိုင်း မားဘောက် ဝင်ရောက်တိုက်ခတ်ခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၈ သန်းရှိကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

တိုင်ဖွန်းမုန်တိုင်း မားဘောက်သည် တရုတ်နိုင်ငံတောင်ပိုင်း ဂွမ်ဒေါင်ပြည်နယ်သို့ ဝင်ရောက်တိုက်ခတ်ခဲ့ရာ ဂွမ်ဒေါင်ပြည်နယ်မှ ပြည်သူ ၁၂၂၀၀၀ မှာ အဆိုပါမုန်တိုင်းဒဏ်ကို ခံစားခဲ့ရသည်။

သတင်းပေးပို့ချက်များအရ မုန်တိုင်းတိုက်ခတ်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုနှင့် သေကျေမှုများ မရှိသော်လည်း မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် နေအိမ် ၃၂ လုံး ပျက်စီး ဆုံးရှုံးခဲ့ရသည်ဟုဆိုသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရာ ဂွမ်ဒေါင်ပြည်နယ်တွင် သီးနှံစိုက်ပျိုးနိုင်သည့် မြေဟက်တာပေါင်း ၁၃၀၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ရသည်ဟု ဆိုသည်။

တိုင်ဖွန်းမုန်တိုင်း မားဘောက်သည် တစ်နာရီလျှင် မိုင် ၁၁၀ နှုန်းဖြင့် ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။

ရှန်ဇန်ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အဓိကလမ်းမကြီးများ အားလုံးတွင် ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့ရသဖြင့် အဓိကလမ်းမကြီးများကို ပိတ်ထားခဲ့ရသည်ဟု ဆိုသည်။

ရှန်ဇန်ပြည်နယ်တွင် မြေပြိုကျမှုများ ဖြစ်ပွားခဲ့သော်လည်းအဆိုပါဒေသရှိ ပြည်သူများသည် မိုးသည်းထန်စွာ ရွာသွန်းလေ့ရှိတိုင်း မြေပြိုကျသည့်ဖြစ်စဉ်များ ဖြစ်ပေါ်တတ်သည့် အတွေ့အကြုံများရှိထားသဖြင့် တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါတိုင်ဖွန်းမုန်တိုင်း မားဘောက်သည် ဟောင်ကောင်သို့လည်း ဝင်ရောက်တိုက်ခတ်ခဲ့ရာ ဟောင်ကောင် လေဆိပ်ကို ပိတ်ထားခဲ့ရသည်။ ထို့ပြင် လေကြောင်း ခရီးစဉ်ပေါင်း ၄၄ ခုကျော်ကိုလည်းဖျက်သိမ်းခဲ့ရပြီး ခရီးစဉ်ပေါင်း ၃၅၀ကျော်မှာ နှောင့်နှေးခဲ့ရသည်။

အဆိုပါတိုင်ဖွန်းမုန်တိုင်းသည် ယခုနှစ်အတွင်း တရုတ်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်သည့် ဒုတိယမြောက်မုန်တိုင်းဖြစ်သည်။ **မယ်သီတာ**



# ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မြေပြိုကျမှုများနှင့် ရေလွှမ်းမိုးမှုများကြောင့် သေဆုံးသူ ၁၅၆ ဦးအထိရှိလာ

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ဝင်ရောက်တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း၏အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ ရေလွှမ်းမိုးမှုများနှင့် မြေပြိုကျမှုများကြောင့် သေဆုံးသူပေါင်း ၁၅၆ ဦး အထိရှိလာပြီဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်အစိုးရ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။ ထို့ပြင် ပျောက်ဆုံးနေသူများရှိနေသဖြင့် သေဆုံးသူအရေအတွက်လည်း တိုးလာနိုင်သေးကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ဆိုင်ကလုန်းမုန်တိုင်း မိုရာတိုက်ခတ်မှုကြောင့် အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းနယ်စပ်ဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရေကြီးမှုနှင့်မြေပြိုကျမှုများ ဖြစ်ပွားခဲ့ကြောင်း၊ ထို့ပြင် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းကလည်း မုန်တိုင်းငယ်တစ်ခု ထပ်မံဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် ရေလွှမ်းမိုးမှုနှင့်မြေပြိုမှုများ ဆက်လက်ဖြစ်ပွားနေရခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဆိုင်ကလုန်းမုန်တိုင်း မိုရာ စတင်ဝင်ရောက်တိုက်ခတ်စဉ်က လူခုနစ်ဦးသာ သေဆုံးခဲ့သော်လည်း မုန်တိုင်းငယ် ဆက်လက်ဝင်ရောက်တိုက်ခတ်ခဲ့သည့်အတွက် မြေပြိုကျမှုများ ဖြစ်ပွားကာ လူအသေအပျောက်များ ရခြင်းဖြစ်သည်ဟု ဆိုသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအရှေ့တောင်ပိုင်းရှိ တောင်ထူထပ်သည့်ဒေသများဖြစ်သည့် ရမ်ဂါမတ်တီတွင် လူ ၁၀၀ ကျော်သေဆုံးခဲ့ရပြီး စစ်တကောင်းတွင် ၃၆ ဦး၊ ဘန်ဒါဘန်တွင် ခြောက်ဦး သေဆုံးခဲ့ရသည်ဟု သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဌာနမှ အကြီးအကဲ ရာမက်ဇ်က ပြောကြားခဲ့သည်။

ထို့ပြင် ဇွန် ၁၄ ရက်က Khagrachari ခရိုင်နှင့် Cox's Bazar မြို့၏ ကမ်းခြေဒေသတို့တွင် မြေပြိုကျမှုများဖြစ်ပွားခဲ့ရာ သုံးဦးသေဆုံးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

မြေပြိုကျမှုတွင် ပိတ်မိနေသည့် ပြည်သူများအား ရှာဖွေကယ်ဆယ်ရန် အတွက် ဘင်္ဂလားဒေ့ရှ် ကယ်ဆယ်ရေးအဖွဲ့များက ဆက်လက်လုပ်ဆောင်လျက်ရှိနေပြီး ပျောက်ဆုံးနေသူများကို ရှာဖွေလျက်ရှိနေကြောင်း၊ ပျောက်ဆုံးသူ အရေအတွက်မှာမူ အတိအကျ မသိရှိရသေးသဖြင့်သေဆုံးသူအရေအတွက် တိုးလာမည်ကို စိုးရိမ်ပူပန်လျက်ရှိကြောင်း ကယ်ဆယ်ရေးအဖွဲ့အကြီးအကဲက ပြောကြားခဲ့သည်။ **မယ်သီတာ**

# ဟသ်ာတခရိုင်၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



ဟသ်ာတခရိုင်၊ စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၉ ရက်က ဟသ်ာတခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ ဟသ်ာတခရိုင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေး အဖွဲ့ဝင်များနှင့် ဟသ်ာတခရိုင် စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းများ စုစုပေါင်း ၂၈ ဦး တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားရာတွင် စားသုံးသူများ ဘေးကင်းလုံခြုံစွာ သုံးစွဲနိုင်ရေးအတွက် ဈေးကွက်အတွင်းရှိ ကုန်စည်များကို ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အနေဖြင့် ကွင်းဆင်း ဆောင်ရွက်သွားကြရန်နှင့် ကျောင်းဖွင့်ရာသီရောက်ပြီဖြစ်၍ ကျောင်းမုန့်ဈေးတန်းများ အန္တရာယ်ကင်းရှင်းစေရန် အတွက် ဈေးတန်းများအား ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်သွားရန် ပြောကြားပါသည်။

ဆက်လက်ပြီး ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန ဟသ်ာတ ခရိုင်ဦးစီးမှူး ဦးကြည်ဟန်က ယခင် အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ကျောင်းဖွင့်ရာသီတွင် မြို့နယ်အလိုက် ဆက်လက်ဆောင်ရွက်သွားမည့် စားသုံးသူရေးရာ ဟောပြောပွဲများ၊ ကွင်းဆင်းပညာပေး ဆောင်ရွက်မည့် အစီအစဉ်များ၊ မိတ်ဖက်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများကို တင်ပြဆွေးနွေးခဲ့ပါသည်။ ထို့ပြင် မေ ၁၇ ရက်က ဟသ်ာတခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးတွင် စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (CICC) ကို ဖွင့်လှစ်ခဲ့ပြီး တိုင်ကြားမှုများကို လက်ခံ ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်၊ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစန်းဝင်းကလည်း ၎င်းတို့ဌာနအနေဖြင့် စိုက်ပျိုးရေး ထွက်ကုန်၊ စိုက်ပျိုးရေးသွင်းအားစုများကို စိစစ်ဓာတ်ခွဲနိုင်မည့် ဓာတ်ခွဲခန်းတစ်ခုကို ပုသိမ်မြို့တွင် တည်ဆောက်နေပါကြောင်း၊ မကြာမီဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်းနှင့် ဖွင့်လှစ်ပြီးပါက စားသုံးသူအကာအကွယ်ပေးရေး ဆောင်ရွက်ရာတွင် ကူညီပေးနိုင်မည်ဖြစ်ကြောင်းတို့ကို ဆွေးနွေးပါသည်။

စားသုံးသူကိုယ်စားလှယ် ဦးအေးချိုကလည်း ကျောင်းဖွင့်ရာသီ ရောက်လာပြီဖြစ်၍ ကျောင်းမုန့်ဈေးတန်းများနှင့် ဈေးတန်းများကို ဟသ်ာတခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အနေဖြင့် ကွင်းဆင်းစိစစ်ရန်လိုကြောင်း ဆွေးနွေးပါသည်။

ထို့နောက် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်အကြံပြုဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**ရွှေဟသ်ာ**

# တောင်ကြီးမြို့ သမဝါယမသင်တန်းကျောင်း၌ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေး ဟောပြောဆွေးနွေး

ရှမ်းပြည်နယ်၊ စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းအောင်နှင့် ဝန်ထမ်းများသည် ဇွန် ၆ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၊ သမဝါယမသင်တန်းကျောင်းခန်းမ၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါဟောပြောပွဲတွင် သမဝါယမသင်တန်းကျောင်းအုပ်ကြီးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးမင်းအောင်က စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါ အဓိပ္ပါယ်ဖွင့်ဆိုချက်များ၊ စားသုံးသူ၏အခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေး လုပ်ငန်းရှင်များ၏တာဝန်များနှင့် တားမြစ်ချက်များ၊ ဈေးကွက်တွင်ဖြစ်ပေါ် နေသောအစားအသောက်နှင့် လူသုံးကုန်ပစ္စည်းများ အကြောင်းကိုလည်းကောင်း၊ ညံ့ဖျင်းသော ဝန်ဆောင်မှုလုပ်ငန်းများကြောင့် နစ်နာဆုံးရှုံးမှုများရှိပါက တိုင်တန်း၊ ဖြေရှင်းပေးနိုင်သည့်ကော်မတီနှင့် အဖွဲ့အစည်းများအကြောင်းကိုလည်းကောင်း၊ ကုန်စည်ကို ဝယ်ယူခြင်းမပြုမီ ကုန်အမှတ်တံဆိပ်ကို အသေအချာကြည့်ရှုပြီး ဝယ်ယူရန်လိုအပ်ပုံတို့ကိုလည်းကောင်း၊ ဝယ်ယူသည့်နေရာတိုင်းနှင့် ဝန်ဆောင်မှုအသုံးပြုသည့် နေရာတိုင်းမှ ဘောက်ချာတောင်းယူသည့် အလေ့အကျင့်တစ်ရပ်ပြုလုပ်ရန်လိုအပ်ပုံကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဦးစီးမှူး ဦးစောမောင်က အချိုမှုန့်၊ အန္တရာယ်ရှိစားသုံးဆီများနှင့် ဓာတုဆိုးဆေးပါသော အစားအစာများ၊ အကင်များ၊ အချိုရည်၊ ဂျယ်လီနှင့် ကော်ဖီမစ်များ တရားလွန်သုံးစွဲမှုကြောင့် ဖြစ်ပွားသောရောဂါများ၊ ညံ့ဖျင်းသော ဝန်ဆောင်မှုလုပ်ငန်းများအကြောင်းကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ဟောပြောပွဲသို့ စုစုပေါင်းအင်အား ၁၂၂ ဦးတက်ရောက်ခဲ့ပြီး သမဝါယမ သင်တန်းကျောင်းအုပ်ကြီးအား ဥပဒေစာအုပ်များ၊ တိုင်ကြားမှုပုံစံများနှင့် လက်ကမ်းစာစောင်များကိုလည်း ပေးအပ်ခဲ့တယ်လို့ သတင်းရရှိပါသည်။

**စောမောင်(တောင်ကြီး)**

# ယင်းမာပင်မြို့ အိမ်တွင်းမှု သင်တန်းကျောင်းတွင် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဆွေးနွေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာန၊ ယင်းမာပင်ခရိုင် ဦးစီးမှူးရုံးမှ ခရိုင်ဦး စီးမှူး ဦးစိုးငြိမ်း ဦးဆောင်သောအဖွဲ့သည် ဇွန် ၆ ရက်တွင် ယင်းမာပင်မြို့၊ အိမ်တွင်းမှုသင်တန်းကျောင်းသို့ သွားရောက်၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောပွဲ ပြုလုပ်ခဲ့ပါတယ်။

အဆိုပါ ဟောပြောပွဲတွင် ယင်းမာပင်ခရိုင် ဦးစီးမှူးရုံးမှ ဒေါ်ယဉ်ယဉ်ဝင်းက စားသုံးရန် မသင့်သော၊ အမှတ် တံဆိပ်မရှိသော၊ အမှတ်တံဆိပ် ပါရှိသော်လည်း နောက်ဆုံး သုံးစွဲရမည့် ရက်စွဲမပါရှိသည့် မုန့်များသည် စားသုံးသူများကို ရောဂါဖြစ်စေနိုင်သည့်အတွက် အန္တရာယ်ကင်းသောမုန့်များကို ရွေးချယ်ဝယ်ယူ အသုံးပြုနိုင်စေရန် ရည်ရွယ်၍လည်းကောင်း၊ ဒေါ်မိုးမိုးမြင့်က ခွင့်မပြုဓာတုဆိုးဆေးအသုံးပြုထားသော မုန့်များကို စားသုံးခြင်းဖြင့် ဖြစ်ပေါ်လာနိုင်သည့် ရောဂါများအကြောင်းကို ရှင်းလင်း ဆွေးနွေးပြီး၊ ခရိုင်ဦးစီးမှူး ဦးစိုးငြိမ်းက စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ၊ ဟင်းချို မှုန့်ကို စွဲစွဲမြဲမြဲ ကြာရှည်စွာစားသုံးခြင်း၊ လွန်ကဲစွာ စားသုံးခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရောဂါများအကြောင်းနှင့် မှိုဆိပ်များ ပါဝင်သည့် စားသုံးကုန်များ၏ ဆိုးကျိုးအန္တရာယ်များ အကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ထို့အပြင်စားသုံးသူများ၏ အခွင့်အရေး ချိုးဖောက်ခံရပါက တိုင်ကြားရမည့်နေရာများနှင့် တိုင်ကြားမှုကို လက်ခံ ဖြေရှင်းပေးမည့် အခြေအနေများကို ပြောကြားခဲ့ပြီး စားသုံးသူတွေအတွက် တစ်စုံတစ်ရာ ထိခိုက်နစ်နာမှုရှိပါက မိမိတို့၏ တိုင်း/ ခရိုင်များတွင်လည်း စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များရှိကြောင်းနှင့် တိုင်း/ ခရိုင်များတွင်လည်း စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ ဖွင့်လှစ်ထားရှိပြီးဖြစ်သည့်အတွက် ထိခိုက်နစ်နာမှုရှိပါက တိုင်ကြားပေးရန်၊ သတင်းပေးကြရန် ဟောပြောဆွေးနွေးခဲ့ပါသည်။ ထို့နောက် တက်ရောက် လာသူများအား အသိပညာပေး လက်ကမ်းစာစောင်များနှင့် အချိုမှုန့်မပါရင် ဟင်းမဖြစ်တော့ဘူး လားဆိုသည့် စာစောင်များ ပေးအပ် ခဲ့ပြီး ဟောပြောပွဲသို့ အိမ်တွင်းမှု သင်တန်းကျောင်းမှ ဆရာမ ၆ ဦးနှင့် သင်တန်းသူ ၁၀၅ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**စိုးငြိမ်း**

# မြိတ်မြို့၊ ကလွင်ရပ်အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ

ကျောင်းသား၊ ကျောင်းသူများအား ဘေးအန္တရာယ်ကင်းရှင်းစွာ အစားအသောက်များ ရွေးချယ်စားသုံးတတ်စေရန်ရည်ရွယ်၍ မြိတ်ခရိုင်၊ စားသုံးသူရေး ရာဦးစီးဌာနသည် ဇွန်လ ၈ ရက်တွင် ကလွင်ရပ်၊ အခြေခံပညာ အလယ်တန်းကျောင်းခွဲ၌ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများအား အသိပညာပေး ဆွေးနွေးခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲတွင် မြိတ်ခရိုင်ဦးစီးမှူး ဦးမျိုးညွန့်က စားသုံးသူအကာအကွယ်ပေးရေးဥပဒေ၏ ရည်ရွယ်ချက်များ၊ အခွင့်အရေးနှင့်တာဝန်များ အကြောင်းကိုလည်းကောင်း၊ ဦးစီးမှူး ဦးမျိုးအေးကလူကို အန္တရာယ်ပေးပြီး ဒုက္ခဖြစ်စေနိုင်သော ဘေးထွက်ဆိုးကျိုးများ အကြောင်းကိုလည်းကောင်း ဆွေးနွေးဟောပြောခဲ့ပါသည်။

ဆွေးနွေးပွဲသို့ အဆိုပါကျောင်းမှ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၆၂၀ ဦးတက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။ **ညိုညိုစန်း(မြိတ်)**

# ထားဝယ်မြို့နယ်အတွင်းရှိ တပ်နယ်ဈေးတွင် ကွင်းဆင်းစစ်ဆေး

တနင်္သာရီတိုင်း ဒေသကြီး၊ စားသုံးသူရေးရာ ဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်စိုးရီနှင့် ဝန်ထမ်းများ ဦးဆောင်၍ တိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါး ကြီးကြပ်ကွပ်ကဲရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ ဈေးကော်မတီနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ဇွန် ၆ ရက်က သပြေချောင်းကျေးရွာ၊ တပ်နယ်ဈေးတွင် ရောင်းချနေသော ကုန်စုံဆိုင်များ၊ သားငါးနှင့် ဟင်းသီးဟင်းရွက်ဆိုင်များတွင် ရောင်းချနေသော ကုန်စည်များ ထုတ်ကုန်လုံခြုံစိတ်ချရမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ရွှေဝယ်သား**

# ရေဦးမြို့နယ်၊ တင်းတိမ်ရုံကျေးရွာရှိ စိုက်ပျိုးရေးဆေးပစ္စည်းနှင့် ဓာတ်မြေသြဇာ အရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေး

ရွှေဘိုခရိုင်၊ ရေဦးမြို့နယ် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးအောင်ညွန့်၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင် စိုက်ပျိုးရေးဦး စီးဌာနမှ ဦးစီးအရာရှိ ဦးညဏ်ဝင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ တင်းတိမ်ရုံရဲစခန်း မှ ဒုရဲအုပ် အောင်ဝင်းသန်း၊ စည်ပင်သာယာရေး ကော်မတီမှ တင်းတိမ်ရုံ ဈေးတာဝန်ခံ ဦးရွှေ၊ စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးအောင်ကျော်ဦး၊ တင်းတိမ်ရုံကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူး ဦးချစ်ဝင်းတို့ ပါဝင်သောအဖွဲ့သည် ရေဦးမြို့နယ် တင်းတိမ်ရုံကျေးရွာအုပ်စု၊ တင်းတိမ်ရုံ ကျေးရွာရှိ စိုက်ပျိုးရေးဆေးပစ္စည်း အရောင်းဆိုင် ငါးဆိုင်၊ ဓာတ်မြေသြဇာ အရောင်းဆိုင်ခြောက်ဆိုင်တို့ကို သွားရောက်ကာ တားမြစ်ထားသည့် ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာများ ရောင်းချမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခဲ့ရာ တားမြစ်ထားသည့် ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာများ ရောင်းချမှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ ကွင်းဆင်းစစ်ဆေးရာတွင် ဆိုင်ပိုင်ရှင်များအား စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံမှ စားသုံးသူအကာအကွယ်ပေးရေးဥပဒေအကြောင်းကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပိုးသတ်ဆေး ဥပဒေနှင့် ဓာတ်မြေသြဇာ ဥပဒေအကြောင်းများကိုလည်းကောင်း အသေးသီးရှင်းလင်း ဆွေးနွေးပညာပေးခဲ့ကြကြောင်း သတင်းရရှိပါသည်။ **အောင်ညွန့်(ရေဦး)**

# ဒေးဒရဲမြို့နယ်ရှိ အ・ထ・က (၁) ကျောင်းမုန့်ဈေးတန်းနှင့် ရေသန့်စက်ရုံသို့ ကွင်းဆင်းစစ်ဆေးပြီး စားသုံးသူအသိပညာပေးဟောပြော

ဖျာပုံခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌဦးအေးလွင် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များသည် ဇွန်လ ၈ ရက်က ဒေးဒရဲမြို့နယ်ရှိအထက(၁) ကျောင်းမုန့်ဈေးတန်းအား စစ်ဆေးပြီး အဆိုပါကျောင်းတွင် စားသုံးသူ အသိပညာပေး ဟောပြောခြင်းများ ပြုလုပ်ခဲ့သည်။ ထို့နောက် အမှတ်(၂) ရပ်ကွက်ရှိ COOL WORLD ရေသန့် စက်ရုံသို့ ထုတ်ကုန်လုံခြုံစိတ်ချရမှုအခြေအနေများကို ကွင်းဆင်း စစ်ဆေးခဲ့ကြောင်းသိရသည်။



ကျောင်းမုန့်ဈေးတန်းသို့ ကွင်းဆင်းစစ်ဆေးခဲ့ရာ ကျောင်းသား၊ သူများကို ရောင်းချသည့် အစားအစာများအား သန့်ရှင်းစွာ ပြုလုပ်၍ ရောင်းချရန် ကျောင်းမုန့်ဈေးတန်း ကြီးကြပ်ရေးအဖွဲ့နှင့် ကျောင်းစားသုံးသူရေးရာအဖွဲ့တို့မှ ကျောင်းမုန့်ဈေးတန်းအား နေ့စဉ်ကြီးကြပ် ဆောင်ရွက်သွားရန် အသိပညာပေး ဆွေးနွေးခဲ့ပါသည်။

ထို့နောက် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့မှ ကျောင်းဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းဈေးသည်များ စုစုပေါင်း ၆၄၀ ဦး အား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောခဲ့ကြပါသည်။ ဆက်လက်၍ ဒေးဒရဲမြို့နယ် အမှတ်(၂) ရပ်ကွက်ရှိ COOL WORLDရေသန့်စက်ရုံသို့ ထုတ်ကုန်လုံခြုံစိတ်ချရမှု အခြေအနေများအား စစ်ဆေးရာတွင် စည်ပင်လုပ်ငန်း လိုင်စင်၊ FDA၏ထောက်ခံချက်၊ စက်မှုကြီးကြပ်ရေး လိုင်စင်တို့ကို စစ်ဆေးခဲ့ကြပြီး ရေသန့်ထုတ်လုပ်သည့် လုပ်ငန်းတွင် ကြီးကြပ်သူတစ်ဦးထားရှိရန်၊ ရေသန့်ဘူး တစ်သောင်းထုတ်ပြီးတိုင်း Log No တစ်ခုပြောင်းတပ်ရန်နှင့် ရေသန့်ဘူးလေးဘူး နမူနာထားရှိရန်၊ ၅၀ လီတာ ရေသန့်ဘူးကြီးများအား ပန့်နှင့်ထိုး ဆေးရုံဖြင့် မလုံလောက်သဖြင့် ဆေးကြောရာတွင် အသုံးပြုသည့် ဆေးဝါးဖြင့် သန့်စင်ဆေးကြောရန် အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မင်းဇော်မွန်(ဖျာပုံ)**

# မြောင်မြို့ မြို့မစည်ပင်ဈေးအတွင်း စားသုံးရန်မသင့်သော စားသောက်ကုန်များ ရောင်းချခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းခရိုင်၊ မြောင်မြို့နယ် စားသုံးသူရေးရာဦးစီးဌာန မှ မြို့နယ်တာဝန်ခံ ဒေါ်ခင်ချိုမြင့်၊ မြင်းမူမြို့နယ် ဦးစီးမှူး ဒေါ်ခိုင်မို့မို့နှင့် ဝန်ထမ်းများသည် ဇွန်လ ၁၄ ရက်က မိတ်ဖက်ဌာနများ ပူးပေါင်းပါဝင်လျက် မြောင်မြို့၊ မြို့မစည်ပင်ဈေးအတွင်းရှိ ကုန်စုံဆိုင်ငါးဆိုင်၊ မုန့်မျိုးစုံဆိုင်သုံးဆိုင်၊ အသားဆိုင်တစ်ဆိုင်သို့ သွားရောက်၍ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် FDAမှ တားမြစ်ထားသော စားသောက်ကုန်များ၊ သက်တမ်းလွန်မုန့်များ၊ ဓာတုဆိုးဆေးများဖြင့် ပြုလုပ်ထားသော အစားအသောက်များ၊ တာရှည်ခံဆေးများ၊ Aflatoxin B ပါရှိသော ငရုတ်သီးနှင့် မဆလာများ မရောင်းချရန်၊ ကျန်းမာရေးနှင့် ညီညွတ်သော စားသောက်ကုန်များ ရောင်းချရန်၊ စားသုံးသူများ ဘေးကင်း လုံခြုံစိတ်ချရမှုရှိစေရန်၊ စံချိန်စံညွှန်းနှင့် ကိုက်ညီသော ကုန်စည်များရောင်းချရန် အသိပညာပေးဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါသည်။ **ခင်ချိုမြင့်(မြောင်)**

# ညောင်တုန်းမြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ ချောင်းကြီး အ・ထ・က (ခွဲ) ကျောင်းရှိ ဆရာ/ ဆရာမ၊ ကျောင်းသား/ ကျောင်းသူများအား စားသုံးသူအသိပညာပေးဟောပြော

ညောင်တုန်းမြို့နယ်၊ စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများသည် ပူးပေါင်းအဖွဲ့ဝင်ဌာနများဖြစ်သော မြို့နယ်ကျန်းမာရေး၊ စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး အဖွဲ့ဝင်များနှင့်အတူ ဇွန် ၈ ရက်က ညောင်တုန်းမြို့နယ်၊ ချောင်းကြီး အ. ထ. က (ခွဲ) ကျောင်းရှိဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၈၉၉ ဦးအား စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပါသည်။

ဟောပြောပွဲတွင် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ၊ စားသုံးသူများ၏ အခွင့်အရေး၊ လုပ်ငန်းရှင်များ၏ အခွင့်အရေးနှင့်တာဝန်များ၊ FDA နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တားမြစ်ထားသော စားသောက်ကုန်များ၊ လုံခြုံစိတ်ချရမှုမရှိသော အစားအစာနှင့် ရက်လွန်စားသောက်ကုန်များ၊ တရုတ်စာတန်းများသာ ပါရှိ၍ မြန်မာစာတန်းမပါသော မုန့်၊ အချိုရည်၊ ဂျယ်လီ၊ ချောကလက်များအား ဝယ်ယူစားသုံးမှု မပြုရန်၊ တာရှည်ခံဓာတုဆေးဝါးဖြင့် ပြုပြင်ထုတ်လုပ်ထားသော စားသောက်ကုန်များ၊ လူထုဆွဲဆောင်မှု အားကောင်းစေနိုင်သော်လည်း အန္တရာယ် ဖြစ်စေနိုင်သော အရောင်ဆိုးဆေးများဖြင့် ပြုလုပ်ထားသောမုန့်များအား ဝယ်ယူစားသုံးခြင်း မပြုရန် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေး ခဲ့ပြီး ကျောင်းမုန့်ဈေးတန်းသို့ သွားရောက်၍ ပြည်တွင်း၊ ပြည်ပမှ စားသုံးရန် မသင့်သော အစားအစာများ၊ ဘေးအန္တရာယ်ဖြစ်စေသည့် မုန့်များ ရောင်းချခြင်းမပြုရန် တရုတ်၊ ထိုင်းနိုင်ငံမှ ဝင်ရောက်လာသော မြန်မာစာတန်းမပါသောမုန့်များ ရောင်းချခြင်းမပြုရန် ဆွေးနွေး၍ စားသုံးသူအသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရပါသည်။ **မင်းမင်းဦး(ပုသိမ်)**

# မအူပင်ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးအောင်မြင်စွာကျင်းပပြီးစီး

မအူပင်ခရိုင်၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မအူပင်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး အစည်းအဝေး ခန်းမတွင် မေ ၃၀ ရက်က ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ အဖွဲ့ဝင် ရှစ်ဦး၊ မိတ်ဖက်ဌာနမှ ဖိတ်ကြားထားသူ ငါးဦးနှင့် ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းလေးဦး၊ စုစုပေါင်း ၁၇ ဦး စုံညီစွာ တက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင် ခရိုင်စားသုံးသူ အငြင်းပွားဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းဇော်က အဖွင့်အမှာစကားပြောကြားရာတွင် မအူပင်ခရိုင် စားသုံးသူရေးရာ ဦးစီးဌာနတွင် စားသုံးသူ သတင်းပြန်ကြားရေးနှင့် လက်ခံဆောင်ရွက်မှုရုံး ဖွင့်လှစ်နိုင်ခဲ့ပြီး စားသုံးသူ အငြင်းပွားမှုဖြစ်ပေါ်လာပါက လက်ခံဖြေရှင်းဆောင် ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း ဝန်ဆောင်မှုများအတွက်လည်း အငြင်းပွားမှု ဖြစ်ပေါ်လာပါက အသေးစိတ် စိစစ်ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့ပါသည်။

မအူပင်ခရိုင် အငြင်းပွားမှုဖြေ ရှင်းရေးအဖွဲ့ အတွင်းရေးမှူး ကိုယ်စား ဒုတိယ ခရိုင်ဦးစီးမှူး ဦးအောင်ဇော်ဦးက ဌာန၏ လမ်းညွှန်ချက်များနှင့်အညီ စားသုံးရန်မသင့်သော အစားအစာများကို စိစစ်ရန်နှင့် ခရိုင်အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့မှ ဆဋ္ဌမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး အထိ ဆောင်ရွက်ခဲ့သော လုပ်ငန်းစဉ်များနှင့် ရှေ့ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို အကျယ်တဝင့် ဆွေးနွေး ပြောကြားခဲ့ပါသည်။

ခရိုင်အငြင်းပွားမှု ဖြေရှင်းရေး အဖွဲ့ဝင်များ၏ပြန်လည်ဆွေးနွေး တင်ပြချက်များကို ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအဖြစ်ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် တညီတညွတ်တည်း ဆုံးဖြတ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။ **Consumer-MT**

# ပုသိမ်ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့က ပုသိမ်မြို့ပေါ်ရှိ အလုပ်ရုံ သုံးရုံနှင့် ဈေးတစ်ဈေးအား ရှောင်တခင် ဝင်ရောက်စစ်ဆေး

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သည် ပုသိမ်မြို့ပေါ်ရှိ ချင်းဟွာကုန်စုံဆိုင်၊ နွေးနွေးအောင် ကုန်စုံဆိုင်၊ ဖိန်ဖိန် ငရုတ်သီးမှုန့်လုပ်ငန်း၊ အိအိချိုငရုတ်သီးမှုန့်လုပ်ငန်း၊ အောင်သီရိစည်ပင်ဈေးရှိ အရောင်းဆိုင်များသို့ ဇွန် ၁၃ ရက်က ရှောင်တခင် ကွင်းဆင်း ဝင်ရောက်စစ်ဆေး ခဲ့ပါသည်။

ကွင်းဆင်းစစ်ဆေးရာတွင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ စားသုံးသူများအတွက် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေး အာမခံချက်မရှိ၍ တားမြစ်ထားသော ငရုတ်သီးမှုန့်များ ရောင်းချနေကြောင်း တွေ့ရှိရသဖြင့် ပုသိမ်ခရိုင် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သည် ရောင်းချထုတ်လုပ်သူများအား စားသုံးသူအကာအကွယ်ပေးရေးဥပဒေပါ ပြဋ္ဌာန်းချက်များအား အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပြီး နောက်ထပ်ရောင်းချခြင်းမပြုရန် သတိပေးခဲ့ကြောင်း သတင်းရရှိပါသည်။

**မောင်ပုသိမ်**

Vol: 17, No.23 Monday June 19 2017

# ဘတ်ငွေတန်ဖိုး ကသောင်းကနင်း ဖြစ်မှုကြောင့် ထိုင်းစက်မှုလုပ်ငန်းများ ထိခိုက်

Asia Plus Securities (ASP) ၏ ထုတ်ပြန်ချက်အရ ယခုနှစ်အတွင်း ထိုင်းဘတ်ငွေတန်ဖိုး ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့သည့်အတွက် ထိုင်းနိုင်ငံ၏ စိုက်ပျိုးရေး၊ လျှပ်စစ်ပစ္စည်းနှင့် စားသောက်ကုန်လုပ်ငန်းများအား ကြီးမားစွာ ထိခိုက်စေခဲ့ကြောင်း သိရှိရပါသည်။



ယခုနှစ်အတွင်း မျှော်မှန်းထားသည်ထက် ဘတ်ငွေတန်ဖိုး မြင့်တက်မှုကြောင့် ပို့ကုန်တင်ပို့သူများအား ထိခိုက်စေခဲ့ကြောင်း၊ Sri Trand Agro Industry Plc ကုမ္ပဏီမှာပို့ကုန်မှရရှိသော ဒေါ်လာငွေများကို ပြည်တွင်းအသုံးစရိတ်အဖြစ် ဘတ်ငွေပေးချေသည့်အခါ ထိခိုက်ဆုံးရှုံးခဲ့ပြီး Thai Food Group Plc မှာ ပြည်တွင်း၌ အမေရိကန်ဒေါ်လာငွေ များစွာကို အသုံးပြုခဲ့သဖြင့် အကျိုးအမြတ် ဖြစ်ထွန်းခဲ့ကြောင်း ASP ၏ သုတေသနအဖွဲ့ခေါင်းဆောင် Porranee Thogyen က ပြောကြားခဲ့ပါသည်။

စိုက်ပျိုးရေးအခြေခံ စားသောက်ကုန် တင်ပို့သူများအနေဖြင့် ယခုနှစ်အတွင်း ဒေါ်လာ ငွေကြေးတန်ဖိုးနေ့စဉ် ကျဆင်းမှုကြောင့် အမြတ်ငွေ ငါးရာခိုင်နှုန်းခန့် ဆုံးရှုံးခဲ့ရသည်ဟုဆိုသည်။

ဒေသတွင်း ငွေကြေးခိုင်မာမှုရှိသော ငွေကြေးများအနက် ထိုင်းဘတ်ငွေတန်ဖိုးသည် ၂၀၁၆ ခုနှစ် ကပင် မြင့်တက်လာခဲ့ပြီး အမေရိကန်ဒေါ်လာနှင့် လဲလှယ်နှုန်းမှာ ၃၃ ဒသမ ၉၆ သို့ရောက်ရှိ ကာ နှစ်နှစ်အတွင်း အမြင့်ဆုံး ရောက်ရှိခဲ့ပါသည်။ ဒေသတွင်းရှိ အင်ဒိုနီးရှား ရူပီးငွေမြင့်တက်မှုနှုန်း မှာ ၁ ဒသမ၄ ရာခိုင်နှုန်းသာရှိပြီး၊ ဖိလစ်ပိုင် ပီဆိုငွေမှာ တည်ငြိမ်နေသဖြင့် ထိုင်းဘတ်ငွေ ပြောင်းလဲမှုမှာ ပိုမိုသိသာ ထင်ရှားခဲ့ပါသည်။

ထိုင်းငွေတန်ဖိုး မြင့်တက်မှုမှာ ထိုင်းနိုင်ငံ၏ အစုငွေ လက်မှတ် ဈေးကွက်သို့ ငွေကြေး အလုံးအရင်းဖြင့် ဝင်ရောက်မှုကြောင့် ဖြစ်သည်။ ယခုနှစ်အတွင်း အစုငွေ စာချုပ် အသားတင်ဝယ်ယူမှုမှာ ဘတ် ၁၃၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃ ဒသမ၉၇ ဘီလီယံ) ရှိခဲ့ပြီး ယခင်နှစ်ထက် ၂၆ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း၊ လတ်တလောတွင် အင်ဒိုနီးရှားနိုင်ငံ၌ အစုငွေ စာချုပ် လက်မှတ်များအား ရောင်းချလိုမှုသာရှိနေကြောင်း၊ နိုင်ငံ ခြားသားများအနေဖြင့် ထိုင်းနိုင်ငံဈေးကွက်မှ ဖိလစ်ပိုင်ဈေးကွက်သို့ ရွှေ့ပြောင်းပြီး အစုငွေလက်မှတ်များအား အရောင်းအဝယ်ပြုလုပ်လာကြကြောင်း Thogyen က ပြောကြားခဲ့ပါသည်။

တရုတ်နိုင်ငံသုံး ယွမ်ငွေ တန်ဖိုးမှာ ယခုနှစ် မေ ၃၁ ရက်နေ့ လဲလှယ်နှုန်းအရ အမေရိကန်တစ်ဒေါ်လာ လျှင် ၆ ဒသမ၈၆၇ ယွမ်မှ ၆ ဒသမ ၈၀၉ ယွမ်သို့အနည်းငယ်သာ ပြောင်းလဲခဲ့ကြောင်း၊ အမေရိကန်ဖိအားအပေါ် လိုက်ပါပြီး တရုတ်နိုင်ငံ ငွေကြေးတန်ဖိုး မြင့်တက်လာမည်ဟု တရုတ်နိုင်ငံ အစိုးရ၏ ကြေညာချက်ပြီးနောက်ပိုင်း အကျိုးဆက်အဖြစ် ဖြစ်ပေါ်ခဲ့ကြောင်း ပြောကြားသွားပါသည်။

အကယ်၍ ထိုင်းဘတ်ငွေတန်ဖိုး ယခုနှုန်းထားတွင် ဆက်လက်တည်ရှိနေပါက ၂၀၁၇ ခုနှစ်အတွင်း တင်ပို့သူများ၏ ဝင်ငွေနှင့်အကျိုးအမြတ်များ မကျဆင်းနိုင်ဘဲ တစ်နှစ်လုံးအတွက် အမေရိကန်ဒေါ်လာ တန်ဖိုးမှာ ၃၄ ဒသမ ၅၀ ခန့်ပတ်ဝန်းကျင်တွင်ရှိနိုင်ကြောင်း ASP ၏ ခန့်မှန်း တွက်ချက်မှုအရ သိရပါသည်။

ထိုင်းဘတ်ငွေ ဈေးနှုန်း ခိုင်မာလာသော်လည်း ကုန်ပစ္စည်း လက်ကျန်များမှာ များပြားနေဆဲဖြစ်ကြောင်း၊ အထူးသဖြင့် GFPT, Charoen Pokphand Foods (CPF) နှင့် Vanachai Group (VNG) တို့တွင် ကုန်ပစ္စည်း လက်ကျန်များပြားနေကြောင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်းကြောင့် ထိခိုက်မှု လျော့နည်းစေရန် ပြည်တွင်းကုမ္ပဏီများဖြစ်သော Major Cineplex Group ၌ ပိုမိုရင်းနှီးသင့်ကြောင်း ASP က အကြံပြုခဲ့ပါသည်။

KTB Securities မှ ခေါင်းဆောင် Mr Mongkol က ခန့်မှန်းရာတွင် လာမည့်လ အနည်းငယ်အထိ ထိုင်းငွေတန်ဖိုး ဆက်လက် မြင့်တက်နေဦးမည် ဖြစ်ကြောင်း၊ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ စီးပွားရေး ပြုပြင်ပြောင်းလဲမှုအစီအမံ များကြောင့် အမေရိကန်ဒေါ်လာငွေ တန်ဖိုးအားနည်း နေဦးမည်ဖြစ်ကြောင်း၊ ယခုနှစ် စတုတ္ထသုံးလပတ်တွင် ဘတ်ငွေတန်ဖိုး ပြန်လည်ကျဆင်းမည်ဟု ခန့်မှန်းကြောင်း၊ လာမည့်နှစ်လအတွက် ကုန်သွယ်မှု ငွေလဲနှုန်းသည် အမေရိကန် တစ်ဒေါ်လာကို ၃၃ ဒသမ ၈၀ ဘတ်မှ ၃၄ ဒသမ ၅၀ ဘတ်ကြားတွင် ရှိမည်ဟု ခန့်မှန်းကြောင်း ပြော ကြားပါသည်။

PTT Group ၏ ၂၀၁၇ ခုနှစ်၊ ပထမသုံးလပတ်အတွင်း နိုင်ငံခြားငွေလဲနှုန်းမှ အကျိုးအမြတ် ဘတ် ရှစ်ဘီလီယံ ရရှိခဲ့ကြောင်း၊ ကုမ္ပဏီအနေဖြင့် ငွေလဲနှုန်း ပြောင်းလဲမှုအပေါ် တွက်ဆပြီး အမြတ် တိုးမြှင့် ရယူခဲ့ခြင်းကြောင့် ဖြစ်ကြောင်း ပြောကြားသွားပါသည်။

**သတင်းရင်းမြစ် -(၈-၆-၂၀၁၇) ရက်နေ့ထုတ် ထိုင်းနိုင်ငံ Bangkok Post သတင်းစာပါ "Baht upheaval carries across industries" သတင်း**

**နှစ်နိုင်ငံ**

## မကွေးတိုင်းဒေသကြီး၊ တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနစ်ရပ်တို့၏ ညှိနှိုင်းအစည်းအဝေး (၄/၂၀၁၇) ကျင်းပ



မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန အစည်းဝေးရုံးခန်းမတွင် ၂၀၁၇ခုနှစ် ဇွန် ၉ ရက်က တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနစ်ရပ်တို့၏ညှိနှိုင်းအစည်းအဝေး(၄/၂၀၁၇) ကို ကျင်းပပြုလုပ်ခဲ့ရာ အဖွဲ့ဝင်စုစုပေါင်း ၂၄ ဦး တက်ရောက်ခဲ့ကြပါသည်။

ရှေးဦးစွာ တိုင်းဒေသကြီးစားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူးက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စားသုံးသူအကာအကွယ်ပေးရေးနှင့် ထုတ်ကုန်လုံခြုံစိတ်ချမှုဆိုင်ရာ ဆောင်ရွက်ချက်များကိုလည်းကောင်း၊ ၂၀၁၇ခုနှစ်၊ ဧပြီနှင့် မေလများတွင် ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီးအတွင်း ခရိုင်များတွင် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အစည်းအဝေးများ၊ လုပ်ငန်းရှင်များသို့ အသိပညာပေး ရက်တိုသင်တန်းဖွင့်လှစ်ခဲ့မှုအခြေအနေများ၊ ဗဟိုကော်မတီ၏ ညွှန်ကြားချက်များ၊ ခရိုင်အတွင်း ထုတ်ကုန် စစ်ဆေးရာတွင် တွေ့ရှိရသည့် အချက်များနှင့် တွေ့ကြုံရသည့် အခက်အခဲများနှင့် သုံးသပ်ချက်များကို ပါဝါပွိုင့်များဖြင့် အသေးစိတ်ရှင်းလင်းခဲ့ပါသည်။

ထို့ပြင် သရက်ခရိုင်နှင့် ပခုက္ကူခရိုင်တို့တွင် လုပ်ငန်းရှင်တို့အား အသိပညာပေးသင်တန်းများ ဖွင့်လှစ်မည်ဖြစ်၍ သက်ဆိုင်ရာဌာနများမှ ပူးပေါင်းကူညီပေးပါရန်နှင့် မန္တလေးမြို့မှ ထုတ်လုပ်ရောင်းချသည့် အချိုရည်အဆီဘူးများတွင် ပါဝါသကြားများ လွန်ကဲစွာသုံးစွဲထားသည်ဟု ယူဆခဲ့သည့်အတွက် တိုင်း အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့အစည်းအဝေး (၃/၂၀၁၇) ဆုံးဖြတ်ချက်အရ ဗဟိုကော်မတီသို့တင်ပြခဲ့ရာ ဗဟိုကော်မတီမှ မန္တလေးတိုင်းဒေသကြီး၊ စားသုံးသူ ရေးရာဦးစီးဌာနနှင့်လည်း ချိတ်ဆက်၍ ဆောင်ရွက်နေပါကြောင်း၊ မကွေးမြို့နှင့် ပခုက္ကူမြို့များတွင် CICC ရုံးများ ဖွင့်လှစ်ထားရှိပြီးဖြစ်ကြောင်းနှင့် ကျန်မြို့နယ်များတွင် ဆက်လက်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မဖွင့်နိုင်သည့် မြို့များတွင် စည်ပင်ဈေးများတွင် တိုင်ကြားနိုင်သည့် စာတိုက်ပုံးများထားရှိပြီး ဈေးတာဝန်ခံအား တိုင်ကြားမှုပုံးများပေးထားကာ တိုင်ကြားစာများကို စာတိုက်ပုံးအတွင်းထည့်၍ မိမိတို့ တာဝန်ခံမှ နေ့စဉ်လာရောက် သိမ်းစေရန် စီစဉ်ထားပါကြောင်း အကျယ်တဝင့် ဆွေးနွေးတင်ပြခဲ့ကြောင်း သတင်းရရှိပါသည်။

**စန္ဒာစိုးလွင် (မကွေး)**

## လွိုင်ကော်၊ ဒီးမော့ဆိုမြို့နယ်များရှိ ဈေး၊ ကုန်စုံဆိုင်များတွင် ထုတ်ကုန် လုံခြုံစိတ်ချရမှုရှိစေရေး ကွင်းဆင်းစစ်ဆေး

လွိုင်ကော်ခရိုင် စားသုံးသူရေးရာဦးစီးဌာနသည် ဇွန်လ ၉ ရက်က လွိုင်ကော်မြို့၊ နောင်ယား(က) ရပ်ကွက် အတွင်းရှိ ကုန်စုံဆိုင်များ၌လည်းကောင်း၊ ဇွန်လ ၁၀ ရက်က ဒီးမော့ဆိုမြို့နယ် မြို့မဈေး၌လည်းကောင်း၊ ဇွန်လ ၁၃ ရက်က လွိုင်ကော်မြို့ပေါ်ရှိ ကုန်စုံဆိုင်များတွင်လည်းကောင်း၊ တားမြစ်ထားသည့်စားသောက်ကုန်များ၊ သက်တမ်းလွန်စားသောက်ကုန်များ၊ အာမခံချက်မရှိသော သောက်ရေသန့်များ၊ ကုန်ပစ္စည်း ထုပ်ပိုးမှု အညွှန်းများ ပြည့်စုံမှုမရှိသော ကုန်ပစ္စည်းများ ဈေးကွက်အတွင်း၌ ရောင်းချမှုမရှိစေရေးအတွက် ခရိုင်ဦးစီးမှူး ဒေါ်မြို့ရီနှင့် ခရိုင်အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်တို့က ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ပါတယ်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သက်တမ်းလွန်စားသောက်ကုန်များ၊ တားမြစ်ထားသည့်စားသောက်ကုန်များ ရောင်းချနေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ဖျက်ဆီးရန် သိမ်းဆည်းခဲ့ပြီး နောင်တွင် ဆက်လက်ရောင်းချခြင်းမပြုရန် ဝန်ခံကတိ လက်မှတ်ရေးထိုးစေခဲ့ပါတယ်။ စားသောက်ကုန်များနှင့် သောက်ရေသန့်များအား ရောင်းချရာတွင် စားသုံးသူအတွက် ဘေးအန္တရာယ်ကင်းပြီး အာခံချက်ရှိတဲ့ ကုန်ပစ္စည်းများကိုသာ ရွေးချယ်ရောင်းချကြရန်နှင့် ပစ္စည်းများရဲ့ ထုပ်ပိုးခွံ အညွှန်းတွင်လည်း ကုန်အမှတ်တံဆိပ်၊ ထုတ်လုပ်သည့်ရက်စွဲ၊ ကုန်ဆုံးသည့်ရက်စွဲ၊ ထုတ်လုပ်သည့်နေရာဒေသနှင့် သက်ဆိုင်ရာဌာန၏ ထောက်ခံချက်များပါတဲ့ ပစ္စည်းများကိုသာ ရောင်းချစေလိုကြောင်း အသိပညာပေး ဆွေးနွေးခဲ့ပြီး စားသုံးသူကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သတင်းရရှိပါတယ်။

**ကျော်ဇင်ထွေး (စားသုံးသူ၊ ကယား)**

# အိန္ဒိယရှိ လယ်ယာထွက်ကုန်ပစ္စည်း ပြည်ပတင်ပို့သူများအား တန်ဖိုးမြှင့်ထုတ်ကုန်များ ပိုမိုထုတ်လုပ်ရန်နှင့် ယင်းတို့ကို ခြေရာခံလိုက်နိုင်သည့် ဆောင်ရွက်မှုများပြုလုပ်သွားရန် တိုက်တွန်းပြောကြား

အိန္ဒိယနိုင်ငံရှိ လယ်ယာ ထွက်ကုန်ပစ္စည်းများအား ပြည်ပသို့တင်ပို့သည့် ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မှုစွမ်းဆောင်ရည်များရှိရန်အတွက် တန်ဖိုးမြှင့် လယ်ယာထွက်ကုန်ပစ္စည်းများအား ပိုမိုထုတ်လုပ်သွားရန်နှင့် မိမိတို့၏ ပို့ကုန်ပစ္စည်းများအပေါ် ခြေရာခံလိုက်နိုင်သည့် ဆောင်ရွက်မှုများအား ပိုမို လုပ်ဆောင်သွားကြရန် အိန္ဒိယနိုင်ငံ၊ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၏ အတွင်းဝန် Rita Teaotia က လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့သူများကို ပြောကြားခဲ့ကြောင်း သိရှိရသည်။

မိမိတို့မှာ လက်ရှိတွင် အရည်အသွေးနိမ့်သည့် (သို့မဟုတ်) တန်ဖိုးမြှင့်မဟုတ်သည့် လယ်ယာထွက်ကုန်ပစ္စည်းများကိုသာ ထုတ်လုပ်လျက်ရှိကြောင်း၊ ယခုအချိန်အခါတွင် တန်ဖိုးမြှင့် လယ်ယာထွက်ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်ရန် လိုအပ်လာပြီဖြစ်ကြောင်း အိန္ဒိယနိုင်ငံ လယ်ယာထွက်ကုန်နှင့် ပြုပြင်ပြီး စားသောက်ကုန်ပစ္စည်းများ ပြည်ပသို့ တင်ပို့မှုဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့ (Agricultural and Processed Food Products Export Development Authority, APEDA) က ကြီးမှူးကျင်းပသည့် အခမ်းအနားတွင် Teaotia က ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် ပြည်ပလယ်ယာ ထွက်ကုန်ပစ္စည်းများ အများဆုံး တင်ပို့သည့်နိုင်ငံများတွင် သတ္တမမြောက် နေရာတွင်ရှိကြောင်း၊ ၂၀၁၆-၂၀၁၇ တွင် ပြည်ပသို့ အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၈ ဘီလီယံ တန်ဖိုးရှိ လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့ခဲ့ကြောင်း၊ အဆိုပါပမာဏသည် ၂၀၁၆-၂၀၁၇ တွင် အိန္ဒိယနိုင်ငံ၏ ပို့ကုန် တင်ပို့မှုပမာဏ စုစုပေါင်းအမေရိကန်ဒေါ်လာ ၂၇၆ ဒသမ ၂၈ ဘီလီယံ၏ ၁၂ ရာခိုင်နှုန်းရှိကြောင်း သိရှိရသည်။

အိန္ဒိယနိုင်ငံသည် လယ်ယာထွက်ကုန်ပစ္စည်းများအား ဗီယက်နမ်၊ ယူအေအီး၊ ဆော်ဒီအာရေဗျ၊ အမေရိကန်၊ အီရန်၊ အီရတ်နှင့် နီပေါနိုင်ငံများသို့ အဓိက တင်ပို့လျက်ရှိသည်။ နိုင်ငံငယ်များက အိန္ဒိယနိုင်ငံ၏ ဈေးကွက်ဝေစုအား ခွဲဝေမယူနိုင်ရန်အတွက် ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်း တင်ပို့သူများအနေဖြင့် မိမိတို့ကုန်ပစ္စည်းများအတွက် အော်ဂဲနစ်အခြေခံ ပြုလုပ်ထားသည့် ပစ္စည်းဖြစ်ကြောင်း အထောက်အထားလက်မှတ်များ ပြုလုပ်နိုင်ရန် လေ့လာဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ ထို့အပြင် မိမိတို့၏ လယ်ယာထွက်ကုန်ပစ္စည်းများကို ဝယ်ယူသည့်နိုင်ငံတိုင်းက အဆိုပါလယ်ယာထွက်ကုန်ပစ္စည်းများအပေါ် ပြီးပြည့်စုံသည့် ခြေရာခံလိုက်နိုင်သည့် ဆောင်ရွက်အစီအစဉ်ထားရှိရန် မိမိတို့အား မျှော်လင့်လျက်ရှိကြောင်း၊ သို့ဖြစ်ရာ မိမိတို့ကလည်း လိုအပ်သလို ပြုလုပ်သွားရန်လိုအပ်ပါကြောင်း၊ လယ်ယာထွက်ကုန် ကုန်ကြမ်းပစ္စည်းမှအစ တန်ဖိုးမြှင့်ကုန်စည်များ ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်း၊ တင်ပို့ခြင်း အစရှိသည်တို့ အကျုံးဝင်သည့် တန်ဖိုးမြှင့်လမ်းကြောင်း (Value Chain) မှာလည်း ရှုပ်ထွေးသည့် လုပ်ငန်းစဉ်များဖြစ်နေပြီး အပိုင်းအစများ ကွဲပြားနေကြောင်း Teaotia က ပြောကြားသည်။

**Source: economictimes**

**စန္ဒာထွန်း (TTI)**

# သစ်နှင့် သစ်အချောထည်ပစ္စည်းများနှင့် ပင်လယ်စာအမျိုးမျိုးတို့ကို ၂၀၁၇ ခုနှစ် ပထမ ငါးလအတွင်း ဗီယက်နမ်နိုင်ငံမှ ပြည်ပသို့ အများဆုံးတင်ပို့

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမ ငါးလအတွင်း သစ်နှင့် သစ်အချောထည်ပစ္စည်းများ၊ ပင်လယ်စာ၊ ဆန်၊ ကော်ဖီ၊ သီဟိုဠ်စေ့၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံတို့အား ပြည်ပသို့ အများဆုံးတင်ပို့ခဲ့ကြောင်း ဗီယက်နမ် နိုင်ငံလယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်အရ သိရှိရသည်။

ယခုနှစ် ပထမ ငါးလအတွင်း သစ်နှင့် သစ်အချောထည်ပစ္စည်းများအား အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံခန့် တင်ပို့ခဲ့ပြီး အဆိုပါပမာဏသည် ယခင်နှစ်ကာလတူထက် ၉ ဒသမ ၉ ရာခိုင်နှုန်းမြင့် တက်ခဲ့ကြောင်း၊ အဆိုပါ ငါးလအတွင်း ပင်လယ်စာ တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ ဘီလီယံရှိခဲ့သဖြင့် ယခင်နှစ် ကာလတူထက် ၁၀ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းသိရှိရသည်။

ကော်ဖီတင်ပို့မှုမှာလည်း မေလတွင် အမေရိကန်ဒေါ်လာ ၂၃၃ သန်းဖိုးတင်ပို့ခဲ့သဖြင့် ယခုနှစ် ပထမ ငါးလအတွင်း ပြည်ပသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၇ ဘီလီယံတန်ဖိုးရှိ ကော်ဖီ တန်ချိန် စုစုပေါင်း ၆၉၃၀၀၀ တန် တင်ပို့ခဲ့ကြောင်း၊ အဆိုပါတန်ချိန် ပမာဏသည် ယခင်နှစ်ကာလတူတင်ပို့မှုအောက် ၁၅ ဒသမ ၉ ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ၁၁ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံတင်ပို့မှုမှာ ယခုနှစ်ပထမငါးလအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၈ ဘီလီယံဖိုး တင်ပို့နိုင်ခဲ့ပြီး၊ ယခင်နှစ်ကာလတူထက် ၃၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်းသိရှိရသည်။

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမငါးလအတွင်း ပြည်ပသို့ သီဟိုဠ်စေ့တန်ချိန် စုစုပေါင်း ၁၁၂၀၀၀ တန် တင်ပို့ခဲ့ရာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံပို့ကုန်ဝင်ငွေရရှိခဲ့ကြောင်း၊ အဆိုပါတန်ချိန်ပမာဏသည် ယခင်နှစ်ကာလတူ တင်ပို့မှုအောက် ၉ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ၁၂ ဒသမ ၈ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ယခုနှစ် ပထမငါးလအတွင်း ပြည်ပသို့ ဆန်တင်ပို့မှုမှာလည်း အမေရိကန်ဒေါ်လာ တစ်ဘီလီယံတန်ဖိုးရှိ ဆန်တန်ချိန် ၂ ဒသမ ၃ သန်း တင်ပို့ခဲ့သဖြင့် အဆိုပါပမာဏသည် ယခင်နှစ်ကာလတူထက် တန်ချိန်အားဖြင့် ၁ ဒသမ ၆ ရာခိုင်နှုန်းနှင့် တန်ဖိုးအားဖြင့် ၁ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရှိရသည်။

**Source: vietnamnet**

**စန္ဒာထွန်း (TTI)**

# ၂၀၁၇ ခုနှစ် ပထမ ငါးလအတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ ပြည်ပသို့ ဆန်တင်ပို့မှုပမာဏ ယခင်နှစ် ကာလတူထက် ၁၀ ရာခိုင်နှုန်းမြင့်တက်

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမ ငါးလအတွင်း ပြည်ပသို့ ဆန်တန်ချိန် ၂၅၇၆၃၇ တန် တင်ပို့ခဲ့သဖြင့် ယခင်နှစ်ကာလတူထက် ၁၀ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရှိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် နိုင်ငံပေါင်း ၅၇ နိုင်ငံသို့ ဆန်တင်ပို့လျက်ရှိပြီး တရုတ်၊ ပြင်သစ်နှင့် ပိုလန်နိုင်ငံ သို့ အများဆုံးတင်ပို့လျက်ရှိကြောင်း၊ ယခုနှစ်ပထမ ငါးလအတွင်း တရုတ်နိုင်ငံသို့ ဆန် ၈၈၇၆၉ တန်၊ ပြင်သစ်နိုင်ငံသို့ ၃၃၄၅၉ တန်နှင့် ပိုလန်နိုင်ငံသို့ ၂၃၀၃၆ တန် တင်ပို့ခဲ့ကြောင်း သိရှိရသည်။

တရုတ်နိုင်ငံသို့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဟွန်ဆန် အလည်အပတ်သွားရောက်ပြီး နောက်ပိုင်းတွင် တရုတ်နိုင်ငံသို့ ဆန်တင်သွင်းခွင့်ခွဲတမ်းအဖြစ် ကမ္ဘောဒီးယားနိုင်ငံအား ယခုနှစ်တွင် ဆန်တန်ချိန် နှစ်သိန်းတင်သွင်းခွင့်ပြုထားရာမှ လာမည့်နှစ်တွင် ဆန်တန်ချိန် သုံးသိန်းသို့ တိုးမြှင့်၍ တင်သွင်းခွင့်ပြုရန် တရုတ်နိုင်ငံက သဘောတူလိုက်ပြီဖြစ်ကြောင်း ဝန်ကြီးချုပ်ဟွန်ဆန်က ယခုနှစ် မေလလယ်တွင် ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံသည် တစ်နှစ်လျှင် စပါးတန်ချိန် ၉ သန်းကျော်ထွက်ရှိပြီး ယခုနှစ်တွင် ဆန်တန်ချိန် ၃ ဒသမ ၇ သန်းကျော် စားသုံးလျက်ရှိကြောင်း ကမ္ဘောဒီးယားနိုင်ငံ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရှိရသည်။

**Source: Xinhua**

**စန္ဒာထွန်း (TTI)**

# ဘတ်ငွေတန်ဖိုး မြင့်တက်လာခြင်းကြောင့် စီးပွားရေးတိုးတက်မှုကို နှောင့်နှေးစေသည်ဟု ထိုင်းလုပ်ငန်းရှင်များဆို

ထိုင်းဘတ်ငွေတန်ဖိုး လျင်မြန်စွာ မြင့်တက်လာခြင်းသည် ပို့ကုန်ကို ထိခိုက်စေနိုင်ပြီး စီးပွားရေး တိုးတက်မှုကို နှောင့်နှေးစေနိုင်ကြောင်း ထိုင်းကုန်သည်ကြီးများအသင်း (TCC) က ပြောကြားခဲ့ပါသည်။

ထိုင်းဘတ်ငွေတန်ဖိုး ပြောင်းလဲမှုကို ထိုင်းဗဟိုဘဏ်က အနီးကပ်စောင့်ကြည့်ပြီး လိုအပ်ပါက ဟန့်တားထိန်းချုပ်မှုများ ပြုလုပ်စေလိုကြောင်း ကုန်သည် အသင်းဥက္ကဋ္ဌ Mr. Kalin Sarasin (မစ္စတာ ကာလင်ဆာ ရာစင်) က ပြောကြားခဲ့သည်။ ထိုင်းဘတ်ငွေတန်ဖိုး လျင်မြန်စွာ မြင့်တက်လာခြင်းနှင့်ပတ်သက်၍ တည်ငြိမ်မှုရရှိစေရန် ဆောင်ရွက်သွားမည့် ဗဟိုဘဏ်၏ အစီအစဉ်ကို သိရှိလိုကြောင်း၊ နိုင်ငံတော်၏ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ (SMEs) အတွက် ငွေကြေးတည်ငြိမ်မှုသည် အရေးကြီးကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့ပါသည်။ ၎င်းအပြင် ဘတ်ငွေကြေးတန်ဖိုး ပြောင်းလဲမှုကြောင့် SMEs လုပ်ငန်းများအပေါ် ထိခိုက်နိုင်မည့် စွန့်စားမှုများကို လျော့ကျစေရေးအတွက် ငွေသားသုံးစွဲမှုကို အကန့်အသတ်ဖြင့်သာ သုံးစွဲသင့်သည်ဟု အကြံပြုပြောကြားခဲ့ပါသည်။

ဇွန်လ ၆ ရက်က ဘတ်ငွေနှင့် အမေရိကန်ဒေါ်လာငွေ လဲလှယ်နှုန်းသည် အမေရိကန် တစ်ဒေါ်လာကို ၃၃ ဒသမ ၉၄ ဘတ်သို့ရောက်ရှိခဲ့ပြီး နှစ်နှစ်အတွင်း အမြင့်ဆုံး နှုန်းထားဖြစ်ခဲ့ကြောင်း၊ ဗဟိုဘဏ်အနေဖြင့် ငွေကြေးအင်အား တောင့်တင်းမှုကို တင်းကျပ်စွာ ထိန်းချုပ်ထားခြင်း မရှိပါက ရင်းနှီးမြှုပ်နှံသူများအတွက် အခက်အခဲဖြစ်စေနိုင်ကြောင်း၊ လောလောဆယ်တွင် ဒေသတွင်း ငွေကြေးများအနက် ထိုင်းဘတ်ငွေ တန်ဖိုး ခိုင်မာမှုသည် အမြင့်ဆုံးဖြစ်နေကြောင်း၊ အမေရိကန် ဒေါ်လာနှင့်လဲလှယ်မှုတွင် ဘတ်ငွေတန်ဖိုး ၅ ရာခိုင်နှုန်း မြင့်တက်လျက်ရှိကြောင်း ပြောကြားခဲ့ပါသည်။

ထိုင်း ဗဟိုဘဏ်အနေဖြင့် ယခုနှစ်ဧပြီလအတွင်း ကာလတို ငွေစု လက်မှတ်စာချုပ်များ ရောင်းချခဲ့ရာ၊ ကာလတိုအတွက် ငွေကြေးစီးဝင်မှုများရရှိခဲ့ပြီး ထိုင်းဘတ်ငွေတန်ဖိုးကို ခိုင်မာလာစေခဲ့သည်။ ထိုင်းနိုင်ငံ၏ စီးပွားရေး၊ စက်မှုလုပ်ငန်းနှင့် ဘဏ်လုပ်ငန်းရှင်များ အမြဲတမ်းပူးတွဲ ကော်မတီ (Joint Standing Committee on Commerce, Industry and Banking – JSCCIB) ၏ ထုတ်ပြန်ချက်အရ ထိုင်းစီးပွားရေး တိုးတက်မှုနှုန်းသည် ယခုနှစ် ပထမ သုံးလပတ်အတွင်း ၃ဒသမ ၃ ရာခိုင်နှုန်းရရှိခဲ့ကြောင်း သိရသည်။

ထိုင်းပို့ကုန်တန်ဖိုး တိုးတက်လာခြင်းနှင့် အတူ JSCCIB မှလည်း ယခုနှစ်အတွက် ထိုင်းနိုင်ငံ GDP တိုးတက်မှုနှုန်းအား ၃ ဒသမ ၅ ရာခိုင်နှုန်းမှ ၄ ရာခိုင် နှုန်းအထိလည်းကောင်း၊ ပို့ကုန် တိုးတက်မှုနှုန်းအား ၂ ရာခိုင်နှုန်းမှ ၃ ဒသမ ၅ ရာခိုင်နှုန်းအထိလည်းကောင်း ခန့်မှန်းထားရှိကြောင်း ဖြည့်စွက်ပြောကြား ခဲ့ပါသည်။

ထိုင်းအမျိုးသား သယ်ယူပို့ဆောင်ရေးကောင်စီ ဥက္ကဋ္ဌ Ms. Ghanyapad Tantipipatpong က ပြောကြားရာတွင် ဘတ်ငွေကြေးတန်ဖိုး ခိုင်မာလာမှုသည် ထိုင်းပို့ကုန်လုပ်ငန်းရှင်များအတွက် ယှဉ်ပြိုင်နိုင်မှုကို ထိခိုက်စေကြောင်း ပြောကြားခဲ့ပါသည်။ လက်ရှိ ရင်းနှီးငွေများ စီးဝင်မှုသည် ကာလတိုသာ ဖြစ်ကြောင်း၊ ရင်းနှီးငွေ ဝင်ရောက်ခြင်း၏ ရည်ရွယ်ချက်အမှန်ကို နားမလည်ခြင်းသာ ဖြစ်ပါကြောင်း၊ ရင်းနှီးငွေများမှာ ရေရှည်တွင်မှန်ကန်သောကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံမည်ဆိုပါက ထိခိုက်မှုရှိစေနိုင်မည် မဟုတ်ကြောင်း ဆက်လက်ပြောကြားခဲ့ပါသည်။

**သတင်းရင်းမြစ် -(၇-၆-၂၀၁၇) ရက်နေ့ထုတ် ထိုင်းနိုင်ငံ Bangkok Post သတင်းစာပါ "Firms jittery as baht keeps rising" သတင်း**

**နှစ်နိုင်ငံ**

# အိန္ဒိယပဲရက်သတ္တပတ်

အိန္ဒိယနိုင်ငံ၏ ပဲမျိုးစုံထုတ်လုပ်မှု ရောင်းဝယ်မှုနှင့် ပတ်သက်၍ အဂရီဝပ်ချ်၏ ရက်သတ္တပတ်အစီရင် ခံစာကို ဇွန် ၁၂ ရက်က ထုတ်ပြန်ခဲ့ သည်။ အစီရင်ခံစာတွင် အိန္ဒိယပဲမျိုးစုံ စိုက်ပျိုးမှု၊ ပြည်ပမှ တင်သွင်းမှု၊ ဈေးနှုန်းအခြေအနေကို ဖော်ပြထားသည်။

**စိုက်ပျိုးမှုအခြေအနေ**

၂၀၁၇ ခုနှစ်ဇွန် ၉ ရက်အထိ စိုက်ပျိုးမှုအခြေအနေကိုကြည့်ပါက ဟက်တာ ၁ ဒသမ ၆၄ သိန်းစိုက်ပျိုး ထားပြီးဖြစ်သည့်အတွက် ယခင်နှစ်ကာလတူက စိုက်ပျိုးခဲ့သောဟက်တာ ၁ ဒသမ ၂၀ သိန်းနှင့် နှိုင်းယှဉ်ပါက ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်ကို တွေ့ရသည်။ မုတ်သုံရာသီတစ်ခုလုံးအတွက် ပုံမှန်စိုက်ဧကမှာ ဟက်တာ ၁၀၇ ဒသမ ၅၉ သိန်းရှိသည်။ မိုးရာသီအတွင်း ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲတီစိမ်း၏ ပုံမှန်စိုက်ဧရိယာ မှာ ဟက်တာ ၄၀ ဒသမ ၀၅ သိန်း၊ ၂၄ ဒသမ ၃၉ သိန်းနှင့် ၂၃ ဒသမ ၅၉ သိန်းအသီးသီးရှိရာ ဇွန် ၉ ရက်အထိ စိုက်ပျိုးပြီးစီးမှုအခြေအနေမှာ ဟက်တာ သုည ဒသမ ၁၀ သိန်း၊ သုည ဒသမ ၃၉ သိန်းနှင့် သုည ဒသမ ၃၅ သိန်းအသီးသီးရှိခဲ့ရာ ယခင်နှစ် ကာလတူနှင့်နှိုင်းယှဉ်ပါက ပိုမိုစိုက်ပျိုးနိုင်ခဲ့သည်ကို တွေ့ရသည်။ ယခုနှစ်အတွင်း မိုးကောင်းမည်ဟု ခန့်မှန်းထားသည့်အတွက် လာမည့်ရက်သတ္တပတ်များတွင် စိုက်ပျိုးမှုနှုန်းမြင့်တက်လာမည် ဟုခန့်မှန်းရသည်။

**ပဲမျိုးစုံတင်သွင်းမှု**

မေ ၁၆ ရက်မှ ၃၁ ရက်အထိ ခရစ်ရှနာပက်တနမ်နှင့် ချန်နိုင်းဆိပ်ကမ်းသို့ ပဲမျိုးစုံကုန်သေတ္တာ ၁၄၁၅ လုံးတင်သွင်းခဲ့သည်။ တင်သွင်းခဲ့သော ကုန်သေတ္တာများအနက် မတ်ပဲ ၇၈၄ လုံး၊ ကုလားပဲ ၁၄၉ လုံး၊ ပဲစင်းငုံ ၁၆၄ လုံးနှင့် ပဲနီလေး အလုံး ၁၃၀ ရှိခဲ့သည်။ ကျန်ကုန်သေတ္တာများမှာ ပဲစိမ်းလုံး (Green Pea) အပါအဝင် အခြားပဲအမျိုးအစားများဖြစ်သည်။

ဇွန် ၁၃ ရက်တွင် ဂျဝါဟာလာ နေရူးဆိပ်ကမ်းသို့ ပဲမျိုးစုံကုန်သေတ္တာ ၁၃၃၆ လုံး ရောက်ရှိခဲ့သည်။ ဆိပ်ကမ်း မှ တင်သွင်းသော ပဲများအနက် အဆင့်မြင့် ကုလားပဲကုန်သေတ္တာ ၄၃၉ လုံး၊ မတ်ပဲ(အနက်) ၉၅ လုံး၊ ပဲတီစိမ်း ၇၉ လုံး၊ ပဲစိမ်းလုံး ၄၇ လုံးရှိပြီး ကျန်ကုန်သေတ္တာများမှာ အခြားပဲများ ဖြစ်သည်။ သွင်းကုန်များဆက်လက်စီးဝင်မည့် အခြေအနေရှိသဖြင့် ဈေးနှုန်းများဆက်လက်ကျဆင်းဖွယ် ရှိသည်။

**ပြည်ပမှတင်သွင်းသော ပဲများ၏ဈေးနှုန်း**

မွမ်ဘိုင်းဈေးကွက်တွင် ဩစတြေးလျကုလားပဲဈေးမှာ ရူပီး ၁၅၀ မြင့်တက်ခဲ့သဖြင့် တစ်ကွင်တယ်ကို ရူပီး ၅၆၀၀ နှုန်းရှိပြီး မန္ဒရာဆိပ်ကမ်းပေါက် ဈေးမှာ ရူပီး ၅၆၅၀ နှုန်းရှိခဲ့သည်။ နိုဝင်ဘာ/ ဒီဇင်ဘာအတွက် ကြိုတင်ရောင်းသော ဩစတြေးလျကုလားပဲ အသစ်ဈေးမှာ တစ်ကွင်တယ်ကို ရူပီး ၅၀၀၀ နှုန်းရှိသည်။ ပဲစင်းငုံနီအဟောင်းဈေးမှာ တစ်ကွင်တယ်ကို ရူပီး ၃၆၅၀ နှင့် အသစ်ဈေးမှာ ရူပီး ၃၆၂၅ ရူပီးနှုန်းအသီးသီးရှိခဲ့သည်။ ကနေဒါ ပဲနီလေးဈေးမှာ ပဲအရည်အသွေးအပေါ် မူတည်၍ တစ်ကွင်တယ်ကို ရူပီး ၃၅၀၀ မှ ၃၇၅၀အကြား တွင်ရှိသည်။ ဩစတြေးလျပဲနီလေး၏ ပေါက်ဈေးမှာ တစ်ကွင်တယ်ကို ရူပီး ၃၇၀၀ မှ ၃၈၅၀ အကြားတွင်ရှိသည်။

ဩစတြေးလျကုလားပဲ (Desi) ၏ စက်တင်ဘာအတွက် ကြိုတင်ရောင်းချသော CNF ဈေးမှာ တစ်တန် ကို အမေရိကန်ဒေါ်လာ ၉၀၀ ရှိ သည်။ ဩစတြေးလျကုလားပဲ၏ အောက်တိုဘာ/ နိုဝင်ဘာအတွက် ကြိုရောင်းဈေးက တစ်တန်ကို အမေရိကန် ဒေါ်လာ ၇၄၀ ရှိသည်။ ပဲသိုလှောင် လက်ကျန်မှာ အများအပြားရှိပြီး ဩစတြေးလျနိုင်ငံတွင်လည်း ဆက်လက် စိုက်ပျိုးလျက်ရှိသဖြင့် လာမည့်လများတွင် ဈေးနှုန်းကျဆင်း ဖွယ်ရှိသည်။

မြန်မာနိုင်ငံမှတင်သွင်းသော ပဲများ၏ ဈေးနှုန်းအခြေအနေမှာ ယခင် ရက်သတ္တပတ်ကအတိုင်းမပြောင်းလဲဘဲ ဈေးငြိမ်နေသည်ကို တွေ့ရသည်။ မြန်မာပဲစင်းငုံနီဈေးမှာ ယခင်ရက် သတ္တပတ်ကအတိုင်း CIF ဈေးအရ တစ်တန်ကို အမေရိကန်ဒေါ်လာ ၅၃၉၊ မတ်ပဲ FAQ ဈေးမှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၇၃၈၊ SQ က တစ်တန်ကို အမေရိကန်ဒေါ်လာ ၉၁၈၊ ပဲတီစိမ်း (Pedisheva) က တစ်တန်ကို အမေရိကန်ဒေါ်လာ ၈၈၅ နှင့် ပဲတီစိမ်း (Pakakois) က တစ်တန်ကို အမေရိကန် ဒေါ်လာ ၆၉၅ နှုန်းအတိုင်း ဆက်လက်ရောင်းချလျက်ရှိသည်။ မြန်မာနိုင်ငံ ဘက်မှ CNF ဈေးမှာလာမည့် ရက်သတ္တပတ်များအတွင်း ပုံမှန်အတိုင်း ရှိနေမည်ဟု ခန့်မှန်းရသည်။ အိန္ဒိယဈေးကွက်အတွင်း၌ ပဲအများအပြားရှိနေသေးသဖြင့် ဝယ်လိုအားမှာ ကျဆင်းနိုင်သည်။

**ပြည်တွင်းပဲဈေးနှုန်းများ**

လက်လီနှင့် လက်ကားဈေးကွက်များမှ ဝယ်လိုအားမြင့်တက်မလာပါက ပဲမျိုးစုံဈေးကွက်များတွင် ဈေးနှုန်း ကျဆင်းရန်ဖိအားပေးမှုများရှိနေဦးမည် ဖြစ်သည်။ ယခုလကုန်တွင် ပဲမျိုးစုံဈေးနှုန်းများ ပြန်လည်မြင့်တက်လာ လိမ့်မည်ဟု ဈေးကွက်မှကုန်သည် အများစုက လက်ခံထားကြသည်။ ဈေးကွက်အပေါ် ယုံကြည်မှုကျဆင်းနေသည့်အတွက် ဝယ်လက်များက လက်တွန့်နေဆဲဖြစ်သည်။ မုတ်သုံ မိုးကောင်းမည်ဟု ခန့်မှန်းထားသဖြင့် ပဲမျိုးစုံအထွက်နှုန်းလည်း ကောင်းနိုင်သည့်အတွက် စိုက်ပျိုးဧရိယာ ကျဆင်းသည့်တိုင် အထွက်နှုန်း ကောင်းမွန်မှုကြောင့် ထုတ်လုပ်မှုကို ထိန်းထားနိုင်မည်ဟု ခန့်မှန်းရသည်။

အိန္ဒိယအစိုးရက Goods and Services Tax (GST) ကို ယခု နှစ် ဇူလိုင် ၁ ရက်မှ စတင်အကောင်အထည်ဖော်မည်ဟုစီစဉ်ထားသော်လည်း အကောင်အထည်ဖော်မည့် ရက်ကို နောက်ထပ်ရွှေ့ဆိုင်းမည်ဟူသော သတင်းများလည်း ထွက်ပေါ်လျက်ရှိသည်။ ထိုသတင်းမှန်ကန်ပါက ဈေးကွက်အတွင်း အပြောင်းအလဲ ဖြစ်နိုင်သည်။

ပဲမျိုးစုံဈေးကွက်မှာ မြင့်တက်မည့်လက္ခဏာကို မတွေ့ရဘဲ လာမည့် ရက်သတ္တပတ်များတွင် ဈေးနှုန်း အတက်အကျ အနည်းငယ်သာရှိနိုင်သည်။ GST ကိစ္စကလည်း ဈေးကွက် လှုပ်ရှားမှုကို အဟန့်အတားရှိနေဆဲဖြစ်ပြီး အရောင်းအဝယ်အသိုင်းအဝိုင်းအတွက် ဈေးကွက်အလားအလာကို ခန့်မှန်းရခက်စေသည်။ မရေမရာဖြစ်နေသော ဈေးကွက် အခြေအနေတွင် ဝယ်လက်တို့က ဝယ်ယူရန်လက်တွန့်နေသည့်အတွက် လာမည့်ရက်သတ္တပတ်များတွင် အရောင်းအဝယ်ပါးနိုင်သည်။

**အပြည်ပြည်ဆိုင်ရာဈေးကွက်**

ဩစတြေးလျနိုင်ငံတွင် ရာသီဥတုခြောက်သွေ့သော်လည်း ကုလားပဲ သီးနှံနှင့် ပတ်သက်၍ ပဲတောင်သူတို့က အကောင်းဘက်ကို ရှုမြင်ထားသည်။ ခြောက်သွေ့မှု ဆက်လက်ဖြစ်ပေါ်နေသည့်တိုင်အောင် ကုလားပဲမှာ မြေအောက်နက်နက်ချ၍ စိုက်ရသော သီးနှံဖြစ်သဖြင့် ထိခိုက်မှုမရှိနိုင်ဟု ယူဆကြသည်။ ကုလားပဲအတွက် ပို့ကုန်ဝယ်လိုအားမှာ ဆက်လက်မြင့် တက်လျက်ရှိပြီး ကုလားပဲဟောင်းဈေးမှာ တစ်တန်ကို အမေရိကန်ဒေါ်လာ ၁၀၃၀ ရှိသည်။ နိုဝင်ဘာ/ ဒီဇင်ဘာ အတွက် ကြိုတင်ချုပ်ဆိုသော ပဲသစ်ဈေးမှာမူ တစ်တန်ကို အမေရိကန် ဒေါ်လာ ၈၅၀ နှုန်းရှိသည်။

ကမ္ဘာ့ဈေးကွက်တွင် ပဲနီလေးဈေးမှာ ကျဆင်းလျက်ရှိသော်လည်း ပဲနီလေးကို အဓိကထုတ်လုပ်တင်ပို့ လျက်ရှိသော ကနေဒါနိုင်ငံမှာမူ စိုက် ဧရိယာတိုးတက်မည့်အခြေအနေရှိ သည်။ အမေရိကန်လယ်ယာစိုက်ပျိုးရေးဌာနမှ ထုတ်ပြန်သော ကိန်းဂဏန်းများအရ ၂၀၁၇ ခုနှစ်တွင် ပဲနီလေး စိုက်ဧက ၁၀၅၅၀၀၀ ရှိမည်ဟုခန့်မှန်းထားသဖြင့် ယခင်နှစ်က စိုက်ပျိုးခဲ့သော ဧက ၉၃၃၀၀၀ နှင့် နှိုင်းယှဉ်ပါက မြင့်တက်လာသည်။

❑

## ယခုနှစ်တွင် မုတ်သုံ မိုးကောင်းမွန်မှုကြောင့် မဟာရာ့ရှတ္တရာ၏ သကြားထုတ်လုပ်မှု မြင့်တက်နိုင်

အိန္ဒိယနိုင်ငံမဟာရာ့ရှတ္တရာ ပြည်နယ်တွင် ၂၀၁၇-၁၈ ခုနှစ်အတွက် သကြားထုတ်လုပ်မှုမှာ တန်ချိန် ၇ ဒသမ ၃ သန်းရှိမည်ဟု ခန့်မှန်းထားရာ မိုးခေါင်ခြောက်သွေ့မှု ကြုံခဲ့ရသော ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက ၇၄ ရာခိုင်နှုန်း ပိုမိုမြင့်တက်လာနိုင်သည်။

ယခင်နှစ်အနည်းငယ်အတွင်းက ပြည်နယ်၏ သကြားထုတ်လုပ်မှုမှာ အတက်အကျ မြင့်မားခဲ့သည်။ ၂၀၁၄-၁၅ သီးနှံရာသီက သကြားထုတ်လုပ်မှုမှာ တန်ချိန် ၁၀ ဒသမ ၅ သန်းရှိခဲ့သည့်အတွက် စံချိန်တင် မြင့်တက်ခဲ့သည်။ ယခင်နှစ်သီးနှံရာသီကမူ မိုးခေါင် ခြောက်သွေ့မှုကြောင့် ပြည်နယ်၏ သကြားထုတ်လုပ်မှုမှာ တန်ချိန် ၄ ဒသမ ၂ သန်းထိ ကျဆင်းခဲ့ရာ ၁၀ နှစ်အတွင်း အနိမ့်ဆုံးနှုန်းသို့ ရောက်ရှိခဲ့ သည်။

ယခင်နှစ်က ကြိတ်ခွဲရန်ကြံ အထွက်မှာ တန်ချိန် ၃၇ ဒသမ ၂ သန်း သာရှိခဲ့ပြီး ယခုနှစ်တွင် ကြံတန်ချိန် ၆၅ သန်းအထိထွက်ရှိမည်ဟု ခန့်မှန်းထားသည်။ သကြားအထွက်နှုန်းကောင်းမွန်မည်ဟု ခန့်မှန်းရသည့် အဓိက အကြောင်းရင်းမှာ မုတ်သုံမိုးကောင်း မွန်မည်ဟု ခန့်မှန်းထားသောကြောင့် ဖြစ်သည်။

သကြားထုတ်လုပ်မှုမြင့်တက်လာသည့်အတွက် သကြားဈေးနှုန်းများလည်း ကျဆင်းမည်ဟု ခန့်မှန်းသည်။ ယခုနှစ်ဇွန်အထိ အစိုးရက သကြားတင်သွင်းမှုကို တန်ချိန် သုည ဒသမ ၅ သန်းအထိ ခွင့်ပြုထားသဖြင့် သကြားဈေးနှုန်းက တစ်ကွင်တယ်ကို ရူပီး ၁၅၀ အထိ ကျဆင်းခဲ့သည်။

## မဒ္ဒယာပရာဒေ့ရှ် ပြည်နယ်တွင် ပဲမျိုးစုံ ဝယ်ယူရန်ဗဟိုအစိုးရက ရူပီးငါးဘီလီယံကျော် အတည်ပြု

လက်ရှိနှစ်အတွင်း ပဲမျိုးစုံဝယ်ယူရန်အတွက် မဒ္ဒယာပရာဒေ့ရှ်ပြည်နယ်ရှိ သမဝါယမဝယ်ယူရေး ဖက်ဒရေးရှင်းအား ရူပီး ၅ ဒသမ ၈ ဘီလီယံသုံးစွဲရန် အတည်ပြုခွင့်ပြုခဲ့ကြောင်း ကွန်မိုဒီတီ အွန်လိုင်းသတင်းတွင် ဖော်ပြသည်။

အဆိုပါငွေကြေးပမာဏကို ပြည်ထောင်စု လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက အမျိုးသားသမဝါယမဖွံ့ဖြိုးရေးကော်ပိုရေးရှင်းအား ပေးအပ်ခဲ့ပြီး ထိုကော်ပိုရေးရှင်းမှ တစ်ဆင့် မဒ္ဒယာပရာဒေ့ရှ် သမဝါယမဝယ်ယူရေး ဖက်ဒရေးရှင်းအား ထုတ်ပေးသွားမည်ဖြစ်သည်။

ဈေးနှုန်းထောက်ပံ့မှု အစီအစဉ်အရ (Price Support Scheme) ၂၀၁၇ ခုနှစ် မိုးရာသီတွင်စိုက်ပျိုးသော မတ်ပဲတန်ချိန် ၁၁၂၅၀ နှင့်



ပဲတီစိမ်းတန်ချိန် ၅၅၅၀၀ ကို ဝယ်ယူရန်အတွက်လည်း ဝန်ကြီးဌာနက အတည်ပြုပေးထားပြီး ဖြစ်သည်။

ယခုကဲ့သို့ ဆောင်ရွက်ခြင်းမှာ လာမည့်လတွင် စတင်တော့မည့် ၂၀၁၇-၁၈ ခုနှစ် သီးနှံရာသီတွင် ဈေးနှုန်းများကျဆင်းပါက ပဲတောင်သူများအနေဖြင့် အနိမ့်ဆုံးထောက်ပံ့ဈေးနှုန်း (MSP) ကို ရရှိနိုင်စေရန် ဖြစ်ပါသည်။

ပဲမျိုးစုံထုတ်လုပ်မှုစံချိန်တင်မြင့် တက်မှုကြောင့် ၂၀၁၆-၁၇ ခုနှစ်သီးနှံရာသီတွင် ပဲမျိုးစုံဈေးနှုန်းများ ဈေးနှုန်းကျဆင်းသည့် အခြေအနေများနှင့် ရင်ဆိုင်တွေ့ကြုံခဲ့ရသည်။

အချို့သောပဲများ အထူးသဖြင့် ပဲစင်းငုံ၏ လက်ကားဈေးနှုန်းများမှာ မဒ္ဒယာပရာဒေ့ရှ်နှင့် ကာနာတာကာကဲ့သို့သော ပြည်နယ်များတွင် ကျဆင်းခဲ့သည်ကို တွေ့ရသည်။

အရန်သိုလှောင်မှုအဖြစ် ထားရှိရန် ပြည်ထောင်စု စားနပ်ရိက္ခာဝန်ကြီးဌာနက ဈေးနှုန်းတည်ငြိမ်ရေးရန်ပုံငွေ (PSD) ကို ဆောင်ရွက်ပေးခဲ့သည်။ ထိုအစီအစဉ်အရ ၂၀၁၆-၁၇ ခုနှစ် မိုးရာသီကာလအတွင်း မဒ္ဒယာပရာဒေ့ရှ်မှ ပဲစင်းငုံတန်ချိန် ၁ ဒသမ ၀၄ သိန်းကို ဗဟိုအစိုးရကဝယ်ယူပြီး ပဲတောင်သူများ ဈေးနှုန်းကျဆင်းမှုဒဏ်မှ သက်သာရာရအောင် ဆောင်ရွက်ပေးခဲ့သည်။

ညဏ်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်






အမေရိကန်ဗဟိုဘဏ်၏ နှစ်ရက်ကြာ အစည်းအဝေးသည် ဇွန် ၁၄ ရက်က ပြီးဆုံးခဲ့ပြီး အစည်းအဝေးတွင် အမေရိကန်ဗဟိုဘဏ်၏ အခြေခံစံထား အတိုးနှုန်းကို ယခုနှစ်အတွင်း ဒုတိယအကြိမ် အဖြစ် မြှင့်တင်ပေးခဲ့သည်။ ဗဟိုဘဏ်က အတိုးနှုန်းမြှင့်တင်လိုက်ခြင်းနှင့် အမေရိကန်ပြည်ထောင်စုက ထုတ်ပြန်သော ကိန်းဂဏန်းများအရ အလုပ်အကိုင်ဈေးကွက် အခြေအနေတိုးတက်ကောင်းမွန်ခြင်းတို့ကြောင့် ဇွန် ၁၆ ရက်က အမေရိကန်ဒေါ်လာ တန်ဖိုးမြင့်တက်ပြီး အာရှငွေကြေးများ၏ တန်ဖိုး ကျဆင်းခဲ့သည်။

ရက်သတ္တပတ်အလိုက် ထုတ်ပြန်သော ကိန်းဂဏန်းများအရ အမေရိကန်ပြည်ထောင်စုတွင် အလုပ်လက်မဲ့ ခံစားခွင့်တောင်းခံသည့် ဦးရေမှာ ခန့်မှန်းထားသည့်အောက် ကျဆင်းခဲ့သည်။ အလုပ်အကိုင် ဈေးကွက်ခိုင်မာလာပြီဖြစ်သည့်အတွက် အမေရိကန် ပြည်ထောင်စု၏ ငွေကြေး ဖောင်းပွမှုနှုန်းသည် ကာလလတ်အတွင်း ရည်မှန်းချက်သို့ ရောက်ရှိနိုင်မည်ဟု ယုံကြည်ကြောင်း အမေရိကန် ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျနက်ယယ်လင်က မေ ၁၄ ရက်က ပြောသည်။

ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံခွဲထွက်ရေးကိစ္စ (Brexit) ကို လည်း လာမည့်ရက်သတ္တပတ်တွင် စတင်ဆွေးနွေးတော့မည်ဖြစ်ရာ ဤသတင်းက ရင်းနှီးမြှုပ်နှံသူတို့အပေါ်တွင် ဩဇာသက်ရောက်မှု ရှိနိုင်သည်။

**တရုတ်ယွမ်**

အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်းမြှင့်တင်ပေးပြီးနောက်ပိုင်း တရုတ်ဗဟိုဘဏ်က ရည်ညွှန်းဖလှယ်နှုန်းကို ခုနစ်လအတွင်းအမြင့်ဆုံးသို့ တိုးမြှင့်ပေးသည့်အတွက် ဇွန် ၁၅ ရက်တွင် တရုတ်ယွမ်တန်ဖိုး မြင့်တက်ခဲ့သည်။

တရုတ်ဗဟိုဘဏ်က ဇွန်၁၅ ရက်တွင် ပျမ်းမျှဖလှယ်နှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင် ၆ ဒသမ ၇၈၅၂ ယွမ်နှုန်း သတ်မှတ်ခဲ့ရာ ယခင်နေ့က သတ်မှတ်ဖလှယ်နှုန်းဖြစ်သော ၆ ဒသမ ၇၉၃၉ ယွမ်နှုန်းနှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာတန်ဖိုး ကျဆင်းပြီး ယွမ်တန်ဖိုးမှာ သုညဒသမ ၁၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ရာ နိုဝင်ဘာ ၉ ရက်နောက်ပိုင်း အမြင့်ဆုံး ဖြစ်ခဲ့သည်။

ငွေလက်ငင်း ဈေးကွက်တွင် ယွမ်ငွေကြေးတန်ဖိုးသည် (ဇွန် ၁၅ရက်) ဈေးအဖွင့်တွင် အမေရိကန် တစ်ဒေါ်လာကို ၆ ဒသမ ၇၈၈၂ ယွမ်နှုန်းရှိခဲ့ပြီး နေ့လယ်ဘက်တွင် ၆ ဒသမ ၇၉၃၉ ယွမ်နှုန်းသို့ ရောက်ရှိခဲ့သည်။ ဟောင်ကောင်တွင်ရောင်းဝယ်သော Off-Shore ယွမ်နှုန်းမှာမူ On-Shore ယွမ်နှုန်းထက် သုည ဒသမ ၁၅ ရာခိုင်နှုန်း ပိုမိုခိုင်မာပြီး အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၇၈၃၅ ယွမ်နှုန်း ရှိခဲ့သည်။

**အိန္ဒိယရူပီး**

အမေရိကန် ပြည်ထောင်စု၏ အလုပ်အကိုင် ကိန်းဂဏန်းများ တိုးတက်မှုကြောင့် ပြည်ပဈေးကွက်တွင် အမေရိကန်ဒေါ်လာတန်ဖိုး မြင့်တက်သည့်အတွက် ဇွန် ၁၆ ရက် နံနက်ပိုင်းတွင် အိန္ဒိယရူပီး တန်ဖိုးမှာ သုညဒသမ ၁၅ ရူပီးနှုန်းကျဆင်းခဲ့သည်။

ပြည်ပဈေးကွက်များတွင် အခြားငွေကြေးများနှင့် ဖလှယ်ရာ၌ အမေရိကန်ဒေါ်လာ တန်ဖိုးမြင့်တက်မှုကြောင့် အိန္ဒိယ နိုင်ငံတွင် သွင်းကုန်လုပ်ငန်းရှင်များ၏ ဒေါ်လာဝယ်လိုအား မြင့်တက်သည့်အတွက် အမေရိကန်ဒေါ်လာ တန်ဖိုး မြင့်တက်စေရန် အထောက်အကူဖြစ်ခဲ့ကြောင်း ဝယ်ရောင်းသမားများက ပြောသည်။

ဇွန် ၁၅ ရက်တွင် ရူပီးငွေကြေး တန်ဖိုးသည် သုညဒသမ ၂၃ ရူပီးနှုန်း အထိပင် ကျဆင်းကာ အမေရိကန် တစ်ဒေါ်လာကို ၆၄ ဒသမ ၅၃ ရူပီးနှုန်းအထိ ရှိခဲ့သည်။

**ဂျပန်ယန်း**

ဇွန် ၁၆ ရက်နံနက်ပိုင်းက တိုကျိုဈေးကွက်တွင် အမေရိကန်ဒေါ်လာနှင့် ယွမ်ငွေကြေးတို့ ဖလှယ်နှုန်းမှာ အမေရိကန်တစ်ဒေါ်လာကို ၁၁၀ ဒသမ ၅ ယန်းနှုန်းအထက်တွင် ရှိခဲ့သည်။

အမေရိကန်ဒေါ်လာနှင့် ယန်းငွေဖလှယ်နှုန်းမှာ ဇွန် ၁၅ ရက် ညနေ ၅ နာရီက နယူးယောက်တွင် အမေရိကန်တစ်ဒေါ်လာကို ၁၁၀ ဒသမ ၈၈ယန်းနှင့် တိုကျိုတွင် ၁၀၉ ဒသမ ၅၁ ယန်းနှုန်း ရှိခဲ့ရာမှ နောက်တစ်နေ့နံနက် ဈေးဖွင့်ချိန်တွင် အမေရိကန်တစ်ဒေါ်လာကို ၁၁၀ ဒသမ ၉၉ ယန်းနှုန်းရှိခဲ့သည်။

ယူရို ငွေကြေးတန်ဖိုးမှာ ဇွန် ၁၅ ရက်ညနေက နယူးယောက် ဈေးကွက်၌ တစ်ယူရိုကို အမေရိကန် ဒေါ်လာ ၁ဒသမ၁၁၃၉ နှင့်၁၂၃ဒသမ၅၉ ယန်းနှုန်းဖြင့်လည်းကောင်း၊တိုကျို ဈေးကွက်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁၉၃ နှင့် ၁၂၂ ဒသမ ၅၈ ယန်းနှုန်းဖြင့် လည်းကောင်းရှိခဲ့ရာမှ နောက်တစ်နေ့တွင် တစ်ယူရိုကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁၄၈ နှင့် ၁၂၃ ဒသမ ၇၅ ယန်းနှုန်း အထိရှိခဲ့သည်။

**မလေးရှားရင်းဂစ်**

အမေရိကန် ဗဟိုဘဏ်က အတိုးနှုန်းတိုးမြှင့်ကြောင်း ကြေညာပြီးနောက်ပိုင်း အမေရိကန်ဒေါ်လာတန်ဖိုးသည် ဇွန် ၁၆ ရက်နံနက်ပိုင်းက မြင့်တက်ခဲ့သည့်အတွက် ရင်းဂစ်တန်ဖိုး ကျဆင်းခဲ့သည်။

အမေရိကန်ဒေါ်လာနှင့် ရင်းဂစ်ငွေကြေးဖလှယ်နှုန်းမှာ ဇွန် ၁၅ ရက်က အမေရိကန် တစ်ဒေါ်လာကို ၄ ဒသမ ၂၆၅၀ ရင်းဂစ်နှုန်း ရှိရာမှ နောက်တစ်နေ့တွင် ၄ ဒသမ ၂၇၇၀ ရင်းဂစ်နှုန်း ရှိခဲ့သည့်အတွက် ဒေါ်လာတန်ဖိုးမြင့်တက်ပြီး ရင်းဂစ်တန်ဖိုးကျဆင်းခဲ့သည်။ ယန်းမှ အပ အခြားအဓိကငွေကြေးများနှင့်ဖလှယ်ရာတွင် ရင်းဂစ်တန်ဖိုး ကျဆင်းခဲ့သည်။

**တောင်ကိုရီးယားဝမ်**

ငွေကြေး အဖွဲ့အစည်းများနှင့် တစ်သီး ပုဂ္ဂလများက တောင်ကိုရီးယားရှယ်ယာများကို ဝယ်ယူမှုမရှိခဲ့သော်လည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတို့က ပြည်တွင်းရှယ်ယာများကို စုပြုံရောင်းချသဖြင့် ဇွန် ၁၆ ရက်က တောင်ကိုရီးယားစတော့ရှယ်ယာများ၏ ဈေးနှုန်းများ တန့်နေခဲ့သည်။ တောင်ကိုရီးယား ဝမ်ငွေကြေးတန်ဖိုးမှာလည်း ဇွန် ၁၅ ရက် ဈေးပိတ်ချိန်က ဖလှယ်နှုန်းနှင့်နှိုင်းယှဉ်ပါက ၁၀ ဝမ်နှုန်းကျဆင်းပြီး အမေရိကန် တစ်ဒေါ်လာကို ၁၁၃၄ ဒသမ ၁ ဝမ်နှုန်းရှိခဲ့သည်။

**ထိုင်းဘတ်**

ရိုက်တာသတင်းဌာနက ပြုစုထားသော ကိန်းဂဏန်းများအရ အမေရိကန်ဒေါ်လာနှင့် ဘတ်ငွေတန်ဖိုး ဖလှယ်ရာတွင် ဇွန် ၁၆ ရက်က ဘတ်ငွေတန်ဖိုးသည် ယခင်ရက်နှင့်နှိုင်းယှဉ်ပါက သုညဒသမ ၁၂ ရာ ခိုင်နှုန်း ကျဆင်းပြီး အမေရိကန်တစ်ဒေါ်လာကို ၃၃ ဒသမ ၉၉ ဘတ်နှုန်းရှိခဲ့သည်။

## ဂျပန်ဗဟိုဘဏ် မူဝါဒကို မပြောင်းလဲဘဲ ဆက်လက် ထိန်းသိမ်း

ဂျပန်စီးပွားရေးကို မြှင့်တင်ပေးရန်နှင့် ငွေကြေးဖောင်းပွမှုနှုန်းကို ပြန်လည်မြင့်တက်လာစေရန် ရည်မှန်းချက်ဖြင့် ဂျပန်ဗဟိုဘဏ်က ငွေကြေးမူဝါဒကို အပြောင်းအလဲမရှိ ဆက်လက်ထိန်းသိမ်းထားရန် ဇွန် ၁၆ ရက်က ဆုံးဖြတ်ခဲ့သည်။

ဂျပန်ဗဟိုဘဏ် အတိုးနှုန်းကို (အနုတ်) သုညဒသမ ၁ ရာခိုင်နှုန်းအတိုင်း ဆက် လက်ထိန်းသိမ်းထားရန်နှင့် ဂျပန်အစိုးရ၏ ဆယ်နှစ်ဘွန်းစာချုပ်များ၏ အတိုး နှုန်းကိုလည်း သုညရာခိုင်နှုန်းဝန်းကျင်အတိုင်း ထားရှိရန် ဂျပန်ဗဟိုဘဏ် မူဝါဒ ဘုတ်အဖွဲ့ဝင်များက ခုနစ်မဲ နှစ်မဲဖြင့် မဲခွဲဆုံးဖြတ်ခဲ့သည်။

ငွေကြေးစာချုပ်စာတမ်း (အက်ဆက်) များ ဝယ်ယူသည့် ပမာဏကိုလည်း လက်ရှိ ရည်မှန်းချက်ဖြစ်သော ယန်း ထရီလီယံ ၈၀ (အမေရိကန်ဒေါ်လာ ၇၂၀ ဒသမ ၄ ဘီလီယံ ) အတိုင်းဆက်လက်ထားရှိရန် နှစ်ရက်ကြာ မူဝါဒအစည်းအဝေး နောက်ဆုံးနေ့တွင် ဂျပန်ဗဟိုဘဏ်က ဆုံးဖြတ်ခဲ့သည်။

ဂျပန်ဗဟိုဘဏ်က ဂျပန်စီးပွားရေး အခြေအနေ တိုးတက်လာကြောင်း သုံးသပ်ခဲ့ပြီး နိုင်ငံ၏ ၂၀၁၇-၁၈ ခုနှစ် စုစုပေါင်း ပြည်တွင်း ထုတ်လုပ်မှု တိုးတက်နှုန်းကိုလည်း ဇန်နဝါရီက ၁ ဒသမ ၅ ရာခိုင်နှုန်းရှိမည်ဟု ခန့်မှန်းခဲ့ရာမှ ယခုတစ်ကြိမ်တွင် ၁ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်မှုရှိမည်ဟု ခန့်မှန်းထားသည်။

သို့သော်လည်း ပင်မစားသုံးသူဈေးနှုန်းအညွှန်းကိန်း (CPI) တိုးတက်မှုနှုန်းမှာ ယခင်နှစ်ကာလတူက ၁ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုနှစ်တွင် ၁ ဒသမ ၄ ရာခိုင်နှုန်း ရှိမည်ဟုခန့်မှန်းထားသည်။ နောက်ဆုံးရရှိထားသော ကိန်းဂဏန်း အချက်အလက်များအရ ဧပြီတွင် ဂျပန်နိုင်ငံ၏ ပင်မစားသုံးသူဈေးနှုန်းအညွှန်းကိန်းမှာ သုညဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့သော်လည်း ဗဟိုဘဏ်က ရည်မှန်းထားသော နှစ်ရာခိုင်နှုန်းသို့ ရောက်ရှိရန် လိုအပ်နေဆဲ ဖြစ်သည်။

## အမေရိကန် ဗဟိုဘဏ်က ရည်ညွှန်းအတိုးနှုန်း မြှင့်တင်

အမေရိကန် စီးပွားရေးသည် တိုးတက်မှုနှုန်း နှေးကွေးနေသော်လည်း ကြံ့ခိုင်လာပြီဖြစ်သည့်အတွက် အမေရိကန်ဗဟိုဘဏ်၏ အဓိက အတိုးနှုန်းကို ခြောက်လအတွင်း တတိယ အကြိမ်အဖြစ် ဇွန် ၁၅ ရက်က ဗဟိုဘဏ်က တိုးမြှင့်သတ်မှတ်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ယခုနှစ်အတွက် ဘွန်းစာချုပ်ဝယ်ယူမှု အစီအစဉ်ကိုလည်း ဗဟိုဘဏ်က ကြေညာခဲ့ရာ ကာလရှည် အတိုးနှုန်းမြှင့်တင်မှုကို ဖြစ်ပေါ်လာစေနိုင်ကြောင်း အေပီသတင်းတွင် ဖော်ပြသည်။

ကာလတို အတိုးနှုန်းကို ဗဟိုဘဏ်က သုညဒသမ ၂၅ ရာခိုင်နှုန်း မြှင့်တင်ပြီး တစ်ရာခိုင်နှုန်းနှင့် ၁ ဒသမ ၂၅ ရာခိုင်နှုန်းကြား သတ်မှတ်ခဲ့သည်။ သို့ဖြစ်ရာ စားသုံးသူများနှင့် စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေစရိတ်များ မြင့်တက်လာစေပြီး ငွေစုဆောင်းသူများအတွက် အကျိုးအမြတ် ပိုမိုရရှိစေနိုင်သည်။ ယခုနှစ်အတွင်းတွင် နောက်ထပ် တစ်ကြိမ်အတိုးနှုန်း မြှင့်တင်ပေးလိမ့်ဦးမည်ဟု ဗဟိုဘဏ်က ခန့်မှန်းထားရာ ယခင်က ခန့်မှန်းချက်အတိုင်း ပြောင်းလဲမှုမရှိသည်ကို တွေ့ရသည်။ အတိုးနှုန်းကို မည်သည့်အချိန်တွင် တိုးမြှင့်ပေးမည်ကိုမူ ဖော်ပြထားခြင်း မရှိသည်ကို တွေ့ရသည်။

အမေရိကန်က ပြည်ထောင်စု၏ အရေးအပါဆုံး မဏ္ဍိုင်တစ်ခုဖြစ်သော အလုပ်အကိုင် ဈေးကွက်၏ အလုပ်အကိုင်ရရှိမှု ရာခိုင်နှုန်းမှာ ၄ ဒသမ ၃ ရာခိုင်နှုန်းရှိပြီး ၁၆ နှစ်အတွင်း အနိမ့်ဆုံးဖြစ်သော်လည်း အမေရိကန် ဗဟိုဘဏ်က ရည်မှန်းထားသော အလုပ်အကိုင်ရရှိမှု အခြေအနေအောက်သို့ ကျဆင်းနေဆဲဖြစ်သည်။ သို့သော်လည်း အလုပ်အကိုင် ဈေးကွက်မှာ ခိုင်မာလာမှုရှိလာပြီဖြစ်ကြောင်း အမေရိကန် ဗဟိုဘဏ်က သုံးသပ်သည်။

**ဉာဏ်တင်-စုစည်းတင်ပြသည်**


Than Htike Aung
သန်းထိုက်အောင်
Roofing, Colour Plain Sheet, Cement, Hollow Pipe & Building Materials Trading
ရရှိနိုင်သော သွပ်အမျိုးအစားများ
Super Lion (အစိမ်း/အနီ) ခြင်္သေ့စိမ်း/ခြင်္သေ့နီ
Star Elephant (အစိမ်း/အနီ) ဆင်ကြယ်စိမ်း/ဆင်ကြယ်နီ
3 Diamond Star (အစိမ်း/အပြာ)
Diamond Star (စိမ်း) (၁၁ မြောင်း)
T.H.A ဆင် (သန်းထိုက်အောင်ဆင်)
အမှတ် (ဒီ-၅၂၊ ၅၃)၊ ရေတာမာလမ်း၊ ဘုရင့်နောင်၊ မရမ်းကုန်းမြို့နယ်။
ဖုန်း - ၀၁-၆၈၀၄၄၈၊ ၆၈၂၃၀၈၊ ၆၈၃၆၁၈၊ ၀၉၅၁၁၂၈၄၇၊ ၀၉ ၇၃၂၀၅၆၁၅၊ ၀၉ ၅၀၁၆၇၂၀၊ ၀၉ ၅၀၃၀၂၇၅
စက်ရုံ - အမှတ် (၆၉)၊ ငွေပင်လယ်စက်မှုဇုန်။ ဖုန်း - ၀၁-၆၁၃၉၀၆၊ ၀၉၇၃၁၆၆၈၆၆၊ ၀၉၅၀၁၇၂၇၇
Delo®
CALTEX
Premium Heavy Duty Diesel Engine Oil
Havoline®
CALTEX
PRODUCT WHAT MATTER™
THE POWER OF ALL POSSIBILITIES
apoil
Aung Thein Than Co.,Ltd
No.64, Baho Road, Sanchaung Township, Yangon.
Tel :9519 527074, 534346, 539732, 508036, 02 76469, 067 27029,
09 49205956 Fax:527203 www.aungtheinthannmyanmar.com
BMTRADA
UKAS
ISO 9001
Certificate number : 11089
Hot Line :
09 799970007
09 799655777



Providing One-Stop Material Handling Solution
Linde Material Handling
Linde
B06
Ko Htaik International Company Limited
5B, Thitsar Road, Yankin Township, Yangon. 01-578934, 2332790, 09-782894975
www.khicl.com info@khicl.com




TOYOTA
MINGALAR
New You. New Success.
COROLLA
US$ 33,900
True Blue Mica Metallic
Phantom Brown Metallic
Red Mica Metallic
Super White II
Attitude Black Mica
Silver Metallic
Gray Metallic
TOYOTA Brand New Car Showroom
No.6, Bayintnaung Road, Ward (2), Hlaing Tsp. Yangon, Myanmar
Tel : +95 1 514940 – 41
Daily Open : 9:00AM – 5:30PM (Mon-Sun)
Authorized Service Station
No.236, Ahlone Road, Ahlone Township, Yangon, Myanmar.
Tel : +95 1 221 224, 230 2122~23, 230 2126
Daily Open : 9:00AM – 5:30PM (Mon-Sun)
Specifications may vary from model(s) shown.
www.facebook.com/toyotamingalar
Together, Tomorrow, Toyota
TOYOTA

COMMERCE INTERNATIONAL

# ဗီယက်နမ်ပြည်တွင်း အသေးစားစီးပွားရေး လုပ်ငန်းများကို ဒစ်ဂျစ်တယ်အသွင် ပြောင်းရန် ကျွမ်းကျင်သူတို့ တိုက်တွန်း

ကမ္ဘာ့စျေးကွက်အတွင်းသို့ ဗီယက်နမ် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း (အက်စ်အမ်အီး) များကိုပေါင်းစည်းနိုင်အောင်ဆောင်ရွက်ပေးမည့် ဒစ်ဂျစ်တယ်ဖြေရှင်းမှုများ (Digital Solutions) အကြောင်းကို ဇွန် ၁၅ ရက်က ဟိုချီမင်းစီးတီးတွင် ကျင်းပသော ကွန်ဖရင့်တွင် စီးပွားရေးခေါင်းဆောင်များနှင့် ကျွမ်းကျင်သူတို့ ဆွေးနွေးခဲ့ကြောင်း ဗီယက်နမ် နယူးစ်သတင်းတွင် ဖော်ပြသည်။

ထိုအလုပ်ရုံဆွေးနွေးပွဲကို အမေရိကန်- အာဆီယံ စီးပွားရေး ကောင်စီနှင့် ဗီယက်နမ် ကုန်သည်ကြီးများနှင့် စက်မှု လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ကျင်းပပေးခြင်းဖြစ်သည်။

ယခုကျင်းပသော ကွန်ဖရင့်သည် အမေရိကန်ပြည်ထောင်စုမှ နိုင်ငံစုံကော်ပိုရေးရှင်းကြီးများက ဗီယက်နမ် အက်စ်အမ်အီးများအား ဒစ်ဂျစ်တယ်စနစ်ကို အသုံးပြု၍ စျေးကွက်တင် ရောင်းချသော အတွေ့အကြုံများကို ဖလှယ်သော ဖိုရမ်တစ်ခုသဖွယ်ဖြစ်ကြောင်း ကိုကာကိုလာ ဗီယက်နမ်၏ အမှုဆောင်ချုပ် ဆန်ကတ်ရေးကပြောသည်။

သိပ္ပံနှင့် နည်းပညာ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေး၊ လုပ်ငန်းတီထွင်ဆန်းသစ်ရေး၊ တီထွင်ဖန်တီးရေးနှင့် ဘဏ္ဍာရေးလုပ်ငန်းများတွင် ဒစ်ဂျစ်တယ်စနစ်ကို အသုံးပြုနိုင်ရန် ဗီယက်နမ် အက်စ်အမ်အီးများက ကြိုးပမ်းဆောင်ရွက်ရာ၌ စီးပွားရေးလုပ်ငန်းများကို အစိုးရက အထောက်အကူပေးခြင်းဖြင့် စီးပွားရေးဝန်းကျင်အခြေအနေကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နေသည့် မူဝါဒများကို ပြန်လည်သုံးသပ်ရန် ဟိုချီမင်းစီးတီး ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း ညွှန်ကြားရေးမှူး ဗိုတန်သန်းက တိုက်တွန်းသည်။

စီးပွားရေးဝန်းကျင် အခြေအနေ တိုးတက်ကောင်းမွန်ရေးအတွက် အစိုးရက အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သူကပြောသည်။

ဗီယက်နမ် အက်စ်အမ်အီးများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းတစ်ရပ်ကို ဗီယက်နမ် ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းက မိုက်ကရိုဆော့ဖ် ဗီယက်နမ်နှင့် လက်တွဲဆောင်ရွက်လျက်ရှိသည်။ ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်သည့် ရည်ရွယ်ချက်မှာ စီးပွားရေး လုပ်ငန်းရှင်များအတွက် အခွင့်အလမ်းသစ်များ ဖန်တီးပေးရန်နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ရင်ဆိုင်ရမည့် စိန်ခေါ်မှုများကို ဖြေရှင်းရန်ဖြစ်ကြောင်း သန်းကပြောသည်။

ဗီယက်နမ်နိုင်ငံရှိ လူလတ်တန်းစားများ၏ ဝင်ငွေမြင့်တက်မှုနှင့် စားသုံးသူ ယုံကြည်မှု မြင့်တက်လာသည့်အတွက် လက်လီရောင်းဝယ်ရေးလုပ်ငန်းမှာ ဗီယက်နမ်နိုင်ငံတွင် အလားအလာကောင်းသော လုပ်ငန်းတစ်ခုဖြစ်ကြောင်း အခမ်းအနားသို့ တက်ရောက်လာသော ကျွမ်းကျင်သူတို့ ကပြောသည်။

နည်းပညာကို ထိရောက်စွာ အသုံးပြုခြင်းနှင့် အတွေ့အကြုံပြည့်ဝသော ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းများ ပူးပေါင်းခြင်းဖြင့် အာရှ နှင့် ကမ္ဘာ့နယ်ပယ်တွင် ဗီယက်နမ် အက်စ်အမ်အီးများ တိုးတက်ဖွံ့ဖြိုးလာနိုင်ကြောင်း ကျွမ်းကျင်သူတို့က ပြောသည်။





# စျေးကွက်တည်ငြိမ်ရေးအတွက် သင့်တော်သော အစီအမံများကို တောင်ကိုရီးယားအစိုးရ ချမှတ်

ပြည်တွင်း ဘဏ္ဍာရေး စျေးကွက်ကို တင်းကျပ်စွာ ကြီးကြပ်ရန်နှင့် အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က နောက်ဆုံးအတိုးနှုန်း မြှင့်တင်မှုကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်မှန်သမျှကို ထိန်းချုပ်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ဇွန်၁၅ ရက်တွင် တောင်ကိုရီးယား အစိုးရကပြောကြောင်း ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။

“အမေရိကန် အတိုးနှုန်းမြှင့်တင်မှုကြောင့် ဖြစ်ပေါ်လာတဲ့ ဂယက်ရိုက်ခတ်မှုဒဏ်ကို လျော့ပါးသက်သာစေဖို့ ကျွန်တော်တို့ အပြည့်အဝ ပြင်ဆင်ထားမှာဖြစ်ပါတယ်။ အစိုးရက စျေးကွက်များကို ဆက်လက် ကြီးကြပ်ထိန်းသိမ်းပြီး စျေးကွက်တည်ငြိမ်ရေး အစီအမံတွေကို အချိန်ကိုက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု ဆိုးလ်မြို့တွင် ကျင်းပသော ဘဏ္ဍာရေးမူဝါဒအစည်းအဝေးတွင် ဘဏ္ဍာရေး ဒုတိယဝန်ကြီး ကိုဝှန်ကွမ်းက ပြောသည်။

အမေရိကန် ပြည်ထောင်စုဗဟိုဘဏ်၏ အဓိကအတိုးနှုန်းကို ဇွန် ၁၄ ရက်တွင် သုညဒသမ ၂၅ ရာခိုင်နှုန်း တိုးမြှင့်ခဲ့သည်။သို့ဖြစ်ရာ ပြည်ထောင်စု ဗဟိုဘဏ်က ရည်မှန်းထားသော အတိုးနှုန်းဖြစ်သည့် တစ်ရာခိုင်နှုန်းမှ ၁ ဒသမ ၂၅ ရာခိုင်နှုန်းအတွင်းသို့ ရောက်ရှိခဲ့သည်။ အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်သည် ယခု နှစ်မတ်လအတွင်းက အတိုးနှုန်းမြှင့်တင်ခဲ့ရာ ယခုတစ်ကြိမ် အတိုးနှုန်းမြှင့်တင်ခြင်း သည် ဒုတိယအကြိမ်ဖြစ်သည်။

“ကာလရှည်ကြာစွာ ခန့်မှန်းထားတဲ့ကိစ္စဖြစ်တဲ့အတွက် အမေရိကန် ဗဟိုဘဏ်ရဲ့ ဆုံးဖြတ်ချက်ကြောင့် စျေးကွက်တွေ အငိုက်မိပြီး အတက်အကျ အကြီးအကျယ်ဖြစ်တာမျိုး မရှိခဲ့ပါဘူး။ ဘဏ္ဍာရေးအခြေအနေ တည်ငြိမ်မှု ရှိနေတဲ့အတွက် တောင်ကိုရီးယားစျေးကွက်က မဆိုသလောက်သာ အတက်အကျဖြစ်ခဲ့ပါတယ်”ဟု သူက ပြောသည်။

တောင်ကိုရီးယားနိုင်ငံ၏ အိမ်ထောင်စု ကြွေးမြီသည် မတ်လအထိ ကောက်ယူထားသော စာရင်းများအရ ဝမ် ထရီလီယံ ၁၃၆၀ (အမေရိကန် ဒေါ်လာ ၁ ဒသမ ၂ထရီလီယံ) ရှိခဲ့သည်။ သို့သော်လည်း ကြီးထွားလျက်ရှိသော တောင်ကိုရီးယားနိုင်ငံ၏ အိမ်ထောင်စုကြွေးမြီများအပေါ်တွင် အမေရိကန်ပြည်ထောင်စု၏ ငွေကြေးမူဝါဒ တင်းကျပ်မှုကြောင့် ဂယက်ရိုက်ခတ်မှု မရှိခဲ့ကြောင်း ဘဏ္ဍာရေးဝန်ကြီး ကင်ဒေါင်ယွန်းက ပြောသည်။ ချေးငွေအတွက် အတိုးနှုန်းများမြင့်တက်ကာ ကုန်ကျစရိတ်များ များပြားလာမှုကြောင့် ကြွေးမြီပြန်မပေးနိုင်သော အခြေအနေများ တိုးပွားလာပြီး နောက်ထပ် ဘဏ္ဍာရေး အကျပ်အတည်းတစ်ခု ထပ်မံပေါ်ပေါက်မည်ကို ပြည်တွင်း ကျွမ်းကျင်သူတို့က စိုးရိမ်လျက်ရှိသည်။

# အာဂျင်တီးနား၊ မက်ဒါဂါစကားနှင့် တွန်ဂါနိုင်ငံတို့အား အဖွဲ့ဝင်သစ်များအဖြစ် အေအိုင်အိုင်ဘီက အသိအမှတ်ပြု

တရုတ်နိုင်ငံ ဦးဆောင်သော အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ် (Asian Infrastructure Investment Bank -AIIB) သည် အာဂျင်တီးနား၊ မက်ဒါဂါစကားနှင့် တွန်ဂါနိုင်ငံတို့အား အဖွဲ့ဝင်နိုင်ငံများအဖြစ် ဇွန် ၁၆ ရက်တွင် ကျင်းပသော ဘဏ်အုပ်ချုပ်ရေးမှူးများ နှစ်ပတ်လည်အစည်းအဝေးတွင် အတည်ပြုကြောင်း ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။

အေအိုင်အိုင်ဘီဘဏ်၏ ဒုတိယ နှစ်ပတ်လည်အစည်းအဝေးကို တောင်ကိုရီးယားနိုင်ငံ အပန်းဖြေစခန်းဖြစ်သော ဂျေဂျူးကျွန်းစုတွင် ကျင်းပခဲ့သည်။ ထိုအစည်းအဝေးတွင် အေအိုင်အိုင်ဘီဘဏ်၏ အဖွဲ့ဝင်နိုင်ငံများအဖြစ်ပါဝင်ခွင့်ရနိုင်ရန် လျှောက်ထားသော နိုင်ငံသုံးနိုင်ငံကို လက်ခံကြောင်း ဆုံးဖြတ်ချက်ကို အုပ်ချုပ်ရေးမှူးများဘုတ်အဖွဲ့က အတည်ပြု ပေးခဲ့သည်။

အေအိုင်အိုင်ဘီဘဏ်၏ ပထမအကြိမ် နှစ်ပတ်လည် အစည်းအဝေးကို ယခင်နှစ်က တရုတ်နိုင်ငံ ပေကျင်းတွင် ကျင်းပခဲ့သည်။

လျှောက်လွှာကို အတည်ပြုထုတ်ပေးခြင်းခံရသော နိုင်ငံသုံးနိုင်ငံအနက် တွန်ဂါနိုင်ငံမှာ တောင်ပစိဖိတ်ဒေသတွင်းနိုင်ငံ တစ်နိုင်ငံဖြစ်ပြီး အာဂျင်တီးနားနှင့် မက်ဒါဂါစကားတို့မှာ တောင်အမေရိကနှင့် အာဖရိကဒေသတို့တွင် စီးပွားရေးအရ အရေးပါသော နိုင်ငံများဖြစ်ကြောင်း အေအိုင်အိုင်ဘီ ဥက္ကဋ္ဌ ဂျင်လီကွမ်က ပြောသည်။ ထိုသုံးနိုင်ငံကို အဖွဲ့ဝင်နိုင်ငံများအဖြစ် အပြည့်အဝ လက်ခံပြီးသည်နှင့်တစ်ပြိုင်နက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လာမည်ဖြစ်ကြောင်း အေအိုင်အိုင်ဘီ အကြီးအကဲက ပြောသည်။ အဖွဲ့ဝင်သစ်အဖြစ် ဝင်ရောက်မည့် နိုင်ငံသုံးနိုင်ငံအတွက် ခွဲဝေလျာထားသော ရှယ်ယာများမှာ လက်ရှိတွင် ခွဲဝေလျာထားခြင်းမရှိသော ရှယ်ယာများမှ ခွဲဝေလျာထားပေးသွားမည်ဖြစ်သည်။

“အေအိုင်အိုင်ဘီဘဏ်ကို လွန်ခဲ့တဲ့ ၁၈ လက စတင်ဖွဲ့စည်းတဲ့အချိန်ကစပြီး ကမ္ဘာ့ဒေသအသီးသီးမှ နိုင်ငံပေါင်း ၂၃ နိုင်ငံကို အဖွဲ့ဝင်သစ်အဖြစ် ဘဏ်က လက်ခံထားပြီး ဖြစ်ပါတယ်“ ဟု အေအိုင်အိုင်ဘီ ဒုတိယဥက္ကဋ္ဌနှင့် ကော်ပိုရိတ် အတွင်းရေးမှူး ဆာနီ အလက်ဇန္ဒားကပြောသည်။

ဘဏ်တင်-စုစည်းတင်ပြသည်